www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၃၄၉၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၄၄၉၁၀၀၈

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ ၁၀၀၀၊တန်ဖိုး ၁၀၀ကျပ်

TWO CATS PUBLICATION

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

■ စာတန်းထိုး

"ဘာ ... !! ဘာ ... !! နင်က ငါ့ကို ချစ်နေတာကြာပြီ၊ ဟုတ်လား မောင် !! တော်စမ်းပါ မောင်ရယ်၊ နင် တော်တော်ရယ်ရတာပဲ၊ ဟဲ့ ... လုပ်ကြဦး၊ ဒီမှာ ... မောင်က ငါ့ကို ချစ်နေတာကြာပြီတဲ့"

သူငယ်ချင်းများအားလုံး တိတ်၍နေကြသည်။

"လင်း" က အားရပါးရ ရယ်လိုက်ပြီး ခေါင်းကို ခပ်သွက်သွက် ခါရမ်းနေသည်။ "လင်း" သည် ခေါင်းတွေကို ခါရမ်းနေသည်။ မျက်ဝန်းများကို မျက်လွှာချ၍ ထားသည်။ နှုတ်ခမ်းနှစ်လွှာကို ဆွဲဖွင့်ထားသည်။ အသံတွေကို ရယ်ခိုင်းထားသည်။

ရယ်သံတွေကုန်တော့ ရပ်သွားကြ၏။

နှုတ်ခမ်းနှစ်လွှာက ရယ်သံတွေ တွန်းတိုက်သွားသည့် အရှိန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ခပ်ဟဟကလေး ဖြစ်၍ကျန်ရစ်ခဲ့သည်။ ထိုနှုတ်ခမ်းကို "လင်း" က လျှာဖြင့် တစ်ချက်သပ်လိုက်သည်။

"နေစမ်းပါဦး မောင်၊ နင်နဲ့ငါ သူငယ်ချင်းဖြစ်ကြတာ ၇ နှစ်ရှိပြီ၊ နင်က ဘယ်တုန်းက ဘယ်လို ငါ့ကို ချစ်သွားရတာလဲ၊ ပြောစမ်းပါဦး"

"……………………"

"ပြောလေ … နင်မပြောနိုင်တော့ဘူး မဟုတ်လား၊ အေး … နင် ငါ့ကို ဘယ်တုန်းက ဘယ်လိုအကြောင်းနဲ့ ချစ်တယ်ဆိုတာ ငါလက်ခံနိုင်အောင် ပြောပြ၊ မပြောပြနိုင်ရင်တော့ …"

"မောင်" နှလုံးသားကို ဟလိုက်သည်။

အိပ်မက်တွေကို ပိုက်ထားပြီး စကားလုံးတွေကို ဖြန့်ခင်းလိုက်သည်။

သက္ကရာဇ်တွေကို နှစ်အလိုက် စီချထားလိုက်သည်။

အောက်ပါအဖြစ်အပျက်များ အားလုံးသည် ပွင့်ပြီးသားပန်း၏ အသံကို ပြန်ရှာခြင်းသာ ဖြစ်ပါသည်။

■





(၁)

ထိုနေ့မနက်ခင်းသည် နေရောင်ခြည် ပျောက်နေသော နံနက်ခင်း ဖြစ်သည် ဆိုတာကိုတော့ မောင် ကောင်းကောင်း မှတ်မိ၍နေသည်။ မောင်သည် ဖေဖေအနားကို နည်းနည်းတိုးကပ်၍ နေထားလိုက်မိသည်။ ကြောက်ရွံ့၍တော့ မဟုတ်။ စိတ်လှုပ်ရှားနေတာကြောင့်ပဲ ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

ကြီးမားကျယ်ပြန့်သည်ဟု မောင်သိထားသော ကောင်းကင်ပြင်ကြီး တစ်ခုလုံး ထုထည်ကောင်းကောင်းဖြင့် မဲ၍ မှောင်၍နေသည် နံနက် ၇ နာရီအချိန်သည် ညဦးယံအချိန်လို ဖြစ်၍နေသည်။

အလင်းရောင်သည် ကောင်းကင်၏ ဘယ်နေရာမှာမှ မရှိ။ ကောင်းကင်တစ်ခွင်လုံး မဲမှောင်နေသော်လည်း မိုးကတော့ ခပ်မှန်မှန်သာ ရွာလျှက်ရှိသည်။ ကော်ရစ်တာမှ သူ လှမ်းမြင်နေရသော ကျောင်းဆောင်ဆွေ

ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

အားလုံးက မဲမှောင်ပြီး တစိမ့်စိမ့်ရွာနေသည့် မိုးအောက်မှာ ငြိမ်ဆိတ်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းနေကြသည်။ ကောင်းကင်ပေါ်မှာ လျှပ်ပန်းနွယ်တွေ တစ်ချက် လက်ခနဲ "လင်း" သည်။ ကျောင်းဆောင်များအားလုံး ကြောက်မက်ဖွယ်ရာ တစ်ချက် လင်းထွက်သွား၏။ မောင်၏စိတ်တွေ လေး၍နေလေသည်။

ကျောင်းအုပ်ဆရာကြီး အခန်းက မီးလင်းနေသည့်အတွက် ညဦးပိုင်းနှင့် ပို၍တူခြင်း ဖြစ်လိမ့်မည်။ မိုးလေအေးက စေ့၍စေ့၍ တိုက်သည်။ မိုးရနံ့သည် တစ်ကိုယ်လုံးကိုရော ဝိညာဉ်ကိုပါ စူးနစ်သွားအောင်ကို မွှေးအီလျက်ရှိသည်။ ကျောင်းအပ်သည့်နေ့ကို ဘယ်တော့ ပြန်စဉ်းစား ပြန်စဉ်းစား ထိုမိုးရနံ့ကို ပြန်ရသည်။ သူ့ဘဝတစ်လျှောက်လုံးမှာ "မိုးတွေ တအားသည်းတုန်းကပေါ့" ဆိုသည့် စကားကို ကြားရ ကြားရ ဖတ်ရ ဖတ်ရ အဲဒီမိုးရနံ့ကိုပင် ပြန်ရလောက်သည်အထိကို သူ့ဝိညာဉ်ထဲမှာ စွဲသွားသော မိုးလည်းဖြစ်လေသည်။

မောင်သည် သူနေခဲ့သည့် ကျောင်းကြီးကို အဲဒီနေ့က မြင်သလိုမျိုး ခံစားရသလိုမျိုး နောင်ဘယ်တော့ မမြင်မိ၊ မခံစားမိတော့ပေ။ သူ အခု ၁၀ တန်းအောင်ခဲ့သော အထက (၃) ကျောင်းသည် တစ်ကျောင်း။ ထိုနေ့က မြင်ခဲ့ရသော ကျောင်းကြီးသည် တစ်ကျောင်းဟု သူ့စိတ်ထဲမှာ စွဲ၍နေသည်။

၈ တန်းကျောင်းသားကလေးတစ်ယောက် ကျောင်းစအပ်သည့်နေ့ မနက်ခင်းမှာ မိုးသံ၊ မိုးရနံ့၊ မိုးအမှောင်၊ မိုးအအေးတွေ အဲဒီလောက် လွှမ်းမိုးထားတာ ပန်းကလေးတစ်ပွင့်ကို တွေ့ဖို့အတွက် တစ်ခုတည်းတော့ မဖြစ်နိုင်ဟု သူထင်သည်။



www.burmeseclassic.com



"ဆရာကြီးနဲ့ တွေ့လို့ရပါပြီ"

ဖေဖေက သူ့ကို တစ်ချက်ငဲ့ပြီး ကြည့်သည်။ ပြီးတော့ အပြုံးနှင့် ခေါင်းကိုညိတ်ပြီး ဖွင့်ပေးသော ဆင်နားရွက်တံခါးလေးမှ အထဲသို့ ဝင်ခဲ့ကြသည်။ အလျား ၈ ပေ၊ အနံ ၃ ပေခန့် ရှိမည်ထင်ရသော မှန်ထုထူ အုပ်ထားသည့် စားပွဲကြီးပေါ်တွင် စာအုပ်တွေ၊ ဖိုင်တွဲတွေ၊ စာရွက်တွေ၊ ဖောင်တိန်တွေ၊ နာရီ၊ မှင်အိုး၊ စက္ကူဖြိဖန်လိတ်တုံး၊ ပေါင်းနေသော ဆုတံဆိပ် အလံသုံးလေးခု စသည်တို့ဖြင့် ရှုပ်ပွ၍နေသည်။

ထိုခုံကြီးနောက်မှာတော့ ပိန်ပိန်သွယ်သွယ်၊ အသားလတ်လတ်၊ အရပ်မြင့်မြင့် ရှိဟန်တူသည့် ကျောင်းအုပ်ဆရာကြီးသည် စာရွက်စာတမ်းတွေကို ဂရုတစိုက် ဖတ်၍နေသည်။ သူတို့ဝင်ထိုင်တော့ တစ်ချက်မော့၍ ကြည့်သည်။ အားပါပြီး စူးရှသော မျက်ဝန်းတစ်စုံ၏အောက်မှာ နဂိုကတည်းက မိုးကြောင့် အားငယ်နေသော မောင် ပို၍ စိတ်ကျဉ်းကြပ်၍ သွားသည်။

ဆရာကြီး၏ မျက်နှာတစ်ခုလုံးတွင် အထူးခြားဆုံးမှာ မဲနက်၍ အထက်သို့ ကော့တက်နေသော မျက်ခုံးမွှေးများပင် ဖြစ်သည်။ ဆရာကြီး၏ မျက်ခုံးမွှေးက ထူထဲခြင်းမရှိပါ။ သာမန်ယောကျ်ား မျက်ခုံးမွှေးလောက်သာ ဖြစ်ပါသည်။ သို့သော် မျက်ခုံးမွှေးပေါက်သည့် ပုံသဏ္ဌာန်ကသာ ထူးခြားခြင်း ဖြစ်ပါသည်။

"စာရွက်စာတမ်းတွေ ပြည့်စုံပါတယ်၊ ဒါပေမဲ့ ငါးတန်းတစ်နှစ်တာ ..."

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် ဒီကောင့်ကို ငါးတန်းတစ်နှစ် ကျောင်းမထားလိုက်ရဘူး၊ သူ့ကို ကျွန်တော် တာဝန်ကျတဲ့မြို့ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားခဲ့တာကိုး၊ အဲဒီနယ်မှာက အလယ်တန်းကျောင်း မရှိဘူး၊ သူ့အမေနဲ့ ကျွန်တော်နဲ့ကလည်း အဲဒီတုန်းက ...”

“အာ ... sorry ဗျာ၊ ကျွန်တော် နားလည်ပြီ၊ ကျောင်းဖွင့်တာတော့ ရက် ၂၀ လောက် ရှိပြီနော်၊ ဒီကောင် စာသွားရဲ့လား”

“အင်း ... သာမန်ကလေးလိုပါပဲ၊ ဂရုစိုက်လိုက်ရင် စာသွားတယ်ပေါ့၊ လွှတ်ထားလိုက်ရင် ...”

ဆရာကြီးနှင့် ဖေဖေတို့ ပြိုင်တူ ရယ်လိုက်ကြသည်။ အပြင်မှာ မိုးကြိုးပစ်သံတစ်ချက်ကို ကြားရ၏။

တကယ်တော့ မောင်သည် စာညံ့သော ကောင်လေးတစ်ယောက် မဟုတ်ပါ။ ဒါပေမဲ့ ဖေဖေသည် ကိုယ့်ကလေးကို ကိုယ်က ထူးခြားတယ် ထင်ပြီး ကြွားလုံးအရမ်းထုတ်တတ်သော မိဘများကို ခပ်လှောင်လှောင် နေတတ်လေ့ရှိသည်။ ဖေဖေ အမြဲပြောသည့် ပညာရေးနှင့် ပတ်သက်သော စကားတော့ရှိသည်။

“ငယ်စဉ်တုန်း ဘဝမှာတော့ ကလေးတွေက သိပ်မကွာတတ်ကြဘူး၊ ဉာဏ်ရည်တူပဲကွ၊ အဲ ... ကံကောင်းတဲ့ ကလေးကတော့ ဉာဏ်နည်းနည်း ပိုကောင်းချင် ကောင်းမှာပေါ့၊ ဝါသနာဆိုတာ ပေါ်လာတဲ့အချိန်ကြတော့မှ ဉာဏ်ရည်က ကွာသွားကြတာကွ၊ ငါ့သူငယ်ချင်းတစ်ယောက်ဆို စာတော်တော့ ဆရာဝန်ဖြစ်သွားတယ်၊ သူ တကယ် ဝါသနာပါတာ စိတ်ဝင်စားတာက ကားတွေအကြောင်းတဲ့ကွ”

“ဝါသနာကို သိအောင်လုပ်ရင် တော်ရတာ ပိုကောင်းတာပေါ့ကွာ၊ တချို့ အသက်သာကြီးသွားတယ်၊ ဘာဝါသနာပါလို့ ပါမှန်းမသိတဲ့လူတွေ တစ်ပုံကြီးကွ၊ သားက ဘာဝါသနာပါလဲဆိုတာ့ သိအောင်လုပ်၊ အဲဒါ





အရေးကြီးတယ်”

“သားကို ပညာသင်ပေးတာ ဆရာဝန်ဖြစ်ဖို့ မဟုတ်ဘူး၊ သားရဲ့ ဝါသနာကို အကူအညီရအောင်လို့ သင်ပေးတာ”

သဘောကတော့ ဖေဖေသည် ပညာရေးနှင့် ပတ်သက်၍ တခြား မိဘတွေလို မဟုတ်ဘဲ မောင့်ကို လွတ်လပ်ခွင့်ပေးခြင်း ဖြစ်သည်။ ဖေဖေသည် မောင်က ဗေဒင်ဟောတာ ဝါသနာပါသည်ဆိုလျှင် မောင့်ကို ကိုရီးယား ဗေဒင်ကျမ်း မူကွဲတွေ တော်တော်များများကို မူရင်းအင်္ဂလိပ်စာဖြင့် ဖတ်နိုင်သော ဗေဒင်ဆရာမျိုး ဖြစ်စေချင်တာမျိုး ဖြစ်လိမ့်မည်ထင်သည်။

ဖေဖေနှင့် ဆရာကြီးတို့ စကားလက်ဆုံ ကျသွားကြသည်။

ဖေဖေနှင့် ဆရာကြီး စကားလက်ဆုံ ကျနေကြသည့်အကြောင်းက ပညာရေးလည်းမဟုတ်၊ ဘာသာရေးလည်းမဟုတ်၊ စီးပွားရေးလည်း မဟုတ်ဘဲ ပန်းခြံတစ်ခု အကြောင်းဆိုတာကို မောင် ကောင်းကောင်းမှတ်မိနေသည်။ ကျောင်းမှာ ပန်းခြံကလေးတစ်ခု ရှိသင့်ကြောင်းကို ပြောနေကြခြင်းဖြစ်သည်။

ဒီလို စကားလက်ဆုံ ကျသွားကြတာက အပြင်မှာ မိုးရွာနေလို့ပဲ ဖြစ်ရမည်ဟု မောင် ထင်ပါသည်။ ခုနက မောင်တို့ကို အထဲဝင်ဖို့ လာခေါ်သော ဦးလေးက ကျောင်းစာရေး ဖြစ်ပုံရသည်။ လူပုံက သေးသေးညှက်ညှက်နှင့် သွက်သွက်လက်လက် ရှိသည်။ ရေနွေးကြမ်းသောက်ရင်း စကားကောင်းနေသော ဆရာကြီးနှင့် ဖေဖေတို့အတွက် ဆရာညိုက ရေနွေးကြမ်းကို ဓာတ်ဘူးထဲက ထည့်ထည့် ငှဲ့ငှဲ့ပေးဝေ[illegible]သည်။ ထူးခြားသည်က ဆရာညိုက ရေနွေးကြမ်းတစ်ခွက်ကို သူ့အတွက်ပါ ငှဲ့ပေးထားခြင်းဖြစ်သည်။

ဆရာကြီး၊ ဖေဖေတို့နှင့် တစ်စားပွဲတည်းထိုင်ကာ သောက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ထိုရေနွေးကြမ်းတစ်ခွက်သည် လူကြီးစိတ်ဝင်ခါစ ၈ တန်းကျောင်းသားလေး သူ့အတွက် မမေ့နိုင်သော အပြောင်းအလဲကြီးတစ်ခုဆိုတာ သူ အခုထိ မှတ်မိ၍နေသည်။ ဆရာညိုသည် သူ့နံဘေးက ခုံတွင်ကပ်ထိုင်ပြီး ရေနွေးကြမ်းကို လူကြီးလူမြွေဖြင့် သောက်နေသော သူ့ကို ပြုံး၍ ကြည့်နေခဲ့သည်။

ထိုဆရာညိုသည် နောင်တွင် သူနှင့် ဆွေမျိုးတွေလို ညီအစ်ကို တူဝရီးလို ရင်းနှီးသွားမည်ဆိုတာကို အဲဒီတုန်းက မသိခဲ့သေး။ ကံကြမ္မာသည် အဲဒီလို အထိမ်အဝှက်ကလေးတွေနှင့်ပင် လူ့ဘဝကို နေချင်စရာ ဖြစ်အောင်၊ မျှော်လင့်စရာဖြစ်အောင်၊ ချစ်ခြင်း မုန်းခြင်းဖြစ်အောင် သံဝေဂ ရအောင် လုပ်တတ်သည် မဟုတ်လား။

"ကဲ ... မောင်ညိုရေ၊ ဆရာကိုစိန်မြင့်ကို ခေါ်ကွာ၊ ကျောင်းသားကို အတန်းအပ်ရအောင်၊ ကဲ ... မင်းကလည်း စာကြိုးစား၊ ဟုတ်လား"

မောင် ဆရာကြီးက ရင်းရင်းနှီးနှီး ပြောတာကို ရှိန်ပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

"သား ... !! "

"ဟုတ် ... ကဲ့ပါ ဆရာကြီး"

ဆရာညိုက သူ့ပခုံးကိုဖက်ပြီး ခေါ်လာသည်။ နောက်မှာ ဆရာကိုစိန်မြင့် ပါလာသဖြင့် သူ လက်လွဲမလျှောက်ဝံ့ဘဲ လက်ပိုက်ပြီး လျှောက်လာခဲ့သည်။ ကော်ရစ်တာ ဆုံးခါနီးတွင် စိတ်ထဲ တစ်မျိုးထင်၍ လှည့်ကြည့်တော့ ဖေဖေ့ကို ရုံးခန်းရှေ့မှာပင် ဆရာကြီးနှင့်အတူ ရပ်နေတာ တွေ့လိုက်ရသဖြင့် စိတ်ထဲ အားငယ်သွားလိုက်သည်မှာ အရမ်းဖြစ်သည်။

ဖြစ်နိုင်လျှင် ဖေဖေ့ကို စာသင်ခန်းရှေ့ထိ လိုက်လာစေချင်သည်။





ထိုင်ခုံနေရာတွေ ဘာတွေရပြီး စာစသင်တော့မှ ပြန်စေချင်သည်။ ခုတော့ ရင်ထဲမှာ အားငယ်၍နေသည်။

အောက်ထပ်ကိုရောက်တော့ စာသင်ခန်းတွေကို ဖြတ်ရပြီဖြစ်သည်။

စာသင်ခန်းတစ်ခန်းကို ဖြတ်လိုက်တိုင်း စာရေးစာသင်နေသော ကျောင်းသားတွေက သူ့ကို လှမ်းလှမ်းကြည့်ကြသည်။ အဲဒီမျက်ဝန်းတွေကို သူ ရင်မဆိုင်ရဲပါ။ ဒါပေမဲ့ ကြည့်လည်း ကြည့်ချင်နေမိသည်။

သူ့ကို ဒီကျောင်းကြီးထဲက ဘယ်အဆောင်မှာရှိတဲ့ ဘယ်အခန်းကို ခေါ်သွားမှာလဲ။ အဲဒီအခန်းမှာ ဘယ်လိုကျောင်းသားတွေ ရှိနေမှာလဲ။ အဲဒီအခန်းလေးနဲ့ သူ ဘယ်လိုရင်းနှီးသွားမှာလဲ။ ပြီးတော့ အဲဒီအခန်းလေးရဲ့ ဘယ်နေရာမှာ သူ ထိုင်ခွင့်ရမှာလဲ။ သူ့ဘေးနားမှာရော ဘယ်လိုပုံစံမျိုး ကျောင်းသားတွေ ရှိနေကြမှာလဲ။

မောင်သည် ကျောင်းပြောင်းတာ လေးခါရှိပါပြီ။ ပြောင်းခဲ့တိုင်းလည်း မောင် ဒီလိုမျှော်လင့်မြဲ ဖြစ်ပါသည်။ သူ့အခန်းက ဘယ်နေရာဆိုတာကို သိမထားသဖြင့် သွားရတာ အကြာကြီးပဲဟု ထုံးစံအတိုင်း စိတ်ထဲမှာ ထင်လေသည်။

ကားလမ်းမဘက် မဟုတ်တော့ဘဲ အတွင်းဘက် နှစ်ထပ်ကျောင်းဆောင်ကြီး တစ်ဆောင်ကို ကူး၍သွားသဖြင့် သူ့စိတ်ထဲက ကျေနပ်သွားသည်။ ကျောင်းဆောင်ထဲကိုရောက်၍ အပေါ်ထပ်ကိုတက်သော လှေကားပေါ် သူ့ကို ခေါ်သွားသောအခါ ထခုန်မိမတတ် ဝမ်းသာသွားခဲ့သည်။ နှစ်ထပ်ကျောင်းဆောင်ဆိုလျှင် အပေါ်ထပ်မှာ နေရတာကို သူ အရမ်းဝမ်းသာသည်။ ပို၍လည်း ဂုဏ်ယူသည်။ ရှုခင်းတွေကို အပေါ်ထပ်က ကြည့်ရသည်မှာ တစ်မျိုးစိတ်ဝင်စားစရာ ကောင်းသည်ဟု သူထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ နေခဲ့ဖူးသည့် ကျောင်းတွေတုန်းက အတန်းကြီးတွေကို အပေါ်ထပ်မှာထားတာချည်း ကြုံခဲ့ရသဖြင့်လည်း အပေါ်ထပ်က ကျောင်းသားတွေကို သူ ပို၍ အထင်ကြီးခြင်း ဖြစ်သည်။ အခုတော့ သူ အထင်ကြီးသည့် ကျောင်းသားလို သူ နေရတော့မည်။

အပေါ်ထပ်ကို ရောက်တော့မှ သူတို့တက်လာသော အဆောင်ကြီးမှာ အယ်(လ်)ပုံစံ ကျောင်းဆောင်ကြီးမှန်း သိရသည်။ ကော်ရစ်တာတွေက ရှင်းနေပြီ၊ အတန်းတိုင်းမှာ ကျောင်းသားတွေ တိတ်တဆိတ်ပင် စာသင်နေကြသည်။ အပြင်မှာ မိုးစဲသွားပြီး ပို၍ လင်းလာသည်။

ဆရာညို ရပ်လိုက်သော အခန်းသည် အယ်(လ်)ပုံစံ၏ အလယ်ထောင့်ချိုး အခန်းရှေ့တွင် ဖြစ်လေသည်။ သူတို့ ရပ်လိုက်သည်နှင့် ကျောင်းသားအချို့က လှမ်းကြည့်ကြသည်။ ဒီတော့ စာသင်နေသော ဆရာမက သတိထား မိသွားကာ စာသင်ကို ရပ်လိုက်၏။

ဆရာညိုနှင့် ဆရာတို့ ပြန်သွားကြတော့ အတန်းရှေ့ stateခုံပေါ်မှာ သူ တစ်ယောက်တည်း မတ်တပ်ရပ်လျက် ကျန်ရစ်ခဲ့သည်။ (ထိုအချိန်သည် မောင် အားအငယ်ဆုံး အချိန်လည်းဖြစ်သည်။)

ဆရာမက ဘာကို ရေးမှတ်နေသည်လည်း မသိ။

ရှေ့ကိုကြည့်တော့ သူ့ကို ဝိုင်းကြည့်နေကြသော မျက်လုံးပေါင်းများစွာကို တွေ့ရတော့ လန့်သွားမိသည်။ ထိုစဉ်မှာပင် သူ့ကို ဝိုင်းကြည့်နေကြသော ကျောင်းသားတွေထဲက တစ်ယောက်က သူ့ကို လှမ်းပြောင်ပြသည်။ သူ အံ့သြနေတုန်းမှာပဲ နောက်တစ်ယောက်က အံကြိတ်ပြီး လက်သီးကို ဆုပ်ပြ၏။ သူလန့်ပြီး မျက်နှာလွှဲလိုက်ရသည်။ ထပ်မကြည့်ရဲတော့။ ခဏကြာတော့မှ ဆရာမက ပြုံးပြရင်း သူ့ပခုံးကို နွေးထွေးစွာ





...ခင်' စကားစပြောသည်။

"ကဲ ... ဒီနေ့ ဘီခန်းက သူငယ်ချင်းတစ်ယောက်ကို လက်ခံရရှိပါ...ငယ် မင်းတို့ရတဲ့ သူငယ်ချင်းအသစ်ရဲ့ နာမည်က ဇော်ရန်မောင်တဲ့"

အတန်းက ဘာအသံမှ မကြားရဘဲ တိတ်၍သွားသည်။

သူ့နာမည်ကို မိတ်ဆက်ပေးလိုက်တော့မှ အတန်းက တိတ်သွား...ပြီ သူ ခေါင်းငုံ့ထားရာမှ ပြန်မော့ကြည့်မိပြန်သည်။

"ခစ် ... ခစ် ..."

ရယ်သံရော၊ ရယ်နေသည့် ကောင်မလေးကိုရော သူ တစ်ပြိုင်နက်...ည်း တွေ့ပါသည်။ သူ ကြောင်ပြီး ကောင်မလေးကို ကြည့်တော့ မျက်...းချင်း ဆုံကြသည်။ ကောင်မလေးက သူ့ကိုကြည့်ပြီး ထပ်ရယ်ပြန်...သည်။ ပြီးတော့ နံဘေးနားက ကောင်မလေးတစ်ယောက်ကို အနားကပ်...ပြောပြီး တစ်ခုခုကိုပြသည်။ ထိုနောက် သူတို့နှစ်ဦး ထပ်ရယ်ကြပြန်သည်။

သူ တော်တော် စိတ်ညစ်သွားပြီး ရှက်စပြုလာသည်။ ဘာဖြစ်လို့...ဘာကိုရယ်နေတာလဲဆိုတာ သူ မသိ။ ဒီတော့ ဆရာမကို မျက်နှာငယ်...နှင့် လှမ်းကြည့်ရသည်။

"နွေရာလင်း ဘာဖြစ်လို့ရယ်တာလဲ"

ကောင်မလေးက ဆရာမကို အပြုံးနှင့်ပင် ကြည့်သည်။ ပြီးတော့ သူ့ကို ကြည့်ပြန်သည်။ ဘာမှမပြောဘဲ ဟိုဟိုဒီဒီကိုသာ ကြည့်နေ၏။

"နွေရာလင်း ဆရာမ မေးနေတယ်လေ"

"ဟို ... ဖိနပ်ပါ ဆရာမ"

"ဖိ ... နပ် ... !!"

ကောင်မလေးက မတ်တပ်ထရပ်ပြီး လက်ပိုက်ရင်း ဖြေခြင်းဖြင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့သော် အဲဒီကောင်မလေး ဘာဖြေတယ်ဆိုတာကို သူ နားမလည်ပါ။ ဆရာမကလည်း နားမလည်ပါ။

"ဟုတ်ပါတယ် ဆရာမ၊ အဲဒီ ကျောင်းသားအသစ်က ဖိနပ်မှားစီးထားတယ်၊ တမင် စီးလာတာလားဆိုတာတော့ သမီးလည်း မသိဘူး ဆရာမ"

ကောင်မလေး စကားဆုံးတော့ တစ်တန်းလုံးရော သူပါ သူ့ဖိနပ်ကို ကြည့်လိုက်ကြသည်။ တစ်ခန်းလုံး ရယ်သံတွေ ဝေါခနဲ ထွက်လာကြသည်။ သူ့ရင်ထဲမှာ နွေးခနဲ တစ်ချက်ဖြစ်သွားပြီး စိတ်ထဲမှာ မျက်နှာကြီး ပျောက်သွားသလို ခံစားလိုက်ရသည်။

သူ စီးထာ သည့်ဖိနပ်က အပြာရောင် မိုးတွင်းစီး စင်ကြယ်ဖိနပ်က ဘယ်ဘက်မှာ၊ ညာဘက်မှာက ပိတောက်ခြောက်ရောင် ကျွဲရိုင်းဖိနပ်တစ်ဖက် ဖြစ်နေ၏။ ဆရာမကပါ ပါးစပ်ကို လက်ခံနှင့်အုပ်ပြီး ရယ်နေသဖြင့် အတန်းထဲမှာ ရယ်သံတွေက တော်တော်နှင့်မရပ်တော့။

ကောင်မလေးကတော့ မရယ်ဘဲ သူ့ကို စေ့စေ့စိုက်ကြည့်နေသည်။ ဘယ်လိုဖြစ်တာလဲ ... !! ဘယ်လိုဖြစ်တာလဲ ... !! ။

"အိမ်ကကတည်းက မှားလာတာလား တပည့်"

ဆရာမ အမေးစကားကြောင့် တစ်ယောက်တစ်ပေါက်သာ ကျန်တော့သော ရယ်သံတွေက ဝုန်းခနဲ ပြန်ထွက်လာပြန်သည်။ သူ့မျက်နှာ ဘယ်ထားရမှန်း မသိတော့။ သူ ခေါင်းကိုငုံ့ချထားရင်း မျက်ရည်ဝဲတက်လာသည်။ တစ်ခါမှ မတွေ့ဘူး၊ မသိဘူးတဲ့ ရွယ်တူမိန်းကလေး ယောကျ်ားလေးတွေရှေ့မှာ ဝိုင်းအရယ်ခံနေရသော ဒုက္ခသည် ဘယ်လိုဆိုးဝါးမှုမျိုးနှင့်မှ မတူနိုင်ပါ။





"ရယ်တာတွေ တိတ်ကြစမ်း၊ ဖိနပ်မှားတာ ရယ်စရာလား၊ တိတ်ဘော့ ဒါ မင်းတို့ရဲ့ သူငယ်ချင်းပဲ"

ရယ်သံခပ်အုပ်အုပ် ထပ်ပေါ်လာပြန်သည်။ သို့သော် ဆရာမကကြားချင်ယောင် ဆောင်ထားလိုက်သည်။

"ဒီတော့ ဇော်ရန်မောင့်ကို မင် တို့ ခင်ခင်မင်မင် နေရမယ်"

ရယ်သံခပ်သဲ့သဲ့ ရှိသည်။

"အကူအညီပေးရမယ်"

"ဖိနပ်လိုက်ရှာပြီး လဲပေးရမယ်"

ဘယ်နားကမှန်းမသိ အသံခပ်အုပ်အုပ် ထွက်လာသည်။

"အဲဒီကိစ္စ တော်ပြီလို့ ဆရာမပြောပြီးပြီ၊ ကဲ ... နွေရာလင်းလည်းဆင်းတော့၊ အဲဒီတော့ တို့ကျောင်းထုံးစံအတိုင်း ဇော်ရန်မောင့်ကို တစ်ယောက်စီက မိတ်ဆက်ရမယ်၊ ကဲ ... ယောကျ်ားလေးတန်းက အရင်စ"

အတန်းက ခဏငြိမ်သွားသည်။ ပြီးတော့မှ –

"သိန်းထွန်း"

"ဝင်းရွှေ"

"သက်ဦးကွ"

"အေးမောင်ပါ၊ အလက အေးမောင်"

"သားစိုး"

"တပည့် ... ဖြစ်ပြီးတာကို မေ့လိုက်တော့၊ ဒါ မတော်တဆဖြစ်တာ ပဲ၊ တပည့်မှာ အပြစ်မရှိပါဘူး ဟုတ်လား၊ သူတို့ မိတ်ဆက်ကြတာကို လက်ခံလိုက်ပါ"

ဆရာမက မောင့်ပခုံးကို ဆုပ်ကိုင်ထားရင်း နွေးနွေးထွေးထွေး အားပေး


www.burmeseclassic.com

www.burmeseclassic.com



သည်။ သူခေါင်းကို ငုံ့ချထားမိဆဲပင်ဖြစ်၏။ ရောက်ရောက်ချင်း အရှက်ခွဲခံလိုက်ရသဖြင့် သူ့ကိုယ်သူ ဘယ်လိုမှ ပြန်တည်ဆောက်ယူ၍မရ ဖြစ်နေသည်။

"တပည့် ... တော်တော့၊ အဲဒီအဖြစ်ကို မင်းက ရယ်စရာတစ်ခုလို သဘောထားပြီး လက်ခံပစ်လိုက်၊ တင်းထားရင် ပိုဆိုးသွားလိမ့်မယ်၊ ကိုယ့်အဖြစ် ကိုယ် ရယ်ချင်သလိုမျိုးပဲနေလိုက်"

ဆရာမက သူ့ပခုံးကို နွေးထွေးစွာ ဖိညှစ်ဆုပ်ကိုင်ထားရင်း ကပ်၍ သတိပေး၏။ ဟုတ်တယ်။ သူ ခေါင်းမော့နိုင်ရမယ်။ ဒါဟာ မတော်တဆမှုပါ။ လွဲမှားမှုပါ။ သူ ရှက်စရာမဟုတ်ဘူး။ ရယ်စရာလောက်ပါပဲ။ ငါ ခေါင်းမော့ရဲရမယ်။

ကိုယ့်ကိုယ်ကိုယ် အားပေးရင်း မောင် ခေါင်းကိုမော့လိုက်သည်။

မောင် ပထမဦးဆုံး ကြည့်မိတဲ့လူက ခုနက ကောင်မလေးကို ဖြစ်သည်။

"နွေရာလင်း"

ထို နွေရာလင်းကလည်း သူ့ကို အားနာစိတ်မကောင်းသော မျက်ဝန်းများဖြင့် စိုက်ငေးနေသည့်အတွက် သူ ရှက်ရှက်နှင့် မျက်နှာမော့ရတာ တော်တော် အဆင်ပြေ၍သွားသည်။ ဒီလိုမဟုတ်ဘဲ စပ်ဖြဲဖြဲ ပြောင်စပ်စပ် မျက်နှာမျိုးနှင့်သာတိုးလျှင် သေသွားနိုင်သည်။ မလွယ်။ ဒီတော့ မောင်က နွေရာလင်းကို ကျေးဇူးတင်လိုက်ပါသည်။ နောက်ပိုင်း နာမည်အော်သံတွေက တော်တော်လေးကို မြန်ပါသည်။

ကိစ္စမရှိပါ။ နေးလည်း ဒီလောက် လူအများကြီးက တစ်ယောက်တစ်ခု ထအော်တာ သုံးယောက်တောင် မှတ်မိဖို့မလွယ်ပါ။ မိန်းကလေး





တွေ့ အလှည့်ကျတော့ အသံက တိုးတိုးငြိမ်ငြိမ် ဖြစ်သွားသည်။ ကောင်မလေးက သူ့အလှည့်ရောက်တော့ -

"ဇော်ရန်မောင် ... ငါက နွေရာလင်းပါ" ဟု မိတ်ဆက်၍သွားသည်။

"ကဲ ... အခုအချိန်ကစပြီး ဇော်ရန်မောင်ဟာ အားလုံးနဲ့ သူငယ်ချင်း ဖြစ်သွားပြီနော်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကဲ ... လာ ... တပည့်ကို ဆရာမက နေရာပေးမယ်၊ အဲဒီနေရာမှာပဲ နေရမယ်၊ ဘယ်ကိုမှ မပြောင်းရဘူး သိလား၊ အဲဒါ တို့ကျောင်းရဲ့ စည်းကမ်းပဲ"

ဆရာမက သူ့ပခုံး ကို ဆုပ်ကိုင်ရင်း stateပေါ်မှဆင်းပြီး ယောက်ျားလေးတန်းက တတိယမြောက်ခုံတွင် နေရာကိုပေးသည်။ တတိယတန်း အစွန်းမို့ ခလယ်လျှောက်လမ်း၏ တစ်ဖက်အစွန်းတွင် နွေရာလင်းက ထိုင်နေလေသည်။

သူ ထိုင်ခုံမှာ ထိုင်ပြီးချိန်အထိ သူ့ခန္ဓာကိုယ်သည် ပေါ့ရှပ်နေတာကို သတိထားမိသည်။ သူ့ထဲမှာ စိတ်လှုပ်ရှားတာရော၊ ရှက်တာရော၊ ဘုန်လှုပ်တာရော၊ အားငယ်တာရော စသည့် ခံစားချက်တွေ မျိုးစုံနေသည်။ လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ကို ထုတ်သော်လည်း ဟိုစာအုပ်ကို ဆွဲယူကြည့်လိုက်၊ ဒီစာအုပ်ကို ဆွဲယူကြည့်လိုက်နှင့် ဘယ်စာအုပ်ကိုမှ မထုတ်ဖြစ်ခဲ့။ စာအုပ်တွေ အားလုံးက အသစ်တွေချည်းသာ ဖြစ်သော်လည်း ဘယ်စာအုပ်ကိုမှ သူ ဆွဲမထုတ်ဖြစ်ခဲ့မိလောက်အောင် စိတ်လှုပ်ရှားနေခဲ့သည်။

ဒီလိုဖြစ်နေရင်းက နံဘေးကို ငဲ့ကြည့်လိုက်တော့ ခုနက ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးက သူ့ကို ပြုံးပြီးကြည့်နေတာ မြင်လိုက်ရတော့ သူ မွန်ထူသွားမိပြီ ဘယ်ကိုမှ မကြည့်ရဲတော့ဘဲ ဆရာမကိုပဲ ကြည့်နေလိုက်တော့သည်။

သူက ဒီနေ့ ဒီအတန်းရဲ့ အထူးခြားဆုံး ဖြစ်နေလို့လား.တော့မသိ။ ဆရာမပင် စာသင်သည့်အခါ တခြားလူတွေကို မကြည့်ဘဲ သူ့ကိုသာ စိုက်ကြည့်ရင်း စာသင်သည်ဟု သူ ထင်ချင်သည်။

"ကဲ ... ဒီနေ့ သူငယ်ချင်းအသစ် ရောက်လာတဲ့ အထိမ်းအမှတ်အနေနဲ့ တီချယ်တို့ သင်ခန်းစာအသစ်တစ်ခုကို စလိုက်ကြရအောင်"

ဆရာမ စကားဆုံးတော့ မကျေနပ်ကြသည့် အသံတိုးတိုးများ ထွက်၍လာသည်။ "ဘာမှမဆိုင်ဘူး" "ပြဿနာရှာပြီဟော့" "ဒဂုံမှာ မီးမှုက်တာနဲ့ တာမွေမှာ ရေမလာတော့ဘူး ဖြစ်ကုန်ပြီဟော့" "ကျောင်းသား သစ်ဆိုတာ သစ်သားကျောင်းပေါ့ကွာ"။ ဆရာမကတော့ ထိုအသံများကို မသိချင်ယောင်ဆောင်ထားပြီး သင်ခန်းစာအသစ်ကို အာ လုံးစိတ်ဝင်စားအောင် စတင်အားထုတ်လေသည်။

"တီချယ်က ဒီနေ့ မင်းတို့ကို အင်္ဂလိပ်စာ အသံထွက်ကလေးတွေ အကြောင်းကို သင်ချင်တယ်၊ ဘယ်ဘာသာစကားကိုပဲဖြစ်ဖြစ် ပထမဦးဆုံး အရေးအကြီးဆုံးက အသံကို သိဖို့ပဲ၊ အသံကို သိပြီးမှ ကျန်တာတွေကို ဆက်သိဖို့ ကြိုးစားတာ နည်းအကျဆုံးဆိုတာကို အားလုံး လက်ခံကြရလိမ့်မယ်၊ ကလေးတွေဟာ နှစ်နှစ်ကနေပြီး ရှစ်နှစ်အထိ အသံတွေကို အကုန်သိပြီး စာလုံးပေါင်းကိုတော့ အကုန်မသိကြသေးဘူးဆိုတာ မင်းတို့ မျက်မြင်ပဲ ဖြစ်လိမ့်မယ်၊ ကလေးတွေဟာ စာတတ်ဖို့အတွက် စကား.ကို အရင်တတ်တာဖြစ်တယ်၊ စကားတတ်တယ်ဆိုတာ အသံတွေကို သိတာပဲ"

ဆရာမ၏အသံက ချိုသာသည်။ လိုအပ်သည့်နေရာတွင် ပြတ်သား





သည်။ ဆရာမသည် စကားကို အပြုံးနှင့် ပြောပါသည်။ သို့သော် မျက်
...က အားလုံးကို သတိထား၍နေမှန်း သိသာသည်။ ဆရာမ၏ လက်
...နှ် ခြေဟန်မှာ စကားသံနှင့် လိုက်ဖက်ရုံသာ လှုပ်ရှာ သဖြင့် မျက်စေ့
...ောက်စရာ မကောင်းဘဲ ကြည့်၍ကောင်းပါသည်။ မောင်သည် သူရသော
...ဘန်·ပိုင်ဆရာမကို သဘောကျသွားသည်။

"ဒီတော့ အင်္ဂလိပ်စာတတ်ချင်ရင် အင်္ဂလိပ်သံတွေကို နားထောင်
...ပါ၊ ပြီးတော့ ကိုယ်ကလည်း ပြောပါ၊ ဆိုပါ၊ ဖတ်ပါ၊ အဲဒီလို အသံထွက်
...ဲ့ ကြိုးစားကြတဲ့အခါမှာ ကိုယ်ထွက်တဲ့အသံ မမှားဖို့ကို ဆရာမက သင်
...ပေးချင်တာပါ၊ ကဲ ... ဟောဒီစာလုံးကို ကြည့်ပါ"

ဆရာမက "Write" ကို ရေးချလိုက်သည်။

"ကဲ ... ဒီစကားလုံးကို ဘယ်လိုအသံထွက်ကြလဲ တပည့်တို့"

"ရိုက်တ် ... !!"

အော်ဖြေသံက တစ်တန်းလုံး ဟိန်း၍သွား၏။

"ဟုတ်တယ်၊ မှန်ပါတယ် အဲဒီမှာ Wr ကို အသံဖျောက်ပြီး r သံ
ဘစ်သံတည်းယူပြီး ဆိုတယ်၊ ဒီတော့ wr မှာ ပထမစာလုံး w ရဲ့ အသံ
လုံးဝမပါပါဘူး၊ ကဲ ... wrist ဆိုရင် တပည့်တို့ ဘယ်လိုအသံ ..."

"ဆရာမ"

ဆရာမအသံ ခဏလေး နားသွားသည့်အချိန်တွင် ထွက်လာသော
အသံ ဖြစ်ပါသည်။ ဆရာမအသံမှာ စိတ်ဝင်စားနေကြသော အားလုံး၏
အာရုံသည် ထိုအသံပေါ်လာရာ အခန်းတံခါးဆီသို့ ရောက်သွားသဖြင့်
မျက်လုံးတွေရော၊ ခေါင်းတွေပါ ကျောင်းတံခါးပေါက်သို့ တပြိုင်နက်
ဘည်း လှည့်လိုက်သည်မှာ အသံပင် "ဝုန်း" ခနဲ မြည်သွားသည်ဟု



www.burmeseclassic.com

www.burmeseclassic.com

ထင်ရလေသည်။

အားလုံး မေ့သွားလိုက်ရသူက "ဆရာညို" ဖြစ်သည်။

သူနှင့် ဆရာညို မျက်လုံးချင်း ဆုံကြသည်။ ဆရာညိုက သူ့ကို ပြုံးပြလိုက်သည်ဟု သူ ထင်သည်။

"ဘာကိစ္စရှိလို့လဲ ကိုညို"

"ဩော် ... ခုနက ကျောင်းသားသစ်"

"ကျောင်းသားသစ်"

အားလုံး သော မျက်လုံးတွေက ဝုန်းဆိုမြည်၍ သူ့ထံ ရောက်လာကြသည်။

"ကျောင်းသားသစ် ဇော်ရန်မောင်က ဘာဖြစ်လို့လဲ"

"ဖိနပ်မှားသွားလို့ ဆရာမ"

အတန်းသည် ခဏငြိမ်၍သွားသည်။

ပြီးတော့မှ ကျောင်းသားအယောက် ခြောက်ဆယ်ကျော် တစ်ပြိုင်နက်တည်း အားရပါးရ ရယ်ချလိုက်သံက တစ်ကျောင်းလုံးကို ကိုင်လှုပ်လိုက်သလို ပြိုကျလာလေသည်။

................................ ။

"ဟာ ... အဲဒီနေ့ကြီးကိုတော့ သွားမပြောနဲ့လေ မောင်ရဲ့၊ အဲဒါက စစချင်း သိကြတဲ့နေ့ပဲဟာ၊ နင် မှတ်မိနေသလို ငါတို့လည်း မှတ်မိနေတာပဲဟာ၊ အဲဒီနေ့လို့ သွားပြောရင်တော့ လင်း မပြောနဲ့၊ ငါတို့တောင်မှပဲ ..."

"ချဉ်ဖတ်ကလည်း ငါက အဲဒီနေ့လို့ မပြောပါဘူး၊ နင်တို့နဲ့ ပတ်သက်လို့ အားလုံးကို ငါ အသေးစိတ်ကို မှတ်မိနေတယ်ဆိုတာကို ပြောပြ





မောင် ပျာပျာသလဲ ငြင်းတော့မှ သီသီဝေက ကျေနပ်သွားသလို ခေါင်းကို တစ်ချက် နှစ်ချက် ညိတ်သည်။ သီသီဝေ့ နာမည်အရင်းကို ဘယ်သူငယ်ချင်းမှ မခေါ်ကြ။ "ချဉ်ဖတ်" ဟုသာ ခေါ်သည်။ မိန်းကလေး ဘစ်ယောက် အဲဒီနာမည်မျိုး ရတာက ဆန်းသည်ဟု ဆိုနိုင်သည်။ သူတို့ သူငယ်ချင်းတွေမှာ ဒီလိုနာမည်တွေက တစ်ယောက်တစ်ခုစီ ရှိကြသည်။ ဒီနာမည်တွေက ပေါ့ပေါ့သေးသေး ရထားကြသော နာမည်တွေတော့ မဟုတ်ကြ။ တိကျခိုင်မာသော ရာဇဝင်တွေက ကိုယ်စီရှိကြသည်။

ရွှေစင်မိုး နာမည့်က "စပွမ်း" ဟု ခေါ်သည်။ နောက်ဆုံးအတိုကောက် "ပွမ်း" ဟု ခေါ်ကြ၏။ သိန်း နိုင်ဝင်းက "ကျောက်ဆူး"၊ လှမင်းက "ငွေးသီး"၊ မိုးကျော်က "မဂ်လာ" ဒီနာမည်တွေ ရခဲ့ကြသည့်နေ့များ အကြောင်းကို မောင် ပြန်တွေးနေတုန်း ကျောက်ဆူးက သူ့မျက်နှာကို မောင့်အနား နီးအောင်ကပ်ရင် ပြောသည်။

ကျောက်ဆူးဆိုတဲ့ကောင်က ဒီလို မျက်နှာချင်းအပ် စကားပြောရင် တော်တော် စိတ်ဆိုးနေပြီဆိုသည့် အဓိပ္ပာယ်ပဲဖြစ်သည်။

"ဒီမှာ မောင် မင်က လင်းပြောတဲ့အတိုင်း ဘယ်လိုချစ်တယ်ဆိုတာ လိုက်ရှာမလို့လား"

"အေးလေ ... အခုပဲ လင်းက ပြောလိုက်တာ မကြားဘူးလား"

"အဲဒါဆို မင်း သောက်ရူးပဲ မောင်၊ ဖြစ်ပြီးခဲ့တာတွေမှာ ပြန်ရှာလို့ ရမလားကွ"

ကျောက်ဆူးက လေသံကို အံကြိတ်ပြီး ပြောသည်။

မောင် သက်ပြင်းကိုချရင်း ခေါင်းကို ရမ်းသည်။ သူ လင်းကို


www.burmeseclassic.com

www.burmeseclassic.com



တကယ် "ချစ်တယ်" ဆိုတာ သေချာပါတယ်။ ချစ်တာလည်း ကြာခဲ့ပြီ။ သူ မျိုးသိပ်နိုင်စွမ်းကြောင့် ဒီနေ့အထိ ရောက်ခဲ့တာမျိုးတော့ မဟုတ်ပါ။ သူ လင်းကို နေ့တိုင်းနီး ပါး တွေ့ခွင့်ရနေတာကတစ်ကြောင်း၊ လင်းနဲ့သူ ပြောဆိုနေထိုင်ကြတဲ့ ပုံစံက သမီးရည်းစားတွေနီးပါး နေခွင့်ရနေတာက တစ်ကြောင်း၊ သူ့သူငယ်ချင်း သုံးယောက်စလုံးက ချစ်သူအသိ‌သိ ရှိနေခဲ့ပြီး လင်းက သူ့အတွက် ပြိုင်ဘက်မရှိခဲ့တာက တစ်ကြောင်းမို့ လင်းနဲ့ သူ့ကြားမှာ အားလုံးပုံမှန်ပဲ ရှိနေခဲ့သည်။

လင်းသည် ပျော်လွန်းသည့်အခါ သူ့လက်မောင်းကို ကိုင်ပြီး လမ်းလျှောက်ချင်လျှင် လျှောက်မည်။ သူ့အမေနှင့် စိတ်ဆိုးသည့်အခါမျိုးတွင် သူ့ပခုံးစွန်းမှာ နဖူးအပ်ပြီး ငိုချင်ငိုမည်။ လင်း သဘောကျလေ့မရှိသော ခပ်ဟော့ဟော့ ကောင်မလေးမျိုးနှင့် သူ သွားမိလာမိလျှင် မိုးမီးလောင်အောင် ပြဿနာရှာချင်ရှာမည်။ သူပြောသလို မနေလျှင် မျက်ရည်ပေါက်ပေါက်ကျအောင် ငိုချင်ငိုမည်။

ထို့ကြောင့် လင်းနှင့် သူ့အကြားတွင် ရင်ခုန်သံဆိုသည်မှာ အရှားဆုံးအရာတစ်ခု ဖြစ်နေခဲ့သည်။ တော်ရုံ သမီးရည်းစား နေထိုင်ပုံထက်တောင်မှ တစ်ခါတရံ လင်းနဲ့သူ နေပုံက ပို၍ ဆိုးနေတတ်သေးသည်။ သိကြွားကျလောက်အောင်၊ ဣန္ဒြေမဲ့လောက်အောင်တော့ တစ်ခါမှ မရှိပါ။ အနေအထိုင်ထက် စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေဖြစ်သော စိုးရိမ်တာ၊ စိတ်မချတာ၊ သဝန်တိုတာ၊ စေတနာပိုတာတွေကို ဆိုလိုခြင်းဖြစ်သည်။

ခက်တာက မောင်နဲ့လင်း အဲဒီလို နေနေကြတာကို သူငယ်ချင်းတွေက စတာ နောက်တာမရှိ။ သံတိပေးတာ ကန့်ကွက်တာမရှိ။ မကျေနပ်တာ မနာလိုတာ မရှိ။ တစ်စတစ်စ နေတာကို နားလည်ရင်း လက်ခံ





ချင်းက သတိထားမိတဲ့အချိန်မှာ နေပုံထိုင်ပုံ ပြောပုံဆိုပုံတွေက သမီးရည်းစားလိုလို ဘာလိုလို ဖြစ်နေကြပြီ ဖြစ်သည်။

သို့သော် ဒီလိုနေထိုင်ပုံမျိုးက လင်းဘက်က ဣန္ဒြေမရ၊ အရှက်မဲ့တာမျိုး မရှိသလို၊ မောင်ကလည်း အရသာခံ အကြံယုတ်တာမျိုး မရှိခဲ့ပါ။ မောင်နှမတွေဆိုရင်လည်း သူတို့လောက်မနေ၊ သိပ်ချစ်ကြသူတွေလိုလည်း အမြင်ကပ်စရာမကောင်း၊ ဘယ်လိုစကားလုံး ပေါင်းရမှန်းမသိသော နေနည်းမျိုးတစ်ခုပင် ဖြစ်သည်။

သူတို့ဖြစ်ပုံက တကယ့် ဝါရင့်အရက်သမားတစ်ယောက် ဖြစ်သွားပုံနှင့် တော်တော်ဆင်သည်ဟု ထင်သည်။

အရက်ကို အများသူငါလိုပင် တစ်ပက်က စခဲ့တာပဲဖြစ်သည်။ ဝမ်းတက်နဲ့ "အရမ်းသွက်"။ တူးပက်နဲ့ "အရမ်းသွက်"။ သရီး ...ဖိုး။ တစ်စိတ်ငါးကျပ်ဖိုးနဲ့ "အရမ်းသွက်"၊ တစ်ပိုင်းနဲ့ "အရမ်းသွက်"။ တစ်လုံး ... ဆင်လုံးခွဲ။ "အရမ်းသွက်" တာချင်းက စသောက်တဲ့ ဝမ်းပက်တုန်းက အတိုင်းပါပဲ။ ဒါပေမဲ့ တစ်လုံးခွဲသွားပြီ။ တစ်လုံးခွဲမှပဲ စတုန်းက ဝမ်းတက်နဲ့ "အရမ်းသွက်" တာမျိုးကို ရတော့သည်။

မောင်နဲ့ လင်းနဲ့လည်း တစ်စစထားခဲ့တဲ့ ခင်မင်မှုရဲ့ အနေအထိုင်က ကြောက်စရာကောင်းလောက်အောင် ပြောင်းလဲသွားသည်။ ခံစားမှုကတော့ စခင်တုန်းက သူငယ်ချင်းကနေ မတက်နိုင်ခဲ့။

"မောင်နဲ့ လင်းနဲ့က ညားမှာမဟုတ်ဘူးကွ၊ သိလား"

သူတို့ထဲမှာ လေးလေးနက်နက် အမြဲတွေးတတ်သော ဇွေးသီးက ပြောဖူး၏။

"အံမာ ...ဇွေးသီး နင်က လင်းကို စော်ကားလိုက်တာပေါ့၊ ဟဲဟ



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဘာစော်ကားစရာလိုလဲ၊ ဒါ လင်းလည်း သိနေတာပဲ၊ သူတို့နေတာ ပြောတာတွေက ရည်းစားလို ဖြစ်နေပြီး ရည်းစားမဟုတ်မှတော့ ဘယ်လိုလုပ် အိမ်ထောင်က ကျတော့မှာလဲ"

"နင်ကလည်း သူတို့နှစ်ယောက်က ရည်းစားတွေ ဘာတွေ လုပ်မနေတော့ပဲ တန်းယူချင် ယူမှာပေါ့ဟ"

"အေး ... အဲ ... ဒါဆိုရင်တော့ နင်ဘာဖြစ်လို့ ကျောက်ဆူးကြီးကို ရည်းစားထားနေသေးလဲ စပွမ်းရဲ့၊ တန်းယူလိုက်ပါလား"

မင်္ဂလာ့ကို စပွမ်းက မခေါက်၊ ချဉ်ဖတ်က ခေါက်လိုက်၏။ စပွမ်းက စဉ်းစားသလို လုပ်၍ပြောသည်။

"အေး ... မင်္ဂလာပြောတာ ဟုတ်တယ်ဟ၊ အခု ရည်းစားတွေဆိုတော့ သူစားတာ ငါက လိုက်ရှင်းနေရသေးတာ၊ တန်းယူလိုက်တော့၊ ပိုက်ဆံမကုန်တော့ဘူးဟ"

အခုတော့ သူငယ်ချင်းတွေအစုံမှာ မောင်ကိုယ်တိုင်က လင်းကို "ချစ်တယ်" ဟု ဖွင့်ပြောခြင်းဖြစ်သည်။ အမှန်တော့ ဒီစကားက နောက်ကျနေတာ လေးငါးနှစ်လောက်တောင် ရှိနေပြီ။ ဒါပေမဲ့ ထင်ထားသလို ဖြစ်၍မလာ။ လင်းက ဘယ်တုန်းက ဘယ်လိုချစ်တာလဲဆိုတာကို မေး၍လာသည်။

လင်း ဘာဖြစ်လို့ ဒီစကားကို မေးတယ်ဆိုတာကို မောင် သိပါသည်။ သူနဲ့လင်း နေထိုင်ခဲ့တဲ့ ရင်းနှီးမှုက အဲဒီလို နေ့ကလေးတစ်နေ့ သေသေချာချာကြီးကို ရှိထားမှကို။ "ဩော် ... အဲဒီတုန်းက အဲဒီလို ချစ်သွားတာလား၊ အင်း ... ဒါဆို ဟုတ်တာပေါ့၊ ကောင်းပြီ၊ နင် ငါ့ကို တကယ်





ချစ်တယ်ဆိုတာကို ငါ ယုံတယ်" ဆိုတာမျိုးကြီး ပြန်လုပ်ရမှာ ဖြစ်နေသည်။

သမုဒ္ဒရာကို ဖြတ်ကူးခဲ့တာ ကြာခဲ့ပြီ။

အခုမှ အဲဒီ သမုဒ္ဒရာကို ကူးတာ "နင့်ကိုချစ်လို့" လုပ်ရမှာ။ ဒါပေမဲ့ ရိုးရိုးတော့မရ။ အဲဒီအဖြစ်အပျက်က လင်းကလည်း သိထားတဲ့ အဖြစ်အပျက်မျိုးလည်း ဖြစ်ရဦးမည်။ သူ ပြန်ရှင်းပြတဲ့ "ဘယ်လို ..." ဆိုတာကိုလည်း လင်းက ယုံရဦးမည်။

လွယ်လွယ်ကလေးနဲ့ ဘာကစလုပ်ရမှန်းမသိတဲ့ အဖြစ်မျိုးဖြစ်သည်။

ခက်တာက အဲဒီအလုပ်ကို ခုမလုပ်တော့ပါဟု ငြင်း၍မရတော့။ မွေ့ရာလင်းကို ချစ်သည့်လူက ပေါ်လာနေပြီ ဖြစ်သည်။ ထိုလူက ရာမ ဇာတ်ထဲက ဒသဂီရိလို ဇာတ်ကွက်ချ ပေါ်လာသည်။ ထုံးစံအတိုင်း လူကြမ်းမျိုးမဟုတ်။ လူလိမ္မာတစ်ယောက် ဖြစ်သည်။ လိမ္မာတာမှ သူငယ်ချင်း အသိုင်းအဝိုင်းမှာ အပြစ်အကင်းဆုံး၊ အလိမ္မာဆုံးဟု အားလုံးက သတ်မှတ်ထားသည့် မောင့်ထက်ပင် "မြတ်ထင်အောင်" က ပိုလိမ္မာနေသေးသည်။ ပြီးတော့ မြတ်ထင်အောင်သည် သူတို့ထဲမှာ ရုပ်ရည်အကြည်သင် အဝင်းပဆုံး မောင့်ထက်ပင် ပိုကြည့်၍ ကောင်းနေသေးသည်။ မျက်ခုံးနှင့် မျက်လုံးက မောင့်ထက်ပို၍ အချိုးအစားကျသည်။ မောင့်အသံကရှိုပြီး ခင်ဖို့ ချစ်ဖို့ကောင်းသည်။ မြတ်ထင်အောင်အသံက ဩဇာအာဏာ ပို၍ရှိပြီး ယုံကြည်စိတ်ချရဖို့ ကောင်းသည်။

မြတ်ထင်အောင်သည် ကျောက်မျက်ရောင်းသည့် company မှ အတော်ဆုံး မန်နေဂျာတစ်ဦးလည်း ဖြစ်လေသည်။ ပြင်သစ်လို၊ ... ကဗျာကို ဖတ်ပြီး ပြန်ရှင်းနိုင်သည်။ ဂျာမန်လိုက လူယုံကြည်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်သည်။ အင်္ဂလိပ်စာက မိခင်စကားလို ဖြစ်၍နေသည်။ သို့သော် မြတ်ထင်အောင်သည် စကားပြောလျှင် ဘယ်တော့မှ အင်္ဂလိပ်လို ကြားညှပ်ပြီး သုံးလေ့မရှိ။ ရှောင်၍မရသော စကားကလွဲ၍ ဘယ်တော့မှ အင်္ဂလိပ်လို ကြားမညှပ်ပါ။ အဘယ့်ကြောင့်ဆိုသော် မြတ်ထင်အောင်သည် မြန်မာလိုလည်း စကားပြော အင်မတန်ကောင်းသောကြောင့် ဖြစ်ပါသည်။

အခုချိန်မှာ မြတ်ထင်အောင်၏ သူ့ထက်သာသော အချက်တွေကို မောင် တွေးမနေချင်ပါ။ လင်းအကြောင်းကိုပဲ မောင် တွေး၍ နေချင်ပါသည်။ လင်းအကြောင်း မဟုတ်လျှင်တောင်မှ သူငယ်ချင်းတွေအကြောင်းကိုပဲ တွေး၍နေချင်သည်။ သူငယ်ချင်းတွေအကြောင်းကို တွေးတာကမှ အဲဒီထဲကနေ သူ လင်းကို သိပ်ချစ်သည့် အကြောင်းကလေး ဘာလေး ထွက်လာနိုင်သေးသည့် မဟုတ်လား။ မြတ်ထင်အောင် အကြောင်းတွေး လျှင်တော့ စိတ်မကောင်းဖြစ်စရာနှင့် ရင်နာစရာတွေပဲ ထွက်လာဖို့က များသည်မဟုတ်လား။

ထို့ကြောင့် မောင်သည် သူ့အာရုံ သူ့အတွေးထဲမှ မြတ်ထင်အောင်၏ အကြောင်းတွေကို ဖျက်၍ပစ်လိုက်သည်။

မောင်သည် တွေးနေသော အတွေးတွေကို မိန်းကလေးတစ်ယောက်လိုပင် မလိုချင်တာကို ရပ်ပစ်လိုက်ရုံတင်မဟုတ်၊ ဖျက်ပါ ပစ်၍ရသော သုတ္တိကလေးကို လှို့ဝှက်စွာ ပိုင်ဆိုင်ထားခဲ့သည်။ "လှို့ဝှက်စွာ" ဟု ပြောရခြင်းမှာ မောင်သည် ငယ်စဉ်ကတည်းက ထိုသို့သော "အကျင့်" ကို ရခဲ့ခြင်းဖြစ်ပြီး ထိုအကြောင်း မည်သူ့ကိုမျှ မပြောခဲ့သောကြောင့် ဖြစ်သည်။

ဥပမာ–မိုးတွေ အရှမ်းရွာနေသည့် နေ့တစ်နေ့မှာ ဖေဖေနဲ့ မေမေ





စကားတွေ အော်ကြီးဟစ်ကျယ်ဖြစ်ပြီး မေမေ မိုးရေထဲတွင် အိမ်ပေါ်မှ ဆင်းသွားသော မြင်ကွင်း ဖြစ်စဉ်ကြီး တစ်ခုလုံး၏ စကားလုံးတွေ၊ အော် သံတွေ၊ မျက်နှာဟန်ပန် အမူအရာတွေ၊ မိုးရွာသံတွေ၊ လျှပ်ပြက်သံတွေကို မောင် အားလုံး အသေးစိတ် မှတ်မိ၍နေသည်။ မေမေက သူ့ကို ကောက် ချီပြီး ရင်ခွင်ထဲမှာ အတင်းဖက်ထားသည့် အထိအတွေ့၊ ဖေဖေက မေမေ့ ထက်မှ အားနှင့် တွန်းထိုးဆွဲယူပြီး သူ့ကို လက်တစ်ဖက်ထဲနှင့် တင်းကြပ် စွာ ချုပ်ကိုင်ထားသော အထိအတွေ့။

ဖေဖေက သူ့ကို တင်းတင်းကြပ်ကြပ် ချုပ်ဖက်ထားရင်းက ကျန် လက်တစ်ဖက်ကို အားကုန်လွှဲပြီး မေမေ့ကို ရိုက်ချပစ်လိုက်သဖြင့် မေမေ လဲကျသွားတော့ အော်လိုက်သည့် "အ ... !" ဟူသော အသံ။ ဖွားဖွား အထိတ်တလန့် အော်လိုက်သောအသံ။ (ဖွားဖွားကိုတော့ ထိုအသံကိုသာ မှတ်မိပြီး ဖွားဖွား၏ရုပ်ကို မမှတ်မိတော့ပါ။) ပြီးတော့ အရာရာသည် အပြင်က အားနှင့် ခွန်နှင့် ရွာနေသော မိုးသံတွေလို လုံးထွေး၍ သွားလေ သည်။

နောက်ထပ် အသေးစိတ် မှတ်မိနေတာကတော့ အားနှင့် အင်နှင့် ရွာနေသော မိုးစက်များက အိမ်ခေါင်မိုးကို ပြင်းထန်စွာ ရိုက်ခတ်ပြီးမှ လွင့်စင်ကျလာသော မိုးစက်သင်းဖွဲ့မှုန်တွေ မျက်နှာကို တိုးဝင်သော အထိ အတွေ့ပင် ဖြစ်လေသည်။

ပထမတော့ ဖေဖေသည် ဒီလောက် မှောင်နေသော မဲနေသော ညကြီး တွေ့ မြေပြင်တစ်ခုလုံး ဝပ်ဆင်းသွားအောင် ရွာနေသော အလင်းရောင် ပြောသာ၍ လုံးဝမရှိသော ညနက်နက်တစ်ခုကို ဝရံတာမှ ဘာကြောင့် ထွက် ကြည့်ရတာလည်းဆိုတာ "မောင်" လုံးဝနားမလည်ခဲ့ပါ။ သူ့ကို တင်းကြပ်



www.burmeseclassic.com

www.burmeseclassic.com

စွာ ပွေ့ချီထားရင်း ဟိုဒီယိမ်းထိုးလျက် ဘာကိုမှန်းမသိ အားသွန်ခွန်စိုက် ရှာနေသော ဖေဖေ့ကိုလည်း မောင် နားမလည်ခဲ့ပါ။

သို့သော် ပြင်းထန်သော မိုးကြိုးပစ်သံကြီး မလာခင် "ဖြန်း" ခနဲ ညမိုးတွေ အကြီးအကျယ် ရွာနေသော ကမ္ဘာမြေပြင်ကို စူးစူးနစ်နစ် တစ်ချက် လင်းလက်ပေးလိုက်သော လျှပ်စစ်အလင်းတန်းကြီး တစ်ခုက ထိုအဖြေကို မောင့်အား ပေးခဲ့သည်။ ထိုအဖြေသည် မောင့်အသည်းထဲမှာ ခုထိ စွဲ၍နေသည်။

အားကုန်လင်းချလိုက်သော လျှပ်စစ်မီးကြောင့် အလင်းကြီး၏ ကြောက်မက်ဖွယ်ရာအောက်တွင် မေမေသည် တစ်ယောက်တည်း ထီးမပါ ဘာမပါနှင့် တရွေ့ရွေ့ လျှောက်နေသည်ကို မြင်လိုက်ရသည်။

မေမေသည် အားကုန်အော်နေသော မိုးထဲမှာ တရွေ့ရွေ့လျှောက်၍ နေသည်။ ထိုအချိန်သည် တစ်စက္ကန့် ...။

နှစ်စက္ကန့် ...။

သုံးစက္ကန့် ...။

လေး ...။

အရာအားလုံး မှောင်၍သွားသည်။

ထိုအချိန်မှစ၍ မောင်သည် မေမေ့ကို မတွေ့ခဲ့ရတာ ယနေ့အထိ ဖြစ်သည်။

ထိုနေ့က အဖြစ်အပျက်တွေ ထိတွေ့မှုတွေ၊ မြင်ကွင်းတွေ အားလုံးသည် ကလေးတစ်ယောက်၏ နုလွန်းသော နုလုံးသားဖြစ်စဉ်ထဲတွင် ကြောက်စရာကြီးအဖြစ် မောင် ယနေ့အထိ မှတ်မိ၍နေခဲ့သည်။

ထို့ကြောင့် မောင်သည် မိုးတွေအုံ့နေလျှင် အလိုလို ကြောက်တတ်





သည်။ ဘာကိုမှန်းမသိ ဝမ်းနည်းသည်။ ရင်ထဲမှာ စုတ်ပြတ်သတ်သွားလောက်အောင် သိမ်ငယ်သည်။ ထို့ကြောင့် အဲဒီအကြောင်းအရာတွေကို ငယ်စဉ်ကာလက ကြောက်လန့်တကြားနှင့် တွေးမိတိုင်း အမေ့ခံ ပစ်ခဲ့ရသည်။ ပထမမရ။ တစ်ကြိမ်မရ။ ကြာတော့ ရလာသည်။ ဘယ်လို ခဏ မေ့ရမလဲဆိုတာကို မောင်က ဘယ်သူမှမသိဘဲ သင်ယူတတ်မြောက်လာသည်။

မြတ်ထင်အောင်ရဲ့ အကြောင်းက ထိုနေ့က ဖြစ်ရပ်နှင့်စာလျှင် ဘာမှမဟုတ်။ ထို့ကြောင့် အလွယ်တကူ မေ့၍သွားလေသည်။

■


www.burmeseclassic.com

www.burmeseclassic.com



# (၂)

မုန့်စားခေါင်းလောင်း ထိုးသံသည် မောင့်ကို နေရာတစ်ခုမှ ဆွဲထုတ်ချလိုက်ပြီး နေရာတစ်ခုကို ပစ်ချထားလိုက်သလို ဖြစ်သွားသည်မှာ အမှန်ပင်ဖြစ်သည်။

ရေးလက်စ ဖောင်တိန်ကို အဖုံးဖုံးလိုက်ခြင်း မတ်တပ်ရပ်၍ သချာဆရာ ဦးဝင်းအေးကို နှုတ်ဆက်လိုက်ခြင်း၊ ပြန်ထိုင်၍ စာအုပ်များသိမ်းခြင်းတို့သည် အမှတ်သညာကြောင့် မဟုတ်ဘဲ ထုံးစံအတိုင်း အသိစိတ်တစ်ခုလို သူ့အလိုလိုအတိုင်း ဖြစ်၍သွားသည်။ မောင် ဘာလုပ်ရမလဲဆိုတာ သတိရသောအချိန်သည် ကျောင်းသားတွေ အားလုံး ဆူညံနေသောအချိန်သာဖြစ်ပါသည်။ အပြင်ကိုကြည့်တော့ မိုးစဲသွားတာ မြင်ရသဖြင့် ကြောက်စိတ်က သိပ်မရှိတော့။

"ဟော့ကောင် ... မင်း မုန့်စားကျောင်းဆင်းမှာ မဟုတ်လား"





လေသံက မာကြောသည်။ သို့သော် မောင် မောကြည့်သော ဖောင်းအစ်ဝဖြိုးသော မျက်နှာတစ်ခုကို တွေ့ရသဖြင့် မောင် ကြောက်ရွံ့ခြင်းဘဲ လုံးဝမရှိတော့။ ဘာကြောင့်မှန်းတော့ မသိ။ မောင်သည် ထိုသို့သော မျက်နှာမျိုးကို ယနေ့အထိ ကြောက်ရွံ့လေ့မရှိဘဲ ခင်မင်လေ့သာ ရှိပါသည်။ ထို့ကြောင့် မောင် ခေါင်းကိုညိတ်ပြလိုက်၏။

"မုန့်ဈေးတန်း ဘယ်မှာလဲဆိုတာ မင်းသိလား"

ဒီမေးခွန်းကိုတော့ မောင်က ခေါင်းခါတာကိုမြင်တော့ ထိုဖောင်းအစ်သော မျက်နှာပိုင်ရှင်က ပြုံးလေသည်။ ထိုအပြုံးသည် လှမင်း (ခွေးသီး) ထံတွင် ဒီနေ့အထိ တွေ့နိုင်သည်။

"အဲဒါဆို မင်း ငါတို့နဲ့ အတူလိုက်ခဲ့၊ ဒီကောင့်ကို ခေါ်ခဲ့ကွ"

ထိုစကားကို ပြောသူက ပိန်ပိန်သွယ်သွယ်နှင့် ခါးကို ထောက်ထားသော သန်းနိုင်ဝင်း (ကျောက်ဆူး) ဖြစ်ပါသည်။ သူ ဘာမှမပြောတော့ဘဲ စာအုပ်တွေသိမ်းပြီး ဒီကောင်တွေနှင့် လိုက်လာခဲ့သည်။

အခန်းထဲက ထွက်ကတည်းက သူလုပ်သော အလုပ်မှာ ဒီနေ့မှစ၍ ရောက်သောကျောင်းကြီးကို ဟိုဟိုဒီဒီ အားရအောင် ကြည့်ခြင်းပင်ဖြစ်သည်။ ကောင်းကင်သည် သူ ကျောင်းသို့လာစဉ်တုန်းကလို မဲ၍ မှောင်၍မဟုတ်တော့ဘဲ အနည်းငယ် လင်း၍နေသည်။ တွေ့နေကျ နေရောင်ကိုတော့ မတွေ့ရ။ လေကားကနေဆင်းတော့ တဒုန်းဒုန်း ဆူညံနေသော ခြေဆင်းသံတွေကြားထဲမှာ သူ ပျော်၍သွားသည်။ လှေကားကြီးဆုံးတော့ သူ့ကို ခေါ်သွားသူတွေက ညာဘက်သို့ ချိုးကွေ့လိုက်သဖြင့် သူ လိုက်ချိုးလိုက်သည့်အခါ ကော်ရစ်တာက စုပြုံ၍ထွက်လာသော နောက်ထပ် ကျောင်းသားတွေနှင့် ဆုံသဖြင့် ရင်ချင်းတွေအပ်ကာ ပြွတ်သိပ်ကျပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟေ့ကောင် ... ဒီကိုလာကွ၊ ဒီကို ... ဒီကို ..."

လက်ကို အားနှင့်ဆွဲခံလိုက်ရ၍ သူ လူအုပ်ကြားထဲမှ လျှောက်နေသော စီးကြောင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သွားသဖြင့် ခက်ခက်ခဲခဲ တိုးထွက်လိုက်ရသည်။ သူတို့ ကျောင်းဆောင်ကြီး၏ ဘေးဘက်သို့ ရောက်သွားသည်။ အားလုံး သုံးပေလောက်မြင့်သည့် ကျောင်းပေါ်မှ မြေပြင်ပေါ်သို့ ခုန်ချလိုက်ကြသဖြင့် သူလည်း လိုက်ခုန်ချလိုက်သည်။ မြေကြီးပေါ်ရောက်သည်နှင့် ဟိုကောင်တွေက တရှိန်ထိုးပြေးသဖြင့် သူကလည်း ခပ်ညံ့ညံ့ မဟုတ်ကြောင်းပြရန် တဟုန်ထိုး ပြေးလိုက်ခဲ့သည်။ သူ အားလုံးကို မီပါသည်။

ကျောင်းဆောင်ကြီးက လွတ်တော့ ထိကရုံးပင်ကလေးတွေရှိသော ကွင်းကလေးတစ်ခုကို ဖြတ်ပြေးကြရသေးသည်။ မောင်သည် သူတို့ထက် ကျော်အောင် ပြေးနိုင်သော်လည်း ကျော်မတက်ဘဲ သူတို့နှင့် ယှဉ်လျက်သာ ပြေး၍လာခဲ့သည်။

အားလုံး ရပ်လိုက်သဖြင့် သူပါ ရပ်လိုက်ရတော့ အခုချိန်ထိ ဘယ်လိုဗျည်း၊ ဘယ်လိုသရမျိုးတွေနှင့် ဖော်ပြရမှန်းမသိသော အော်သံ၊ ဆူညံသံ၊ အုံ့၍အုံ့၍ မြည်သံတို့ဖြင့် လှုပ်ရှားနေသော အင်္ဂတေခင်း သွပ်မိုးထားပြီး အကာအရံမရှိသော ဈေးတန်းကလေးကို တွေ့လိုက်ရလေသည်။

"မင်း မုန့်ဖိုးပိုက်ဆံပေး"

ရုတ်တရက် သူ့ထံမှ ပိုက်ဆံကို လက်ဖြန့်၍တောင်းသော လှမင်း၏ မျက်နှာတွင် နိုင်လိုမင်းထက် အမူအရာမရှိပါ။ စိတ်စောနေခြင်းနှင့် လောဘရယ်လိုခြင်းသာရှိကြောင်း မောင် သိလိုက်ပါသည်။





လှမင်းလည်း အဲဒီတုန်းက တော်တော်ကလေး စိတ်မရှည် ဖြစ်နေခဲ့သည်။ ကျောင်းသားသစ်ဆီက ပိုက်ဆံတစ်ရွက် ထွက်လာလျှင် ဖျတ်ခနဲ ဆွဲခင်ပြေးလိုက်ဖို့ကိုသာ စိတ်စော၍နေခဲ့သည်။ သန်းနိုင်ဝင်းနှင့် မိုးကျော်တို့ သူက ဆရာကြီးလုပ်ပြီးသား ဖြစ်သဖြင့် ဒီကောင့်အိတ်ထဲက ပိုက်ဆံကို မြန်မြန်ထုတ်စေချင်နေခဲ့သည်။ ဒီနေ့မှ ရောက်လာသော ကျောင်းသားသစ်ကို ဒီလောက်တော့ ပညာပေးရမည်ဟု ဆုံးဖြတ်ထားကြောင်း နောင်ပြန်ပြန်ပြောကြတိုင်း လှမင်းက ပြောလေ့ရှိသည်။

"ပိုက်ဆံ ... ဟုတ်လား"

"အေးလေ ... မုန့်ဈေးတန်းမှာ မုန့်ဝယ်ဖို့ပိုက်ဆံ"

"အာ ..."

မောင် နည်းနည်းတော့ တွန့်၍သွားသည်။ ဖေဖေပေးခဲ့သော ပိုက်ဆံကို သူ မေ့နေခဲ့တာကြာပြီ။ ဖေဖေက သူ့အတွက် မုန့်ဖိုးကို အိမ်ကထွက်ကတည်းက ပေးခဲ့ခြင်းဖြစ်သည်။ ကျောင်းအုပ်ဆရာကြီး ရုံးခန်း၊ တအား မိုးကြိုးတွေပစ်ပြီး ရွာသောမိုး၊ ကော်ရစ်တာနှင့် လျှောက်လမ်းများ၊ ရယ်သံ၊ စာသင်သံ၊ သူ ဘဝပေါင်းများစွာကို ဖြတ်သန်းလာရသလို ဖြစ်နေသဖြင့် ဒီကောင်တွေနှင့် ပြေးသာ ပြေးလာခဲ့ရသည် မုန့်ဖိုးကို တကယ် မေ့နေပြီဖြစ်သည်။

ဒါပေမဲ့ မသိစိတ်က ယောင်ပြီး အိတ်ကိုစမ်းမိသည်။ အိတ်ကို ထိမိသည်နှင့် ပိုက်ဆံ၏ အထိအတွေ့ကို သူ ခံစားရသဖြင့် ဝမ်းသာသွားသည်။ ဖေဖေပေးခဲ့တဲ့ ပိုက်ဆံက အိတ်ထဲမှာပဲ တော်ပါသေးရဲ့ဟု တွေးရင်း ပိုက်ဆံကို ဆွဲထုတ်ပြီး ရတနာတစ်ပါးလို သူ့ကို အခက်အခဲမှ ကယ်တင်သော ကိရိယာတစ်ခုလို ထောင်၍ပြလိုက်တော့ လှမင်း၊ သန်းနိုင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

နှင့် မိုကျော်တို့ မျက်နှာတွင် အပြုံးကိုယ်စီ ပေါ်၍လာသည်။

သို့သော် ထိုအပြုံးကိုယ်စီသည် စက္ကန့်နည်းနည်းသာ ခံလိုက်ပြီ မောင့်လက်ထဲမှာ ထောင်၍ထားသော ပိုက်ဆံသည် တခြားတစ်ယောက်၏ လက်ထဲသို့ ရောက်၍သွားလေသည်။

"အဲဒါ ဘာလုပ်တာလဲ နွေရာလင် "

သူ့လက်ထဲက ပိုက်ဆံကို လုသွားသူက သူ့ကို "ဟိ" ခနဲ တစ်ချက်ရယ်သော၊ သူ ဖိနပ်မှာနေကြောင်းကို ပြောသော ကောင်မကလေး ဖြစ်၍နေသည်။ အဲဒီအချိန်တုန်းကတော့ မောင်သည် နွေရာလင် ကို အခုမှ သူငယ်ချင်းရကာစ သူ့ကို ဝင်ရှုပ်သူဟု ဒေါသတွေ ဘာတွေ ထွက်ခဲ့သေးသည်။

"နင်ဘာတ်မယ့် ပိုက်ဆံကို ယုတာလေ လှမင်းရဲ့"

စကားဆုံးသည်နှင့် ထိုကောင်မလေးက ပိုက်ဆံကို ကျောင်းဝတ်စုံ စကတ်ကလေးထဲသို့ ထိုးထည့်လိုက်၏။ နံဘေးက ပါလာသော ကောင်မလေး နှစ်ယောက်က လက်ခုပ်ဝိုင်းတီးလိုက်ကြသည်။

"အာ ... နင် ... နင် ဘာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲ၊ နင့်ပိုက်ဆံကို သူတို့ကမှ လိမ်မှာ၊ ပိုက်ဆံကို ယူပြီး မုန့်ဈေးတန်းထဲ ဝင်တိုးမယ်၊ နင်က အသစ်ဆိုတော့ ဘာမှသိမှာ မဟုတ်ဘူး၊ သူတို့က နင့်ပိုက်ဆံနဲ့ ဝယ်စားချင်တာစားပြီး ဟိုဘက်က ထွက်မှာ၊ နင်က ဒီမှာငုတ်တုတ်ပေါ့၊ မဟုတ်ဘူးလား"

"ဟေ့ ... ရေတံခွန်မ၊ နင် ဘာမှဝင်ရှုပ်စရာ မလိုဘူး၊ ငါ့ပိုက်ဆံ ပြန်ပေး"

"ဘာရေတံခွန်မလဲ၊ နောက်တစ်ခါပြောရင် နင့်သွားတွေကို ငါ





ချိုးမှာ၊ ဘာ ငါ့ပိုက်ဆံလဲ၊ ဒါ ကျောင်းသားသစ်ရဲ့ပိုက်ဆံ"

"နင် ... နင် ဝင်မရှုပ်နဲ့နော်"

"ဟေ့ ...လှမင်း၊ သတ္တိရှိရင်လိုက်ခဲ့ ဘေတ်ရဲ့၊ လာ ...ကျောင်းသားသင်း နင့်ပိုက်ဆံက ငါ့ဆီမှာ လာ"

"ရေတံ ..."

"ဆက်ခေါ်လေ"

"မိုးကျော် နင် မကျေနပ်ရင် သိပ္ပံဆောင်ဘေးက ခံပင်ကြီးအောက် လိုက်ခဲ့၊ ငါကတော့ မှုမှုတတပဲ၊ ကဲ ... လာ၊ လာပါဆို"

နည်းနည်းကလေးမှ ထိမထင်သော မချွေရေတံခွန်မက သူ့လက်ကို ကောက်ဆွဲပြီး အားလုံးရှေ့မှနေ၍ ဆူညံပွက်ဟီးနေသော မုန့်ဈေးတန်းဆီသို့ လျှောက်၍သွားသည်။ ဟိုကောင်တွေအားလုံး မျက်လုံးပြူး၍ ကျန်ခဲ့၏။

ထိုအချိန်သည် သူ့အတွက် အလွန်တရာ အရေးကြီးသော အချိန် ဖြစ်မှန်း အဲဒီတုန်းက သူ မသိခဲ့။ နွေရာလင်းဆိုသော လင်းသည် သူ့လက်ကို ပထမဦးဆုံး စတွေ့သည့်နေ့မှာပင် စကိုင်ခဲ့ခြင်း ဖြစ်သည်ဆိုတာကို သူ လုံးဝ သတိမထားမိခဲ့ပါ။

လင်း၏စကားကြောင့် လှမင်းတို့အုပ်စုကို အမြင်ကတ်သွားပြီး လင်းကို အားကိုးတကြီးနှင့် ကျောင်းသားသစ်ထုံးစံ လိုက်ခဲ့မိမှန်း အခုမှ ပြန်၍သတိရသည်။ လင်းက သူ့လက်ကို အဲဒီတုန်းက ဆွဲကိုင်သော အထိအတွေ့၊ ဖောတပ္ပ၊ တဏှာ၊ နူးညံ့သိမ်မွေ့မှု စသည်တို့ကို တစ်ခုမှ သူ မမှတ်မိပါ။

"လင်း" က ဘယ်အချိန်မှာ သူ့လက်ကို "လွှတ်လိုက်သည်"


www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုလည်း ဘာ့ကြောင့်မှန်းမသိ သူ မမှတ်မိပါ။ သို့သော် လင်းက ယှိအချိန်မှစပြီး သူ့လက်ကို အကြိမ်ပေါင်းများစွာ ကိုင်ခဲ့ပြီး ထိုသို့ကိုင်ခြင်းမှာ ကယ်တင်ခြင်းနှင့် ရင်းနှီးခင်မင်ခြင်းမှလွဲလျှင် ဘာအဓိပ္ပာယ်မှ မရှိဆိုသော သတ်မှတ်ချက်ကို သူငယ်ချင်းအားလုံးက ယနေ့ထိ ယုံကြည်နေကြခြင်းကို အထူးအဆန်းဟု သဘောထားလျှင် ထိုကိစ္စမှာ ရယ်ဖွယ်ကောင်းသော ပြက်လုံးတစ်ခုသာဖြစ်ကြောင်း သူတို့ သူငယ်ချင်းတွေအားလုံး စာလုံးပေါင်းတတ်ကြပါသည်။

ထိုနေ့က သူ့ပိုက်ဆံနှင့် လင်းက ဘာတွေဝယ်ခဲ့သလဲ ဆိုတာကိုတော့ သူ ကောင်းကောင်းမှတ်မိပါသည်။

လင်းက ဗယာကြော် ခုနစ်ခုနှင့် မုန့်ပဲလှော် အထုပ်ကြီးနှစ်ထုပ်ကို ဝယ်ခဲ့ပြီး ပိုဟန်တူသော ပိုက်ဆံခေါက်ကို သူ့အိတ်ထဲသို့ ထိုးထည့်ပေးလိုက်ပါသည်။ ပိုက်ဆံဘယ်လောက်ဖိုး ဝယ်၍ ဘယ်လောက် သူ့ကို ပြန်ပေးခဲ့သလဲဆိုတာ သူ အမှတ်တရလုပ်၍ မထားဖြစ်ခဲ့သဖြင့် မသိတော့ပါ။

ထိုနေ့က လင်း စီစဉ်သော ဗယာကြော် တစ်ယောက်တစ်ခုစီနှင့် မုန့်ပဲလှော် တစ်ယောက် ဘယ်နှခုစီမှန်းမသိကို သူတို့ သဘောတူညီတူစွာ စားခဲ့ကြသည်။ ထိုနေ့မှစ၍ လင်းသည် အားလုံးသော သူငယ်ချင်းများထဲတွင် သူသာ အရေးအပါဆုံး စီမံခန့်ခွဲသူ ဖြစ်၍သွားသည်။

ဘာကြောင့်မှန်းတော့ မသိ။ ကလေးဘဝသည် ထိုသို့ ပျော်ရွှင်ဖွယ်ကောင်းပါသည်။

ကျွန်တော်တို့ သူငယ်ချင်းအားလုံးသည် ယနေ့အထိ လင်းပြောသော စကားဆိုလျှင် ယုံတတ်ကြပြီး လင်း ခွဲဝေပေးသလို လုပ်ငန်းတာဝန်များ၊ ရပိုင်ခွင့်များကို ကျေနပ်ပြီး တရားမျှတသည်ဟု ထင်နေခဲ့ကြသည်။





အဲဒီနေ့ဟုန်းက ကျွန်တော် လင်းကို စတင်စကားပြောခဲ့ပြီ ထိုပြောခဲ့သော စကားများထဲမှ မှတ်မိသမျှမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"နင်ကို 'ရေတံခွန်မ' လို့ ဘာဖြစ်လို့ ဟိုကောင်တွေက ခေါ်တာလဲ"

"လင်းဆိုတဲ့ နာမည်ကြောင့်၊ Linn ဆိုတာ အင်္ဂလိပ်အဘိဓာန်ထဲမှာ ရေတံခွန်ဟဲ၊ ရေမှော်ဟဲ၊ ဒီကောင်ကို ငါက ရေမှော်ထက်စာရင် ရေတံခွန်က ကောင်းတယ်ဆိုလို့"

"ဘာမှမဆိုင်ဘူး"

"ဒီကောင်က အင်္ဂလိပ်စာ သိပ်တော်တာ၊ Lin နဲ့ Linn ကို သွားရှာဘာကို၊ ဟိ … ဟိ … ငါကတော့ also Linn ပါ"

"ငါ့ဖိနပ်ကို ဘာဖြစ်လို့ ပြောရတာလဲ"

"ငါက ဖိနပ်ဆိုရင် အရမ်းစိတ်ဝင်စားတာ၊ ယောက်ျားလေးဆိုရင် ဖိနပ်ကို အရင်ကြည့်တယ်၊ အဲဒါကြောင့်ပေါ့"

"ဘာမှမဆိုင်ဘူး၊ ယောက်ျားလေးဆိုတာ 'ခေါင်း' ပဲ အရေးကြီးတာ၊ 'ခေါင်း' ပဲ"

"ဘာမှမဆိုင်ဘူး၊ ဟိ … ဟိ … နင်ပြောသလို လိုက်ပြောတာနော်"

"နင်က နောက်ပဲ"

"မဟုတ်ဘူး၊ ပြောင်၊ ပုန်းရည်ကြီး ကြိုက်တယ်၊ ငါးခြောက် ကြိုက်တယ်၊ ဖေဖေက နွားနို့သောက်ခိုင်းရင် အော်ငိုတယ်၊ လစ်ရင် သွန်ပစ်တယ်၊ ဓီးသီးစားရင် အကြောက်ဆုံးပဲ၊ ဓီးစေ့ လည်ချောင်းမှာတစ်မှာ အရမ်းဆိုးတယ်"

"နင် ငါ့ကို တမင်စတာ မဟုတ်ဘူးနော်"

"နင် အတန်းထဲကို ဝင်လာကတည်းက ငါက နင့်ကို ငေးမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသားပဲ၊ ဖိနပ်ကို ကြဲ့သုံ့ပြီးတော့ စပြီပေါ့၊ ဒါပေမဲ့ အဲဒီကတည်းက နင့်ကို သူငယ်ချင်းလုပ်မယ်လို့ စိတ်ကူးထားပြီးသား"

မောင် တွေးနေသမျှကို ရပ်ပစ်လိုက်သည်။

"ဟုတ်တယ်" အဲဒီစကားတွေကို လင်းက သူ့ကို စတွေ့တဲ့နေ့ကတည်းက ပြောထားခဲ့တာ။ အခုထိ ဒီအတိုင်းပဲလား။ သူ့ကို "ငပေါမှန်း သိသားပဲ" တဲ့။

"လင်း" ရယ်။

■





ခေါင်းကဆံပင်တွေကို ရေသုတ်နေရင်းနှင့်မှ သူ ဘာဖြစ်လို့ ဒီနေ့ ...င်လောင်ပြီး ရေချိုးမိတာလဲဆိုတာကို သွားစဉ်းစားမိသည်။ ခေါင်းကို ...လောင်းတုန်းကတော့ ထိုကိစ္စကို လုံးလုံးသတိမရ။ သူသည် ကိစ္စတစ်ခု ...ကို လုပ်ပြီးသွာမှ သတိရတတ်သူဆိုတာ သေချာသွားပြီ။

ထို့ကြောင့် ခေါင်းကို ရေခြောက်အောင် သုတ်နေသော တဘက် ...ကို လုပ်ပစ်လိုက်သည်။ ထိုသို့ ရပ်သွားခြင်းမှာ သူက ရပ်ပစ်လိုက်ဖို့ သတိ ...သောကြောင့် မဟုတ်ဘဲ သူ့စာရေးစားပွဲပေါ်တွင် ငြိမ်ငြိမ်ကြီး ရှိနေ ...သော ဒိုင်ယာရီစာအုပ်ကို တွေ့သွားသောကြောင့် ဖြစ်သည်။

ထို ဒိုင်ယာရီစာအုပ်ကြားထဲတွင် ဘောပင်တစ်ချောင်း ထည့်ညှပ်၍ ...ခဲ့သည်။ သူ ဒီနေ့မနက် အိမ်ကမထွက်ခင် ထို ဒိုင်ယာရီစာအုပ်တို ...ရှင်ထဲမှာ နောက်ဆုံးရှိသောစကားကို ရေးခဲ့ပြီးမှ သူငယ်ချင်းများထံသို့ ...ထွက်သွားခဲ့ခြင်း ဖြစ်ပါသည်။ နောက်ဆုံးရေးထားခဲ့သော အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သည့် သူ လင်းကို ရည်ရွယ်စားစကားပြောမည်။ သူ ဘယ်လိုပြောမည်ဆိုတာ ဖြစ်ပြီး အိမ်ကိုပြန်ရောက်လျှင် ခနက ဇာတ်လှုပ်ရှားဖွယ်ရာ စကားတွေရဲ့ နောက်မှာ ဘယ်လို ပျော်စရာကောင်း တာတွေကို ထပ်ဖြည့်ရမှာလဲဆိုသည့် သဘောမျိုး သူ ရေးခဲ့ဟန်တူသည်။

သူ ရေးထားခဲ့သည့် ခံစားချက်ကိုပဲ သူ သိတော့သည်။ စကားလုံးတွေကို မမှတ်မိတော့။ သူ အဲဒီဒိုင်ယာရီထဲမှာ ရေးထားခဲ့တာက နောက်တစ်ခါ ရေးတဲ့အခါကျရင် ငါနဲ့ လင်းရဲ့ ချစ်သူဘဝ ပျော်စရာစကားလုံးတွေကိုပဲ ရေးတော့မှာ။ ငါဟာ ချစ်သူဘဝရဲ့ ပျော်စရာစကားလုံးတွေကို စကားလုံးရော ပေါင်းတတ်ရဲ့လား ! မပေါင်းတတ်ပါဘူး။ ဒီတော့ ချစ်သူဘဝ စကားလုံးတွေကို ငါ ပေါင်း တတ်အောင် ချစ်သူ့စကား လုံး အဘိဓာန်တစ်ခု ဝယ်ရမယ်။ ချစ်သူကို ရီးသာ လုပပြီ ချစ်သူက နားလည်နိုင်သော စကားလုံးတွေနဲ့ ခြယ်သမယ်။ မောင် ဒိုင်ယာရီကို ပိတ်ပစ်လိုက်သည်။ ဒီဒိုင်ယာရီထဲမှာ ဒီအိမ်ကမထွက်ခင်မှာ နောက်ဆုံးရေးသွားသော စကားလုံးတွေကို မမှတ်မိ၍ ဘောလ်ပင်ညှပ်၍ထားသော ဒိုင်ယာရီကို ပြန်လှန်ဖတ်နေခြင်း ဖြစ်သည်။ အခိုပ္ပာယ်ကတော့ သူ အိမ်ကိုပြန်ရောက်လာလျှင် သူနှင့်လင်း ချစ်သူတွေ ကျိန် သေဖြစ်ပြီဟု ဒိုင်ယာရီထဲမှာ သူ ရေးထားခဲ့သည်။

အခုတော့ ဒီလိုမဟုတ်။ လင်းက “ဘယ်တုန်းက သူ့ကို ချစ်တာလဲ” ဆိုတာကို မေးခဲ့သည်။ အဲဒီကိစ္စတွေကို ဒိုင်ယာရီထဲမှာ ပြန်ရှာ၍ မရဆိုတာကို သူ သိပါသည်။ အချစ်အဘိဓာန်ထဲမှာလည်း ပါလိမ့်မည် မဟုတ်ဆိုတာ ကျိန်းသေနေသည်။

' လင်းနဲ့သူ ချစ်သူကျိန်းသေဖြစ်မှာပဲဟု ယုံကြည်စွာဖြင့် သူ့ဘဝမှာ





ပထမဦးဆုံးအကြိမ် ဒိုင်ယာရီဝယ်၍ ခနကဖတ်ခဲ့သော စာကြောင်းများကို စတင်ရေးမှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခင်က သူ တစ်ကြိမ်မှ ဒိုင်ယာရီ မရေးတတ်ခဲ့။

သူ့ဘဝတွင် ဘယ်တုန်းကမှ ဒိုင်ယာရီ မရှိခဲ့ဘူးပါ။ လင်းနှင့် ပတ်သက်သော အကြောင်းအရာတွေအားလုံးကို သူ မှတ်ထားတာ နှလုံးသားထဲမှာသာ ဖြစ်ပါသည်။

သူ နံဘေးက ခုတင်ပေါ် ပစ်လှဲကျသွားသည်။

သူ အင်္ကျီမဝတ်ရသေးဆိုတာကို သူ သိပါသည်။ ဒီအချိန်မျိုးမှာ အင်္ကျီဝတ်ဖို့ မလိုအပ်ဘူးဆိုတာကိုလည်း သူ သိပါသည်။ သူ မျက်စိကို မှိတ်လိုက်သည်။ ပြတင်းပေါက်မှ နေ့လည်ခင်း နေရောင်ခြည်သည် သူ့မျက်နှာပေါ်ကို တိုက်ရိုက်ကျနေသည့်အတွက် မှိတ်ချထားသော သူ့မျက်ဝန်းထဲမှာ အစိမ်းရောင်အဆုပ်၊ လိမ္မော်ရောင်အဆုပ်၊ အနီရောင်၊ ပန်းနုရောင်၊ ခရမ်းရောင် အဆုပ်လိုက် အဆုပ်လိုက် အရောင်တွေ ပြေးပြေးလာနေတာ မြင်ရတာကို အာရုံစိုက်ပြီး ကြည့်နေလိုက်သည်။

ထိုအရောင်တွေ ပေါ်လာပုံက အနည်းငယ် ထူးဆန်းသည်ဟု မောင် ထင်သည်။

ကိုယ့်မျက်စိထဲမှာ ပေါ်လာနေသော အရောင်ကိုပင် ကိုယ်က ဘယ်အရောင်ပေါ်လာဟူ၍ အမိန့်ပေးလို့မရ။ သူပေါ်လာချင်သော အရောင်သာ ပေါ်လာမြဲဖြစ်၏။ မောင်က ထိုအရောင်တွေ အာရုံစိုက်ကြည့်နေရင်း ဘဖြည်းဖြည်းနှင့် အရောင်အဆုပ်အဆုပ်တွေ နေရာမှာ ...

အဲဒီနေ့က ကျောင်းသားတွေအားလုံး ပျော်နေကြသည်ဟု ဆင်ခြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တက်နေကြသည့် အထက (၃)ကျောင်း၏ ဘယ်ဘက်တွင် နှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့သော ကျူးကျော်အိမ်များ၊ အလုပ်ရုံများနှင့် ဆိုင်ခန်းများကို ဖယ်ရှားပစ်လိုက်သည့်အတွက် သူတို့ကျောင်းသည် တင့်တင့်တယ်တယ် ပျော်ရွှင်စွာဖြင့် အားလုံး၏အမြင်တွင် ပေါ်ပေါ်ထင်ထင်ကြီးကို ဖြစ်၍နေသည်။

ဖယ်ရှားရှင်းလင်းပြီးသွားသော မြေနေရာ ကွက်လပ်ကြီးပေါ်တွင် ကျောင်းသားတော်တော်များများ က ရန်သူ့နယ်မြေကို ရှင်းလင်းပြီးသော အောင်ပွဲရ စစ်သားတွေလို ဟိုတစ်စု ဒီတစ်စု ရပ်၍နေကြသည်။ အတန်းငယ်သည့် ကလေးများက ခဲများဖြင့် ဟိုဒီပစ်ခြင်း၊ ပြေးလွှားကစားခြင်းစသည်တို့ကို လုပ်နေကြသည်။

ထိုနေရာ ကွက်လပ်ကြီးပေါ်တွင် ရပ်နေသော ကျောင်းသားများထဲတွင် မောင်တို့အုပ်စုလည်း ပါပါသည်။ မောင်တို့အုပ်စုကတော့ တခြားကျောင်းသားတွေလို စိတ်လှုပ်ရှားမှုကို မျက်နှာပေါ်မှာ အထင်းသားမတွေ့ရအောင် ဣန္ဒြေဖြင့် နေ၍ထားသည်။ မတ်တပ်ရပ်နေပုံ၊ ဟိုဘက် ဒီဘက်ကြည့်နေပုံတွေကအစ တည်ငြိမ်အောင် လုပ်ထားကြလေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် သူတို့၏ အထကကျောင်းတွင် အတန်းကြီးကျောင်းသား (၁၀ တန်း)ဖြစ်သောကြောင့် ဖြစ်ပါသည်။

၈ တန်းလောက်ကတည်းက ဆရာ၊ ဆရာမတွေရဲ့ ပါးစပ်ဖျားမှာ ကျောင်းသားကြီးတွေက ... ကျောင်းသားကြီးတွေကဆိုသော စကားသံကို ကြားခဲ့ရသည်။ ကျောင်းကိစ္စနှင့် ပတ်သက်၍ ဘာကိုပဲလုပ်ချင် လုပ်ချင် ကျောင်းသားကြီးတွေကို ပထမဦးစားပေးရပြီး ကျောင်းသားကြီးတွေက ဦးဆောင်လုပ်သွားလေ့ရှိပြီ ကျောင်းသားကြီးတွေ မလုပ်ချင်တာကိုသာ





ငယ်တို့က နောက်က လိုက်လုပ်ခဲ့ရသည်။

ထို့ကြောင့် အတန်းငယ် ဘဝကတည်းက အထင်ကြီးခဲ့သော ကျောင်းသားကြီးဆိုတာ သူတို့ဖြစ်နေပြီ မဟုတ်လား။ ထို့ကြောင့် သူတို့အခုသည် ဣန္ဒြေကြီးတွေနှင့် လုပ်နေကြခြင်း ဖြစ်သည်။

"တော်တော် ကျယ်သွားတာပဲကွ၊ ပန်းခြံကလေးတစ်ခု လုပ်ရင် ကောင်းမယ်ထင်တယ်"

လှမင်း၏ မရဲတရဲစကားကို မိုးကျော်က လက်မခံနိုင်သည့် သဘောဖြင့် ခေါင်းကို ခပ်နာနာခါရင်း လှမင်းကို ဒေါသတကြီး လှမ်းကြည့်လိုက်သည်။

"ဘာပန်းခြံလဲကွာ၊ ကျောင်းရှေ့မှာ ပန်းခြံလုပ်စရာလား၊ ဘောလုံးကွင်း ပဲကွာ၊ ဘောလုံးကွင်း လုပ်ရမှာ"

"မင်း လည်း ရှဉ့်ငပေါပဲ မင်္ဂလာ၊ ဘောလုံးကွင်း လုပ်ပေးပြီး ရပ်ကွက်ထဲကကောင်တွေ ကန်တာကို ငါတို့က စာသင်ရင်း က ကြည့်နေရမှာလားကွ"

သိန်းနိုင်ဝင်း (ကျောက်ဆူး)က ခပ်တည်တည်နှင့် ပင်ယောက်သည်။ ဒီတော့လည်း ဟိုနှစ်ကောင် ခပ်ကုတ်ကုတ် ဖြစ်သွားပြန်သည်။ အမှန်တော့ သူတို့အထင်ကြီးသည့် ကျောင်းသားကြီးဆိုတာကြီး ကို ရောက်လာသော်လည်း သူတို့ကြိတ်ပြီး မျှော်လင့်ထားသလို အထင်ကြီးစရာ ဘာတစ်ခုမှ ရောက်လာခြင်း မရှိခဲ့ပါ။ ၈ တန်း၊ ၉ တန်းတုန်း ကငှင်ပင် ဘာမှမထူးခြားခဲ့ပါ။ ထူးခြားတာ တစ်ခုကတော့ သူတို့သည် အထင်ကြီးခံနေရသည်ဟု သူတို့ကိုယ်သူတို့ ထင်နေကြခြင်းသာ ဖြစ်ပါသည်။

ထိုအချိန်တွင် ကျောင်းတက် ခေါင်းလောင်းထိုးသံကြား၍ နိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ကွက်လပ်တွင်ရှိနေသော ကျောင်းသာ တွေအားလုံ ကျောင်းတံခါး ပေါက်သို့ ပြေးထွက်သွားကြ၏။ ထိုသို့ ပြေးထွက်သွားရင်း ၈ တန်းကလား၊ ၉ တန်းကလားတော့မသိ ကျောင်းသူကလေးနှစ်ယောက်က မောင်တို့ရှေ့မှ အဖြတ်ခေါင်းကို ငုံ့၍သွားကြသည်။

ထိုသို့ ခေါင်းငုံ့သွားခြင်းကိုလည်း သူငယ်ချင်း လေးယောက်စလုံး တွေ့လိုက်ကြသည်။ တွေ့တွေ့ပြီးချင်း တိုင်ပင်မထားကြပါဘဲ သူငယ် ချင်းလေးယောက် မျက်ဝန်းချင်း ဆုံလိုက်ကြသည်။ ပြီးတော့ ပြိုင်တူ ချက်ချင်း မျက်နှာတွေ လွှဲလိုက်ကြသည်။ ထိုနေ့ကစပြီး သူတို့လေးယောက် သည် သူတို့၏ တစ်ဘဝလုံး လက်တွဲဖော်များ ဖြစ်ကြသည့် ချဉ်ဖတ်၊ စပွမ်းနှင့် လင်းတို့အပေါ်တွင် သည်းခံစရာရှိတာတွေကို သည်းခံ၍ ခွင့် လွှတ်စရာ ရှိသည်တို့ကို စတင်ခွင့်လွှတ်ခဲ့ကြလေသည်။

ကျောင်းရှေ့မျက်နှာစာ ကွက်လပ်နှင့် နောက်ကျောသာ မြင်ခဲ့ရ သော အုတ်နံရံများကို မောင်တို့ ပြန်လည်အပိုင်ရခြင်းသည် ကျောင်းသား များကို စိတ်ပိုင်းဆိုင်ရာ များစွာ ပြောင်းလဲပေးလိုက်ဟန်တူသည်။

ကျောင်းအုပ်ဆရာကြီးကလည်း ပြန်လည် ပိုင်ဆိုင်ရရှိလာသည့် ကျောင်းအုပ်နံရံကြီးကို အဖြူရောင် ပလတ်စတစ်ပိန့် သုတ်ချပစ်လိုက် သည့်အတွက် ကျောင်းသားအားလုံး ပျော်ရွှင်သွားကြသည်။ ပြန်လည် ရရှိသည့် နံရံအဟောင်းကို ဆေးသုတ်ပြီးတော့ ကျန်သည့် နံရံဟောင်း တွေက သူတို့ဟောင်းနေကြောင်း အသံတိတ် စကားပြောလာကြသဖြင့် ဆရာကြီးက တစ်ကျောင်းလုံးမှာရှိသည့် ခြံစည်းရိုး အုတ်နံရံတွေကို ဆေး သုတ်သည်။ နောက်တော့ ကားလမ်းမဘက်ကို လှည့်ထားသော ကျောင်း ဆောင်နံရံတွေကို ဆေးသုတ်သည်။ နောက်ဆုံးတော့ တစ်ကျောင်းလုံးကို





...းတ်လိုက်ရလေသည်။

ဆိုသို့ တစ်ကျောင်းလုံးကို ဆေးသုတ်ပြီး နောက်တစ်ပတ် ကျောင်း ...ောက်သည့်အခါတွင် ကျောင်းသား၊ ကျောင်းသူ တော်တော်များများ ...ောင်းရှေ့တွင် စုရပ်နေကြသည်ကို တွေ့ရသည်။

ထိုကျောင်းသားများအားလုံး ပြန်လည်ရရှိထားသော ဆေးသုတ် ...ထား နံရံအသစ်ကို ဝိုင်းဖတ်နေကြခြင်းဖြစ်ပြီး နံရံပေါ်တွင် အောက်ပါ ...တန်းများ ရှိနေကြခြင်းပင် ဖြစ်သည်။



■


www.burmeseclassic.com

www.burmeseclassic.com



## (၃)

စာသင်ခန်းများအားလုံး တိတ်၍နေကြသည်။

ယခင်နေ့တွေတုန်းကလို စာသင်စာရေးနေ၍ တိတ်နေကြခြင်း မဟုတ်။ အတန်းတိုင်းတွင် ရှိနေသော ဆရာ၊ ဆရာမတိုင်းကို ကြောက်ရွံ့နေသော မျက်နှာများနှင့် တိတ်၍နေကြခြင်း ဖြစ်သည်။

ကျောင်းရှေ့အုတ်နံရံတွင် အုတ်နီခဲများ၊ မြေဖြူများ၊ ရွှံ့ခဲများဖြင့် ရေးချင်တာ ရေးသွားကြသော ကျောင်းသားတွေကို ဆရာကြီးက ဒေါသထွက်နေခြင်း ဖြစ်သည်။ ထိုသို့ ကျောင်းသားများ ရေးကြခြင်းသည် ဆရာ၊ ဆရာမများ၏ ပေါ့လျော့မှုဟုဆိုကာ ဆရာကြီးက ကျောင်းမတက်ခင် နာရီဝက်လောက် ဆရာ၊ ဆရာမတွေအားလုံးကို ဒေါသတကြီး ခေါ်ဆူထားပြီး အခု တစ်တန်းဝင် တစ်တန်းထွက် ကျောင်းသားတွေကို လိုက်စစ်နေသဖြင့် တစ်ကျောင်းလုံး ငြိမ်နေကြခြင်း ဖြစ်သည်။





မောင်တို့ဆရာမသည် မျက်နှာငယ်ကလေးဖြင့် ခုံမှာ ထိုင်၍နေသည်။ ဆရာမသည် အရင်လို ပြုံးပြုံးရွှင်ရွှင် မဟုတ်။ ကျောင်းသူကျောင်းသား တွေကိုပင် အားပေး သည့် အကြည့်မျိုးနှင့် မကြည့်။ ဒါနှင့် မောင်လည်း ဒီဒီ လျှောက်ကြည့်နေမိသည်။ မောင့်စိတ်ထဲတွင်တော့ ကြောက်စိတ် မရှိပါ။ ထိုအုတ်နံရံမှ စာတန်းများသည် မောင်နှင့် လုံးဝမဆိုင်သောကြောင့် ဖြစ်ပါသည်။ မောင်ကလည်း မရေး၊ မောင့်ကိုလည်း ဘယ်သူကမှ မရေး ခဲ့ပါ။ ဆရာမ ကြောက်နေတာကိုတော့ မောင် နားမလည်တာ အမှန်ပင် ဖြစ်သည်။ ဒီလိုနှင့် မောင် တစ်တန်းလုံးကို လျှောက်ကြည့်တော့ ခွေး ဘဲဆိပ်ခဲတံ (အမှန်တော့ စဖရင့်ရုပ်ခဲတံဖြစ်သည်။) ကို အဖျားကော့နေ အောင် ချွန်နေသော နွေရာလင်းကို သွားတွေ့သည်။ နွေရာလင်းသည် မောင်က သူ့ကို ကြည့်နေမှန်းမသိပါ။

နွေရာလင်းသည် စိတ်တိုင်းကျ ချွန်ပြီးသွားသော ခဲတံထိပ်ဖျား ကလေးကို သူ့နှုတ်ခမ်း လုံးလုံးထော်ထော်ကလေးကို စု၍ အားထည့်မှုတ် လိုက်ပြီ ဘယ်ဘက်က ပါးချိုင့်ကလေး ထင်းသွားအောင် ပြုံးပြီးပြီးချင်း မောင့်ကို လှည့်ကြည့်ရင်း မျက်စေ့တစ်ဖက်ကို “ဖျပ်” ခနဲ မှိတ်ပြီး နောက်ချင်း ပြုံး၍ကြည့်လေသည်။

နွေရာလင်း၏ ထိုသို့ မျက်စေ့တစ်ဖက် ဖျပ်ခနဲမှိတ်ခြင်းသည်လည်း ကောင်း၊ ပြီးပြီးချင်း ပြုံး၍ပြခြင်းသည်လည်းကောင်း မောင့် မျက်စိထဲတွင် ဓာတ်ပုံရိုက်သည့်အခါတွင် လင်းသွားသော ကင်မရာမီးပွင့်ကဲ့သို့ ဖြစ်၍ သွားပြီး နှလုံးသားထဲတွင် လျှပ်စီးလက်သကဲ့သို့ ခံစားလိုက်ရလေသည်။

ထို့ကြောင့် မောင့် ရင်တွေစခုန်သည်။

ထို့ကြောင့် မောင် နွေရာလင်းကို ပြန်ကြည့်တော့ လင်းက မျက်



www.burmeseclassic.com

www.burmeseclassic.com



စေ့ကို မျက်လွှာစုံချကာ နှုတ်ခမ်းတွေကိုမဲ့ရင်း ရှေ့သို့ ပြန်လှည့်သွားပြီ ဖြစ်လေသည်။ မောင်တစ်ယောက်တည်း ရင်တွေ ဘာတွေခုန်ပြီး ကျုံကျန် နေရစ်ခဲ့သည်။ မောင် အားကိုးတကြီး လင်းကို လှမ်းကြည့်ပါသေးသည်။ ဒါပေမဲ့ လင်းက အတန်းရှေ့က ဆရာမဆီသို့ မျက်နှာလှည့်ထားသည်။ ပြီးတော့ ဆံပင်ကလေးကို တစ်ချက်သပ်တင်သည်။ ထို့နောက် ခါးအစပ်မှ အင်္ကျီအဖြူကလေးကို ဆွဲချသည်။

မောင် အဲဒီနေ့က လင်းကို ပထမဦးဆုံး ရင်ခုန်ခဲ့တာ ဖြစ်လေသည်။

လင်းက ခေါင်းကိုငုံ့ချလိုက်ပြီး မျက်မှောင်တွေကို ကုတ်၍ထားသည်။

လင်းပုံစံက တော်တော်ကြီး မကျေမနပ်ဖြစ်နေကြောင်း သိသာပါသည်။ သူတို့အုပ်စုနှင့် ဆယ်နှစ်ကျော်တွဲလာခဲ့သော လင်းသည် စိတ်ထဲက မကျေမနပ်ဖြစ်လျှင် အဲဒီလို အမူအရာမျိုး လုပ်ကတတ်မှန်း အားလုံး သိကြပါသည်။

လင်းက အခု ဘာကိုမကျေမနပ် ဖြစ်နေသနည်း။

"မဟုတ်ဘူး … မဟုတ်သေးဘူးဟာ၊ ငါပြောမယ်၊ ငါမှတ်မိ သလောက်က အဲဒီနေ့က ငါတို့အတန်းထဲက သန်းဇော်မိုးကို ဖမ်းသွားတာ မဟုတ်လား"

ဝိုင်းနားထောင်နေကြသော နံဘေးက သူငယ်ချင်းတွေလည်း ခုနက မောင်ပြောပြနေသော စာသင်ခန်းထဲက အဖြစ်အပျက်တွေဆီ ပြန်ရောက် သွားကြသည်။

တိတ်ဆိတ်နေသော သူတို့အတန်းထဲသို့ ကျောင်းအုပ်ဆရာကြီးနှင့်





ဆရာငါးယောက် ပါသောအဖွဲ့ ဝင်လာသည်။ ထိုသို့ ဝင်လာခြင်းသည် ခုံတွင်ထိုင်ပြီး ကြောက်နေသော ဆရာမကိုယ်တိုင် တုန်သွားသလို ထင်ရ သည်။ သို့သော် ဆရာမသည် ထိုတုန်လှုပ်စိတ်နှင့်ပင် မတ်တပ်ရပ်လိုက် သည်။

"အားလုံး ဆရာကြီးကို နှုတ်ဆက် …"

"မင်္ဂလာပါ ဆရာကြီး"

"……………………"

ကျောင်းအုပ်ဆရာကြီး၏ အကြည့်က သူတို့အားလုံးအပေါ် ကြိမ်လုံး တစ်လုံးလို ကျရောက်၍ လာသည်။ ဆရာကြီးသည် သူတို့၏ "မင်္ဂလာပါ" နှုတ်ဆက်သံကို ဘာမှမတုန့်ပြန်ခဲ့။ သူတို့အားလုံးကိုသာ စူးရဲတင်းမာစွာ ကြည့်လိုက်သည်။

"အဲဒီတုန်းက သန်းဇော်မိုးကို အတန်းထဲက ဖမ်းသွားတာ မဟုတ် လား"

"ဟာ …အေး …အေး …ဟုတ်တယ်၊ ခင်မောင် အပေါင်း သင်းရိမ ဆိုတာကို ရေးလို့လေ"

မင်္ဂလာရဲ့စကားကို စပွမ်းက ထောက်ခံသည်။ ထောက်ခံသည့် နေရာတွင်လည်း လွန်ခဲ့သည့် ဆယ်နှစ်ကျော်က ကိစ္စတစ်ခုကို သူတို့ မှတ်မိနေသည်ဆိုသော ဝမ်းသာအားရ လေသံတွေက ပါနေသည့်အတွက် မောင့်ကို ဒုက္ခရောက်စေသည်။

"ငါ မှတ်မိပြီ၊ ဒီလိုပါ၊ သန်းဇော်မိုးက ခင်မောင်နဲ့က ဘောလုံး ကန်ကြကတည်းက မတည့်တာ၊ အဲဒါကို ဒီကောင်က ခင်မောင်နဲ့ သင်း ရိမက အတူတူပြန်နေကျဆိုတော့ တမင်အရှက်ခွဲတာ၊ ဒီကောင် နံရံမှာ



www.burmeseclassic.com

www.burmeseclassic.com



ရေးတာကို မြင်တာက လှမင်းလေးလေ၊ မလှမင်းလေးကပဲ ထပြောတာ မဟုတ်လား"

ကျောက်ဆူ စကားကြောင့် အားလုံးက ဝိုင်းထောက်ခံသံတွေ ဆူညံသွားသည်။ မောင် ရှက်ရွံ့တုန်လှုပ်စွာဖြင့် လှမ်းပေးတော့ လင်းကို စိတ်ထော်တော်ရှုပ်နေသည့် ပုံစံနှင့်သာ တွေ့ရသဖြင့် "သွားပြီ" ဟုတော့ မောင် တွေးလိုက်သည်။

"မောင်" က ဒီနေ့ "လင်း" ကို ဘာကြောင့် ချစ်တယ်ဆိုသည့်ကိစ္စကို ပထမဦးဆုံး အားလုံးရှေ့တွင် စပြောပြခဲ့ခြင်း ဖြစ်ပါသည်။

အခုတော့ ရလဒ်သည် မြင်၍မကောင်းလောက်အောင် ဖြစ်နေသည်။

"ဟုတ်တယ်လေ၊ သန်ဇော်မိုးက ခင်မောင် အပေါင်း သင်းရီမဆိုတာရယ်၊ နွေမှာကြာပွင့်၊ ဒုက္ခဖြစ်၊ ငါ့အချစ်က သင်သင်းနှစ်ဆိုတာရယ်ကို ရေးတာလေ"

"အဲဒါကို ခင်မောင်နဲ့ မလှမင်းလေးက ဖော်တာမဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

သူငယ်ချင်းတွေအားလုံးက အလုအယက် ဝိုင်းပြောနေကြသည်။

ကာယကံရှင်ဖြစ်သော မောင်နှင့် လင်းပင် ဝင်ပြောခွင့်မရ။ ဒီတော့ လင်းနှင့် မောင် မျက်ဝန်းချင်း ဆုံမိကြသည်။ လင်းက မဲ့ပြုံးပြုံးရင်း ခေါင်းကို ခါရမ်းပြသည်။ ဒီမြင်ကွင်းကို မြင်ပြီးကတည်းက မောင် ခေါင်းကို ငုံ့ပစ်လိုက်ပါသည်။ သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် စကားတွေ ဆူညံနေကြဆဲဖြစ်၏။

"ကဲ ... တော်ကြတော့ ... တော်ကြတော့၊ အခု မောင်ပြောနေတာက ငါက ချောတာဆိုပ်ခဲတာကို ချွန်ပြီးတော့ နှုတ်ခမ်းကလေးစူပြီး ခဲမှုန်တွေကို





မှုတ်ခဲ့ဘယ်တဲ့၊ ပြီးတော့ သူ့ကို မျက်စေ့တစ်ဖက် မှိတ်ပြပြီး ပြုံးပြတယ်တဲ့"

သူငယ်ချင်းတွေ အားလုံးက လင်း ကို ငေး၍ ကြည့်နေကြသည်။

လင်းကလည်း သူငယ်ချင်းတွေ အားလုံးကိုရော မောင့်ကိုပါ သေသေချာချာ စိုက်၍ကြည့်သည်။ သို့သော် လင်းမျက်နှာမှာ ဒေါသကိုသာ တွေ့ရ၏။

"ဒါ ငါတစ်ခုမှ မမှတ်မိဘူး၊ သူပြောတာတွေ ငါတစ်ခုမှ မမှတ်မိဘူး၊ မဟုတ်လည်း မဟုတ်နိုင်ဘူး၊ ငါ အဲဒီလို မလုပ်တတ်ဘူး"

"လင်း ... နင် အဲဒီလိုမပြောနဲ့၊ နင် ငါ့ကို မျက်စေ့မှိတ်ကို မှိတ်ပြခဲ့တာ၊ သေချာတယ်၊ ငါ နင့်ကို အဲဒီနေ့က ..."

"တော်ပြီ မောင်၊ နင်တိတ်တော့၊ ကဲထား ... ငါက အမြဲတမ်းကြောင်ပြောင်နောက်နောက် နေတတ်တဲ့လူဆိုတော့ အဲဒီနေ့က နင့်ကို မျက်စေ့မှိတ်ပြပြီး ပြုံးတယ်ပဲထားဦး၊ ဆရာမကပါအစ တစ်တန်းလုံးကြောက်နေရတဲ့ အချိန်မျိုးကြီးမှာ ငါက နင့်ကို ရွှထကလသ လုပ်မလားအောင်ရဲ့၊ ကဲ ... စပွမ်း နင်စဉ်းစားဦး"

လင်း ဒေါသတကြီး စပွမ်းဘက်ကို လှည့်၍ပြောသည်။ စပွမ်းက ခဏချက် စဉ်းစားပြီးမှ ခပ်လေးလေး ခေါင်းကိုညိတ်ပြီး မောင့်ကို လှမ်း၍ကြည့်သည်။ စပွမ်း၏အကြည့်က စကားလုံးနှင့် ပြော၍မရ။ ခင်မင်မှုနှင့် ပြည့်ဝသော နားလည်နိုင်သော အကြည့်မျိုးဖြစ်သည်။ အခုလိုအချိန်မှာတော့ ရက်စက်သော အကြည့်မျိုးသာ ဖြစ်ပါသည်။

"ငါတောင် မမှတ်မိတဲ့ အဲဒီမျက်စေ့မှိတ်တာလေးနဲ့ ပြုံးတာလေးကို နင်က ရင်တွေခုန်ပြီး ငါ့ကိုချစ်တာဆိုရင်တော့ ..."

"ဒီလိုထင်ပါတယ် လင်းရာ၊ အဲဒီအချိန်မှာ တစ်တန်းလုံးက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေရတော့ လင်း မျက်စေ့မှိတ်ပြတာကို ဒီကောင်က လန့်ပြီး ရင်ခုန်တာနေမှာပေါ့၊ ဟုတ်လား ဇော်ရန်မောင်"

"ဟုတ်တယ်၊ အဲဒါပဲဖြစ်ရမယ်၊ နင် ရှေ့နေပဲ၊ ဆက်လိုက် မင်္ဂလာ၊ နင် ပြောတာလေးတွေ တော်တယ်၊ ငါကတော့ မငှားဘူးသိလား၊ ဟဲ … ဟဲ … ဟဲ"

"ကဲ … အဲဒါပါကွာ၊ ဒီလောက်နဲ့တော့ ရမလား.ကွ"

သူငယ်ချင်းတွေ ဝိုင်းပြောသော စကားတွေက ဆူညံ၍သွား.သည်။ မောင် လင်းကို လှမ်းကြည့်သော်လည်း လင်းက မောင့်ကို ပြန်မကြည့် တော့ပါ။

သူ လင်းကို အရမ်းချစ်ခဲ့ပါသည်။ အခုလည်း ချစ်နေဆဲ ဖြစ်ပါ သည်။ သို့သော် သူ ရွေးချယ်သည့်ဖြစ်ရပ်ကို လင်းက သဘောမကျခဲ့ပါ။ သူငယ်ချင်းတွေကလည်း မထောက်ခံကြပါ။

ဒါပေမဲ့ မောင် စိတ်ဓာတ်မကျပါ။

မောင့်မှာ လင်းကို ဘယ်လိုချစ်ခဲ့ရသည်ဆိုတာတွေ ပြောစရာ အများကြီး ရှိနေပါသေးသည်။ မောင် အေးအေးဆေးဆေးတော့ ပြန်စဉ်းစား ဒဲ့ ငေးငိုင်မိမည်။

"အဲဒီတော့ မောင် ငါ ဒီနေ့ပြောတာကို လက်မခံဘူး၊ နောက် ငါ့ကို အဲဒီလို ပေါက်ကရတွေ မပြောနဲ့တော့၊ အဲဒီအချိန်တုန်းက ငါတို့ ဘဝတွေက ၁၀ တန်းပဲ ရှိသေးတာ၊ ကလေးအရွယ် ဒါတွေကို စဉ်းစား ရမယ့်အရွယ် မဟုတ်ဘူး၊ အဲဒါကို နင်က စဉ်းစားနေရင် …"

"အဲ … အဲ … လင်းရေ … အဲဒီတုန်းက မောင်က အုတ်နံရံမှာ နွေရာ လင် အပေါင်း ဇော်ရန်မောင်ဆိုပြီး ရေးလို့ အဆော်ခံရသေးတယ်လေဟာ၊





နင် မှတ်မိသေးလား"

ချဉ်ဖတ်စကားဆုံးတော့ ငြိမ်နေကြတော့ သူငယ်ချင်းတွေအသံက တဝေါဝေါနှင့် ဆူညံ၍သွားသည်။ လင်းကိုယ်တိုင်လည်း စကားလုလုပြီး အတင်းပြောနေသော သူငယ်ချင်းတွေကို ရယ်နေသော မျက်နှာကလေး နှင့် တစ်ယောက်တစ်ချက် ခေါင်းညိတ်ပြ၍မဆုံးတော့။ လင်းသည် ချက် ချင်း ပျော်၍သွားသလို ဖြစ်နေသည်။

"ကဲ … ချဉ်ဖတ်ပြောလို့ ငါမှတ်မိပြီ၊ နင်ဟာ ဘယ်လိုလဲ မောင်၊ နင်ဟာ တကယ့်ကို အူကြောင်ကြောင်ပဲ သိလား"

မောင် ဘာမှမပြောပါ။

ခေါင်းကို ငုံ့ချထားရာမှ ဖြည်းဖြည်းချင်းမော့၍ သူ့ကို ပြုံး၍ကြည့် နေသော လင်းကို ရင်ဆိုင်လိုက်သည်။ လင်းမျက်နှာပေါ်တွင် ရှိနေသော အပြုံး၏ အဓိပ္ပာယ်က –

"မောင် … နင် ငါ့ကို ချစ်တယ်ဆိုတာ မဟုတ်သေးဘူး" ဆိုတာပဲ ဖြစ်လိမ့်မည်ဟု မောင် ထင်ပါသည်။ မောင် ထိုနေ့ကို ကောင်းကောင်းကြီး မှတ်မိနေပါသည်။ ထိုနေ့သည် ကျောင်းသားတွေ ရေးချင်တာ ရေးထား သော ကျောင်းနံရံကို ဆေးအသစ်သုတ်ပြီး နောက်နေ့ဖြစ်ပါသည်။

ထိုနေ့က အခု ချဉ်ဖတ်ပြောသလို ကျောင်း၏ အဝင်ဝနံဘေး အုတ်နံရံမှာ "နွေရာလင်း အပေါင်း ဇော်ရန်မောင်" ဟု သူ ရေးခဲ့ပါသည်။ သို့သော် ကံဆိုးစွာပင် သူ ထိုစာကြောင်းကို ရေးပြီးနောက် ဖြူဖွေးနေ သော ဆေးအသစ်သုတ်ပြီးကာစ ကျောင်းနံရံပေါ်တွင် ဘယ်ကျောင်းသား ကမှ ဘာစာတစ်ကြောင်းကိုမှ လိုက်ရေးချသွားခြင်း မရှိခြင်းပင်ဖြစ်သည်။

**နွေရာလင်း + ဇော်ရန်မောင်**



www.burmeseclassic.com

www.burmeseclassic.com



ထိုစာကြောင်းကို ရေးရန်အတွက် မောင်သည် မနက် ၇ နာရီမထိုး ခင် အိပ်ရာမှထပြီး ကျောင်းသို့ ရောက်အောင်လာခဲ့ရပါသည်။ မောင် ကျောင်း ရှေ့ကိုရောက်တော့ ကျောင်းဝင်းအဝင်ဝ တံခါးကြီးပင် မဖွင့်သေး။ ကျောင်း ရှေ့ အကြော်ဆိုင်က အကြော်ဗန်းထဲမှာ အကြော်တစ်ခုမှ မတင်ရသေး။ အကြော်ဆိုင်နံဘေးမှာရှိသည့် ခါလာကြီး မုန့်ဟင်း ခါးဆိုင်ပင် မထွက်သေး။

မောင် အားရဝမ်းသာဖြင့် မုန့်ဟင်းခါးဖတ်တွေကို ဖွနေသော ခါလာကြီးဆိုင်ထဲသို့ ပြေးဝင်ပြီး မီးသွေးခဲကြီးကြီးတစ်ခုကို တောင်းသည်။

"မီးသွေးခဲတောင်းတယ်၊ နင် သွားမတိုက်ခဲ့ဘူးလာ ကောင်လေး"

"မဟုတ်ဘူး၊ တိုက်ပြီးပြီ ခါလာကြီး၊ စာရေး ဖို့ မီးသွေးခဲပဲပေးပါ၊ တစ်ခဲတည်းပါ"

"မီးသွေးခဲ ... နင် ဘာလုပ်မလဲ၊ ဟိုမှာရှိတယ် ယူ ... ယူ"

ခါလာကြီးပြသည့် ဗြာပုံထဲက မီးသွေးခဲ မွမွကလေးတစ်ခဲကို ဆွဲယူ ရွေးပြီး သူ ကျောင်းရှေ့သို့ ပြေးထွက်ခဲ့သည်။ ပြီးတော့ မနေ့ကမှ ဆေး အသစ်သုတ်ထားသော အဝင်ဝနံဘေးက ကျောင်းနံရံသို့ သူ ကပ်၍ စာ တစ်ကြောင်းကို ရေးသည်။ သူသည် စရေးတုန်းက လက်ရေးကို ကြီးနိုင် သမျှ ကြီးအောင်ရေးရင်း နောက်ဆုံးကျတော့ လက်ရေးက သေး၍သွား၏။

ထိုစာကို ရေးပြီးသည်နှင့် ကျောင်းသားတစ်ယောက်မှ မလာကြသေး သော ကျောင်းကြီးရှေ့က သူ ပြေးထွက်လာခဲ့သည်။ သူ့ကို ဘယ်သူမှ မမြင်ဆိုတာကို သူ သိသည့်အတွက် သူ အရမ်းပျော်နေခဲ့သည်။ ပြီးတော့ သူ ကျောင်းရှေ့မှာရှိ၍ မရဆိုတာကို သိနေသည့်အတွက် ကျောင်းနှင့် အနီးဆုံး ကျောက်ဆူးတို့အိမ်ရှေ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်သို့ ပြေး၍ထွက်ခဲ့လေသည်။





လက်ဖက်ရည်ဆိုင်ကိုရောက်သော လက်မှာပေနေသော မီးသွေးခဲ ရာ အမဲအညစ်တွေကို ကျောင်းစိမ်းပုဆိုးကို လှမ်းသုတ်ရင်း ဆိုင်ထဲသို့ ဝင်ခဲ့သည်။

"ဝမ်းတိုင်ကီ"

သူ့မှာသကို အာ လုံးက လက်ဆင့်ကမ်း အော်ဟစ်ကြတော့မှ သူ လူရှင် သည့်ခုံမှာ ဝင်ထိုင်ရင်း လှုပ်ရှာနေသောစိတ်ကို ငြိမ်အောင်ထိန် ရင်း မောလွန်းသော သက်ပြင်းကြီးကို ချလိုက်သည်။

သူ ကျောင်းရှေ့က နံရံမှာ "နွေရာလင်း + ဇော်ရန်မောင်" ဟု ရေးခဲ့ပြီးပြီ။ ဒီစာသား တွေကို ခဏနေလျှင် သူထိုင်နေသော ဆိုင်ရှေ့ကနေ ကျောင်းကိုသွားကြမည့် ကျောင်းသား တွေအားလုံးက တွေ့ကြလိမ့်မည်။ ပြီးတော့ ထိုကျောင်းသားတွေက အောက်မှာရေးချင်တာတွေ ထပ်ရေးကြ ဦးမည်။ ထိုကျောင်းသားတွေထက် နောက်ကျပြီး လူအစည်ကားဆုံ ဒီဆိုင်ထဲကို ရောက်လာကြသူတွေက သူ့ကိုတွေ့မည်။ ဒါလောက်ဆိုလျှင် သူ့ကိုစူကပြီးပြီ။

ကျောင်းသားတွေက ထိုစာကို တွေ့ပြီးချိန်တွင် သူက ဒီဆိုင်မှာ ရှိနေမည်။ ပြီးတော့ ဘယ်သူကမှလည်း ကိုယ့်နာမည်ကိုဖော်ပြီး တခြား ကောင်မလေး နှင့် "အပေါင်း" ဆိုပြီး ရေးမှာမဟုတ်။ ဒီတော့ ကျောင်း နံရံတွင် ပါနေသော ဇော်ရန်မောင်သည် အပြစ်မရှိသူဖြစ်ပြီး "မင်းကို ဘယ်သူရေးတယ်လို့ ထင်လဲ" ဟု ဆရာကြီးတွေက အမေးခံရမည့်သူ ဖြစ်၍နေလိမ့်မည်။

ဟုတ်တယ်လေ။ "ခင်မောင် + သင်းရီမ" ဆိုတာကို ခင်မောင်က ရေးဘဲ သန်းဇော်မိုးက ရေးခဲ့သလိုပဲ "နွေရာလင်း + ဇော်ရန်မောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုလည်း တစ်ယောက်ယောက်ကပဲ ရေးတာဖြစ်ရမည်။

အဲဒီတစ်ယောက်သည်လည်း သူကြည့်မရသော "ဘိုကြည်" ဆိုသည့် "အကြည်တော်" သာ ဖြစ်လိမ့်မည် ထင်ပါသည်။ ဟုတ်သည်။ သူကတော့ သူ့ကိုရေးတာ "အကြည်တော်" ဟုပင် ပြောရလိမ့်မည်။

ဓာတ်မကောင်းသော်လည်း ဓာတ်ကြောင်းကလေးတော့ သူနှင့် အကြည်တော်ကြားမှာ ရှိခဲ့ဖူးပါသည်။

အကြည်တော်သည် သူတို့ကျောင်းသို့ ၉ တန်းတွင် ပြောင်းလာသော ကျောင်းသားတစ်ယောက် ဖြစ်လေသည်။ ကျောင်းသားအသစ်ကို ကျောင်းတိုင်းက စိတ်ဝင်စားမှုနှင့် လက်ခံတတ်ကြသည့်အတိုင်း ဘိုကြည့်ကိုလည်း စိတ်ဝင်စားမှုနှင့်ပင် စတင်လက်ခံခဲ့သည်။ စိတ်ဝင်စားကြသည့် အချက်တွေကတော့ ပထမဦးဆုံးအချက်က သူ့နာမည် "အကြည်တော်" ဆိုတာပင် ဖြစ်သည်။

အတန်းပိုင်ဆရာမက မနက်ခင်း နာမည်ခေါ်သည့်အခါတိုင်း ဒီငတိက "ဟုတ်ကဲ့၊ ကျောင်းတက်ပါတယ် တီချယ်" ဟု ပြန်အော်တတ်သည်ဟု ဆိုသည်။ အတန်းထဲက ကောင်မလေးတွေက "အကြည်တော်" ဆိုသည့် နာမည်ကို ဆရာမက ခေါ်ကတည်းက ပြုံးစိစိနှင့် တခိခိ ရယ်ကြသည်ဟုဆိုသည်။

ထိုသို့ရယ်ကြခြင်းမှာ ထိုအချိန်က မိန်းကလေးချင်း "အချစ်တော်" ထားကြသည့် ယဉ်ကျေးမှုကြီး အကြီးအကျယ် ထွန်းကားနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် "အကြည်တော်" ဟူသော နာမည်သည် ယောကျ်ားလေးချင်း အချစ်တော်ထားသည့် နာမည်ဟု မိန်းကလေးတွေက ယူဆပြီး ရယ်ကြခြင်းဖြစ်သည်။





မိန်းကလေးများက ထိုသို့ ရယ်ကြသည့်အခါတွင် ထိုငတိကို ကြည့်၍မရယ်ဘဲ အတန်းထဲက ယောကျ်ားလေးတွေကို ကြည့်၍ ကြည့်၍ ရယ်ကြသည်ဟု ဆိုသည်။ ထိုအချိန်တွင် ထိုကြည့်၍ကြည့်၍ အရယ်ခံရသော ယောကျ်ားလေးတွေက ထို "ငတိ" ကို မကြည်ကြည့် ကြည့်ကြလေသည်။

သို့သော် ထိုငတိကား သူ့အတွက် ထိုသို့ဖြစ်နေကြသော ကိစ္စတွေကို မသိမှုဘဲ "ဟုတ်သဲ့၊ တောင်းသက်ပါသယ် တီချယ်" ဟူသော "သ" "က" နှင့် "တ" မပီသည့် မွန်သံကြီးကို အားကုန်အော်၍ ဟစ်တတ်သည်ဟု ဆိုပါသည်။

ထိုအသံကြီးကို ကြားရလျှင် မိန်းကလေးဘက်အတန်းက "ဝေါ" ခနဲ ရယ်ကာ ယောကျ်ားလေးဘက်အခြမ်းက မျက်နှာတွေ မှုန်ကုတ်ပြီး စော်ပြတ်တိတ်ဆိတ်သွားသည်ဟု ဆိုပါသည်။

ထို့အတွက် ဒီငတိကို မိန်းကလေးတွေက "အချစ်တော်" လို ယောကျ်ားလေးချင်း ထားတဲ့သူကြီးပဲဆိုပြီး မကြောက်မရွံ့ အရောဝင်နေကြသော်လည်း ထိုငတိ၏ပုံစံက အသားရည်ဖြူဖြူဝင်းဝင်း၊ ပေါင်တစ်ရာ လောက်ဆယ်၊ အရပ် ငါးပေရှစ်လက်မလောက် ရှိသဖြင့် ယောကျ်ားလေး အကြည်တော် မဖြစ်နိုင်ဆိုတာကို ယောကျ်ားလေးတိုင်းက သိလေသည်။ ထမင်းဝိုင်းတွင် မိန်းကလေး အချစ်တော်များ ဝိုင်းဝိုင်းလည်နေသော ယောကျ်ားလေး အကြည်တော်က မုန့်ဟင်းခါးငါးပွဲကို တစ်ပွဲလျှင် ပဲကြော် နှစ်ခု၊ ငါးဖယ်သုံးခု၊ ဘယာကြော်နှစ်ခုစီနှင့် ငါးပွဲတိတိ စားသောက်သည့် အခါတွင်မှ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး မိန်းကလေးအချစ်တော်များ ထိုငတိအားမှ ရှဲသွားကြသည်ဟု ဆိုသည်။ ထိုသို့မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

များ ဘောကို ရှဲသွားကြပြီးသည့်နောက်တွင် ...

ခင်မင်သူများက မေးကြသည့်အခါ မိန်းကလေး "အချစ်တော်" များက ပြန်ပြောကြသော စကားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ယောကျ်ားလေး အကြည်တော်ဆိုတော့ ဘယ်လိုမျိုးလဲ ဆိုတာ ပေါ့နော်၊ သမီးတို့ကတော့ အဲဒါကိုပဲ အဓိကပေါ့နော်၊ သိချင်တာပဲပေါ့ နော်၊ ဒါပေမဲ့ သူက တော်ပါတယ်ပဲ ပြောရမှာပေါ့နော်၊ သူက သူ့ဟာကို သူ ထိန်းထားတယ်ပေါ့နော်၊ သူက သမီး တို့လိုပဲလို့ ထင်ထားတာကြီ့က မဟုတ်မှန်းလည်း သိလာရော သူ့ကိုပေါ့နော်၊ ဘယ်လိုမှန်း မပြောတတ် တာနဲ့ပေါ့နော်၊ အဲဒါပဲ ပေါ့နော်" ဟုသတည့် ။

ထိုကိစ္စများပြီးနောက် ဒီဇတိ နောက်ထပ် နာမည့်ကြီ့ သွာ သော ကိစ္စတစ်ခု ရှိနေသေသည်။ အဲဒီနှစ်က ကို တန်းတွင် ဘတ်စကက်ဘော အသင်းတစ်သင်း ရွေးသည့်အခါ အရပ်အမောင် ကောင်းသော ဟိုပတိကို PT ဆရာ ဦးခင်မောင်စိုးက ရွေးသွားခဲ့သည်။ မောင်တို့အဖွဲ့က ကျောက် ဆူးမှာ ဘတ်စကက်ဘော ဆရာကြီးမှီ အစကတည်းက ကို့တန်း လက် ရွေးစင်မှာ ပါခဲ့သည်။

လူရွေးပြီး လေ့ကျင့်သည့်အခါကျတော့ ဘိုကြည်ဆိုသော ငတိသည် အရပ်ရှည်တာကလွဲ၍ သူ့ဘော်ဒီဝဟ်ကို သူ မရှုမရဘဲ ရာဘာအရပ် ခုန် သလောက်ပင် ခုန်ကာ လက်မြှောက်နိုင်သည့်ဟု ဆိုသည်။

သို့သော် ကိုယ်ရွေးသည့်လူကို ကိုယ်ထုတ်ပစ်ခြင်းသည် ကိုယ့် သိက္ခာကို ကိုယ် တံတောင်နှင့်ထောင် ခြင်း တစ်မျိုးဖြစ်သည်ကို သိသော ဆရာ ဦးခင်မောင်စိုးက ထိုငတိကို အသင်းထဲမှမထုတ်ဘဲ အရံခုံတွင်သာ ထိုင်ခိုင်းထားသည်။ ထိုသို့ ထိုင်ခိုင်းထားရသည့်အတွက် ဆရာက မျက်နှာ





ရှိ နေသော်လည်း ထိုငတိကတော့ ကစားပွဲအချိန်ကြလျှင် ထရက်ဆူ အကျႌဝတ်ပြီး ကွင်းထဲဝင်လာ၊ အရံခုံမှာထိုင်၊ ကျောင်းသူကလေးတွေက အားပေးကြသည်ကိုပင် ကျောင်းသားသစ်အနေဖြင့် တော်တော်ကြီးကို ...းသာနေပြီဖြစ်သည်။

ဖြစ်ချင်တော့ ...

အဲဒီနှစ်က ကိုးတန်းနှင့် ဆယ်တန်း ဘတ်စကက်ဘောပြိုင်ပွဲသည် ...ကြုံစဖူးအောင်ကောင်းသော ပြိုင်ပွဲတစ်ခု ဖြစ်သွားသည်။ မောင်တို့ ...းတန်း (B)အသင်းသည် ကိုးတန်း (A)(C)(D)နှင့် ဆယ်တန်း (A) (C)အသင်းတွေကို ဖြုတ်ချခဲ့ကာ နောက်ဆုံး ဆယ်တန်း (B)အသင်းနှင့် Final တွင် တွေ့ကြလေသည်။

အရင်နှစ်တွေတိုင်း ဘတ်စကက်ဘောတွင် ကိုးတန်းအသင်းသည် Final သို့ တက်ခဲ့ဖူးတာ တစ်ခါမှမရှိ။ ဒီနှစ်မှ ရောက်လာခဲ့ခြင်း ဖြစ် သည့်အတွက် ၁၀ တန်း ကျောင်းသားကြီးတွေက ကိုးတန်း (B)ကို အခဲ ...ကြသလို မောင်တို့ ကိုးတန်း (B)ကို ရှုံးသွားသော ဆယ်တန်း (A) ...လည်း အခဲမကြေခဲ့ပါ။

သို့သော် ထို Final သို့ ရောက်ရန် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသော *...လမ်းတစ်လျှောက်လုံးတွင် "ဘိုကြည်" သည် ထရက်ဆူ အကျႌကလေး* ...ပြီး ကွင်းထဲဝင်ထိုင်ခဲ့သူသာ ဖြစ်ပါသည်။ တစ်ခါမှ မကစားခဲ့ဘူးပါ။

ကိုးတန်း (B)နှင့် ဆက်တိုက်ချန်ပီယံ ဆယ်တန်း (B)တို့ တွေ့ ကြသည့်နေ့က မောင်ရော သူငယ်ချင်းတွေရော လင်းရော အားကစား... ...မှာ ရှိကြပါသည်။ အားကစားပွဲဟူသည် အတွက်ကို ရှေ့တန်းတင်သော အတွက်ပွဲသက်သက်သာ ဖြစ်သည်။ ထိုအတွက်သည်လည်း နယ်မြေ၊ ဒေသ၊


www.burmeseclassic.com

www.burmeseclassic.com

အဆင့်အတန်း၊ ညီဘူချစ်ခင်မှု စသော အကြောင်းတရားများက ချုပ်ကိုင်ထားကြပြန်ပါသည်။ ထို့ကြောင့် မောင်တို့အားလုံး မောင်တို့၏ ကိုးတန်း (B) ကိုသာ အားပေးကြသည်။

ပထမတစ်ပွဲ ကိုးတန်း (B) က ရှုံးသည်။

ဒုတိယတစ်ပွဲ ကိုးတန်း (B) က (12 : 15) ဖြင့် နိုင်သည်။

တတိယ ဗိုလ်လုပွဲ ...။

အပြင်းအထန် အကြိတ်အနယ် ယှဉ်ပြိုင်ကြသည်။ ၉ တန်းကို အားပေးရမလား၊ ၁၀ တန်းဘက်က နေရမလားဆိုသော လူမှုရေး မကွဲပြားသည့် ဆရာ၊ ဆရာမများမှလွဲ၍ တစ်ကျောင်းလုံးရှိ တပည့်တွေ သောင်းသောင်းဖျဖျ အားပေးကြသည်။ ထိုအချိန်အထိ "ဘိုကြည်" သည် အရံခုံမှာ ထိုင်နေဆဲပင် ဖြစ်ပါသည်။

ကိုးတန်း (B) က 12 မှတ်၊ ဆယ်တန်း (B) က 11 မှတ်တွင် ကိုးတန်း (B) မှ ခင်မောင်ထွန်း Broking ခံရာမှ ပြုတ်ကျပြီး တံတောင်ဆစ် ကျိုး၍သွားသည်။ အမှတ်ကလည်း (12:12) ဖြစ်၍သွား၏။ ဆေးဆရာဝန်က ခင်မောင်ထွန်းကို ဆက်ကစားရန် ခွင့်မပြုတော့သည့် အချိန်တွင် ဆရာဦးခင်မောင်စိုးမှာ ဘာလုပ်ရမှန်းမသိ ဖြစ်၍သွားသည်။ ဗိုလ်လုပွဲသို့ရောက်အောင် သူ့ကလေးတွေကို ရအောင်ခိုင်းခဲ့ရသည့်အတွက် သူ့တွင် လူမကျန်တော့။

လူစားလဲရန်အတွက် လူကောင်းတွေ အားလုံးက နာနေသဖြင့် "ဘိုကြည်" ကိုပဲ ရွေးလိုက်သည်။ ဘိုကြည် ကွင်းထဲဝင်လာတော့ အရေးကြီးနေချိန်ဖြစ်သဖြင့် ကိုးတန်းကျောင်းသားအားလုံး အော်ဟစ်လက်ခုပ်တီးပေးရသည်။ ထိုအထဲတွင် လင်းပါတာကို မပြောနှင့် မောင်ကိုယ်တိုင်ပါ





ပါသည်။ ဒါပေမဲ့ အားလုံး လက်ခုပ်သံဆဲသွားသည်အထိ သူ့နံဘေးနားတွင် ကပ်ထိုင်နေသော လင်း၏ လက်ခုပ်တီးသံကလေး တစ်ခုတည်း ကျန်ရစ်နေသည်ကိုတော့ မောင် အခုထိကြားနေတုန်း ဖြစ်သည်။

ဘိုကြည်ဝင်ပြီး စာပေးပေးရိုက်တော့ ဆယ်တန်း (B) ကပင် တစ်မှတ် ထပ်ရသွားသဖြင့် (12 : 13) ဖြစ်၍သွားသည်။ ဒုတိယစာပင် ကိုခင်မောင်က သတ်လိုက်ပြီး ကိုးတန်းကရိုက်တော့ သန်းဇော်မိုးက Smart Short ဆွဲသွားသဖြင့် (13 : 13) ဖြစ်၍နေသည်။ ထိုအချိန်ထိ ဘိုကြည်မှာ သူ့ခန္ဓာကိုယ်ကြီးကို ကုန်းထားရုံမှလွဲ၍ ရှေ့ကြည့်နောက်ကြည့် သတိအဆင့်သာရှိသည်။

ထိုအချိန်တွင် ဆယ်တန်း (B) သည် တော်တော်လေး ဝါဒီများနေပြီဖြစ်သည်။ သူတို့ ပွိုင့်ကိုမရောက်ဘဲ မောင်တို့ကရောက်မှာ စိုးရိမ်စိတ်ဖြင့် မောင်တို့ စာပင်ကိုဖျက်ရင်း တစ်မှတ်ပေးလိုက်ရသဖြင့် (14 : 13) ဖြစ်သွားတော့ ကိုးတန်းကျောင်းသားတွေ အော်ကြတာ ဟိန်း၍ထသွားသည်။ မောင့်၏ လက်ကိုဆွဲကာ လင်းက မတ်တပ်ထရပ်လိုက်သည်ဟု မောင်ထင်သည်။

သို့သော် အဲဒီလောက် ဝုန်းဒိုင်းကျဲနေသည့် လွန်ခဲ့သော ၈ နှစ်က အဖြစ်ဆိုတော့ မောင် အပိုင်မပြောနိုင်တော့။ ပြောနိုင်တာ တစ်ခုပဲရှိပါသည်။ လင်းက မောင့်လက်ကို ဆုပ်ကိုင်ပြီး ထရပ်သည်ဆိုလျှင်လည်း စိတ်လှုပ်ရှားခြင်းသာ ဖြစ်လိမ့်မည် ထင်ပါသည်။ ဒီအချိန်မှာတော့ လင်းက သူ့ကိုချစ်လို့ဆိုတာ မဟုတ်နိုင်ကြောင်း မောင် သိပါသည်။

ကိုးတန်း (B) က စာပင်ထိုးတော့ တစ်ဆောင်လုံးမှာရှိသည့် လူ ၃၀၀ လောက် တိတ်၍နေကြသည်။ ဒီစာပင်ကို ဟိုဘက်က မသတ်နိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ ကိုးတန်းသည် ဆယ်တန်းကို မနိုင်စဘူး နိုင်ပြီဖြစ်သည်။

သို့သော် ...

စာပင်မှာပင် ဘေးထွက်ခါ သေသွားသည်။

ဆယ်တန်း (B)၏ အော်သံတွေ ဆူညံကာနေ၏။ မောင်တို့ တိတ်၍နေကြသည်။ ထိုအချိန်တွင် ထူးဆန်းစွာ မောင့်လက်ထဲတွင် လင်း၏ လက်ကလေး ရှိ၍နေသည်။ အဲဒီလို ရှိနေတာကတော့ အမှန်ပင် ဖြစ်ပါသည်။ (ထို့ကြောင့် ခုနကအော်တုန်းက လင်းက မောင့်လက်ကို ကိုင်ထားသည်ဟု ထင်ခြင်းဖြစ်သည်။) ဘာ့ကြောင့် သေချာရသလဲဆိုတော့ ဟိုဘက်က စာပင်မထိုးခင် လင်းသည် မောင့်လက်ကို အားနှင့်ညှစ်၍ထားသည်။ လင်း၏ ထိုအထိအတွေ့ကြောင့် မောင်က ငုံ့ကြည့်တော့ လင်း၏အကြည့်က မောင့်ထံမှာမရှိဘဲ စာပင်ထိုးသူထံမှာသာ ရှိနေပါသည်။ မောင်ကလည်း ပြန်ညှစ်လိုက်စဉ်မှာပင် ...

ရုတ်တရက် ဝေါခနဲ အော်သံကြီး ကြားလိုက်ရသည်။

လင်းက မတ်တပ်ထရပ်သဖြင့် လက်ကလေး လွတ်၍သွားသည်။ ဝေါခနဲ ထရပ်လိုက်ကြသည့် ကိုးတန်းကျောင်းသားတွေထဲမှာ မောင်မပါ။ ဘာဖြစ်၍ ဖြစ်သွားမှန်းပင် မသိလိုက်။ အားလုံး ပြန်ထိုင်တော့မှ ဟိုဘက်က စာပင်လည်း လွဲသွားကြောင်း သိရ၏။ သို့သော် လင်း၏လက်က မောင့်ထံတွင် မရှိတော့။ တစ်ယောက်နှင့်တစ်ယောက် အော်ကြ ပြောကြ လက်ခုပ်တွေ ထပ်တီးကြ ဘာမှန်းကိုမသိတော့။ မောင့် ရင်ထဲတွင်မတော့ တစ်ခုခု လစ်ဟာ၍သွားခဲ့သည်။

မောင်သည် အဲဒီကတည်းက ဘတ်စကက်ဘောပွဲကို စိတ်မဝင်စားတော့ခြင်း ဖြစ်သည်။ မောင်တို့ ကိုးတန်းက စာပင်ထိုးတာလွဲပြီး ဟို





ဘက်က ပြန်ထိုးသော စာပင်ဘောမှာ သုံးလေးချက် အပြန်အလှန် ကြပြီးမှ ခင်မောင်၏ အမှားကြောင့် တစ်မှတ် ထပ်ပေးလိုက်ရသဖြင့် (14 : 14)ဖြစ်သွားပြီး စာပင်ဆက်ထိုးခွင့်ရသော ဆယ်တန်း (B)ပဲ နိုင် ကျ နိုင်ပြီအထင်မှာ ၁၀ တန်း (B)၏ စာပင်သည် တစ်ချက် ဒီဘက် ပြန်ဆည်ပြီး ဟိုဘက်ကအရိုက်တွင် ရှုပ်ယှက်ခတ်သွားပြီး ဆယ်တန်း (B) ဘက်ကိုပင် ပြန်၍ကျသဖြင့် အော်သံကြီးက ဟိန်းထသွားပြီး လင်း၏ လက်ကလေးက မောင့်ထံသို့ ပြန်ရောက်လာပြန်သည်။

"မောင် ဒီစာပင်ဝင်ရင် ငါတို့ နိုင်ပြီနော်"

"အေး ... အေးပေါ့ဟ"

မောင့်လက်ထဲက လင်း၏ လက်ဖဝါးကလေးကို အသက်အောင့် ရင်း မသိမသာ ခို၍ ညှစ်ထားလိုက်မိစဉ်မှာပဲ ဝေါခနဲသော အကြီး ဆုံး အော်ဟစ်သံကြီး တစ်ခဲနက် ကြားလိုက်ရပြီး လင်း၏ လက်ကလေး လည်း သူ့လက်က လွတ်၍ထွက်သွားလေသည်။

ဘော်လီဘောပွဲပြီးနောက် အားလုံး၏ တသွေမတိမ်း ပြောစကား အရ "ဘိုကြည်" သည် နောက်ဆုံးအနိုင်ဘောလုံးကို ရိုက်ချလိုက်သည် ဟု သိရလေသည်။

ထို့ကြောင့် အသင်းသားတွေအားလုံးက ဘိုကြည့်ကို ဝိုင်း၍ထမ်း ကြ ဖက်ကြ ပြေးကြ လွှားကြ။ ကောင်မလေးတွေကလည်း ဗိုလ်စွဲအောင် ပေးသော "အကြည်တော်" ဖြစ်သဖြင့် "ဘိုကြည်" "ဘိုကြည်" နှင့် ိုင်းအော်ကြနှင့်ပင် ဖြစ်သည့်အတွက် ထိုငတိသည် အကြည်တော်နေသည် ကပ်ပြီး "ဘိုကြည်" ဖြစ်လာခြင်း ဖြစ်ပါသည်။

ထို ကိုးတန်း (B)က ဗိုလ်ဆွဲသွားသော ဘတ်စကက်ဘော ပြိုင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



အပြီး သုံးရက်ခန့်အကြာတွင် ...

"ဟဲ့ ... မောင် ဒီမှာတွေ့လား၊ ဘိုကြည်ရဲ့လက်မှတ် ဟဲ ... ဟဲ"

လင်းက အူမြူးနေသည့် မျက်နှာကလေးနှင့် ဆိုသည်။ ဖြူးစင်သော မျက်နှာသည် မီးချောင်းတွေအလည်မှာ ချထားသော ပန်းသီးကလေးတစ်လုံးလိုပဲ မွတ်၍နေသည်။

"အင်း ..."

"ပြောနေတဲ့ဟာကို နင်ကလည်း ..."

"အေးပါဆို၊ နေပါဦး ... ဒါက လက်မှတ်မှမဟုတ်တဲ့၊ သူ့နာမည်ကို ရေးထားတာပဲ၊ သူ့နာမည် သူရေးထားတာ၊ Sing ဆိုတာ သင်္ကေတလေး၊ နာမည်ရေးတာမှ မဟုတ်တဲ့၊ ပေါ"

"အဲဒါ ရိုးသားတာပေါ့ဟ"

"Sing မထိုးတတ်တာပါဟာ"

"အေး ... နင့်လို အတွန့်တစ်ရာနဲ့ ဘာတွေမှန်းမသိတာသာ ပေါ၊ ဒါကရိုးသားတာ သိလား"

လင်းက သူ့ကို ပခုံးနှင့်ဝိုက်ရင်း နှုတ်ခမ်းကိုဆူကာ လျှောက်နေသည့် အရှိန်နှုန်းထဲမှ ခွဲထွက်၍သွားသည်။

ကဲ ...

အခု ၁၀ တန်းကိုရောက်တော့ အဲဒီ ထိုဝေသည် လင်းကို ကြိုက်သည်ဆိုပြီး လိုက်သည်ဟုဆိုသည်။ ထိုကိစ္စကို သူတို့အားလုံးကို ပြန်ပြောပြသူကလည်း လင်းသာဖြစ်လေသည်။

"မောင် ... နင်သိပြီးပြီလား"

"ဘာလဲ၊ မင်းသမီး ခိုင်သင်းကြည်ရဲ့ မင်္ဂလာကိစ္စလား"





"ဟာ ... ဘာလဲဟ၊ ဘိုကြည့်ကိစ္စလေ"

"ဘာတွေလဲဟ"

"ဘိုကြည်က အဲဒါ ငါ့ကိုလိုက်လို့"

"ဘာ ... ဘာ ... ဘာပြောတယ်"

"သူကတော့ ချစ်တယ်လို့ ပြောတာပေါ့ဟာ ဟီ ... ဟီ၊ ငါကတော့ …င်ရဲ့သိလား၊ အဲဒီကောင်ကလေ တုံးလွန်းပါတယ်ဟာ၊ သူက ငါ့ကို …ည်းစားစကား ပြောနေတုန်းကလေ ငါက ရှက်လို့ ဟိုဟိုဒီဒီကြည့်တော့ …တ်အေးတို့ ရေခဲခြစ်ဆိုင်ကို သွားကြည့်မိရော၊ ရေခဲခြစ်ဆိုင်ကို ငါ …ကြည့်တာ ဘာဖြစ်လဲဟာ နော်၊ အေး ... အဲဒါကိုလေ သူက ငါ့ကို ရေခဲ…ခြစ် စားချင်လို့လားတဲ့၊ ဟီ ... ဟီ ... အဲဒီတော့ ငါက ..."

"တော်ပြီ လင်း၊ နင် ငါ့ကို ဆက်မပြောနဲ့တော့"

"အောင်မာ ... နေစမ်းပါဦး၊ နင်က ရေခဲခြစ်ကိစ္စကို ဘယ်လောက် …ထိ သိလို့လဲ၊ ငါက ဟီ ... ဟီ၊ အေးဆိုတော့ ..."

"လင်း ... နင် တော်လိုက်တော့နော်၊ 'အေး' 'အေး' ဆိုတော့ ဘာ…ဖြစ်လဲ၊ ဘာဖြစ်လဲ ပြော ... ပြော"

"အောင်မာ ... သူကများ ငါ့ကို လာအော်နေသေးတယ်၊ အဲဒီကောင် …က နင့်လို အရူးမဟုတ်ဘူး သိလား၊ အဲဒီတော့ ရေခဲခြစ် သွားဝယ်ပေးတာ …ပေါ့ ငါ့ဖို့လေ သွားဝယ်ပေးတာပေါ့"

"အင် ..."

"လင်း" က သူ့နှုတ်ခမ်းကို ထော်နေအောင် ကျွန်တော်ဆိုသော …ထော်မောင့်ကို ရန်တွေ့လေသည်။ ရည်းစားစကား လိုက်ပြောတဲ့ကောင်က …ရေခဲခြစ် သွားဝယ်ပေးတာဆိုတော့ ကျွန်တော်လည်း ဝမ်းသာသွား၏။ …ဒီကောင် ရည်းစားစကား မပြောဖြစ်ဘူးပေါ့လေ။ အဲဒါကို ပြန်ပြောပြတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ လင်းက စိတ်ဆိုးစရာမရှိဟု ထင်ပါသည်။

ဒါပေမဲ့ "လင်း" ၏ မျက်နှာကို စိုက်ကြည့်လိုက်တော့မှ စိတ်ဆိုးနေမှန်း သိလိုက်ရ၏။ ဒါပေမဲ့ မောင် လင်းမျက်နှာကိုပဲ စိုက်ကြည့်နေလိုက်ပါသည်။

နေရောင်ခြည်က လင်း၏မျက်နှာပေါ်ကို အပြည့်ထိုးပေးထားသည်။ ကျောင်းပြန်ချိန်ဖြစ်သဖြင့် လင်း၏မျက်နှာပေါ်မှာ သနပ်ခါးခြစ်ရာ ဆွဲရာတွေက ချွေးကြောင့် ပျက်ချင်ရာပျက်၊ ပေါ်ချင်ရာပေါ် ဖြစ်၍နေသည်။ နဖူးပေါ်မှ လင်း၏ ဆံစတွေကလည်း လင်း၏ ဘီးသေးသေးကလေးနှင့် ဖြီးခွင့်မရသဖြင့် ကပိုကရို ဖြစ်၍နေသည်။ (လင်းဆီမှာ ကျောင်းသားတွေ မသိအောင် ခိုးပြီးဖြီးတတ်သော ဘီးသေးသေးကလေးတစ်ခု ရှိသည်ကို မောင်ပြီးလျှင် စပွမ်းတစ်ယောက်သာ သိပါသည်။)

လင်း၏ မျက်ဆံနက်ပေါ့ကတော့ ထုံးစံအတိုင်း အရှုံးပေးချင်စရာ ဖြစ်၍နေသည်။ လင်းသည် ထိုသို့ မောင်ရင်ခုန်ရသော မျက်နှာကလေးနှင့် မောင့်ရင်ဘတ်ကို ပစ်၍တွန်းလိုက်သည်။

"သွားဝယ်ပေးတာပေါ့၊ နင့်လိုမှတ်လို့လား၊ ရေခဲခြစ် သွားဝယ်ပေးတာပေါ့"

"အင် ..."

"မောင် ...နင်သွားတော့၊ ငါ့ကို ဘိုကြည်ကလိုက်တာ ဘာဖြစ်လဲ"

"နင်ပြောတော့ 'ရေခဲခြစ်' ဆို လင်းရဲ့"

"အေးလေ ... အေးလေ ... အဲဒါဘာဖြစ်လဲ"

"ငါ ပြောပြမယ်ဟာ"

"တော်ပါပြီ၊ နင်က သောက်ရူး သိရဲ့လား၊ ရေခဲခြစ်ကို သိရဲ့လား"

■





(၄)

ကျောင်းသားငယ်ကလေးတွေ သူထိုင်နေသော ဆိုင်ရှေ့က တော်...ကီးမှာ မျာ ဖြတ်လျှောက်သွားသည့် အချိန်တွင် သူ လက်ဖက်ရည်ဖိုး... ရှင်းပြီး ဆိုင်ရှေ့က ထွက်ရမည်ဆိုတာကိုတော့ သိခဲ့သည်။ ဒီအချိန်...ချင်း ကျောင်းရှေ့မှာ လူစုံပြီ။ သူရေးထားသောစာကို လူတွေလည်း ...ကျောင်းသားကျောင်းသူတွေလည်း တွေ့၊ ဆရာ ဆရာမတွေလည်း ...ပြီလောက် ရှိတော့မည်။ ဒီလောက်ဆိုလျှင် သူ ဒီဆိုင်ထဲက ထွက်...ပြီ။

သူ လက်ဖက်ရည်ဆိုင်က ထွက်ထွက်ချင်း မောင်မျိုးကို တွေ့သဖြင့်...နှုတ်ဆက်ပစ်လိုက်သည်။ မောင်မျိုးက သူတို့လိုပဲ ၁၀ တန်း ကျောင်း... ၁၀ တန်း (P) အခန်းက မော်နီတာ။ စည်းကမ်းကြီးသည်ဟု နာမည်...ည်။ သူ့အတန်းက ဆရာမ မရှိချိန်မှာ စကားပြောသော လီလီဆိုသည့်...ောင်းကလေးကို စာရင်းမှတ်ထားပြီး ဆရာမလာတော့ စကားပြောသည့်



www.burmeseclassic.com

www.burmeseclassic.com



စာရင်းကို ပြသည့်အခါ "လီလီ" ပါနေသဖြင့် လီလီကို ဆရာမက အပြစ်ပေး မြက်နုတ်ခိုင်းခဲ့သည်။ ဒီတော့ မောင်မျိုး အရမ်းနာမည်ကြီးသွားသည်။

ဒါပေမဲ့ လီလီက ကျောင်းတစ်ကျောင်းလုံးရဲ့ အချစ်တော် ဖြစ်နေသဖြင့် မောင်မျိုးကို လီလီကျေနပ်အောင် ဆရာ၊ ဆရာမတွေက ပြဿနာရှာပြီ စာတွေ ခဏခဏ မေးသော်လည်း မောင်မျိုးက အေးအေးဆေးဆေးပင် ဖြေသင့်သည့်စာကို ဖြေပြီ အရိုက်ခံသင့်တာကို ခံခဲ့သည်။ အဲဒီတော့ မောင်မျိုးနှင့် လီလီသည် ချစ်သူတွေ ဖြစ်ကြသည်ဟု ဆိုသည်။

မောင်မျိုးကို ပြုံးပြတာကတော့ စာမေးခံရဖို့လည်းမဟုတ်။ သူ့ကို စာရင်းမှတ်ခိုင်းဖို့လည်း မဟုတ်။ မောင်မျိုးက တွေ့ကာ အခုမှ ကျောင်းသားတွေ ကြားထဲမှာ လာသူဟု အလီဘိုင်ပြနိုင်ရုံသာ ဖြစ်ပါသည်။

သူ့လမ်းကလေးကို ချိုးကွေ့လိုက်တော့ ပြည့်ဝကို တွေ့လေသည်။

ပြည့်ဝသည် ဆင်းဆင်းရဲရဲ ကျောင်းသားလေးတစ်ယောက် ဖြစ်သည်။ သို့သော် ကျောင်းအုပ်ဆရာကြီးက သူ့ကိုချစ်သည်။ ပြည့်ဝအိမ်က ရောင်းသော ချဉ်ဖတ်မပါလျှင် ကျောင်းအုပ်ဆရာကြီးက ထမင်းမစားဟု ဆိုသည်။ ထို့ကြောင့် ပြည့်ဝသည်လည်း အလီဘိုင်တစ်ခုဟု ယူဆကာ လက်ပြနှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။ သို့သော် ပြည့်ဝက သူနှုတ်ဆက်တာကို လက်ခံရုံတင်မက စကားပါပြောခြင်းဖြင့် ကူညီလေသည်။

"အေးဆေးပဲလား"

"ဘယ်ဟုတ်ရမှာတုန်း၊ ရဲမြင့်တိုးတို့အိမ်က ပြန်တာ"

"သိပြီ၊ သူ့အဖွားကြီး နေသိပ်မကောင်းတာ ငါကြားတယ်၊ ငါလည်း မရောက်မိဘူးကွာ့ အခုဆုံး ..."

"ဟေ့ကောင် ... မင်းတော်တော့"





"ဘာလဲကွ"

"မင်းက ထင်ရာတွေ ပြောနေတာ၊ ရဲမြင့်တိုးရဲ့အမေ ဘာမှမဖြစ်ဘူးကွ၊ ငါစကားလည်း ဆုံးအောင်နားမထောင်ဘဲနဲ့"

"မင်းစကားအဆုံးက ဘာလဲ"

"နံ့ရုံတွေကွာ"

"ဘာ ... နံရုံတွေ၊ ဟုတ်လား"

ထိုအချိန်တွင် သူတို့နှစ်ယောက်စလုံး ကျောင်းရှေ့သို့ ရောက်နေပြီး ကျောင်းသားကျောင်း သူတချို့ အုံ၍ကြည့်ရှုနေကြသော နံရံနားသို့ ...ပ်လာချိန် ဖြစ်ပါသည်။

"နံရံတွေ ဟုတ်လား၊ ဟေ့ကောင် ... ဘာနံရံတွေလဲကွ"

"ဟိုမှာ လူတွေအုံကြည့်နေတာ မတွေ့ဘူးလား"

"ဟာ ... အေးကွ"

ပြည့်ဝက လူအုပ်ထဲကို တိုး၍ဝင်သွားသည်။

ကျောင်းသားတွေထဲမှာ မောင်မျိုးကိုလည်း တွေ့ရပါသည်။

"မောင် ... မောင် ... ဒီမှာ ... ဒါကိုကြည့်ဦးကွ"

မောင်မျိုးက သူ့ကို အတင်းချုပ်ပြီး အုတ်နံရံကိုပြသည်။ အုတ် ...ံပေါ်မှာ ဘာရှိမှာလဲ။ သူရေးထားတာပဲ ရှိမည်ဆိုတာကို မောင် သိသည်။ ဒီတော့ မောင်က ဒေါသတကြီး မောင်မျိုးကို ပြောရသည်။

"ဟေ့ကောင် ... မင်းက ငါ့ကို ဘာလုပ်တာလဲ"

"ဒီမှာ မင်းနာမည်ကြီး မတွေ့ဘူးလား၊ နွေရာလင်း အ...ရန်မောင်တဲ့"

မောင်မျိုးအသံဆုံးတော့ ကျောင်းသားတွေအားလုံး ...ကြည့်...



www.burmeseclassic.com

www.burmeseclassic.com

ကြသော မျက်ဝန်းတွေကို တွေ့ရသည်။ အဲဒီမျက်ဝန်းတွေကို ဒေါသနှင့် ပြန်ကြည့်ပစ်လိုက်ပြီး "တောက်" ပြင်းပြင်းခတ် ကျောင်းထဲကို "မောင်" ဝင်ခဲ့သည်။ မောင် လိုချင်တာက အဲဒီအချိန်ကလေးပဲ ဖြစ်ပါသည်။

သို့သော်လည်း မောင် မကျေနပ်တာ တစ်ခုတော့ရှိသည်။

မောင်ရေးခဲ့သော အုတ်နံရံတွင် မည်သူမျှ ဘာမှမရေးထားခြင်းပင် ဖြစ်သည်။ ပထမတစ်ကြိမ် အုတ်နံရံတုန်းကတော့ ဘယ်သူက စရေးသွားသည်မသိ။ နောက်ထပ် ရေးသည့်လူတွေ အပြည့်ရှိနေသည်။ မောင် ဒီနေ့ ရေးတော့မှ မောင်ရေးထားတာ တစ်ခုတည်းက ထင်ထင်ရှားရှားကြီး ဖြစ်လို့နေသည်။ နောက်ထပ်မရေး၊ ဘယ်သူမှ ဘာမှ ထပ်၍မရေးကြ။

"မောင်မျိုး ငါတော့ ဒုက္ခပဲကွာ"

"မင်းကလည်းကွာ အေးဆေးပါ၊ ဒါပေမဲ့ လက်ရေးတောင် မင်းနဲ့တူအောင် ရေးထားတာကွ"

မောင်မျိုးစကားကြောင့် မောင့်ရင်ထဲ ထိတ်သွားသည်။ ဒီကိစ္စကို သတိမေ့နေခဲ့၏။ ပြည့်ဝက –

"ဘယ်ကောင်က ရေးသွားလဲ၊ မင်းနဲ့လက်ရေးဆင်တာ ဘယ်သူရှိလဲ"

"ဘိုကြည်"

"သူက ဘယ်သန်လေ"

ပြည့်ဝကို သူ စူးစူးရဲရဲ တစ်ချက်ကြည့်လိုက်၏။

ထိုအချိန်တွင် ကျောင်းတက်ခေါင်းလောင်းသံသည် ဆူညံစွာ ပေါ်လာလေသည်။

■





အတန်းပိုင်ဆရာမကလည်း နာမည်ခေါ်ပြီးကတည်းက ဘာစာမှ မသင်ဘဲ ငြိမ်၍နေလေသည်။ တစ်တန်းလုံးကလည်း တီးတိုးစကားတွေနှင့် ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်၍နေသည်။ မောင် နွေရာလင်းကို ငဲ့ကြည့်တော့ မတွေ့ရ။

ရင်ထဲထိတ်သွားသည်။

ဒီနေ့ နွေရာလင်းဆိုသည့် ကောင်မလေး ကျောင်းမတက်ရင်တော့ သေပြီ။ တစ်တန်းလုံးကို ဇက်ဆယ်ခါလောက် ချိုးပြီးရှာတော့ "လင်း" ကို မိန်းကလေးတန်း ဟိုးနောက်ဖက်အစွန်းမှာ သူ့ကိုယ်ကလေးကို သူ ငုံ့ကျုံ့ပြီးထိုင်နေတာ တွေ့လိုက်ရ၏။

ဒီတော့မှ "မောင်" စိတ်အေးသွားသည်။

သို့သော်လည်း မောင့်ကို ဝိုင်းကြည့်နေကြသော မျက်ဝန်းတွေကို တွေ့ရတော့ တော်တော်လေး ကျွတ်၍သွား၏။ ထိုမျက်လုံးတွေက ဆပ်



www.burmeseclassic.com

www.burmeseclassic.com



ကပ်ထဲက စားပေါက်ဆရာ ကိုယ်ဟန်ပြမယ်၏ နံဘေးတွင် တစ်ချောင်း ပြီးတစ်ချောင်း ဝင်စိုက်လာသော စားတွေလို "မောင့်" ဝိညာဉ်ထဲသို့ ဝင်ရောက်လာသည်။

ပို၍ဆိုးသည်က ထိုမျက်ဝန်းတွေ အားလုံးသည် အားပါသော မိန်းကလေးများ၏ မျက်ဝန်းများ ဖြစ်နေခြင်းပင် ဖြစ်သည်။

"အားလုံး ဆရာကြီးကိုနှုတ်ဆက်"

"မင်္ဂလာပါ ဆရာကြီး"

"မောင်" မတ်တပ်တော့ ရပ်မိပါသည်။

သို့သော် ဆရာကြီးကို နှုတ်ဆက်သော "မင်္ဂလာပါ ဆရာကြီး" ဆိုသည့်အသံတွင် မောင့်အသံ မပါခဲ့ပါ။ ဆရာကြီးကို စော်ကားချင်၍ မဟုတ်ဘဲ မောင်ကိုယ်တိုင် ကြောင်သွားသောကြောင့် ဖြစ်ပါသည်။

"တပည့်တို့ ..."

အတန်းသည် တိတ်၍နေသည်။

အားလုံးလည်း ကြောက်၍နေသည်။

ထိုအထဲတွင် ဆရာမလည်း ပါလေသည်။

"ဆရာကြီးက တပည့်တို့ သိတဲ့အတိုင်းပါပဲ"

မောင်တို့ တစ်ယောက်နှင့်တစ်ယောက် လှည့်မကြည့်မိအောင် တော်တော်လေး သတိထားလိုက်ကြရသည်။ ကျောင်းအုပ်ဆရာကြီးကို မောင်တို့ သိဖို့မလွယ်ပါ။ ဒါပေမဲ့ အခုဆရာကြီးက "တပည့်တို့ သိတဲ့ အတိုင်းပါပဲ" ဟု ပြောနေပြီ။ ထို့ကြောင့် မောင်တို့ တစ်ယောက်နဲ့တစ်ယောက် ကြည့်ရခြင်းဖြစ်၏။

"ကဲ ...လိုရင်းတိုရှင်း ပြောရရင်တော့ ကျောင်းရှေ့က အုတ်နံရံကို





ဆရာကြီး ပြင်ခဲ့တယ်၊ အုတ်နံရံမှာ စာရေးတာကို မရေးရဘူးလို့ ဆရာကြီး သေသေချာချာ ပြောခဲ့တယ် ကဲ ..."

တစ်တန်းလုံး တိတ်၍ ခေါင်းငုံ့နေကြပါ၏။ သို့သော် ဆရာကြီးက ထိုသို့နေခြင်းကို ကန့်ကွက်ပြီး အမှန်တရားကိုပြောရန် စာမျက်နှာသစ်ကို ဖွင့်လိုက်သည်။

"ကဲ ... တပည့်တို့ ... အားလုံး ငါ့မျက်နှာကိုကြည့်ကြ"

"...................."

(ကျွန်တော်တို့အားလုံး ဆရာကြီးကို မော့ကြည့်လိုက်ကြသည်။)

"ဆရာကြီး သေသေချာချာ ဆေးသုတ်ထားတဲ့ အုတ်နံရံပေါ်မှာ ရေးသွားတာက 'နွေရာလင်း + ဇော်ရန်မောင်' တဲ့"

တစ်တန်းလုံး တိတ်၍နေကြသည်။

ခေါင်းငုံ့ထားသော မျက်ဝန်းတွေထဲကို ရအောင်ဝင်တိုးလာသော အကြည့်များကို ရအောင်ရှောင်ရ၏။

အဲဒီတော့ ဆရာကြီးက ဆက်ပြောသည်။

"နွေရာလင်း အပေါင်း ကဲ ...ကဲ ...ဇော်ရန်မောင်တဲ့၊ ငါသိပါတယ်၊ ဇော်ရန်မောင်ဆိုတဲ့ကောင်ကို၊ ကဲ ... ထ"

ဆရာကြီး စကားဆုံးတာနဲ့ ကျွန်တော်ဟာ ထမနဲပေါ်မှာ တင်ထားတဲ့ အုန်းသီးကြော် မျက်ခွက်မျိုးနဲ့ ထရပ်လိုက်သည်။ ကျွန်တော်ရပ်ပြီ.လို့ တစ်စက္ကန့် မပြည့်ခင်မှာပင်

"ဆရာကြီးရှင့် ... သမီးကို စကားပြောခွင့်ပြုပါ"

"အေး ... ဘာပြောမှာလဲသမီး"

"အခု ဆရာကြီးပြောတဲ့ ကိစ္စပါပဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းရှေ့က နာမည်ကိစ္စလား"

"ဟုတ်ကဲ့ပါရှင့်"

"ကိုင်း ... ပြော ... ပြော ... ဘာပြောချင်လို့လဲ"

"ဆရာကြီးရှင့် ...သမီးက နွေရာလင်းပါရှင့်၊ အခု ဒီကောင်ရေးတဲ့ နွေရာလင်းပါရှင့်၊ ဆရာကြီး သမီး အရမ်းရှက်ပါတယ်၊ ဒီကောင် ဘာဖြစ်လို့ အဲဒီလိုရေးမှန်းလည်း သမီးက မသိတာအမှန်ပါပဲ၊ ဆရာကြီးရှင့် နွေရာလင်း အပေါင်· ဇော်ရန်မောင်ဆိုတာကို အဲဒီလူကိုယ်တိုင် ရေးတာပါရှင့်"

ကျောင်းခန်းသည် ပို၍ တိတ်၍ ဆိတ်ကာသွားလေသည်။

ဆရာကြီးကိုယ်တိုင်လည်း ဘာပြောရမှန်း မသိတော့သည့်ပုံစ ဖြစ်သွားပြီး အတူပါလာသော ဆရာတွေကို လှည့်ကြည့်သည်။ ဆရာတွေကလည်း ဆရာကြီးကို ပြန်ကြည့်ကြသည်။ မောင်ကတော့ မတ်တပ်ရပ်ရင်းက တအံ့တဩနှင့် လင်းကို လှမ်းကြည့်တော့ လင်က မောင့်ကို စိုက်၍ကြည့်နေသည်။

မောင့်ကို စိုက်၍ကြည့်နေသော လင်း၏ နှာသီးဖျားကလေးတွေက နီရဲလာသည်။ လင်း၏ နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်၍လာသည်။ လင်း၏ မျက်ဝန်းတွေအားလုံး စိမ်းမြနက်မှောင်၍ သွားလေသည်။

ဘုရား ...။

မျက်ရည်။

"သမီးက နွေရာလင်းဆိုရင် သမီး ဘာပြောချင်တာလဲ၊ ပြောပါ သမီး"

"အဲဒီလူ ... ဆရာကြီး သမီးရှက် ..."





လင်း၏ဝိုသံကို တစ်ခန်းလုံးက အတိအကျ ကြားလိုက်ရတော့မှ ကျောင်းအုပ်ဆရာကြီးကိုပင် မကြောက်နိုင်တော့ဘဲ လင်းကို တအံ့တဩ ကြည့်ကြလေသည်။

လင်ထံမှာ မျက်လုံးတွေက စုပြုံတိုးနေကြသည်။

လင်း၏ မျက်လုံးတွေကတော့ မျက်ရည်တွေ တပေါက်ပေါက်ကျရင်း သူ့ကိုသာ စိုက်ကြည့်နေခဲ့သည်။ ထိုအချိန် ထိုအကြည့်နှင့် ထိုအတွေးမှာ မောင်သည် လင်းကို သေလုမြောပါ သနားသွားလေသည်။

လင်းနှင့် သူ သမီးရည်းစားဆိုတာကို တစ်ကျောင်းလုံးက သိသွားကြပြီ။

လင်းသည် ရှက်မည်။

လင်းသည် ရင်ခုန်မည်။

လင်းသည် ဘိုကြည်ဆိုသည့် ဝေါကို ဒေါသထွက်မည်။

ထိုခဏလေးတွင် လင်း၏ရင်ထဲမှာ ...

နွေဦးစ ပန်းပွင့်ကလေးတွေလည်း ရှိမည်။

ဆောင်းဦးစ သစ်ရွက်ဖျားမှာ ကမ္ဘာမြေပြင်ကို ခုန်ချဖို့ စောင့်နေသည့် နှင်းရည်စက်ကလေးလည်း ရှိမည်။

မိုးသည်းသည့် ညမျိုးမှာ ဘယ်သူမှ စောင့်မကြည့်သော မိုးသ[illegible]ယ်းကြိုးပစ်သံတွေလည်း ရှိနိုင်သည်။

မောင် လင်းကိုချစ်သည်။

"မရှက်နဲ့ သမီး၊ ပြော ...သမီးနဲ့ ဇော်ရန်မောင့်ကို ရေးတဲ့လူကိုယ်တိုင်ကို သမီးသိရင် ပြော"

"အဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂနဲ့ သမီး၊ အဲဒီလူကိုယ်တိုင် ရေးတာဆိုရင် သမီးက ရေးတဲ့ လူကို သိရင်ပြော၊ ဒီမှာ ဆရာကြီးက သမီးကို ချစ်ပါတယ်၊ သမီးက စာတော်တယ်၊ ပြောစကားတော့ သိပ်နားမထောင်ဘူး၊ ဒါကို ဆရာကြီး နားလည်ပါတယ်၊ လူတစ်ယောက်ဟာ ဘက်စုံတော့ ဘယ်တော်နိုင်မှာလဲ၊ အခု ဒီနံရံပေါ်မှာ သမီးနာမည်ကို အရေးခံရပြီ၊ မနေ့ကပဲ ဆရာကြီး ပလတ်စတစ်ပိန့်တွေ သေသေချာချာ သုတ်ထားတဲ့နံရံပါ၊ ဆရာကြီးလည်း အရမ်းစိတ်ဆိုးတယ်၊ အဲဒီကျောင်းသားကို ပြင်ပြင်းထန်ထန် အရေးယူဖို့ကိုလည်း စဉ်းစားထားတယ်၊ ဒီတော့ သမီးက ..."

"ဆရာကြီး ... ကျွန်တော် တစ်ခုပြောပါရစေ"

"ဟေ့ကောင် ... တပည့်၊ ဘာပြောစရာရှိလို့ မင်းက စကားဖြတ် ပြောရတာလဲ၊ ဒီမှာ ဆရာကြီး စကားပြောနေတာ မဟုတ်ဘူးလား၊ မင်း ပြောစရာရှိတာ နောက်မှပြော"

"မဟုတ်ဘူးဆရာ၊ ကျွန်တော် ..."

"ဟိတ်ကောင် ..."

"ဆရာ ဦးခင်မောင်စိုး ...သူ့ကို ပြောခွင့်ပေးလိုက်ပါ၊ ကဲ ...သား မင်းက ဘာပြောချင်လို့လဲ"

ကျောင်းအုပ်ဆရာကြီးရဲ့ စကားဆုံးတော့ တစ်ကိုယ်လုံးဟာ လေထဲကိုမြောက်တာ ခံလိုက်ရသလို ခဏဖြစ်သွားသည်ကို မောင် မှတ်မိ၍ နေသေးသည်။ မောင် လက်သီးနှစ်လုံးကို ဆုပ်ကိုင်ပြီး လင်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။ အဲဒီအချိန်မှာ လင်းကလည်း မောင့်ကို လှမ်း၍ ကြည့်နေသည်။

ထိုအကြည့်နှစ်ခု ဆုံကြသည်ကို လင်းနှင့်မောင် နှစ်ဦးတည်းသာ





သိကြသည်။

"အဲဒီစာကို ဘိုကြည်ရေးတာပါ ဆရာကြီး"

တစ်ခန်းလုံးမှာ ရှိနေသော အကြည့်တွေအားလုံး တဝေါဝေါ ဘဝုန်းဝုန်း မြည်အောင် ဘိုကြည့်ဘက်သို့ ပြောင်းရွှေ့သွားကြလေသည်။

"တပည့်ပြောချင်တာက ဘာလဲ၊ အဲဒီစာကိုရေးတာ တပည့်က သိတယ်ပေါ့၊ ဘိုကြည်ဆိုတာ ဘယ်ကျောင်းသားလဲ"

"သိပါတယ် ဆရာကြီး၊ လင်းက ရှက်လို့ ပြောမထွက်တာပါ၊ အဲဒါကို ကျွန်တော်က ဝင်ပြောပေးတာပါ၊ ဘိုကြည်ဆိုတာ အကြည်တော်ပါ"

မောင် စကားဆုံးသည်နှင့် လင်းဘက်သို့ လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

သို့သော် လင်း၏မျက်နှာက အံ့ဩစွာဖြင့် သူ့ကို ပါးစပ်ကလေး ဟရင်း ငေးနေသည်ကို တွေ့လိုက်ရသည်။ ထို့နောက်တွင် လင်း၏မျက်လုံးတွေက စိမ်း၍စိမ်း၍ လာလေသည်။

"အကြည်တော် ... ထ"

ဟိုး နောက်ဆုံးတန်းမှာနေသော အကြည်တော်က လက်ကလေး ပိုက်၍ ထရပ်သည်။

"ကဲ ... မင်း ဘာဖြစ်လို့ ဒီစာကိုရေးတာလဲ"

"ဆရာကြီး ကျွန်တော် ..."

"မဟုတ်ဘူး ဆရာကြီး၊ မဟုတ်ဘူး၊ အဲဒီစာကို အကြည်တော်ရေးတာ မဟုတ်ပါဘူး၊ အဲဒီစာကိုရေးတာ ဇော်ရန်မောင်ပါ၊ သမီးက အဲဒါကို ပြောမလို့ထတာပါ၊ အဲဒီအုတ်နံရံပေါ်က စာကိုရေးတာ သူပါ ဇော်ရန် ..."

မောင့်တစ်ကိုယ်လုံးမှာ ခေါင်းပဲကျန်ခဲ့ပြီး အောက်ပိုင်းတင်ခုံလုံး



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားသလို ခံစားရသည်။ မောင် ရှက်ခြင်းမဟုတ်ပါ။ အံ့သြခြင်း မဟုတ်ပါ။ ကြောက်ရွံ့ခြင်း မဟုတ်ပါ။ ကြေကွဲခြင်းလည်း မဟုတ်ပါ။ နားမလည်ခြင်းလည်း မဟုတ်ပါ။

ရင်ခုန်သွားတာပဲ ဖြစ်သည်။

"သမီး ..."

"ဇော်ရန်မောင်ပါ၊ သူရေးတာ"

လင်း၏လက်ညှိုးက သူ့ဘက်တွင် ခိုင်ခိုင်မာမာကြီးကို ရှိနေလေသည်။

ပြီးတော့ လင်းသည် ခေါင်းကိုမော့ကာ ငိုနေလေသည်။

ထိုသို့ ခေါင်းကိုမော့ကာ ငိုနေသောလင်းကို မောင် အရမ်းချစ်သွားခဲ့သည်။

လင်းရယ် ...

ချစ်လိုက်တာ။

လင်းက ခေါင်းကိုမော့ထားရင်းကပင် ပြတ်သားသောအသံဖြင့် ပြောသည်။

"အဲဒီမနက်က ကျွန်မက နီလာကစ္စနားတို့ အိမ်မှာပါ ဆရာကြီး၊ နီလာကစ္စနားတို့အိမ်က ကျောင်းရှေ့ ကားလမ်းဘေးက နှစ်ထပ်အိမ်ပါ၊ ဟုတ်ကဲ့၊ သမီးက အဲဒီအိမ်မှာ ညအိပ်ပါတယ်၊ သူတို့ မုန့်အစ်လုပ်တော့ ရှမိုင်ချက်ကြပါတယ်၊ အဲဒါကို သမီးက သူငယ်ချင်းချင်း ညအိပ်ပြီ ပျော်ပျော်ပါးပါး ချက်ကြတာပါ၊ အခုလည်း ရှမိုင်သုံးချိုင့် ဆရာ၊ ဆရာမတွေအတွက် ပို့ထားပါတယ်၊ သူက မနက်စောစောကြီးထပြီး ခါလာကြီးဆိုင်ထဲက မီးသွေးကိုတောင်းပြီး အုတ်နံရံမှာ ရေးသွားတာကို ကျွန်မတို့





အားလုံး တွေ့ကြပါတယ်၊ ဘိုကြည်ရေးတာ မဟုတ်ပါဘူး"

"သမီး ... သူ့နာမည်ကို သူက ရေးပါ့မလား"

"သမီးလည်း အဲဒါကိုပါပဲ အံ့သြနေတာပါပဲ၊ အခုမှ သူက ဘိုကြည်ဘဲ့၊ ဘိုကြည် မဟုတ်ပါဘူး၊ သူမှသူပါ၊ သူကိုယ်တိုင်က အပေါင်းဆိုပြီး သမီးနာမည်ကို ရေးတာပါ၊ သက်သေက နီလာရော၊ စပွမ်းရော၊ ချဉ်ဖတ်ရော"

"ဟဲ့ ... ဟဲ့ ... သမီး၊ အဲဒီနာမည်တွေ မပြောနဲ့လေ"

"ဟုတ်ကဲ့တီချယ်၊ အဲဒါဆို ဇော်ရန်မောင်ပါပဲ၊ သူရေးတာ မောင် ... မောင် နှင့်ဝန်မခံဘူးလား"

"ကဲ ... ဇော်ရန်မောင် မင်းရေးတာ ဟုတ်သလား"

"...................."

အဲဒီ တိတ်ဆိတ်နေရတဲ့ စက္ကန့်တွေထဲမှာ မောင် ရင်ခုန်နေတာကို ဘယ်သူကကြားမှာလဲ။

တစ်ကိုယ်လုံးထဲမှာရှိတဲ့ ခံစားချက်တွေ ဘယ်ဘက်ကို ရောက်နေကြတယ်ဆိုတာကို ဘယ်သူသိမှာလဲ။

တစ်ကိုယ်လုံးထဲမှာရှိတဲ့ ခံစားချက်တွေ ဘယ်ဘက်ကို ရောက်နေကြတယ်ဆိုတာကို ဘယ်သူသိမှာလဲ။

လူတစ်ယောက်က လူတစ်ယောက်ကို ချစ်သွားတဲ့အချိန်ကို ဖမ်းပြနိုင်တဲ့ တန်ခိုးရှင်ဆိုတာ ဒီလောကမှာ အခုထိ မရှိသေးပါဘူး ဗျာ။

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်ရေးတာ ဟုတ်ပါတယ်"

"ကွာ ... ခက်တာပဲ၊ မင်းက ဘာဖြစ်လို့ ရေးတာလဲ"

"...................."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က မောင် အားလုံးရှေ့မှာ ငါးချက်တိတိ အရိုက်ခံရ၏။ ဒါပေမဲ့ မောင် ဘာဖြစ်လို့ အဲဒီစာကို ရေးတာလည်းဆိုတာကို ဆရာကြီးက သုံးကြိမ်တိတိ မေးတုန်းက မဖြေခဲ့ပါ။ ဘာ့ကြောင့်လဲတော့ မောင်လည်း မသိ။

အခု ဖြေမယ်လေ။

"မောင်" လင်းကိုချစ်လို့ပေါ့ "လင်း" ရယ်။

■





"ဟာ...အဲဒီကိစ္စကြီးကို သွားပြောလို့ လင်းက ဘယ်ပြန်ကြိုက်မှာလဲ မောင်ရဲ့၊ နှင်ချစ်တာက အဲဒီလိုမျိုးဆိုရင် မဟုတ်သေးပါဘူးနော် မိုးကျော်"

စပွမ်းက မင်္ဂလာကို စိတ်ညစ်သလို ကြည့်ရင်းနှင့် ပြောသည်။ မိုးကျော်က ချဉ်ဖတ်လက်ထဲက နေကြာစေ့ကို လှမ်းယူရင်း ခေါင်းကို ခါနေသည်။

"အေးလေကွာ၊ အဲဒီကိစ္စကြီးကို မင်း ချစ်တာလို့ပြောရင် မင်းငဆေါဖြစ်သွားမှာပေါ့၊ အဲဒီကိစ္စက မနာလိုတာပဲဟာ၊ ချစ်တာနဲ့ ဘာဆိုင်လို့လဲကွ"

ကျောက်ဆူးက ဖြည်းဖြည်းနှင့် လေ.ေလးကြီး ဝင်၍ပြောသည်။ မောင် တော်တော်ကြီး စိတ်ညစ်၍သွားသည်။ မောင် စိတ်အထင်က မှေ့ရာလင်း အပေါင်း ဖော်ရန်မောင်ကို ပြောပြလိုက်လျှင် သူငယ်ချင်းဘော်အားလုံးက အံ့သြဝမ်းသာစွာ မောင့်ဘက်က ထောက်ခံကြလိမ့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသည်။ ဒီကိစ္စက သူတို့လည်း ပါသည်။ သူတို့လည်း သိသည့် ကိစ္စမို့ မောင် အားထားခြင်းလည်း ဖြစ်ပါသည်။ အခုတော့ သူတို့ကိုယ်တိုင်က မောင့်ကို ကန့်ကွက်နေကြသည်။ အဲဒီကိစ္စကို "မနာလိုတာ" ဟု ပြောနေကြသည်။

"မနာလိုတာ၊ အဲဒါတော့ မဟုတ်သေးဘူးကွာ၊ ငါ ဘိုကြည့်ကို မနာလိုတာ မဟုတ်ဘူး၊ မဟုတ်ဘူးကွာ၊ ဘိုကြည်က လင်းကို လိုက်တယ် ဆိုတော့ မလိုက်အောင်တားတာ၊ ငါက အဲဒါပဲ၊ ဟိုကွာ ... အဲဒီအချိန်မှာ ငါက လင်းကို ချစ်နေပြီ"

"အဲဒါဆို နင်က ဘာဖြစ်လို့ နွေရာလင်း အပေါင်းလို့ ရေးရတာလဲ"

"အုတ်နံရံမှာရေးရင် ရည်းစားတွေလေဟာ၊ အဲဒီစာကို တွေ့ပြီး ဘိုကြည်က လင်းကို မလိုက်အောင်ပေါ့"

မောင့်စကားဆုံးတော့ ချဉ်ဖတ် ခဏငြိမ်သွားပြီး အဝေးကိုငေးရင်း စဉ်းစားသည်။

"အာ ... မဟုတ်သေးဘူးမောင်ရာ၊ မင်းနဲ့ လင်းက ရည်းစားတွေ မဟုတ်ဘဲနဲ့ မင်းက ဘာဖြစ်လို့ အဲဒီလို ရေးရတာလဲ"

"အေး ... ဟုတ်တယ် ... ဟုတ်တယ် မိုးကျော်၊ နင်ပြောမှ ငါသတိရတယ်၊ မလှမွှေး အပေါင်း သက်ဦးကိုလည်း ခင်မောင်ကရေးတာ၊ နင်က ဘာဖြစ်လို့ ကိုယ့်ဘာသာကိုယ် ရေးရတာလဲ၊ နင်က လင်းနဲ့ ချစ်သူတွေ လည်း မဟုတ်ဘဲနဲ့"

ချဉ်ဖတ်စကားကို စပွမ်းကလည်း ဝိုင်းထောက်ခံသည်။ သူတို့ သူငယ်ချင်းလေးယောက် ထိုင်နေသော လက်ဖက်ရည်ဆိုင်၏ ထိုင်ခုံကလေးသည် ဆူညံ၍သွားသည်။





"ဟုတ်တယ် မောင်၊ မင်း အဲဒါကြီးကို မပြောသင့်ဘူး၊ မင်းပြောမယ့် ကိစ္စကြီးက ချစ်တာမဟုတ်ရုံမက ဒုက္ခပေးတာကြီးပါ ဖြစ်နေတာ"

"ယောကျ်ားလေးဆိုတာ ဒါမျိုးကို ချစ်တယ်ပြောရင် ဘယ်မိန်းကလေးက ကျေနပ်မှာလဲ"

"ဒီလိုလုပ်ပါလား မောင်ရယ်၊ နင် သူ့ကို မြတ်မြတ်နိုးနိုးနဲ့ ကိုယ်ကျိုးစွန့်ပြီး ချစ်တာမျိုး မရှိဘူးလားဟာ၊ မိန်းကလေးတွေဆိုတာက အဲဒါမျိုးမှ တန်ဖိုးထားမှာပေါ့၊ ငါ ... ငါကလေ နင်နဲ့ လင်းနဲ့ကို သဘောတူလို့ ပြောတာနော် မောင်၊ တစ်မျိုးတော့မထင်နဲ့"

"ဟုတ်တယ်၊ စပွမ်းပြောတာ ငါသဘောတူတယ်၊ နင် အူကြောင်ကြား လုပ်မနေနဲ့မောင်၊ လင်းလာရင် အဲဒီကိစ္စကို မပြောနဲ့တော့၊ တခြား တစ်ခုခု စဉ်းစားဟာ ... နော် မောင်"

"ဟုတ်ပါတယ် မောင်ရယ်၊ အဲဒါမျိုး တစ်ခုခုလုပ်စမ်းပါ ... နော် မောင်"

ချဉ်ဖတ်ရော၊ စပွမ်းရောက သူ့ကို တောင်းတောင်းပန်ပန်နှင့် လေးလေးနက်နက် ပြောနေမှန်း မောင် သိပါသည်။ မောင် စိတ်ဓာတ် ဘော်တော်ကျသွားသဖြင့် ခေါင်းငိုက်စိုက် ကျ၍သွားသည်။ စိတ်ဓာတ်ကျ ဘယ်ဆိုတာ နှလုံးသားလေးကျသွားတာ မဟုတ်လား။ ဒီတော့ ခေါင်းငိုက်စိုက်ကြရုံမှတစ်ပါး ဘာမှမတတ်နိုင်ပါ။

မောင် ... လင်းကို အရမ်းချစ်ပါသည်။

သို့သော်လည်း အခုပြောပြသည့် အချစ်ကို သူ့လက်တွဲဖော် သူငယ်ချင်းတွေကအစ လက်မခံပါ။ မိန်းကလေးတစ်ယောက်ကို အဲဒီလို ချစ်ရဘူးဟု အားလုံးက ဝိုင်းကန့်ကွက်နေကြသည်။ ဒီတော့ မောင့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာလည်း မောင် ရွေးလာသည့်အဖြစ်က "အချစ်" မဟုတ်ဟု ထင်သွားသည်။ လင်းကို အဲဒီကိစ္စကြီးကို မပြောရဲတော့တာ အမှန်ပင်ဖြစ်၏။

"ဒါဆို လင်းလာရင် ငါ ... ငါ ဘာပြောရမှာလဲ"

"အာ ... အခုမပြောနဲ့ဦးပေါ့ကွ၊ ဖောပဲလုပ်ထားပေါ့၊ မင်း သေသေချာချာ စဉ်းစားစမ်းပါဦးကွာ၊ ဒါမျိုးက ပိုင်မှ ပြောလို့ကောင်းတာ"

ကျောက်ဆူးက ဆရာကြီးလေနှင့် ဝင်ပြောပြန်သည်။

အခုချိန်မှာတော့ မောင်သည် နှလုံးသားငယ်နေသဖြင့် သူငယ်ချင်းတွေရှေ့မှာ "ကလေး" တစ်ယောက်လို ဖြစ်နေ၍နေသည်။ သူ့ဘာသာသူလည်း ဘာစဉ်းစားရမှန်းမသိ ဖြစ်နေသည်။ စပွမ်းက ပြောလျှင်လည်း ဟုတ်သည်ထင်ချင်သည်။ မင်္ဂလာက ဟောက်လျှင်လည်း မှန်သည်ထင်ချင်သည်။ ကျောက်ဆူးက ဆရာကြီးလုပ်လျှင်လည်း သေချာသည် ထင်နေမိသည်။ နှလုံးသားငယ်ရတော့ မျက်နှာငယ်၊ အသိတရားငယ်၊ ခံစားချက်လည်းငယ် ဖြစ်သွားလေသည်။

"ဟိတ်ကောင် ... မောင်၊ လင်းလာနေပြီ၊ OK နော်၊ ဟိုဟာကို မပြောနဲ့နော်"

မင်္ဂလာ့စကားကြောင့် လှမ်းမကြည့်ခင်ကလေးမှာပင် မောင့်ရင်ထဲကို ရေခဲအချောင်းလိုက်ကြီး ထိုးထည့်တာ ခံလိုက်ရသလို အေး၍သွားသည်။ လင်းက လက်ဖက်ရည်ဆိုင် ရှေ့ကိုရောက်တော့ စောင်းလာသည့် ထီးကလေးကို ပိတ်လိုက်ပြီး သူတို့ဝိုင်းကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ လင်းသည် လင်းပစွာ ပြုံးလေသည်။

ခုံပုကလေးမှာ ထိုင်နေကြတာမို့ ဝိုင်းထိုင်နေသူတွေ လှုပ်လှုပ်ရှားရှား ခဏဖြစ်သွားသည်။ မောင်ကလွဲ၍ အားလုံး လင်းအတွက် နေရာ





တစ်နေရာစာ ဖယ်၍ပေးကြခြင်း ဖြစ်ပါသည်။ အားလုံး ဖယ်ပေးသောနေရာကလည်း မောင်၏ ဘယ်ဘက်ဘေးနှင့် ညာဘက်ဘေး ဖြစ်နေသည်။

သို့သော်လည်း လင်းက ထူးထူးခြားခြား လုပ်မနေဘဲ လင်း ညာဘက်ဘေးမှာ ရိုးရိုးတန်းတန်းပင် ဝင်ထိုင်ပါသည်။ လင်းနှင့်အတူ ဆိုင်ကိုလာသော ဖွေးသီးကိုတော့ ဘယ်သူကမှ နေရာမပေးကြ။ ဖွေးသီးကလည်း နေရာပေးတာတွေ မပေးတာတွေကို သူ့ဉာဉ်အတိုင်း ဂရုမစိုက်။ လက်ဖက်ရည်ဆိုင်ကိုသာ "ဝမ်းတီးချိုကျ" မှာပြီး စားပွဲထိုးကလေးပေးသော ခုံကို ဆွဲယူထိုင်သည်။

"နောက်ကျသွားတယ်ဟာ၊ မိုးက ကောက်လာတာနဲ့ မီးပူတိုက်နေရတာ၊ ဖွေးသီးရောက်တော့ တိုက်ရတုန်းဟ၊ အအေးပဲသောက်မယ်ဟာ"

"ရင်တွေပူနေတယ်ပေါ့"

"အင် ..."

"ရင်တွေပူနေတယ် မဟုတ်လားလို့ပြောတာ"

"ဘာဖြစ်လို့ ရင်ကပူရမှာလဲ"

လင်းက မောင့်မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ပြောသည့်အတွက် မောင် လင်းကို ငေးကြည့်နေသော မျက်နှာကလေးကို လွှဲပြီး ခေါင်းကို ငုံ့မပစ်လိုက်ခင်မှာဘဲ စပွမ်းက လင်းကို မောင့်ဘက်သို့ မေးဆတ်ပြတာလေးကို မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

"အမလေး ... မပူသေးဘူး၊ ဒါမျိုးတော့"

လင်းက ပုံမှန်လေသံထက် ငေါ့၍ပြောတာကို မောင် ကြားလိုက်သည်။

ပြောမှာပေါ့။ လင်းသည် ဒီလိုမေးခွန်းမျိုး၊ ဒီလိုစကားမျိုးကို ရှောင်၍



www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှလောက်အောင် ကြောက်လန့်တတ်သော မိန်းကလေးမှ မဟုတ်တာ။ ဒီ့ထူးသဖြင့် မောင်နှင့်ပတ်သက်လာလျှင် လင်းသည် ဘာကိုမှ သိပ်ဂရုမစိုက်ဆိုတာကို မောင် သိပါသည်။

“စပါကလင်ပဲလား”

“စပွမ်းကလည်း လိမ္မော်လေဟာ”

ဘာမှမဟုတ်ဘဲ စပွမ်းနှင့် လင်းတို့ ရယ်လိုက်ကြသည်။

ထိုရယ်သံကြောင့်ပင် မောင်က ခေါင်းငုံ့ထားရာမှ ပြန်မော့လိုက်မိသည်။ ပြီးတော့ တစ်ဆက်တည်း လင်းကို ငဲ့ကြည့်လိုက်မိသည်။

နေ့လည်ခင်း ဝင်းပနေသော နေရောင်ခြည်ထဲတွင် လင်းသည် ထင်ထင်ရှားရှားပင် လှ၍နေပါသည်။ လင်း လှနေပုံက မလှလှအောင် လုပ်ထားသဖြင့် လှနေတာမျိုး မဟုတ်ပါ။ သူ့ဘာသာ ရိုးရိုးကလေးနေရင်းနှင့်ပင် လှနေတာမျိုး ဖြစ်ပါသည်။ လင်းသည် ပန်းခြံထဲက ပြုပြင်ထားသော ပန်းတစ်ပွင့်လို လှနေခြင်းမဟုတ်ဘဲ မိုးရွာပြီးစ ကိုယ့်အိမ်ရှေ့က ပန်းကလေးတစ်ပွင့် လှသလို လှနေခြင်းသာ ဖြစ်ပါသည်။

လင်းသည် ကြံရည်ရောင် ချည်သားအင်္ကျီ လက်ပြတ်ကလေးကို ဝတ်ထားသည်။ ထဘီကိုတော့ အနက်ရောင် ဖျော့ဖျော့ကလေးဟု ထင်သည်။ မောင်က မိန်းကလေးတွေရဲ့ အောက်ပိုင်းကို သိပ်စိုက်မကြည့်တတ်သဖြင့် ထင်သည်ဟုသာ သုံးခြင်းဖြစ်သည်။ နူးညံ့သော လက်မောင်းသားကလေးနှင့် ဝင်းမွတ်သော မျက်နှာကလေးကို တွေ့ရသည်။

မောင်သည် လင်း၏အလှကို အခုလို ကြည့်မိတိုင်း လင်းကို ပို၍ပို၍ ချစ်လာလေ့မရှိပါ။ ပို၍ပို၍ စိုးရိမ်လာတာပဲ ရှိပါသည်။ အဲဒီ “အလှ” ကို သူလည်း မယူရက်ပါ။ တခြားလူကိုလည်း မပေးနိုင်ပါ။ ထို့အတွက်





မောင့်ရင်ထဲမှာ နင့်၍နေသော ခံစားမှုသာရှိပါသည်။

“နင်တို့ ကြာပြီပေါ့”

“နင် မီးပူတစ်တိုက်စာလောက်ပေါ့ဟာ”

လင်း၏အမေးကို မင်္ဂလာက ရွှဲ့သံကလေးဖြင့် ဖြေသည်။

“အံမယ် ...မကာပါဘူးနော်၊ ဒီမှာ မောင့်လက်ဖက်ရည် ပန်းကန်ကိုကြည့်လိုက်၊ ခြောက်ကပ်တောင်နေပြီ၊ ဟုတ်တယ် မဟုတ်လား မောင်”

လင်းက ပျော့ပျော့ရွှင်ရွှင်နှင့် မောင့်ပခုံးကိုရိုက်ရင်း ပြောသည့်အတွက် မောင် စိတ်ထဲမှာ လေးလံနေတာတွေအားလုံး ခဏလွင့်၍သွား၏။ မောင်သည် ညာတတ်သည့်လူတစ်ယောက် မဟုတ်ဘူးဆိုတာကို လင်းသိပါသည်။ အထူးသဖြင့် လင်းနှင့်ပတ်သက်ပြီး မောင်သည် ဘယ်တော့မှ မညာတတ်ခဲ့ပါ။

“အေးပေါ့ ...ကြာပြီပေါ့ လင်းရဲ့”

“အင်း ...နင်တို့ကများ ညာနေသေးတယ်၊ လင်းမလာခင် နင်ဘာတွေ ပြောထားပြီးပြီလဲ”

“အင် ... မပြောပါဘူး”

“သြော် ...ဒါဆိုရင် မောင်တို့အားလုံး ပါးစပ်ကလေးတွေ ပိတ်ပြီးထိုင်နေကြတယ်ပေါ့၊ ဟုတ်လား”

လင်းသည် မောင့်တစ်ယောက်တည်းကို ခါးကလေးထောက်ပြီးရန်တွေ့သလို ဆိုသည်။ မျက်ဝန်းတွေကိုလည်း မောင့်မျက်နှာပေါ်ကို စိုက်ကြည့်ထားသေး၏။ ဒီလိုဆိုတော့လည်း မောင် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားခဲ့သည်။

“ဟို ကျောင်းတုန်းက အကြောင်းတွေ ပြောဖြစ်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတုန်းကအကြောင်း၊ ဟုတ်လား"

"ရှိ-ရှိ-ပါ"

"ဘယ်ကျောင်းတုန်းက အကြောင်းလဲ"

မောင် ဘာဆက်ပြောရမှန်း မသိတော့သဖြင့် လင်းထမှ မျက်နှာကို လွှဲလိုက်သည်။ ထိုအချိန်မှာပင် နံဘေးမှာ ကပ်ထိုင်နေသော မင်္ဂလာက မောင့်ခြေထောက်ကို တက်နင်းလိုက်၏။

"စတိတ်ကျောင်းတုန်းက အကြောင်းတွေ လျှောက်ပြောနေတာပါဟာ၊ အလကားကိစ္စတွေပါ"

"ကျောက်ဆူး ... လင်းမေးတာ မောင့်ကိုမေးနေတာ"

"ဟုတ်ပါတယ်ဟာ၊ အဲဒါတွေပါပဲ"

"အာ ... မရဘူးပြောပြ၊ မောင် နင် ငါ့ကို ဘယ်တုန်းက ချစ်တယ်ဆိုတာ ပြောပြမှာဆို၊ အဲဒါဆို ဘာလဲပြောပြ"

မောင့်ခြေထောက် နောက်တစ်ချက် ထပ်အနင်းခံရပြန်သည်။

"မဟုတ်ပါဘူးဆို လင်းကလည်း"

"ဒါဆို မောင် လင်းကို ဘာပြောမှာလဲ၊ ပြော"

မောင့်ခြေထောက် နောက်ထပ်တစ်ချက် ထပ်အနင်းခံရပြန်သည်။

"ငါ စဉ်းစားတုန်းပါ လင်းရယ်"

"မရဘူး ပြောပြဆို"

"ငါ မပြောရဲသေးလို့ပါ လင်းရယ်၊ ငါ ... ငါသူတို့ကို ဘာမှမပြောပြရသေးပါဘူး၊ ငါ လင်းတို့ကျောင်းကို စရောက်တဲ့ဟာကလေးပဲ ပြောတာပါ"

"မရဘူးဆို၊ မောင်နော်၊ လင်းစိတ်ဆိုးမှာပြောပြ"





"အဲဒါဆို လင်း သူတို့ကိုပဲ မေးကြည့်လိုက်တော့ဟာ"

မောင် ရုတ်တရက် ထိုင်ခုံကထပြီး ထွက်လာခဲ့သည်။ လှမ်းတားသံ လှမ်းခေါ်သံတွေ မကြားရပါ။ မောင့်ကျောကိုတော့ သူငယ်ချင်းတွေက ငေးကြည့်ချင် ကြည့်နေကြပါလိမ့်မည်။ မောင်က လိမ်ရတော့မယ်ဆိုလျှင် အခုလို ထထွက်သွားတတ်မှန်း သူငယ်ချင်းတွေ အားလုံးသိကြပါသည်။

အထူးသဖြင့် လင်းက ပို၍သိပါသည်။

လင်းကိုယ်လင်း စိတ်ဆိုးသွားမှန်း အချိန်မီသိလိုက်ရသဖြင့် လင်း မောင့်ကို လှမ်းခေါ်မလို ဖြစ်သွားတာကို ထိန်းသိမ်းလိုက်နိုင်သည်။ သို့သော်လည်း ထိုစိတ်ဆိုးလိုက်ရသော ခံစားမှုကိုတော့ တစ်နေ့နေ့ကျလျှင် မောင့်ဆီက ပြန်ယူရလိမ့်မည်ဟု လင်း မှတ်ထားလိုက်သည်။

မိန်းကလေးတို့ မည်သည် ဘယ်တော့မှ ခံစားချက်ဆိုတာကို အလကား ဆုံးရှုံးခံလေ့ခံထ မရှိတတ်ဘူး မဟုတ်လား။

"ဘာဖြစ်သွားတာလဲ မောင်က ..."

စပွမ်းက မျက်လုံးကြီးပြူးပြီး လင်းကိုသာ ပြန်ကြည့်နေသည်။ ဘာတစ်ခွန်းမှမပြော။ စပွမ်းဆီက ဒီလိုမျက်လုံးမျိုးကို မြင်ရပြီဆိုလျှင် လင်းမသိစေချင်တာ တစ်ခုခုတော့ လင်းမရောက်ခင်မှာ ဖြစ်ပြီးသားဆိုတာကို လင်းသိလိုက်ပြီ ဖြစ်သည်။ ဒီကိစ္စကိုလည်း လင်း အရမ်းသိချင်နေသည်။ ဒီတော့ လင်း ဘာလုပ်ရမလဲဆိုတာ သိပါသည်။

"ကဲ ... ငါမလာခင် မောင်က နင်တို့ကို ဘာပြောသွားသလဲဆိုတာ ငါ့ကိုပြောပြ၊ နင်တို့ ပြောမပြဘူးဆိုရင်တော့ မောင်က ငါ့ကို သက်သက် ချိုးသွားတာလို့ပဲ ငါယူဆလိုက်မယ်၊ နင်တို့ပုံစံတွေက မဟုတ်ဘူးဟာ"

"ဘာဆိုင်လို့လဲ လင်းရ၊ မောင်က သူ့ဘာသာသူ ထသွားတဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



လင်းက ဘယ်သူ့ကိုလို ရည်စူးပြီးမပြောဘဲ အားလုံးကို ပြောခြင်းဖြစ်သော်လည်း မင်္ဂလာက ကြောက်ကြောက်လန့်လန့်နှင့် ဝင်ဖြေရှင်းတော့ လင်းသည် ရန်သူကို တွေ့သွားသော ကျားသစ်မကလေး တစ်ကောင်လို မင်္ဂလာ့ဘက်သို့ မျက်နှာကို တည့်လိုက်သည်။ မင်္ဂလာသည် လင်း၏ မျက်လုံးတွေကို ရင်မဆိုင်ရဲဘဲ မျက်နှာလွှဲသွား၏။

"မင်္ဂလာ ... ဒီနေ့က မောင်က လင်းကို ဘယ်တုန်းက ချစ်တယ်ဆိုတာ သူငယ်ချင်းတွေရှေ့မှာ ပြောပြဖို့ ချိန်းထားတဲ့နေ့နော်၊ လင်းလိုက်လာတာလည်း အဲဒါကြောင့်မို့လို့ လိုက်လာတာ၊ အဲဒီတော့ မောင်ဘာပြောသွားသလဲဆိုတာ လင်းသိချင်တယ်၊ ဒါပဲ မပြောရင်တော့ ..."

"လင်း ... နင်ကလည်း ဒေါသချည်းပဲ၊ မောင်က ပြောသွားရင် သူတို့က မပြောဘဲနေမလားဟ၊ နင့်ကိုလည်း ငါ စိတ်ညစ်တယ် သိလား၊ နေရာတကာ နင်လုပ်ချင်တာကို လုပ်ရမှ"

"ငွေသီး ... နင်ဘာသိလို့လဲ၊ လင်းတို့မလာခင် မောင်က သူတို့ကို တစ်ခုခုကို ပြောသွားပြီးပြီ၊ အဲဒါသေချာတယ်၊ အဲဒါကို သူတို့က လင်းကို မပြောဘဲ ဘာဖြစ်လို့ ညာနေတာလဲလို့၊ ငွေသီး နင်နော်"

"ကဲ ... ကဲ ... မောင်က ငါတို့ကို ပြောပြသွားတာရှိတယ်၊ ဒါပေမဲ့ အဲဒါကို သူက တရားဝင်ပြောသွားတာတော့ မဟုတ်ဘူး၊ အဲဒီလိုဆိုရင်တဲ့ အဲဒါဟုတ်လားဆိုတာ တိုင်ပင်တာပဲရှိတာ"

ကျောက်ဆူးက သူ့ထုံးစံအတိုင်း လေးလေးကြီး ဝင်ပြောတော့ လင်း ပို၍ ဒေါသဖြစ်သွားသည်။ ဒါပေမဲ့ လင်းသည် ဒီလိုကိစ္စမျိုးမှာ ဒေါသကို ရှေ့တန်းတင်ထားလျှင် ကိုယ့်ဘက်က ဏ္ဍြေပျက်သွားမည်ဆိုတာလောက်ကိုတော့ သိပြီးသားဖြစ်ပါသည်။ ဒါပေမဲ့လည်း မောင်က





သူ့ကို ဘယ်အချိန်မှာ ဘယ်လိုချစ်တယ်လို့ ပြောသွားတယ် ဆိုတာကို သော လင်း အရမ်းကြီးကို သိချင်နေသည်။ ဒီလို အရမ်းသိချင်စိတ်ကို လည်း သူငယ်ချင်းတွေ မသိရအောင် ထိန်းသိမ်း၍ ထားရသေးသည်။

မောင်သည် သူ့ကို ပညာလှလှ ပေးသွားပြီဆိုတာ လင်း သိလိုက်သည်။

"ဪ ... ဪ ... ဒီလိုလား၊ အဲဒါ တမင်လူလည်ကျသွားတာပေါ့၊ လင်းကို သက်သက်လုပ်သွားတာပေါ့၊ ဟုတ်လား၊ ကာယကံရှင်ကိုတော့ မပြောဘဲ အေးလူတွေကို ပြောပြပြီး ရှောင်ထွက်သွားတယ်ပေါ့၊ အဲဒီကိစ္စကို သူက ဘာဖြစ်လို့ လင်းကို မပြောရဲရမှာလဲ၊ ဒါသက်သက် တမင်လုပ်တာ၊ နင်တို့ မောင့်ကို ပြောလိုက်၊ လင်းကို ဘာစကားမှ လာမပြောနဲ့တော့လို့"

"လင်း ..."

ချဉ်ဖတ်က လင်း၏ လက်မောင်းကလေးကို ကိုင်လှုပ်ရင်း အသံကို ခပ်တင်းတင်း ကြိတ်ခေါ်သည်။ ချဉ်ဖတ်သည် သူတို့ထဲမှာ နည်းနည်းကလေး စိတ်ထက်သော မိန်းကလေးဆိုတာကို အားလုံးသိကြသည်။ ဒါကြောင့် လင်း မျက်လုံးအားကို နည်းနည်းလျှော့ကာ ချဉ်ဖတ်ကို ကြည့်လိုက်သည်။

"မောင်က နင့်ကို ဘာဖြစ်လို့ သူ ချစ်ရပါတယ်ဆိုတာ ငါတို့ကို ဖွင့်ပြောသွားတယ် လင်း၊ ငါတို့ အဲဒီအကြောင်းကို ဖွင့်ပြောပြမယ် ဒါပေမဲ့ အဲဒီကိစ္စဟာ မောင်က နင့်ကို တရားဝင် ဖွင့်ပြောတာတော့ မဟုတ်ဘူးနော်၊ အဲဒါကိုတော့ နင် သဘောတူရလိမ့်မယ် လင်း"

လင်း ခဏစဉ်းစားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

လင်း စိတ်ထဲမှာ မောင်က သူ့ကို ဘယ်တုန်းက ဘယ်လိုချစ်တာလဲဆိုတာကို သိချင်နေတာ အမှန်ပင်ဖြစ်သည်။ ထိုသို့ သိလိုက်ရသည့်အတွက် မောင့်ကို အဖြေမပေးချင်သေးတာလည်း အမှန်ပင်ဖြစ်သည်။ ဒီတော့ အခု ချဉ်ဖတ်ပြောနေပုံက လင်းလိုချင်တာတွေနှင့် အံကိုက်သည်ဟုပဲ ပြောရမလို ဖြစ်နေသဖြင့် သဘောတူလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကဲ ... ဒါဆိုရင်လည်း နင်ပြောတဲ့အတိုင်းပဲ ထားတော့ ချဉ်ဖတ်ရာ"

ချဉ်ဖတ်က တစ်ချက်ပြုံးပြီး ခေါင်းကိုညိတ်သည်။

ပြီးတော့ သူငယ်ချင်းတွေ အားလုံးဘက်ကို လှည့်ကြည့်ပြီး အတည်ပြုသလို ကြည့်လိုက်၏။

"စပွမ်း နင်ပြောပြလိုက်"

ချဉ်ဖတ် လွှဲပေးလိုက်တာကို လင်းက သဘောတူညီစွာပင် စပွမ်းဘက်သို့ မျက်နှာကို လှည့်လိုက်၏။ ချဉ်ဖတ်က စကားပြောတာ ပြတ်သည်။ သူပြောလျှင် နားထောင်လို့ မကောင်းဖို့ကများသည်။ စပွမ်းကတော့ မုံရွာလေကလေး ဝဲတာကလွဲလို့ စကားကို ချေချေငံငံ ပြောတတ်သူဖြစ်ပါသည်။ အပိုကလေးတွေပါ တတ်သော်လည်း စပွမ်းပြောသော အပိုကလေးတွေက ဆီလျော်အောင် ထည့်ထားသော အပိုကလေးတွေမို့ နားထောင်လို့ ကောင်းတတ်ပါသည်။

"အင်း ... မောင်ပြောတာက ဟိုနေ့လေဟာ၊ လင်းကို နွေရာလင်း ဆိုပြီးတော့ ရေးတဲ့နေ့ဟာ"

"ဘာ ..."

"လင်း နာမည်ကို နွေရာလင်း အပေါင်းဆိုပြီး အုတ်နံရံမှာ ရေးတဲ့နေ့လေဟာ၊ အဲဒီနေ့ကို ပြောတာ"

"……………"

လင်း စပွမ်းကို ဘာမှပြန်မပြောနိုင်ပါ။

နှုတ်ခမ်းကိုဟ၊ မျက်မှောင်ကို အတင်းကျုံ့ရင်း စိတ်ကိုရော နှလုံးသားကိုပါ အတိတ်ဆီသို့ ခရီးပြင်းနှင်လိုက်ရသည်။ အဖြစ်အပျက်တွေအာလုံ့သည် လွှင့်ခနဲ ရိပ်ခနဲ လင်း၏စိတ်ထဲမှာ ခွဲထွက်သွားကြသည်။

လင်း၏စိတ်သည် အဝေးပြေးလမ်းမကြီး တစ်ခုပေါ်မှာ အတားအဆီးမဲ့ အားကုန်မောင်းနေသော ကားတစ်စင်းလို ဖြစ်၍နေ၏။

"ကျောင်းရှေ့နံရံမှာ ရေးတာလေဟာ၊ နွေရာလင်း အပေါင်း ..."

"သိပြီ၊ တော်ပြီ ... သိပြီ၊ အဲဒါကို ... အဲဒါကို ပြောတာ"

အားလုံးက လင်းကို ထိတ်လန့်တကြား ဝိုင်းကြည့်လိုက်ကြသည်။

"မဟုတ်ပါဘူးဟာ၊ မဟုတ်ပါဘူး၊ အဲဒါကြီးကတော့ မဟုတ်သေးပါဘူးဟာ၊ မောင် ငါ့ကို ချစ်တယ်ဆိုတာ လုံးဝမဟုတ်ပါဘူး၊ တွေ့လား၊ နင်တို့ တွေ့ပြီလား၊ အဲဒါကို တိုင်တာက လင်းကိုယ်တိုင် တိုင်တာလေ၊ သူ့ဘာသာသူ အရှက်မရှိ ကျောင်းအုတ်နံရံမှာ ရေးတာကြီးက ဘယ်လိုလုပ်ပြီး လင်းကိုချစ်တာ ဖြစ်နိုင်မှာတဲ့တုံး၊ အမလေး ... အရှုံးရဲ့၊ နင်တို့ မောင်က ရှုံးနေပါပြီဟာ၊ အဲဒီကိစ္စတွေလည်း လင်းက မေ့နေတောင်နေပြီ၊ မဟုတ်ဘူးဟာ၊ မဟုတ်ဘူး၊ လင်း စိတ်ဆိုးတယ်လို့ ပြောလိုက်၊ လုံးဝ အခွင့်အလမ်းမရှိဘူး"

ခါးခါးသီးသီး ပြင်းပြင်းထန်ထန် ငြင်းနေသော လင်းကို ဘယ်သူကမှ ဝင်မတားပါ။ အကယ်၍ မောင်သာ အနားမှာရှိနေခဲ့လျှင် လင်းသည် မောင့်ကို ကုတ်ဖဲ့ပြီး ထုနှက်ပစ်လိုက်မိမှာ သေချာနေသည်။

www.burmeseclassic.com



ကြည့်ပြီး ... သူ့ကိုချစ်တဲ့နေ့က အဲဒီလိုနေ့မျိုးကို ချစ်ရသတဲ့

အနှံ့ ... သုံးဝမရှိ။

ရင်ခုန်စရာလည်းမကောင်း။

အလကားကောင် ...။

*မောင်ဟာ တကယ့် အလကားကောင်ပါ။*

"ဒါကြောင့်မို့လည်း သူက နင့်ကို မပြောဘဲ ထွက်သွားတာပေါ့ လင်းရဲ့၊ မောင်က နင့်ကို ချစ်ပါတယ်ဟာ"

"တော်ပါတော့ ဒေါ်ရွှေစပွမ်းရယ်၊ အဲဒီလိုနေ့မျိုးမှာ ချစ်တာဆိုရင်တော့ နင့်ရဲ့ မောင်တော်လေ‘ကို နင်ပဲချစ်လိုက်တော့၊ ဟုတ်တယ်၊ စဉ်းစားကြည့်ပါဦးဟယ်၊ နင်တို့အာ.လုံးလည်း အဲဒီနေ့ကို သိတာပဲဟာ၊ စိတ်ညစ်ဖို့ ကောင်းလိုက်တာ၊ ဒါများ သူက လင်းကိုချစ်ကယ်တဲ့"

"ကဲပါ ... မောင်က တရားဝင်ပြောတာ မဟုတ်ဘူးလို့ ငါတို့က လင်းကို ပြောနေပြီပဲ"

"အေးပါ ... ချဉ်ဖတ်ရဲ့၊ တရားဝင်ဆိုရင်လည်း နင်တို့ကောင် အနံ့ခံရမှာပဲ၊ ကဲ ... ဒီတော့ ဒီလိုလုပ်ဟာ၊ သူ နောက်တစ်ခါပြောရင် လင်းရှေ့မှာပဲ ပြောတော့ဟာ၊ ပြီးတော့ သူ့ကိုလည်း ပြောလိုက်ပါ၊ သူတကယ်ချစ်တဲ့နေ့ကိုပဲ ရွေးပြောပါလို့ ... နော်"

သူငယ်ချင်းတွေအားလုံး ခဏတိတ်သွားကြသည်။

မင်္ဂလာက ခေါင်းကိုရမ်းနေသည်။ ကျောက်ဆူးကတော့ ခေါင်းကို ညိတ်ညိတ်၍နေ၏။ ဇွဲသီးက ရှေ့က လက်ဖက်ရည်ခွက်ကို အကုန်မော့ချပစ်လိုက်သည်။ စပွမ်းက ခေါင်းကို မယားဘဲကုတ်သည်။ ချဉ်ဖတ်



... အကြော်ပြင်.ကို ချလိုက်ရင်း -

"အေးလေ ... မောင့်ကို ငါတို့ ပြောလိုက်ပါ့မယ်၊ နင်နဲ့တွေ့ရင်လည်း ပြောပေါ့ လင်းရဲ့"

"အမလေး ... နင်တို့မောင်က ငါ့ကိုချစ်တယ်လို့ ပြောပြီးကတည်းက အရင်လို မနေတော့ဘဲ ရှောင်ရှောင်နေတာ ဘယ်နှရက်ရှိပြီလဲ၊ နင်တို့လည်း သိရက်သားနဲ့"

"ဒါတော့ဟာ သူကလည်း နင့်ကို ရှက်နေလို့နေမှာပေါ့"

"တော်ပါဟာ သူ့ကိုယ်သူ ဆရာကြီး လုပ်နေတာပါ"

"ကဲ ... တော်လောက်ပြီ လင်း၊ နင်တို့ ကိစ္စရှိတယ်ဆိုလို့ ငါလည်း ဒဂုံက အုတ်တွေ၊ သဲတွေ၊ ကျောက်တွေကိုပစ်ပြီး လာရတာ၊ ငါပြန်တော့မယ်"

ဇွဲသီးက ပိုက်ဆံနှစ်ရာကို စားပွဲပေါ်တင်ရင်း ဆိုသည်။ ဇွဲသီးက ဒဂုံမှာ အုတ်သဲကျောက်ဆိုင် ဖွင့်ထားသည်။

"အောင်မာ ... နင်ပြောတော့ နင်ပဲ သိချင်တယ်ဆို ဇွဲသီးရဲ့"

"ငါက ကဗျာများ ဆန်မလားလို့ပါဟာ"

ဇွဲသီးစကားကြောင့် အားလုံး ဝိုင်းရယ်လိုက်ကြသည်။ ဇွဲသီးသည် ကဗျာကို တော်တော်မုန်းသော လူတစ်ယောက် ဖြစ်သည်ဆိုတာကို အားလုံးက သိထားသောကြောင့် ဖြစ်သည်။ လှမင်းဆိုသော အမေပေးသည့် နာမည်ပျောက်ကာ "ဇွဲသီး" နာမည် ရောက်လာတာက "ကဗျာ" တစ်ပုဒ်ကြောင့် ဖြစ်သည်။ နောက်ကျမှ ဇွဲသီးအကြောင်းကို ပြောပြဦးမည်။

"ကဲ ... တော်ပါ ကိုယ်တော်၊ ပိုက်ဆံပြန်ယူသွား၊ ဒီနေ့ လင်း ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံမယ်

"အင်း ... ကောင်းသားပဲ၊ ဒါဆို နောက်တစ်ခါပြောရင် ဒီဆိုင်မှာ မချိန်းနဲ့၊ ပန်းဆိုးတန်းဆိပ်ကမ်းက ရွှေဘဲလေးမှာချိန်းလိုက်၊ ဟုတ်ပြီလား"

ဝွေးသီးစကားကြောင့် သူငယ်ချင်းတွေအားလုံး အားရပါးရ ထပ်ရယ်လိုက်ကြသည်။ လင်းက ဝွေးသီး၏ လက်မောင်းနှင့် ကျောကုန်းကို ထုသည်။ ဝွေးသီးက ရယ်စရာ ပြောလေ့ပြောထ မရှိသူမို့လည်း ပိုရယ်ရတာ ဖြစ်ပါလိမ့်မည်။

သူငယ်ချင်းတွေအားလုံး ရယ်နေချိန်မှာ မောင် ... ထိုရယ်သံတွေထဲမှာ မပါနိုင်ခဲ့။ မောင်ရယ် ... နင်က သိပ်ခက်တာပဲ သိလား။

လင်းသည် ရုတ်တရက် စိတ်မကောင်းဖြစ်သွားသော အတွေးကလေးကိုတော့ ဘယ်သူမှမသိရအောင် စိတ်ထဲမှာ သိမ်းထားလိုက်ပါသည်။

■



(၅)

"လင်းက တော်တော်ကို စိတ်ဝင်စားပါတယ်၊ သူလည်း မင်းက ဘာ့ကြောင့် ဘယ်နေရာမျိုးမှာ ချစ်သွားတယ်ဆိုတာကို အရမ်းသိချင်နေတာ သေချာပါတယ်ကွာ၊ ဒါကြောင့်မို့ မင်းထွက်သွားတော့ လင်း အားမလို အားမရ ဖြစ်ကျန်ခဲ့တာပေါ့"

"မိန်းကလေးတွေက 'အရမ်း' ဆိုတဲ့ စိတ်ခံစားမှုကို ထိန်းတဲ့နေရာမှာ သိပ်တော်တယ်ကွ၊ တော်ဆို ဒီ 'အရမ်း' ဆိုတာကို သူတို့က ငယ်ငယ်ကလေးကတည်းက ထိန်းသိမ်းလာတာကိုး၊ အဲဒီ 'အရမ်း' ကို ထိန်းသိမ်းတာကို ဣန္ဒြေလို့ခေါ်တယ်"

"မာယာပါကွာ"

မောင်က မပွင့်တပွင့် ပြောသည်။

မနေ့က လင်း သူတို့ဆီလာတော့ လင်းစိတ်ထဲမှာ သိပ်ခိုးလှုပ်



www.burmeseclassic.com

www.burmeseclassic.com

ရှားနေသည့် ပုံစံမျိုး မတွေ့ရပါ။ ခုနက မင်္ဂလာပြောသလို 'အရမ်းသိချင်နေတာ' ကို ဣန္ဒြေနှင့် ထိန်းသိမ်းထားသည်ပဲ ဆိုပါစို့။ နူးညံ့သိမ်မွေ့သော စိတ်လှုပ်ရှားမှုကလေးလောက်တော့ ရှိနေသင့်သည်ဟု ထင်ပါသည်။

*လင်းဆီက မောင်လိုချင်မိသော "နူးညံ့သိမ်မွေ့ခြင်း" ကို မောင်* ခပြာမပြတတ်ပါ။ မြင်တော့ မြင်ခဲ့ဖူးပါသည်။ မြင်ဖူးတာမှ အဲဒီနေ့က သင်းဘယ်လောက် နူးညံ့သိမ်မွေ့စွာ စိတ်လှုပ်ရှားနေခဲ့သလဲ ဆိုတာကို သိသူဆို၍ သူငယ်ချင်းအားလုံးထဲတွင် မောင်တစ်ယောက်သာ ရှိခဲ့ပါသည်။

ထိုနေ့သည် မောင် ပထမဦးဆုံး မြတ်ထင်အောင်နှင့် တွေ့ခဲ့ဖူးသောနေ့လည်း ဖြစ်ပါသည်။

အဲဒီနေ့က စပွမ်း၏အစ်မ ရွှေစင်တိုး၏ မင်္ဂလာလက်ဖွဲ့ပ်ကလေးကို အပ်ထားရာမှ သွားရွေးကြသော နေ့လည်းဖြစ်သည်။ ပထမတော့ မောင်က လိုက်ဖို့ရည်ရွယ်ချက် မရှိပါ။ လင်းတို့ မိန်းကလေးတွေ အားလုံးကတော့ "စိန်လက်စွပ်" ဆိုတာနှင့်ပင် တကိုယကမ္ဘာစစ်ဖြစ်မှာ ဆိုရင်တောင် ရောက်အောင် သွားတော့မှာဆိုတာ ကျိန်းသေဖြစ်နေကြပြီ။

"မောင် လိုက်ခဲ့လေဟာ"

"အာ ... မလိုက်ချင်ပါဘူး၊ လက်စွပ်ကိစ္စက ငါနဲ့ဘာဆိုင်လို့လဲ၊ လင်းတို့ဘာသာပဲ သွားကြပါ၊ စပွန်းရော ချဉ်ဖတ်ရော ပါနေတဲ့ဥစ္စာ၊ လင်းကလည်း ..."

"လင်းက လိုက်ခဲ့စေချင်လို့ပေါ့ မောင်ရဲ့၊ မောင်လည်း သတို့သားအရံပဲဟာ၊ လိုက်ခဲ့ပါမောင်ရယ် နော်"

"အာ ... လင်းတို့က စိန်လက်စွပ်ကြီးကို ဝိုင်းကြည့်နေကြမှာ၊ ပြီးတော့ လင်းတို့ပြောတဲ့ စကားတွေကိုလည်း ငါက နားလည်မှာမှ မဟုတ်ဘာ လင်းရယ်၊ ကိုယ့်ဘာသာပဲ သွားလိုက်ပါနော်"

"မောင် အကြောင်းပြစရာတွေ သိပ်ထုတ်မနေနဲ့၊ လင်း ခေါ်ဘာကို လိုက်မလား မလိုက်ဘူးလား ပြော"

*"လင်းကလည်း လင်းတို့ဘာသာ သွားကြတော့၊ ပိုပြီးလွတ် ..."*

မောင့်စကား မဆုံးလိုက်ပါ။ အိမ်ထဲဝင်ပြီး အဆင်သင့်ဖြစ်လို့ထွက်လာတဲ့ စပွမ်းတို့မိသားစုနှင့် သူငယ်ချင်းတွေရှေ့မှာ လင်းက မောင့်လက်မောင်းကို ချိတ်ပြီးနေပြီဖြစ်သည်။ ဒီတော့ မောင် အားနာနာနှင့်လက်မောင်းကို အတင်းချွတ်ရသည်။ မောင် အားနာတာက သူငယ်ချင်းတွေကို မဟုတ်ပါ။ စပွမ်း၏အစ်မ မရွှေစင်တိုးနှင့် သူ့ခင်ပွန်းလောင်း၊ ပြီးတော့ စပွမ်းရဲ့ မိဘတွေကို အားနာခြင်းဖြစ်၏။

"ဟ ... လင်း ... လင်" လွှတ်ပါဟ၊ လွှတ်ပါဆိုနေဟာ၊ ဒုက္ခပါပဲ"

"မလွှတ်ဘူး၊ ချုပ်ထားတယ်၊ နောက် လင်းကခေါ်ရင် ငြင်းဦးမလား"

"ကဲ ... မငြင်းတော့ဘူးဟာ၊ ချုပ်ထားတဲ့လက်ကို လွှတ်"

"မလွှတ်ဘူးဟေ့ ... နော်"

"ဟေး ..."

နောက်က သူငယ်ချင်းတွေက လက်ခုပ်လက်ဝါးတီးကြသည်။

"သတို့သားအရံနဲ့ သတို့သမီးအရံကြီးတို့ လမ်းလျှောက်ကျင့်ကြပြီ"

"နှင်တို့ပုံစံက သတို့သမီး သတို့သားအရံနဲ့ မတူဘူး၊ ရဲကမှမိထားတဲ့ ခါးပိုက်နှိုက်နဲ့ တူနေတယ်ဟေ့"

တစ်ခွန်းပြော တစ်ခါရယ်ကြမို့ ရပ်ထားသည့် ကားတွေနား ...




www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲကနေ ဘယ်လိုရောက်သွားလိုက်မှန်းပင် မောင် မသိလိုက်။ လင်းက လက်မောင်းချင်း ချိတ်လျှောက်တာကို မောင် ရှက်ခြင်းမဟုတ်ပါ။ ဆယ်တန်းအောင်စာရင်း ထွက်သည့်ညကလည်း လင်းသည် စိတ်လှုပ်ရှားစွာဖြင့် မောင့်လက်မောင်း ကို မကြာခဏ ကိုင်တတ်ခဲ့သည်။ စာမေးပွဲအောင်ပြီး (၃) နှစ်လုံ ပါတော့လည်း မောင့်လက်ကို မလွှတ်တော့။

တက္ကသိုလ်နယ်မြေကို စခြေချတဲ့နေ့။

လင်း၏အစ်ကို နိုင်ငံခြား ကို ထွက်တဲ့နေ့။

လင်း၏ဖေဖေ ဆုံးသည့်နေ့။

နောက် မောင် မမှတ်မိတော့သော နေ့ပေါင်းများစွာ အကြိမ်ပေါင်းများစွာ လင်းသည် မောင့်လက်မောင်းကို ကိုင်တတ်လေသည်။ ထိုသို့ မောင့်လက်မောင်းကို လင်းက ကိုင်ခြင်းသည်လည်း သူငယ်ချင်းတွေကြားထဲမှာ ထူးထူးခြားခြား မဟုတ်ခဲ့ပါ။

ဒါပေမဲ့ အဲဒီနေ့က စိန်လက်စွပ်ကြည့်ဖို့အသွား ကားပေါ်မှာ စပွမ်းအ် မေမေက ထိုကိစ္စကို မေးခဲ့သည်ဟု ဆိုသည်။ လင်းတို့ မောင်တို့ကတော့ နောက်ကားတစ်ကားနှင့်မို့ မသိခဲ့ရပါ။ စပွမ်းက မောင့်ကို ပြန်ပြောပြခဲ့သည်။ စပွမ်း၏ နာမည်အရင်းက "ရွှေစင်မို" ဖြစ်သည်။

"သူတို့နှစ်ယောက်က ချစ်သူတွေဖြစ်တာ ကြာပြီလား မိမို၊ လိုက်ကြသာ ပဲ"

"အာ ... သူတို့က သူငယ်ချင်းတွေချည်းပါပဲ မေမေရဲ့"

"သူငယ်ချင်းတွေ၊ ဟယ် ... သူတို့ပုံစံက သူငယ်ချင်းတွေပုံစံမဟုတ်တော့ပါဘူး၊ ငါတို့လည်း ငယ်ရာက ကြီးလာတာပဲ၊ သိပါတယ်၊ သမီးတို့ကို မပြောဘဲထားတာ နေမှာပေါ့"

"မဟုတ်ဘူး မေမေရဲ့၊ တကယ့်ကို သူငယ်ချင်းတွေပါ၊ လင်းက မောင့်ကို အရမ်းနိုင်တာလေ၊ မေမေက လက်မောင်းကိုင်ပြီး သွားတာကို ပြောတာမဟုတ်လား"

"အေးလေ ... ငါတို့အားလုံး ရှေ့မှာပဲဟာကို"

"မဟုတ်ဘူး မေမေရဲ့၊ လင်းက မောင့်လက်မောင်းကို ငယ်ငယ်ကလေးကတည်းက ကိုင်နေကျ မေမေရဲ့"

"သြော် ... သြော် ... အင်း ... နင်တို့ခေတ်ကိုလည်း ငါတို့ နားမလည်နိုင်တော့ပါဘူးဟယ်"

"လင်းက သူ့ဖေဖေနဲ့ အစ်ကို့ကို လက်မောင်းကိုင်နေကျမို့ပါ မေမေ၊ သူတို့က ရိုးရိုးပါ"

မောင်တို့ ကြီးမားကျယ်ဝန်း၍ လှပသော ခြံဝင်းကြီးထဲကိုရောက်သော မောင့်စိတ်ထဲမှာ ဒါမှ "အိမ်" လို့ ခေါ်တာဟုပင် တွေးလိုက်မိသည်။ ဘယ်နှပေလောက် ကျယ်မှန်းမသိတော့သည့် ခြံဝင်းကျယ်ကြီးထဲမှာ အိမ်ကို ဟိုး အနောက်ဘက်ဆုံးသို့ ကပ်ပြီး မျက်နှာဖွင့်ဆောက်၍ထားသည်။ တစ်အိမ်လုံးကိုလည်း ဆင်စွယ်ရောင်ဆေး သုတ်၍ထားသည်။

ရှေ့တွင် လွှတ်ထားသော မြေနေရာမှာ လမ်းကလေးသည်လည်း ကောင်း၊ ညာဘက်အခြမ်းဘက်က ပန်းခြံကလေးသည်လည်းကောင်း၊ ငှေါ်ကလေးတွေ ရှစ်ကောင် ပါးစပ်ဟ၍နေသည့် ရေပန်းဖွင့် ရေကန်ကလေးသည်လည်းကောင်း၊ စိမ်းနေသော မြက်ခင်းပြင်ထဲမှာရှိသည့် လေ့ကျင့်ရေး ဂေါက်ကွင်းကလေးသည်လည်းကောင်း၊ ထုထည်ကိုသာ ဦးစားပေး ဆောက်ထားသည့် အိမ်ကြီးရှေ့မှ ထုထည်ကောင်းသော ပေါ်တီကိုကြီးသည်လည်းကောင်း အားလုံး၏ စိတ်နှလုံးကို ယဉ်ကျေးစွာ ဖမ်းစား





www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်လေသည်။

ပန်းခြံထဲမှာ၊ မြက်ခင်းပြင်မှာ၊ လမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်မှာ ခန်းနားမှုကို အပြစ်ပြောစရာမရှိလောက်အောင် ပံ့ပိုးပေးနေသည့် ဝန်ထမ်းများစွာကိုလည်း တွေ့နိုင်လေသည်။

မောင်တို့အားလုံး ခဏတော့ စကားပြောဖို့ မေ့သွားပြီးမှ ထုံးစံအတိုင်း လင်းနှင့် ချဉ်ဖတ်တို့ တိုးတိုးတိတ်တိတ် ပေဖန်သံကို စတင်ကြားရသည်။

"အမလေး... ကောင်းလိုက်တဲ့ အိမ်ကြီးပါလား"

"အိမ်လို့တောင်မှ ခေါ်ချင်စရာ မကောင်းတော့ဘူး သူ့ဟာက၊ ဟဲ့... လင်း ဒါ မြတ်ထင်အောင်ပိုင်တာတဲ့ သိလား"

"ဟဲ့... သူ့အိမ်ပါဆိုနေမှ သူပိုင်တာပေါ့"

"ဟီ... ဟီ..."

"အောင်မယ်... မိန်းမ နှင့် ဘာရယ်တာလဲ"

"လင်းကလည်း ဒီလိုအိမ်မျိုးမှာ နေရရင်ကောင်းမလားလို့ပေါ့ဟ"

"မိန်းမနော်... မိန်းမ"

"ဟုတ်ကဲ့၊ အိမ်ထဲကို ကြွပါခင်ဗျာ"

အချင်းချင်း စကားပြောကောင်းနေတုန်း ယဉ်ကျေးသိမ်မွေ့သော ဖိတ်ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အဖြူရောင်ကော်လံ လည်ကတုံး အင်္ကျီနှင့် မြင်းချေးရောင် စတိုင်ဘောင်းဘီကို သပ်ရပ်စွာ ဝတ်ဆင်ထားသော မောင့်ထက် အသက်အနည်းငယ်ပင် ကြီးဟန်တူသော ကြည်လင်ထက်မြက်ပြီး တော်တော်လေး ကြည့်ကောင်းသော ယောကျာ်းတစ်ယောက်ကို တွေ့ရလေသည်။





ထိုလူ၏ ပျူငှာသိမ်မွေ့မှုသည်လည်းကောင်း၊ ကိုယ့်အတွေးနှင့် ကိုယ့်စိတ်ကြည့်ချင်ရာကို လျှောက်ကြည့်နေခြင်းသည် လည်းကောင်း အရှိန်အားနာစရာကောင်းသွားမှန်း အားလုံးသိလိုက်ရပြီး ဘာပြောရမှန်း မသိတော့လောက်အောင် လက်လွှတ်စပယ် ဖြစ်သွားကြသည်။

လှမ်းကြည့်တော့ စပွမ်၏ အဖေနှင့် အမေတို့အားလုံးက ပေါ်တီကို အောက်ကိုတောင်မှ ရောက်နေကြပြီ ဖြစ်သည်။

ပျူငှာခင်မင်စွာ ခေါ်သူက မောင်တို့အားလုံးကို တစ်ချက်ပြုံး၍ ကြည့်ပြီး ထွက်သည်။

"သေလိုက်ပါတော့၊ အဲဒါ မြတ်ထင်အောင်ကိုယ်တိုင်ဟ၊ ငါတို့တော့ အရှက်ကွဲပြီ၊ အဲဒါ နင့်ကြောင့် ချဉ်ဖတ်"

"အမယ်... ဘာဆိုင်လို့၊ ငါက အိမ်ကိုပဲ ငမ်းနေတာ"

"တော်ပြီ... တော်ပြီ မိန်းမ၊ လာ မောင်... လာလေ... မောင်ကလည်း"

လင်းက လက်ကိုကမ်းသဖြင့် မောင် လန့်ဖြန့်ကာ လင်းကိုရှောင်ပြီး လျှောက်လာခဲ့သည်။ အိမ်က ခမ်းနားလွန်းတော့ လမ်းလျှောက်ရတာ သည်ပင်လျှင် အရသာတစ်ခု ဖြစ်၍နေသည်။

"ရတနာပစ္စည်းကို ရှာရတဲ့အခါမျိုးမှာ ကျွန်တော်တို့ အနေနဲ့က တော့ တော်တော်လေး တာဝန်ကြီးတယ်လို့ ပြောချင်ပါတယ်၊ 'တာဝန်ကြီးတယ်' ဆိုတဲ့ စကားကို သုံးရတာက ကျွန်တော့်ကိုယ် ကျွန်တော် ဂုဏ်တင်ချင်လို့ မဟုတ်ပါဘူး၊ ကျွန်တော် ရှာပေးလိုက်တဲ့ ရတနာပစ္စည်းကို ဝတ်ဆင်မယ့် မိသားစုရဲ့ 'ဂုဏ်' ကိုသာ ဆိုလိုတာပါ"

"ကျွန်တော် ရှင်းပြရရင်တော့ ရတနာကို လူတွေလိုချင်ကြတာ အမျိုးမျိုး ရှိကြပါတယ်၊ တချို့က ကိုယ့်မှာငွေပိုလို့ ဝယ်ကြတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



တချို့က စိန်ဆိုရင် ဝတ်ချင်လို့၊ တချို့က လက်ဆောင်ပေးချင်လို့၊ တချို့က ငွေစုချင်လို့၊ တချို့ကတော့ အခု ဦးမင်းခန့်တို့ မိသားစု လက်ထပ်ထား ချင်သလို 'မင်္ဂလာ' ကိစ္စမျိုးပါ"

စကားပြော လေယူလေသိမ်းက အလွန်တရာကောင်းသလို စကားလုံးတွေအလိုက် မျက်နှာအမူအရာ ပြောင်းလဲမှုကလည်း ကောင်းပါသည်။ ခမ်းနားသည့် အိမ်ကြီးအတွင်းသို့ ရောက်ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိကြသော စပွမ်းတို့ မိသားစုနှင့် မောင်တို့အားလုံး၏ မျက်ဝန်းတွေအားလုံး သူ့အသံနှင့် သူ့မျက်နှာကိုသာ စိတ်ဝင်စားသွားအောင်အထိကို မြတ်ထင်အောင်၏ စကားပြောက ကောင်းလွန်းလှသည်။

"ဘာဖြစ်လို့ မင်္ဂလာကိစ္စဟာ အရေးကြီးသလဲဆိုတော့ လက်ဝတ်ရတနာတွေထဲမှာ ဒီနေ့အထိ ထိပ်ဆုံးက ဂုဏ်သိက္ခာ ရှိနေဆဲဖြစ်တဲ့ စိန်ဟာ ကောင်းကျိုးချမ်းသာ ဂုဏ်ကျက်သရေ မင်္ဂလာအဖြာဖြာကို ပေးနိုင်သလို တစ်ခါတလေမှာလည်း ဆန့်ကျင်ဘက် ဆိုးကျိုးကလေးတွေကို ဖြစ်တတ်လို့ပါပဲ"

"ဩော ... ဒါဆိုရင် စိန်ဟာ တော်တော့်ကို သတိထားပြီး ဝတ်ရမယ့် လက်ဝတ်ရတနာတစ်ခု ဆိုပါတော့ ဟုတ်လား၊ အန်ကယ်လ်လည်း စိန်ကိုဝတ်ဖြစ်တာ လေးဆယ်ကျော်မှ ဆိုပေမယ့် စိန်အကြောင်းတော့ သိပ်မသိပါဘူး၊ ပိုင်ရှင်တွေကို ဒုက္ခတစ်ခုခုပေးတတ်တဲ့ စိန်တွေရှိတယ် ဆိုတာလောက်တော့ ကြားဖူးပါတယ် မောင်ရင်ရယ်"

စပွမ်းဖေဖေ့စကားကို မြတ်ထင်အောင်က ယဉ်ကျေးသိမ်မွေ့စွာ နားထောင်ပါသည်။ နားထောင်နေတုန်းမှာ ပြုံးလိုက်တာတို့၊ ရယ်လိုက်တာတို့ တစ်ခုမှမရှိပါ။ ထိုအမူအရာများသည် စကားပြောသူကို စိတ်





အနှောင့်အယှက်ပေးရာ ရောက်ကြောင်းကို မြတ်ထင်အောင်က ကောင်းကောင်း နားလည်ပြီးသား ဖြစ်ပါသည်။

"မှန်ပါတယ် အန်ကယ်၊ အဲဒီအတွက်ကြောင့် မင်္ဂလာကိစ္စအတွက် ဒီနိကို ရှာရတဲ့အခါမှာ စိန်အသစ်ကိုပဲ ဦးစားပေးရှာပါ၊ စိန်အသစ်ဆိုတာ ဘလူမျှားဝတ်ပြီးသာ လက်ပြောင်း အရောင်းတွဲမဟုတ်ဘဲ အခုမှ အပွင့်ဖော်ထားတဲ့ စိန်ပါ၊ တော်တော်လေးတော့ ရှာရခက်ပါတယ်၊ ကုန်သည်လက်ကြီးတွေဆီမှာမှ ရှိတတ်တယ်၊ ရှိပြန်တော့လည်း အပြစ်အနာအဆာနဲ့ မင်္ဂလာကို ထိခိုက်မခိုက် ကြည့်ရပြန်သေးတယ်၊ အဲဒီလို အဖက်ဖက်က စဉ်းစားပြီးတော့မှ မင်္ဂလာစိန်ကို ကျွန်တော်က တာဝန်ယူပါတယ်၊ အခု 'မရွှေစင်တိုး' ဝတ်မယ့် စိန်လက်စွပ်ဟာ ကျွန်တော်ပြောပြတာတွေ အားလုံးနဲ့ လွတ်ကင်းတဲ့ 'မင်္ဂလာစိန်' ပါ၊ အဲဒီစိန်လက်စွပ်ကို မရွှေစင်တိုး မတိုင်ခင် ဘယ်သူကမှ ဝတ်ပြီး မင်္ဂလာမယူခဲ့ဘူးတဲ့၊ မရွှေစင်တိုးနဲ့ ကျမှ မင်္ဂလာအတူယူရမယ့် စိန်လက်စွပ်ပါခင်ဗျာ"

မြတ်ထင်အောင်၏ စကားသံဆုံးသည်နှင့် စပွမ်းတို့ တစ်မိသားစုလုံး ကျေနပ်ဝမ်းသာနေသော ပီတိကို တွေ့ရသည်။ မရွှေစင်တိုး၏ ခင်ပွန်းလောင်း ဖြစ်သူ ဒေါက်တာဝေမင်းဆန်း ကိုယ်တိုင်မှာလည်း အားရဝမ်းသာ ဖြစ်လျက်ရှိသည်။

မင်္ဂလာပွဲမှာ ဝတ်ရမည့် မင်္ဂလာလက်စွပ်သည် မြတ်ထင်အောင်ပြောသည့် "မင်္ဂလာစိန်" ဖြစ်သည့်အတွက် ဘယ်သူက ဝမ်းမသာဘဲနေမည်နည်း။ ထိုမင်္ဂလာလက်စွပ်ကိုလည်း ကြည့်ချင်လှပြီ ဖြစ်သည်။

ထိုအချိန်တွင်မှ အနက်ရောင် ဖိတ်ဖိတ်တောက်နေသော ... သေတ္တာ ... ယ်ကလေးထဲတွင် အဖြူရောင် ကတ္တီပါစကလေး ... ဆသာ



www.burmeseclassic.com

www.burmeseclassic.com



ဇန်းငယ်ကလေးတစ်မှုကို အမျိုးသမီးငယ်ကလေး နှစ်ဦးက တယုတယ သယ်လာပြီး မြတ်ထင်အောင်၏ရှေ့တွင် ခလားစားစွာ ချပေးလိုက်လေသည်။

မြတ်ထင်အောင်က ထိုကတ္တီပါ ဇန်းကလေးကို ရိုရိုသေသေပင် စပွမ်း၏အစ်မ ရွှေစင်တိုးနှင့် ဒေါက်တာ ဝေမင်းဆန်းတို့ရှေ့သို့ ထပ်ချပေးသည်။

"ကဲ ...ဒေါက်တာနဲ့ ရွှေစင်တိုးတို့ရဲ့ မင်္ဂလာလက်စွပ်ကလေးကို ကြည့်ပါဦး၊ ဒေါက်တာကပဲ ဖွင့်ပါခင်ဗျာ"

မောင်တို့အားလုံး အသက်ရှူ အောင့်ထားမိလိုက်ကြသည်ဟု ထင်ပါသည်။

ကတ္တီပါအနက်ရောင် ဇန်းကလေးထဲက ကတ္တီပါ အဖြူရောင်ကလေးကို ဖယ်လိုက်သည့်အခါ လင်းလက်ပြိုးပြက်နေသည့် စိန်လက်စွပ်ကလေးကို မောင်တို့အားလုံး မြင်လိုက်ရပါသည်။

"ဟယ် ... လှလိုက်တာ"

မရွှေစင်တိုးက မော့၍ကြည့်သည်။ ဒေါက်တာ ဝေမင်းဆန်းကငုံ့၍ကြည့်သည်။ မင်္ဂလာဇနီးမောင်နှံ၏ ပျော်ရွှင်မှုကို ကတ္တီပါဇန်းကလေးထဲက စိန်လက်စွပ်ကလေးက စိန်ရောင် လင်းပေးနေသလို ထင်ရသည်။

ထိုအချိန်တွင် ဒီလက်စွပ်ကလေးကို အားလုံးအတွက် လှအောင်ပြောပေးသော မြတ်ထင်အောင်ကို ဘာကြောင့်ရယ်မှန်းမသိ မောင် လှမ်းကြည့်မိတော့ မြတ်ထင်အောင်ကလည်း ရွှန်းရွှန်းစားစားပင် မောင့်နံဘေးတွင် ကပ်လျက်ထိုင်နေသော လင်းကို စိုက်၍ကြည့်နေခဲ့သည်။

မောင် တအံ့တသြ လင်းကို ငဲ့ကြည့်လိုက်တော့ လင်းကလည်း





မြတ်ထင်အောင်ကို စိုက်၍ကြည့်နေသည်ကို တွေ့ရ၏။

လင်း မြတ်ထင်အောင်ကို စိုက်၍ကြည့်နေသော အကြည့်ကို မောင် ကောင်းကောင်း မြင်သွားချိန်တွင် လင်းက ဖျပ်ခနဲ မောင့်ကို မော့ကြည့်သည်။ မောင် လင်းထံမှ မျက်စေ့ကိုခွာပြီး မြတ်ထင်အောင်ကို ချက်ချင်း လှမ်းကြည့်သည်။ သို့သော် မြတ်ထင်အောင်က အဲဒီအချိန်မှာ လင်းကို ကြည့်နေရာမှ အကြည့်လွှဲသွားပြီ ဖြစ်လေသည်။ ထိုအကြည့်ဖမ်းပွဲမှာ တစ်စက္ကန့်လောက်သာ ကြာသည်ဟု ထင်ရပြီး စိန်လက်စွပ်ကိုသာ စိတ်ဝင်စားနေသူတွေလည်း မသိလိုက်ကြပါ။

"စပွမ် ... လှတယ်နော်"

"အေးဟာ ... လှတာပေါ့"

"သူက ဘယ်နှရတီလဲဟင်"

"ဟဲ့ ... စပွမ်း၊ ဈေးက ဘယ်လောက်တဲ့လဲဟင်"

လင်းက ဆူညံနေကြသော အုပ်စုတွေထဲက စပွမ်းကိုမေးရင်း ကိုယ်နေဟန်အထားကို နည်းနည်းကလေး ပြင်သည်။ ဆံပင်ကို သပ်တင်သည်။ ခါးကအင်္ကျီစကို ဆွဲချသည်။

မောင်ကတော့ ဆူညံနေကြသော လူတွေကြားထဲမှာ "ငါအစကတည်းက အတင်းကြပ် မလိုက်ခဲ့မိရင် အကောင်းသား" ဟု တွေးနေမိသည်။

"ဒေါက်တာကပဲ မရွှေစင်တိုးရဲ့ လက်ကလေးထဲမှာ ဝတ်ပေးလိုက်ပါနော်"

"ဟုတ်ကဲ့၊ ကိုမြတ်ထင်အောင်"

"စိတ်တိုင်းမကျတာလေးတွေရှိရင် ပြန်ပြင်လို့ ရပါသေးတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်တော့်ဆီက မင်္ဂလာလက်စွပ်ဟာ တစ်ခါမှ ပြင်ရတယ်ဆိုတာ မရှိခဲ့ဖူးပါဘူး"

အားလုံးက ညင်သာစွာ ရယ်မောလိုက်ကြသည်။

ဒေါက်တာ ဝေမင်းဆန်းက စိန်လက်စွပ်ကလေးကို သတိတကြီး ကောက်ယူပြီး မရွှေစင်တိုး၏ လက်ကလေးတွင် ကောက်ဝတ်ပေးလိုက်သည်။

ထင်မထားပါဘဲနှင့် ညင်သာသော လက်ခုပ်သံကလေးတွေ ပေါ်လာသဖြင့် မောင် ငုံ၍ကြည့်တော့ မရွှေစင်မိုးတို့ လက်စွပ်ဝတ်ပွဲကို ပထမဦးဆုံး လက်ခုပ်စတီးသော လင်းကို တွေ့လိုက်ရသည်။

လင်းမျက်နှာသည် အားကျဝမ်းသာနေပုံရသည်ဟု မောင် ဖင်ချင်သည်။

"ဒေါက်တာ ဘယ်လိုလဲခင်ဗျ"

"အာ ... ဟို ... ကျွန်တော် ... ကျွန်တော်က ..."

ဒေါက်တာ ဝေမင်းဆန်းက ဘာပြောရမှန်း မသိသဖြင့် အားနာစွာ ဆိုသည်။

"ကျွန်တော် ဆိုလိုချင်တာက လက်မှာဝတ်ပေးရတာ အဆင်ပြေပြေ ရှိရဲ့လား၊ ချောင်နေလား၊ ကြပ်နေလား ဆိုတာကိုပါ ဒေါက်တာ"

"အာ ... အဲဒါ အဆင်ပြေတယ်၊ အဆင်ပြေတယ်"

"မရွှေစင်တိုးကရောခင်ဗျာ ..."

"အဆင်ပြေပါတယ်ရှင့်"

မရွှေစင်တိုး၏လက်ကို အမေဖြစ်သူက ကြည့်သည်။ စပွမ်းက ကြည့်သည်။ လင်းကလည်း ကြည့်သည်။ ပြီးတော့ နှစ်မိနစ်လောက်





စကားလုပြောပွဲကလေးတစ်ပွဲ ဖြစ်သွား၏။ ထိုစကားပြောပွဲတွင် ဝင်မပါသည့် လူနှစ်ယောက်ကတော့ မောင်နှင့် မြတ်ထင်အောင်သာ ဖြစ်ပါသည်။

မြတ်ထင်အောင်ကတော့ မသိ၊ မောင်ကတော့ ဘာပြောရမှန်း မသိသဖြင့် ဘာမှဝင်မပြောခြင်းသာ ဖြစ်ပါသည်။ ဒီတော့ စကားမပြောသူချင်း အကြည့်ဆုံမိကြသည်။ မောင် ထင်မထားပါဘဲ မြတ်ထင်အောင်က ခပ်လိုဖွယ်ရာ ပြုံးပြလိုက်သဖြင့် မောင် ခဏအံ့သြနေပြီးမှ ထိုအပြုံးကို ပြန်အောင် လိုက်ပြုံးလိုက်ရသည်။

အပြုံးနှစ်ခု တွေ့ဆုံပြီးတော့ မျက်လုံးတွေ အလိုလို ခွာလိုက်ကြသည်။

"မောင်မြတ်ထင်အောင်ကိုတော့ ကျေးဇူးတင်တယ်လို့ပဲ ပြောရတော့မှာပေါ့ကွယ်၊ အန်တီ့သမီးရဲ့ မင်္ဂလာပွဲအတွက် ဒီလောက် အပင်ပန်းခံပေးတာ"

"ဟာ ... ဟုတ်ကဲ့၊ စေတနာကလည်း ဦးတည်ပါတယ်ခင်ဗျာ၊ ကျွန်တော် တာဝန်ကျေပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော့်မှာ ကူညီခွင့်ရဖို့ အစီအစဉ်ကလေးကလည်း ရှိပါသေးတယ်ခင်ဗျ၊ ခဏလေးတော့ အချိန်ယူမယ် ထင်ပါတယ်"

"ဘာအစီအစဉ်များလဲ ကိုမြတ်ထင်အောင်ရဲ့၊ စားဖို့သောက်ဖို့ဆိုင်တော့ ရှိပါစေတော့၊ ကျွန်တော်တို့ အကုန်ပြည့်စုံပါပြီ"

"စားဖို့သောက်ဖို့ မဟုတ်ပါဘူးခင်ဗျ၊ ကျွန်တော့် မင်္ဂလာလက်ဖွဲ့ အစီအစဉ်ကလေးပါ၊ ဒီလိုပါခင်ဗျ၊ ကျွန်တော် ရှင်းပြပါရစေ"

အားလုံး၏ မျက်ဝန်းတွေက မြတ်ထင်အောင်ထံ ပါသွားကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်စွပ်လာအပ်တဲ့နေ့က ပါလာကြတာ၊ ဒီက မိတ်ဆွေတွေ မဟုတ်လားခင်ဗျာ၊ သတို့သမီးအရံ တာဝန်ယူထားတယ်ဆိုတာ"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ ကိုမြတ်ထင်အောင်"

"ဒီလိုပါ၊ ကျွန်တော့် အစီအစဉ်က သတို့သမီးအရံတွေ အားလုံးကို စိန်တစ်ဆင်စာ ငှားဝတ်ခွင့်ပေးတာပါ၊ အဲဒီအတွက် ကုန်ကျစရိတ်နဲ့ ငွေကြေး ပေးစရာမလိုတာပါ"

စကားဝိုင်းသည် ခဏတိတ်၍သွားသည်။

ပြီးတော့မှ စဉ်းစားထားပြီးမှပြောသော စပွမ်း၏အဖေ ဦးမင်းခန့် အသံက ပေါ်လာသည်။

"မောင်ရင်လည်း တာဝန်ကြီးပါတယ်ကွာ၊ ဦးတို့လည်း တာဝန်ကြီးပါတယ်၊ လက်မခံပါရစေနဲ့"

"အဲဒါတော့ စိတ်မပူပါနဲ့အန်ကယ်လ်၊ ကျွန်တော့်ဘက်က ဝန်ထမ်းတွေက ကျွမ်းကျင်ပြီးသားပါ၊ သူတို့က အားလုံး တာဝန်ယူသွားပါလိမ့်မယ်၊ အန်ကယ်လ်တို့ဘက်က ခွင့်ပြုဖို့ပဲ ရှိတာပါခင်ဗျ"

"အင်း ... ခက်တာပဲ"

ဦးမင်းခန့်က ဘာပြောရမှန်း မသိတော့သလို စပွမ်းအမေ့ထံ လှမ်း၍ကြည့်သည်။

"ကျွန်တော့် မင်္ဂလာလက်ဖွဲ့ အစီအစဉ်ကလေးကိုတော့ မငြင်းဘဲ လက်ခံပေးပါအန်တီ၊ ပစ္စည်းတွေကိုစ္စက ကျွန်တော်အားလုံး တာဝန်ယူပါ့မယ်ခင်ဗျာ"

"အန်တီတို့က လက်မှတ်ထိုးယူရမှာတွေ ဘာတွေ ..."

"မရှိပါဘူးအန်တီ၊ အန်တီတို့ စိတ်အနှောင့်အယှက် မဖြစ်အောင်





ကျွန်တော် အားလုံး တာဝန်ယူနိုင်ပါတယ်"

"အေးကွယ် ... ဒါဆိုရင်လည်း ခွင့်ပြုပါတယ်ကွယ်"

"ဝမ်းသာပါတယ် အန်တီရယ်၊ သီရိ လာဦး"

"ဟုတ်ကဲ့ပါ ဆရာ"

"သတို့သမီးအရံ သုံးယောက်အတွက် အလတ်စားတစ်ဆင်စာ စီစဉ်မယ်၊ ပြီးတော့ လက်စွပ်တွေယူခဲ့၊ တစ်ခါတည်းမှတ်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

မြတ်ထင်အောင့်နံဘေးက တပည့်မလေး ထွက်သွားတော့ ဘာ့ကြောင့်မှန်းမသိ စကားသံက တိတ်၍သွားသည်။ အားလုံး ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်ကုန်ကြတာလား၊ တစ်ခုခုကို စောင့်နေကြတာလားတော့ မသိ ဖြစ်နေကြသည်။

ထိုအချိန်မှာပဲ မြတ်ထင်အောင်က လင်းကို တစ်ချက် လှမ်းကြည့်တာကို မောင် တွေ့လိုက်ပါသည်။ ဒါပေမဲ့ ခုနကလို လင်းရဲ့မျက်ဝန်းတွေကို မောင် ဖမ်းမနေချင်တော့။ သိပ်လှသောလင်းကို ဒီလိုပဲ ယောကျ်ားသားတွေ ခိုးခိုးကြည့်ကြတာကို မောင် အမြဲတမ်း ကြုံနေကြဖြစ်ပါသည်။

လက်စွပ်တွေ ထည့်ထားသည့် ကတ္တီပါဗန်းကလေးတွေ ရောက်လာကြတော့ ဒေါက်တာ ဝေမင်းဆန်းက သတို့သမီးအရံလုပ်မည့် သူ့ညီမကလေး၏လက်ကို စွပ်ပေးသည်။ စပွမ်းကို သူ့အမေက ရွေးစွပ်ပေး၏။ လင်းအလှည့်ရောက်တော့ လင်း ဘာကိုရွေးရမှန်း မသိသလို ဗန်းကလေးထဲက စိန်လက်စွပ်တွေကို လျှောက်ကြည့်နေသည်။ ထိုစဉ်မှာပင် –

"ညာဘက် သုံးတန်းမြောက် နံပါတ်လေး၊ အဲဒါမလှဘူးလား"

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



မြတ်ထင်အောင်ကပြောရင်း လက်စွပ်ကလေးကို ဖြုတ်လိုက်သည်။ ပြီးတော့ လက်ညှိုးလက်မတို့နှင့် ကိုင်ထားရင်း လင်းကို ကြည့်သည်။ လင်းကလည်း ဘာလုပ်ရမှန်း မသိဟောဘဲ အားနာသည့်အရိပ်နှင့် လင်း၏ ဘယ်ဘက်လက်ကလေးက မြတ်ထင်အောင်ထံ ကမ်းလိုက်သောအချိန်တွင် မောင့်ပေါင်ပေါ်တွင် တင်ထားသော မောင်၏လက်ဖမိုးကို လင်း၏ ညာဘက်လက်ကလေးက အုပ်မိုးဆုပ်ကိုင်လိုက်တာကို မောင် ရင်ထဲနွေးခနဲ အသိနှင့်အတူ ခံစားလိုက်ရသည်။

မြတ်ထင်အောင်ကလင်း၏ ဘယ်ဘက်လက်ချောင်းထိပ်ရှိ လက်သည်းချွန်ချွန်ကလေးများကိုသာ ထိကိုင်ကာ လင်းနှင့် အရိုးအဆစ်ပြေပြစ်သော သွယ်လျသည့် လက်ချောင်းကလေးထဲသို့ စိန်လက်စွပ်ကလေး စွပ်ချပေးလိုက်ချိန်တွင် မောင့်ကို အုပ်မိုးထားသော လက်ကို လင်းက ဖိညှစ်၍ ဖိကိုင်ဆုပ်လိုက်သည်ကို ခံစားလိုက်ရသည်။

မောင် တအံ့တသြ လင်းမျက်နှာကို လှမ်းကြည့်တော့ လင်းမျက်နှာမှာ နူးညံ့သိမ်မွေ့သော စိတ်လှုပ်ရှားခြင်းကို မောင် တွေ့လိုက်ရလေသည်။

ထိုသို့ စိတ်လှုပ်ရှားခြင်းမှာ သူ့လက်ဖမိုးကို လာရောက်ဆုပ်ကိုင်သော လင်း၏ လက်ဖဝါးကြောင့် မဟုတ်ဘဲ မြတ်ထင်အောင် စွပ်ချပေးလိုက်သော စိန်လက်စွပ်ကလေး တစ်ကွင်းကြောင့်ဆိုတာကို မောင် ကောင်းကောင်းကြီး သိပါသည်။

လင်းသည် မောင့်လက်မောင်းကို အကြိမ်များစွာ ကိုင်ခဲ့ဖူးပါသည်။ သို့သော် မောင့်လက်ကိုတော့ ထိုတစ်ကြိမ်သာ ကိုင်ခဲ့ဖူးပါသည်။

သို့သော် ...

မောင့်အပေါ် နူးညံ့သိမ်မွေ့သော စိတ်လှုပ်ရှားခြင်းနှင့်တော့ မဟုတ်





ဆိုတာကို မောင် ကောင်းကောင်း သိပါသည်။

လင်းမျက်နှာပေါ်က စိတ်လှုပ်ရှားခြင်းကလေးတွေ မောင် အပိုင် ရချင်ပါသည်။ မောင်အပိုင်မရဘူး ဆိုရင်လည်း ထိုစိတ်လှုပ်ရှားခြင်းမှာ လင်း၏ လက်ချောင်းကလေးတွင် စွပ်ထားသော စိန်လက်စွပ်ကလေး ကြောင့်ဟုပဲ ထင်ချင်ပါသည်။ လင်းကို စိန်လက်စွပ် ခဏပေးဝတ်သော မြတ်ထင်အောင်ကြောင့်လို့တော့ မောင် လုံးဝမထင်ချင်ပါ။

မောင်သည် လင်းကိုချစ်သည်။

ထို့ကြောင့် လင်း၏ စိတ်လှုပ်ရှားမှုအားလုံးကို မောင် တိတ်တိတ်ကလေး ပိုင်ဆိုင်ချင်ပါသည်။ အဲဒီအတွက် မောင်ဘာတွေ ပေးဆပ်ရဦးမှာလဲဆိုတာကို မောင် မသိပါ။ သိလည်း မသိချင်ပါ။

"အဲဒါကိုတော့ မင်း သွားမပြောနဲ့လေ မောင်ရာ၊ မင်းပြောဘာကို ငါတို့နှစ်ယောက်စလုံး ခံစားလို့ရတယ်၊ ဒါပေမဲ့ ဒီကိစ္စမျိုး က ဖွင့်ပြောလို့ ကောင်းတဲ့ ကိစ္စမျိုးမှ မဟုတ်တာ"

"အေးလေ ...လင်းကလည်း အဲဒီကိစ္စကြီးကို ဘယ်သိစေချင်မှာလဲ၊ မင်း နောက်တစ်ခုလောက် စဉ်းစားဦးကွာ"

မင်္ဂလာကော ကျော်ဆူးကရော ခါးခါးသီးသီး မောင့်ကိုငြင်း ပြီး ပြောကြသည်။ ထိုခါးသီးမှုထဲတွင် စေတနာပါမှန်းကိုတော့ မောင် နားလည်ပါသည်။ မောင်ကလည်း ဒီအဖြစ်အပျက်ကြီးကို လင်းကိုပြောပြဖို့ မရည်ရွယ်ပါ။ လင်းက သူ့လက်ကိုကိုင်လို့ လင်းကို ချစ်သွားတာမျိုး ... မဟုတ်ပါ။ သူ လင်းကိုချစ်သည်ဆိုလျှင်တောင် တခြားတစ်ခုခုကြောင့်သာ ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

"ငါကလည်း လင်းကို အဲဒီကိစ္စ မပြောပါဘူး၊ မြတ်ထင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတာပါ၊ ငါ့ရင်ထဲမှာ ငါ့အချစ်နဲ့ ငါ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ မင်းတို့နားလည်ရင် ငါ ကျေနပ်ပါပြီ"

"ဒါတော့ နားလည်တာပေါ့ သူငယ်ချင်းရာ၊ ငါတစ်ခု ပြောပြမယ်၊ မင်း လင်းကို ဘယ်လိုချစ်တယ်ဆိုတာကို ပြောပြဖို့ ငါတို့ထက် အသက်လည်းကြီး ပိုပြီးလည်း ပညာတတ်တဲ့ လူတစ်ယောက်နဲ့ မတိုင်ပင်ချင်ဘူးလား"

"အသက်လည်းကြီးပြီး ပညာတတ်တာ ဟုတ်လား"

မောင်က တအံ့တသြနှင့် စိတ်ဝင်တစား မေးသည်။

"ဟုတ်တယ်၊ ပြီးတော့ သူက စာရေးဆရာကွ"

"ဟာ…"

မောင့်ရင်ထဲမှာ အမှန်တကယ်ကို တုန်လှုပ်သွားခြင်း ဖြစ်ပါသည်။ စာရေးဆရာ ဆိုတာမျိုးကတော့ အချစ်ဇာတ်လမ်းကို ကောင်းကောင်း ညွှန်မည်ဟု သူထင်ပါသည်။

"စာရေးဆရာ… စာရေးဆရာဆိုတာ ဘယ်သူလဲကွာ"

"သူ့နာမည်ကို မပြောခင် မင်းက သူနဲ့ တိုင်ပင်ချင် မတိုင်ပင်ချင်ဘူး ဆိုတာ အရေးကြီးတယ် သူက မလွယ်ဘူးကွ၊ ဈေးကိုင်တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဈေးကြီးတယ်"

"ဆေးက ဘာဖြစ်လို့ ကြီးတာလဲ"

"အေး… သူက စာရေးဆရာမို့လို့ပေါ့ကွ"

မောင် တော်တော်လေးတော့ စဉ်းစားပါသည်။ သူက စာတွေ ပေဆော့ကို သိပ်ဖတ်တဲ့လူမျိုး မဟုတ်တဲ့ သာမန်လူတစ်ယောက်မို့ စာရေးဆရာတွေဆိုသော လူနှင့်တွေ့ဖို့ ရင်ထဲက ကြောက်နေမိသည်။ ပြီးတော့





စာရေးဆရာတွေဆိုတာကလည်း ရေးစရာမရှိလျှင် သူတို့ထံ ချဉ်းကပ်လာသော အချစ်အကြောင်းကလေးတွေကို သူတို့ကိုယ်တွေ့လိုလို ဘာလိုလို နှင့် ရေးတတ်ကြသည် မဟုတ်လား။ ဒီတော့ မောင်က သူနှင့် လင်း အကြောင်းကို ပြောပြပြီး အဲဒီစာရေးဆရာက ရေးသွားလျှင် သွားပြီ။ အဲဒီအတွေးနှင့် မောင် ခဏစဉ်းစားနေခြင်း ဖြစ်ပါသည်။

"စာရေးဆရာက…"

"မင်းလူ"

"ဟာ… ပန်းကျောင်း၊ သုံးနားညီတြိဂံ၊ ငှက်ကလေးနဲ့ ပန်းတွေနဲ့ ခကို ရေးတဲ့ ကိုမင်းလူလား"

"မှားတယ်"

"ဘာလဲကွ၊ မင်္ဂလာကလည်း…"

"ပန်းတွေနဲ့ဝေက ကိုဝဏ္ဏကြီး ရေးတာကွ"

"အာ… Sorry ကွာ၊ သူတို့မိသားစုတွေက အကုန်စာရေးဆရာတွေ ဆိုတော့ ငါမှားတာကို ခွင့်လွှတ်ကွာ၊ အခု ကိုမင်းလူက ငါ့အကြောင်းကို စိတ်ဝင်စားနေပြီတဲ့လား"

"ဟင့်အင်း… မင်းက သွားပြောရမှာ"

"ဟာကွာ… မင်းတို့လူက ဘယ်လိုလဲကွ"

"ဟ… သူက စာရေးဆရာလေကွာ၊ ညနေ ငါးနာရီဆိုရင် သူ့ ကော်ဖီဆိုင်ကလေးမှာ သူထိုင်ပြီး တလောကလုံးကို ရေးစရာရှာနေတဲ့ စာရေးဆရာ၊ ချစ်ရေးချစ်ရာတော့ ကျွမ်းတယ်မောင်ရေ၊ သူ့ဒင်းက သူ့ထက် မှည့်တယ်ကွ၊ ဒါပေမဲ့ သူ့ဇနီးကို သူဘယ်လို လိုက်ခဲ့ရတယ်၊ ဘာတွေပေးဆပ်ခဲ့ရတယ်၊ ဆုံးရှုံးမှုတွေကို ဘယ်လိုခံစားခဲ့ရတယ် ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို သူက မပြောဘူး တဲ့"

"ဘာဖြစ်လို့လဲ"

"ရှက်လို့နေမှာပေါ့၊ အဲဒီတော့ မင်းကိစ္စကိုလည်း သူနဲ့ တိုင်ပင်သင့်တယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုရရ ဘာရရပေါ့ကွာ၊ ငါကလည်း သူနဲ့ ငါ ရင်းနှီးလို့ ပြောတာပါ"

"ဟာ ... စာရေးဆရာဆိုရင် ပြီးပြီပေါ့ကွာ၊ ငါနဲ့ သူနဲ့တွေ့ဖို့ မင်း တာဝန်ယူမလား"

"မနက်ဖြန်မှာဆုံဖို့ ငါ ကြိုးစားပေးမယ်ကွာ"

အဲဒီနေ့က မောင် ပျော်နေခဲ့သည်။

သူ လင်းကို ဘယ်လိုချစ်ခဲ့ရသည်ဆိုတဲ့ အကြောင်းတွေကို စာရေးဆရာကြီးတစ်ယောက်ကို ပြောခွင့်ရတော့မည်။ သူ ပြောခွင့်ရမည့် စာရေးဆရာကြီးကလည်း မြန်မာနိုင်ငံတွင် ဘယ်သူ့ကိုမေးမေး သိသော "ဆရာမင်းလူ" ဖြစ်နေသည်။ ပန်းတွေနဲ့ဝေကို သူ မှားပြောလိုက်မိတာတွေ ထိုဆရာမင်းလူရှေ့တွင် မပြောဖို့ မင်္ဂလာ့ကို ကတိတောင်းရတော့မည်။ ကတိတောင်းတော့ မင်္ဂလာကလည်း ကတိပေးရှာပါသည်။

သူသည် လင်းကို ချစ်ပါသည်။

ထိုအချစ်ကို ထိုအချစ်ဝတ္ထုဆရာကြီး ဦးမင်းလူ သိပါစေသတည်း။

■





(၆)

မင်္ဂလာဆိုသည့် ကောင်ကလည်း တော်တော့်ကိုအူပြီး တော်တော့်ကို တုံးသည့်ကောင်ဖြစ်သည်။

အဲဒီနေ့က ဆရာမင်းလူ အမြဲထိုင်နေကျဟု သူပြောသော အသင်း ကျောက်မှတ်တိုင်ရှိ "ရွှေကြေးစည်" လက်ဖက်ရည်ဆိုင်ကို သူ မင်္ဂလာနှင့် ကျောက်ဆူးတို့ သွားကြသည်။ သူနှင့် ကျောက်ဆူးတို့က "ဆရာမင်းလူ" ဆိုတာကို စာပဲဖတ်ဖူးထားသူတွေဖြစ်ပြီး လူချင်းမတွေ့ဘူးကြပါ။ နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်ကို ဘယ်သူက အလကားနေရင်း သွားတွေ့ရမှာတဲ့တုံး။ ဒီတော့ ဆရာမင်းလူကို သိသည်ဆိုသော မင်္ဂလာ့နောက်ကိုသာ လိုက်ခဲ့ကြရသည်။

ရွှေကြေးစည် လက်ဖက်ရည်ဆိုင်ရဲ့ လှေကားကလေးကို တက်ပြီး ... မောင်တို့သုံးယောက်စလုံး လက်ဖက်ရည်ဆိုင်ထဲ ရောက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေရီ ငါးနာရီခန့် ဖြစ်သော်လည်း လက်ဖက်ရည်ဆိုင်က လူစည်ကား မနေပါ။ အားကစား အကျီလက်ရှည် (ထရက်ဆု)တွေနှင့် လူခပ်ထွားထွား လေးငါးယောက်က ထသွားကြသဖြင့် ဆိုင်ထဲမှာ လူသိပ်မရှိတော့ပါ။

မင်္ဂလာက မတ်တပ်ရပ်ပြီး ဟိုဟိုဒီဒီ ကြည့်နေသဖြင့် မောင့်ရင်ထဲမှာ ပို၍ ထိတ်သွားရသည်။

သူက စာရေးဆရာကြီးမင်းလူနှင့် တွေ့လျှင် ပြောဖို့ကိစ္စတွေကို တစ်ညလုံး မအိပ်ဘဲ စဉ်းစားထားရသူဆိုတော့ ဒီအခွင့်ရေးကလေးနှင့် ဝေ သွားမှာကို ကြောက်နေမိသည်။

အဲဒီအချိန်မှာပင် လက်ဖက်ရည်တစ်ခွက်ကို အသည်းအသန် ခေါင်းကြီးငုံ့ပြီး ဖျော်နေသော ကိုရှုပကို မောင်က သွားတွေ့သည်။

"ဟော့ကောင် ... ဟိုဟာ ကိုရှုပ မဟုတ်လား"

မောင်ပြတာကို မင်္ဂလာရော ကျောက်ဆူးရောက လှမ်းကြည့်လိုက်ကြသည်။ ကိုရှုပကိုတော့ တီဗွီထဲ၊ ဗီဒီယိုထဲတွေမှာ မကြာခဏ တွေ့နေကြမို့ အားလုံးက မှတ်မိကြ၏။

"ဟာ ... ဟုတ်တယ်ကွ၊ ကိုရှုပပဲ တော်ပါသေးရဲ့ကွာ၊ သူ့ညီ ဆရာမင်းလူ ဘယ်မှာလဲဆိုတာ ငါ သွားမေးလိုက်မယ်၊ မင်းတို့ ဒီမှာပဲနေ"

မောင်နှင့် ကျောက်ဆူးတို့လည်း အူကြောင်ကြောင်ဖြင့် နီးရာခုံတွင် ဝင်ထိုင်လိုက်ကြရ၏။ မင်္ဂလာကတော့ ထုံးစံအတိုင်း ဆရာကြီးအိုက်တင်ဖြင့် လက်ဖက်ရည်ဖျော်ကောင်တာသို့ ရင်ကိုကော့ကာ ရောက်သွားသည်။ မင်္ဂလာ၏နောက်ကျောကို ပစ်မှတ်တစ်ခုလို သဘောထားပြီး ခံစားချက်ကြီးကြီးဖြင့် ငေးနေသူက မောင် တစ်ယောက်သာဖြစ်သည်။

"ကိုရှုပကြီး"





"ဗျာ ... ဗျာ ..."

"ခင်ဗျားညီ ဘယ်သွားလဲဗျ"

"ကျွန်တော့်ညီ ..."

"ဟုတ်တယ်လေ၊ ခင်ဗျားညီ စာရေးဆရာမင်းလူလေ"

မင်္ဂလာ တက်တက်ကြွကြွ စကား သံဆုံးတော့ ကိုရှုပက ပြုံးလေသည်။ မင်္ဂလာက ကိုရှုပနှင့် သူ ငယ်ပေါင်းကြီးဖော်တွေလို လုပ်ထားသော အိုက်တင်ကိုတော့ တစ်ပြားသားမျှမလျှော့။

"ဟော့ကောင် ... ဝမ်းတီးလာဆွဲ"

"ဟုတ်ကဲ့ဆရာ"

"နေစမ်း ပါဦး၊ မင်းတို့က ငါ့ညီလေးမင်းလူကို ဘာကိစ္စနဲ့ တွေ့ချင်နေဟာလဲ"

"ပါတော့ ..."

မင်္ဂလာက ဘာပြောရမှန်းမသိဘဲ သူတို့ဘက်ကို လှည့်၍ကြည့်သည်။ မင်္ဂလာကမှ မပြောတတ်လျှင် သူတို့ကရော ဘာပြောတတ်မည်နည်း။ ပြီးတော့ နာမည်ကြီး တီဗွီထဲက ကိုရှုပကြီးနဲ့ တွေ့နေရဟဲ့ကိစ္စဆိုတော့ မင်္ဂလာ့အကြည့်ကို လွှဲပစ်လိုက်ရသည်။

"ဒါတော့ ဒီလိုဗျာ၊ ဘာညာ ဘာညာကိစ္စပါ"

"ဘာညာဘာညာ၊ ဘာလဲ ဗီဒီယိုဇာတ်ညွှန်း အပ်မလို့လား"

"အာ ... မဟုတ်ဘူးခင်ဗျ"

"မဟုတ်ရင်ဘာလဲ"

"ဒီလိုဗျာ၊ ကျွန်တော်တို့က လေ့စားလို့ လာတွေ့တာပါ"

"မင်း ပြောနေတာတွေက ဘာလဲကွ၊ ပထမ ဘာညာဘာညာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ ဒုတိယကျတော့ လေးစားလို့ လာတွေ့တယ်၊ ဘာတယ် ဖြစ်နေတယ်၊ မင်းတို့ ပြောချင်တာကဘာလဲ"

ကိုရှုပက ထိုစကားတွေကို ဒေါသနှင့် ပြောနေတာ မဟုတ်ဘဲ အိုက်တင်ခပ်တင်းတင်းကလေးနှင့် ပြောနေခြင်းဖြစ်သည်။ ဗီဒီယိုကားတွေထဲမှာ ဆရာဝန်အခန်းက မဟုတ်လျှင် ကိုရှုပက မျက်နှာထားမာသဖြင့် သူ့အိုက်တင်ကို သူထိန်းပြီး သရုပ်ဆောင်လေ့ ရှိပါသည်။ အခုလည်း ကိုရှုပက ထိုအိုက်တင်အတိုင်း ပြောခြင်းဖြစ်၏။

"ခွင့်လွှတ်ပါ အစ်ကိုရာ၊ ကျွန်တော်တို့က အစ်ကိုညီဆရာ မင်းလူနဲ့ ချိန်းထားတာတော့ မဟုတ်ပါဘူး ၊ ဒါပေမဲ့ ဘာညာဘာညာရော လေးစားတာရောနဲ့ တွေ့ချင်နေကြတာပါ"

"သြော် ...သြော် ...မင်းတို့က ဒီလိုလား ၊ ထား တော့ကွာ၊ ကဲ ...ဟို အဝင်ဝ ဘယ်ဘက်ခုံမှာ ထိုင်နေတဲ့သူကို တွေ့လား ၊ အေ ... အဲဒါ မင်းတို့ တွေ့ချင်နေတဲ့ ငါ့ညီကလေး ဆရာမင်းလူပဲ၊ သွားတွေ့လိုက်ကြ"

ကိုရှုပကြီး ညွှန်ပြသောနေရာကို မဂ်လာတင်မဟုတ်၊ သူရော ကျော်ကျော်ဆွေပါ လှမ်းကြည့်လိုက်ကြသည်။

တော်တော်ကလေးကို ကြုံလိုပြီး နေမကောင်းသည့်ပုံစံဖြင့် လက်ဖက်ရည်တစ်ခွက်ကို ငုံ့ကြည့်နေသော လူတစ်ယောက်ကို တွေ့ရသည်။ အင်္ကျီကလည်း နွမ်းတာမှ တော်တော့်ကိုနွမ်းသည်။ မောင်သာဆိုလျှင် ဒီလိုအင်္ကျီမျိုးနှင့် ဘယ်တော့မှ လက်ဖက်ရည်ဆိုင်ကို ထိုင်မှာမဟုတ်။ ဆံပင်တွေကလည်း ဖရိုဖရဲ ကိုယ့်ယိုကားယားနှင့်။ ပြီးတော့ လက်ထဲက ဂျက်ကမ္ဘာ ဆေးပေါ့လိပ်ကြီးကို လေးငါးခါလောက် ခြစ်မှတောက်သော ဂက်(စ်)မီးခြစ်ဖြင့် မီးညှိ၍နေသေးသည်။





"မနောက်ပါနဲ့ အစ်ကိုရာ"

မင်္ဂလာက ပြုံးပြုံးရွှင်ရွှင်ပင် ကိုရှုပကြီးကို ပြောသည်။

"ဘာနောက်စရာရှိလို့လဲ၊ သူ့ကို သွားမေးလိုက်၊ သူက မင်းလူ မဟုတ်ဘူးလို့ပြောရင် ငါ့ဆီပြန်လာခဲ့၊ ဟုတ်တယ်ဆိုရင် သူ့အစ်ကို ကိုရှုပက လွှတ်လိုက်တယ်လို့ပြော၊ ဒါပဲ မုန့်ဖက်ထုပ်တွေ သိမ်းစမ်း ဟောကောင်၊ ရေနွေးကို နောက်ဆုံးလိုက်ပွဲထည့်ပေး"

မင်္ဂလာက မောင်တို့ဝိုင်းကို ပြန်လာတော့ မျက်နှာပေါ်မှာ ရှုပ်ထွေးပြီ. အူကြောင်ကြောင် ဖြစ်နေပုံရသည်။ သူလည်း ဘာကိုဆုံးဖြတ်ရမှန်း မသိ ဖြစ်နေပုံရ၏။

"ဟောကောင်တွေ ... ဟိုဟာဟဲ့"

"ငါတို့ကြားတယ်၊ မဟုတ်သေးဘူး ထင်တယ်ကွာ"

"ငါ့ကိုပြောတာလား"

"မဟုတ်ဘူး၊ ဟိုဟာ ... ဆရာမင်းလူဆိုတာကို ..."

ကျွန်တော်တို့အားလုံး ဆရာမင်းလူဆိုသူကို မသင်္ကာစိတ်ဖြင့် ကြည့်နေကြတုန်း ရွှေကြေးစည် လက်ဖက်ရည်ဆိုင်ရှေ့တွင် ပါဂျဲဒိုးကားကြီး ထိုးရပ်ကာ ဗိုက်ရွှဲရွှဲနှင့် ခပ်ဝဝလူတစ်ယောက် ဆင်းလာပြီး နောက်ခန်းတံခါးမှ စာအုပ်တစ်စည်းကို ကိုင်ကာ ပြုံးပြုံးရွှင်ရွှင်နှင့် ဆရာမင်းလူဆိုသူ့ထံကို သွားသည်။ ပြီးတော့ စာအုပ်တွေပေး၏။ ဆရာမင်းလူဆိုသူက စကားနည်းနည်းပါးပါး ပြန်ပြောသည်။ ဒါပေမဲ့ "ဆရာ" "ဆရာ" ဟု အသံခပ်ကျယ်ကျယ် ထိုင်တီပြောသော အသံကိုတော့ မောင်တို့အားလုံး ကြားပါသည်။ ဒါဆိုလျှင် ဒါသည် ဆရာမင်းလူဆိုတာ သေချာပြီ။

ဗိုက်ရွှဲရွှဲနှင့် တေပြန်သွားတော့ ဆရာမင်းလူက စာအုပ်အစည်း ကို



www.burmeseclassic.com

www.burmeseclassic.com



မသည်။ သို့သော် သူ့ဇလနှင့် မရှိမရ။ ဒီတော့မှ မောင်က အုပ်စုထဲမှာ ဘလအတောင့်ဆုံးဖြစ်သော ကျောက်ဆူးကို ပြောရသည်။

"ဟော့ကောင် ... ကျောက်ဆူး၊ ဟိုမှာ ဆရာ့ကို ..."

မောင့်စကား မဆုံးလိုက်ရပါ။ ကျောက်ဆူးက ဆရာ့အနားကို ပြေးကပ်သွားပြီး ဆရာမင်းလူ မနေသော စာအုပ်စည်းကြီးကို ဝင်ဆွဲတော့သည်။

"ခင်ဗျား ဘာလုပ်တာလဲ"

ဆရာမင်းလူက ဒေါသသံနှင့် မေးသော်လည်း သူ့လေသံက ဒေါသထဲမှာ အားနာသံက ပါနေသေးသည်။

"ဆရာ ... ဆရာက ဆရာမင်းလူနော်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့က ဆရာ့ပရိသတ်ပါ ဆရာ"

"သြော် ..."

ဆရာမင်းလူက ကျောက်ဆူးကို မကြည့်တော့ဘဲ ခေါင်းကိုကုတ်ပြီး ဆေးပေါ့လိပ်ကို ပါးစပ်မှာတပ်သည်။ ဆရာမင်းလူ၏ ဆေးပေါ့လိပ်က ဂျက်ကမ္ဘာ ဖြစ်ပါသည်။ ဆရာမင်းလူသည် ဆေးပေါ့လိပ်ဆိုလျှင် "ဂျက်ကမ္ဘာ" ပဲ သောက်သည်ဟု မဂ်လာ ပြောထားတာကို မောင် သတိရသွားသဖြင့် ဒါတော့ကျိန်းသေပြီဟု တွက်လိုက်မိသည်။

"ဆရာ ... ဒီစာအုပ်တွေကို ကျွန်တော် ဘယ်ကို မပေးရမှာလဲ"

ဆရာမင်းလူက ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ငုံ့နေသည်။ မောင်တို့နှစ်ယောက်လည်း ကျောက်ဆူးနှင့် ဆရာမင်းလူ၏ အရေးအခင်းကို ရင်တမမဖြင့် ကြည့်နေကြရ၏။





"ဟော့ ... ကောင်လေးတစ်ယောက် လာစမ်း"

ဆရာမင်းလူက ရွှေကြေးစည့်က စားပွဲထိုး ကလေး တစ်ယောက်ကို ခေါ်ခြင်းဖြစ်သည်။ သို့သော်လည်း ဆရာ့အသံက သူ့ဘာသာ ကြားရုံသောက်ပဲ ဖြစ်နေသဖြင့် စားပွဲထိုးကလေးတွေက မကြားကြ။ သူတို့ဘာသာ ပျော်မြူးနေကြ၏။ မောင်က ဝင်ပဲခေါ်ပေးရမှာလား၊ ဒီလိုပဲ ရပ်ကြည့်နေရမှာလား ဆိုတာကို မဆုံးဖြတ်တတ် ဖြစ်နေသည်။ ကိုယ့်ရှေ့မှာ ဘာလွဲဖြစ်နေတာကလည်း နိုင်ငံကျော် စာရေးဆရာကြီး "မင်းလူ" မဟုတ်သား။

"လာကြစမ်းပါဆိုကွာ"

တစ်ယောက်မျှ မလာကြပါ။

အဲဒီအချိန်မှာ ကျောက်ဆူးက စာအုပ်ထုတ်ကို ပခုံးပေါ်ကို ထမ်းပြီးနေပြီဖြစ်သည်။

"ခင်ဗျာ ကို ကျွန်တော် တစ်ခုတော့မေးမယ်ဗျာ၊ ခင်ဗျားဘာဖြစ်လို့ ဒီစာအုပ်တွေကို လာထမ်းနေရတာလဲ"

"ဆရာ့ကို ချစ်လို့ပါ"

"ခင်ဗျာ ..."

"ဆရာ့ကို ချစ်လို့ပါ"

"ခင်ဗျားက ကျွန်တော့်ကို ..."

ဆရာမင်းလူက ပါးစပ်မှာတပ်ထားသော ဆေးပေါ့လိပ်ကို ဖြုတ်သည်။ ပြီးတော့ ပြန်တပ်သည်။ ပြီးတော့ ပြန်ဖြုတ်၏။ ကျောက်ဆူးသည့် ကောင်ကလည်း ထုံ့စအတိုင်း တုံးဆိုတော့ စာအုပ်စည်းကြီး ကိုင်ထမ်းရင်း ထမ်းရင်း ဘာပြောရမှန်းမသိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ မောင် အပြေးအလွှား ဆရာမင်းလူအနားကို သွားရသည်။

"ဆရာ ... ကျွန်တော်တို့က ဆရာနဲ့ တွေ့ဖို့လာတဲ့ လူငယ်တွေပါ ဆရာ။ အဲဒါ သူက ဆရာ့ စာအုပ်စည်ကြီးကို ထမ်းပြီး ဆရာပို့ချင်တဲ့ နေရာကို ပို့မလို့ပါ၊ သူက ဆရာ့ရဲ့ 'ငှက်ကလေး' နဲ့ 'သုံးနားညီ' ကို အရမ်းကြိုက်တာဆရာ၊ ကျွန်တော်တို့လည်း ကြိုက်တယ်ဆရာ၊ ဒါကြောင့် သူက ဆရာ့ကို 'ချစ်တယ်' လို့ ပြောတာပါ၊ ဟိုလိုတော့ မဟုတ်ပါဘူး"

"ဪ ..."

ဆရာမင်းလူက တော်တော်လေး အားနာသွားသည့်ပုံစံဖြင့် သူ့နှုတ်ခမ်းသို့ ဂျက်ကမ္ဘာ ဆေးပေါ့လိပ်ကို ပြန်တပ်သည်။ ပြီးတော့ ပြန်ဖြုတ်ပြန်၏။

"ကျွန်တော့်အိမ်က ဒီဆိုင်နောက်ကပင်ပါ၊ ကဲ ... တစ်ယောက်လာ စမ်းပါဆို"

"ရတယ်ဆရာ၊ ကျွန်တော် သွားခေါ်လိုက်မယ်"

မင်္ဂလာက လက်သွက်ခြေသွက်ဖြင့် စာပွဲထိုးကလေး တစ်ယောက်ကို သွားခေါ်ပြီး စာအုပ်စည်းကြီး ထမ်းထားရသော ကျောက်ဆူးကို ဆရာ့အိမ်ကို ပြဖို့ပြောသည်။ ဆရာမင်းလူ၏အိမ်က "ရွှေကြေးစည်" အနောက်ဘက်တွင်သာ ဖြစ်သည်။ ဘာမှဝေးတာ မဟုတ်လှပါ။ ဒီတော့ ကျောက်ဆူကြီးလည်း ပြုံးပြုံးကြီး ဖြစ်သွားကာ ခါးတစ်ချက်ဆန့်ရင်း စာအုပ်စည်းကြီးကို ထမ်း၍ထွက်သွား၏။

"ခင်ဗျားတို့ဗျာ ..."

"တောင်းပန်ပါတယ် ဆရာရယ်၊ ကျွန်တော်တို့က ..."

"တောင်းပန်ရမှာက ကျွန်တော်ပါ၊ အခု ခင်ဗျားတို့က မဂ္ဂဇင်းတိုက်က လာနယ်တို့က စာမူလာတောင်းတဲ့ လူတွေတော့ မဟုတ်ပါဘူးနော်"

"ဟာ ... မဟုတ်ဘူးဆရာ၊ ကျွန်တော်တို့က ဆရာကို တွေ့ချင်လို့ လာတာပါ"

"အခုအချိန်မှာ မဂ္ဂဇင်းတော့ မထုတ်ကြပါနဲ့ဗျာ"

"မဂ္ဂဇင်းကိစ္စ မဟုတ်ဘူးဆရာ၊ လင်းကိစ္စပါ"

"ဗျာ ..."

"လင်းဆိုတာက ကျွန်တော်က ချစ်နေတဲ့ ကျွန်တော့် သူငယ်ချင်းပါ"

"ဟာဗျာ ... ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"ဆရာရယ် ... ကျွန်တော် တောင်းပန်ပါတယ်၊ ဟိုကောင်တွေလာရင် ကျွန်တော် ရှင်းပြပါ့မယ်"

"ခင်ဗျား အဲဒါဆို အခုဘာသောက်မှာလဲ၊ လက်ဖက်ရည်ပဲလား"

"ဟာ ... ဆရာကလည်း ..."

"လုပ်စမ်းပါ ခင်ဗျားကလည်း၊ ကျုပ်စိမ့်ပဲ မဟုတ်လား"

"ဟုတ်ကဲ့ဆရာ"

နိုင်ငံကျော် စာရေးဆရာကြီးက လက်ဖက်ရည်တိုက်မည်ဆိုတော့ မောင် တော်တော်ကလေး ဖြုံသွားသည်။ မောင်က စာရေးဆရာတို့ ဘာဘို့ဆိုတာ တော်တော်ကလေးကို ကိန်းကြီးခန်းကြီးနိုင်သည်ဟုသာ သိထားသည်။ အခု ဆရာမင်းလူကျတော့ ကုတ်ချောင်ချောင်နှင့် သူ့ပုံစံကလည်း ကျန် မာတာကြာပြီဟု ထင်ရသည်။ သို့သော် အိတ်ထဲမှာ ထည့်ထားသော ပိုက်ဆံအိတ်ကတော့ တော်တော်ကလေးဖောင်း၏။ အင်း ... နိုင်ငံကျော် စာရေးဆရာဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ ...





www.burmeseclassic.com

www.burmeseclassic.com



ဘေးလိုက်၏။

မင်္ဂလာနှင့် ကျောက်ဆူးတို့ ပြန်ရောက်လာတော့ ဆရာမင်းလူက လက်ဖက်ရည် ကျစိမ့်နှစ်ခွက် ထပ်မှာပေး၏။

“ရိုးရိုးပဲ သောက်စမ်းပါဗျာ၊ ရှယ်ဆိုရင် လက်ဖက်ခြောက်ရဲ့ အရသာ မပေါ်တော့ဘူးဗျ၊ ကျွန်တော်ကတော့ လက်ဖက်ရည်သောက်ရင် လက်ဖက်ခြောက် အရသာကလေးပေါ်မှ ...”

“ဟုတ်ကဲ့ဆရာ”

“ကျွန်တော်တို့က ဆရာနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ”

“ခြောက်နာရီအထိတော့ ရမယ်ဗျာ၊ ခြောက်နာရီကျော်ရင် ကျွန်တော်က ဘီဘီစီ နားထောင်မလို့”

“ဟုတ်ကဲ့ပါ၊ ကဲ ... မောင် မင်းအကြောင်း ပြောပြလိုက်ကွာ”

မင်္ဂလာက မောင့်ပခုံးကို တစ်ချက်ပုတ်ရင်း ပြောသည်။

ဆရာမင်းလူက သူ့ဂျက်ကမ္ဘာဆေးပေါ့လိပ်ကို အားနှင့် ဖွာရှိုက်လိုက်ရင်း မောင့်ကိုကြည့်သည်။ မောင်သည် ပထမတုန်းကတော့ ဆရာမင်းလူကို ကြောက်ပါသည်။ ရှိန်နေပါသည်။ အခုတော့ မောင်သည် ဆရာမင်းလူကို မကြောက်တော့။ ကျောက်ဆူးပြောသလို ဆရာ့ကို ချစ်သွားပြီဖြစ်သည်။ ဒီတော့ သူ့ကိစ္စကို ပွင့်ပွင့်လင်းလင်း ပြောရဲသွားပြီဖြစ်သည်။

“လင်းနဲ့ ကျွန်တော်နဲ့က ငယ်သူငယ်ချင်းပါ ဆရာရယ်”

ဆရာမင်းလူသည် မောင် ပြောပြသမျှကို ဂျက်ကမ္ဘာ ဆေးပေါ့လိပ် ဖွာရင်း မီးသေသွားလျှင် မီးထပ်ညှိခြင်း၊ ပြန်ဖွာရင်း ပြန်ညှိရင်းနှင့် နားထောင်ပါသည်။ ဆရာ့ဆေးပေါ့လိပ်က တံဆိပ်နားကို ရောက်နေပြီ၊ သို့သော် ဆရာသည် မီးညှိနေတုန်းပဲဖြစ်၏။





“ခင်ဗျား ပြောပြတဲ့အတိုင်းဆိုရင်တော့ တော်တော်လေး ခက်တယ်ဗျာ၊ မိန်းမတွေအကြောင်းကို ကျွန်တော် သိပ်နားမလည်ဘူး၊ ဒါပေမဲ့ နည်းနည်းတော့ သိတယ်ဗျာ”

ဆရာမင်းလူက သူ့စကားကိုလည်း သူ သတိထားသည်။ သူ့ဆေးပေါ့လိပ်ကိုလည်း သူ တော်တော်လေး သတိထားသည်။ သို့သော် သူ့ဆေးပေါ့လိပ်က တံဆိပ်ကိုပင် မီးလောင်နေပြီ။ အိတ်ထဲမှာ ထည့်ထားသည့် ဆေးပေါ့လိပ် သုံးလိပ်ထဲက တစ်လိပ်ကို ဆွဲထုတ်ပြီး သောက်ဖို့ ကောင်းနေပြီဖြစ်၏။ သို့သော် ဆရာက မသောက်ပါ။

“ခက်တယ်ဗျာ၊ ဒီလိုလုပ်ပါလား၊ ခင်ဗျားနဲ့ သူ့ကြားမှာ စွန့်စားခန်းလေး ဘာလေး မရှိဘူးလား”

“ခင်ဗျာ ...”

“စွန့်စားခန်းလေးဗျာ၊ ကျွန်တော်ဆိုလိုတာက ဒီလိုဗျာ၊ ခင်ဗျားက သူ့အတွက် စွန့်စားပြီး ကူညီခဲ့တာမျိုး၊ ဥပမာဗျာ၊ ခင်ဗျားတို့နှစ်ယောက် ကားမှတ်တိုင်မှာ ကားစောင့်နေကြမယ်၊ ကားစောင့်နေကြတယ်ဆိုပေမယ့် သွားရမယ့်လမ်းက ...”

ဆရာမင်းလူက သူ့ တံဆိပ်မီးလောင်နေသော ဆေးပေါ့လိပ်အဘိုးကို ရအောင် မီးညှိနေသည်။ မောင်တို့ စိတ်ဝင်စားမှန်းသိလို့ တမင်တကာ လုပ်တာလား။ သူ့ဗီဇပဲလား ဆိုတာကတော့ သူပဲ သိပါလိမ့်မည်။ ကဲ ... ကားမှတ်တိုင်မှာ ကားစောင့်နေတာတဲ့။ သွားရမယ့်လမ်းကလည်း အခြားစီတဲ့။ မောင်နှင့် လင်းနှင့်ကြားမှာ အဲဒီလိုမျိုး တစ်ခါမှ မကြုံဖူးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာနေ ဆရာဆိုသော စိတ်ကူးယဉ်တာ နေမှာပေါ့ဟုပဲ မောင် တွေးလိုက်သည်။

"ဟုတ်ကဲ့ဆရာ"

"အဲဒီတော့ဗျာ၊ ကားကလာရော၊ လာတဲ့ကားက ခင်ဗျားကောင်မလေး ဘယ်သူ..."

"လင်းခင်ဗျ၊ နွေရာလင်း"

"အေးဗျာ...တော်တော်လေးကို ဆိုးတဲ့နာမည်ပါပဲ၊ ဘယ့်နယ်...ထားပါတော့ဗျာ၊ ခင်ဗျားခေါ်သလို လင်းပေါ့"

ဆေးပေါ့လိပ်ကို မီးညှိပြန်သည်။

မောင်ကတော့ ဆရာမင်း လူ၏ အိုက်တင်ကို သူ့အစ်ကို ကိုဝဏ္ဏကြီးကို ခေါ်ပြီး ရိုက်ထားလျှင် ကောင်းမလားဟု စဉ်းစားရင်း ပြုံးမိသွားသည်။

"ခင်ဗျား မပြုံးနဲ့ဗျ၊ ကျွန်တော်က အခုကိစ္စကို အပျော်သဘောနောက်ပြီးပြောနေတာ မဟုတ်..."

"ဟာ...မဟုတ်ပါဘူးဆရာ၊ ကျွန်တော်က အရမ်းစိတ်ဝင်စားသွားလို့ ပြုံးလေ့ရှိလို့ပါ၊ ကန်တော့ပါဆရာ၊ ဆရာ့ကို ကျွန်တော်လို ကောင်မျိုးက ဘာမှစော်ကားစရာ မရှိပါဘူးဆရာ၊ ဆရာက နာမည်ကြီး..."

"တော်ပါဗျာ၊ အဲဒါကြီးကို ပြောနေပါနဲ့၊ အဲဒီတော့ဗျာ...ကောင်မလေးက ကားပေါ်ပါသွားရော၊ သူက ဒီလိုဗျ၊ ကားပေါ်..."

ဆေးပေါ့လိပ်ကို မီးညှိပြန်သည်။

မောင်က ရင်တခုန်ခုန်ဖြင့် စောင့်ပြီး နားထောင်နေရတယ်ဆိုတာကို ဒီစာရေးဆရာကြီး သိဖို့ကောင်းပါသည်။





မောင် "လင်း" ကို အရမ်းချစ်သည်။

ဘယ်လိုချစ်တာလဲဆိုတာကို ကိုယ့်ဘာသာ မသိမိအောင်ကို နေ၍သည်။ မိန်းကလေးတစ်ယောက်ကို ချစ်ရတယ်ဆိုတာကလည်း ပါရမီဆယ်ပါးနှင့် ယဉ်ယဉ်ကျေးကျေး ချစ်ချင်လျှင် ချစ်လို့ရသည်။

သူတို့ကို ပထမ ဒါနနှင့် ချစ်ရသည်။

ပြီးတော့ ကိုယ်က စထိန်းသိမ်းသော သီလနှင့်ချစ်ရသည်။ ပြီးတော့ သူတို့၏ ဆွဲဆောင်မှုများ မှ ရုန်းထွက်သော နေက္ခမ္မပါရမီနှင့်လည်း ချစ်ရသေးသည်။ ဘာအင်္ကျီလေးဝတ်မှ၊ ကားကလေးနှင့်လာမှ၊ ပြုံးလိုက်လျှင်မှ စသော မိန်းကလေးတွေအများ စု လုပ်လေ့ရှိသော ဆွဲဆောင်မှုတွေကို ရုန်း ထွက်ပြီး ချစ်ရ၏။

နောက်ပြီးတော့ ဝီရိယရှိရှိလည်း ချစ်ရသေး၏။ လင်းချိန်းတိုင်း လင်းက လိုချင်သည်။ စာ ချင်သည်။ သွားချင်သည်။ လင်း၏ "ချင်" တွေ အားလုံးကို သူ ဝီရိယရှိရသေးသည်။ "ချင်" ဆိုတာက တဏှာမှန်းသိသော်လည်း သူ "ဝီရိယ" စိုက်ခဲ့ရ၏။

ပြီးတော့ သစ္စာဖြစ်သည်။

လင် ကလွဲပြီး ဘယ်မိန်းကလေးကိုမှ "မချစ်ဘူး" ဆိုတဲ့ သစ္စာဖြင့်၏။

သစ္စာပြီးတော့ မေတ္တာလာ၏။ ဒါကတော့ ရှင်းပါတယ်ဟု မောင်တွေးမိသည်။ သူတို့ကို ပညာနှင့်လည်း ချစ်ရဦးမည်။ ခန္တီနှင့်လည်း ချစ်ရဦးမည်။ အဓိဋ္ဌာန်နှင့်လည်း ချစ်ရဦးမည်။ ဥပေက္ခာနှင့်လည်း ချစ်ရဦးမည်။ ပြီးတော့ အခု ဆရာကြီးမင်းလူ ပြောသည့် စွန့်စားခန်း ဆိုတာက ဘယ်ပါရမီ" ကို ဆိုလိုချင်တာလဲ ဆိုတာကို မောင် မသိပါ။



www.burmeseclassic.com

"သူလည်း ကားပေါ်ကိုတက်ပြီး ကားလည်းထွက်သွားရော သူ့ဘောလ်ပင်ကလေးက ပြုတ်ကျခဲ့တယ်ပေါ့ဗျာ၊ အဲဒါကို ကောက်ပြီး ခင်ဗျားက ကားကိုမီအောင်ပြေးလိုက်၊ ကားပေါ်ခုန်တက်ပြီး သူ့ဘောလ်ပင်ကလေးကို ပြန်ပေးတဲ့ ဇွန့်စားခန်းမျိုး၊ အဲဒါမျိုးနဲ့ ခပ်ဆင်ဆင် မရှိဘူးလား"

မောင် ဝမ်းသာပြီး ထခုန်ချင်စိတ်ပင် ပေါက်သွားခဲ့သည်။ ရှိတာပေါ့။ အခု စာရေးဆရာကြီးပြောတဲ့ ဇွန့်စားခန်း ထက်ကြီးသည့် ဇွန့်ဇွန့်စားစား ကိစ္စကြီး သူ့မှာ အမှန်တကယ်ပင် ရှိပါသည်။

"ရှိတယ်ဆရာ၊ ရှိတယ်၊ အဲဒီထက်တောင် မိုက်သေးတယ်"

"အာ ...ဟုတ်လား၊ ခင်ဗျားဟာက ဘယ်လိုမျိုးလဲ၊ သူ့ကို ရည်းစားစကား လိုက်ပြောတဲ့ တေသုံးလေးကောင်ကို ခင်ဗျားက သွားထိုးတဲ့ ရိုးရိုးကိစ္စမျိုးတော့ မဟုတ်ရဘူးနော်"

"မဟုတ်ဘူးဆရာ၊ ဇွန့်စားခန်း စစ်စစ်ပါ၊ ဟော့ကောင် ... မင်္ဂလာ၊ လင်းတို့အိမ် မီးလောင်တုန်းက ကိစ္စလေ"

"ဟာ ... အေး ... ဟုတ်သားပဲ"

သူတို့သုံးယောက်စလုံး ဆရာကြီးမင်းလူကို ကြည့်လိုက်ကြသည်။

ဆရာကြီးမင်းလူကလည်း "အေး ...ပြောစမ်းပါဦး" ဆိုသည့် ပုံစံမျိုးနှင့် သူတို့ကို ပြန်ကြည့်ရင်း သူ့ဆေးပေါ့လိပ်အတိုကို မီးညှိသည်။

ဒီတစ်ခါတော့ သူ့ဆေးပေါ့လိပ်က မီးလောင်စရာနေရာ မကျန်တော့သဖြင့် နောက်ဆေးပေါ့လိပ်အသစ်ကို မီးညှိသည်။ ဆရာမင်းလူက မီးညှိပြီးသား ဆေးပေါ့လိပ်အသစ်ကို သုံးခါလောက်ဖွာပြီးမှ –

"ကဲ ... ခင်ဗျားကိစ္စ ပြောစမ်းပါဦး"





" (xxxxxx) ရပ်ကွက်မှာ မီးလောင်တာကို ဆရာသိတယ် မဟုတ်လား"

"ဟာ ... သိတာပေါ့ကွ၊ မီးက တော်တော်ကို ကြီးတာပဲ"

"ဟုတ်ကဲ့၊ အဲဒီမှာ လင်းတို့အိမ်လည်း ပါသွားတယ်ဆရာ"

"ဟော ... ဒါဆိုရင် ပြီးပြီပေါ့ကွ၊ မင်းက ဘာဇွန့်စားခန်း ရှိလို့လဲ"

"မီးက အိမ်ထဲမပါခင် ကျွန်တော်က ရောက်သွားတာကိုး ဆရာရဲ့"

"အေး ..."

အဲဒီနေ့ကို မောင် ကောင်းကောင်းမှတ်မိပါသည်။

အဲဒီနေ့က မောင်သည် လင်းကို အရမ်းချစ်သွားခဲ့သည်။

■

www.burmeseclassic.com



## (၇)

လင်းတို့ရပ်ကွက်ကလေး မီးမလောင်ခင် တစ်နာရီလောက်အလို မှာ မောင်က စိန်ခေါ်ပွဲနှင့် စတွေ့သည်။ စိန်ခေါ်ပွဲဆို၍ တခြားမထင်ေ ချင်ပါ။ ပွဲက ဘိလိယက်ဖြစ်၏။ ဘိလိယက်ထိုးသည်ဟု ပြောကြသော် လည်း တကယ်ထိုးတာက စနူကာဖြစ်သည်။ ဒါပေမဲ့ လူတွေအားလုံးက ဘိလိယက်ထိုးတယ်ဟုပဲ ပြောကြ၏။

"ဘယ်လိုလဲ ဇော်ရန်မောင်၊ မင်း ဒီကောင်နဲ့ ထိုးရဲလား"

သူ့ကို လမ်းထဲက "တေဇ" ဆိုသည့် ချာတိတ်ငနဲကလေးက မေ ခြင်းဖြစ်သည်။ ဖြစ်ပုံက အဲဒီငနဲကလေးကို တစ်နေ့က မောင်က ခြောက်ပွဲ အပြတ်နှင့် နိုင်ထားလိုက်သဖြင့် ငနဲကလေးက မကျေမနပ်ဖြစ်ပြီး သူ့ ဘော်ဒါဆရာနှင့် မောင့်ကို ထိုးဖို့လွှတ်ပေးခြင်း ဖြစ်သည်။

"ဘယ်လိုကြေးလဲ"





"ဒါကတော့ မင်းကြိုက်သလို ကြေးကွာ"

လောင်းကစားပွဲဆိုသည်မှာ ငွေများလေ စိတ်လှုပ်ရှားမှုကြီးခြင်း များသည်ဆိုတာလောက်ကိုတော့ အဲဒီကတည်းက မောင် သိပါသည်။

မောင်က လင်းကိုတွေ့သည့် ရင်ခုန်သံ၊ လင်းနှင့် အတူနေပြီး စကားပြောနေရသည့် ရင်ခုန်သံ၊ လင်းက မောင့်လက်မောင်းကလေးကို လာကိုင်ပြီး တစ်ခုခုလိုချင်လို့ အတင်းခိုင်းသည့်အချိန်မှာ ရှိသည့်ရင်ခုန်သံ။ အဲဒီ" ရင်ခုန်သံ" တွေ အားလုံးသည် တစ်ကမ္ဘာလုံးမှာရှိသည့် တခြား မိန်းကလေးများ လင်းက လုပ်သလို လာလုပ်လျှင် ခုန်မည့် ရင်ခုန်သံနှင့် ဘော်တော်ကလေးကို ကွာပါလိမ့်မည်။

မောင်နှင့် လင်း၏ လောင်းကစားပွဲကတော့ ရင်ခုန်သံများလေ စိတ်လှုပ်ရှားလေဖြစ်မည်ဟု မောင် ထင်ပါသည်။

မောင်သည် မည်သူ့ကိုမှ စ၍ အနိုင်ယူချင်သူ မဟုတ်သည့်အတွက် ထမပွဲတွင် အရှုံးပေးလိုက်ပါသည်။

ဘိလိယက်ထိုးတယ် ဆိုတာကလည်း ကိုယ်ထိုးသည့် အလုံးကလေး ကျင်းထဲဝင်သွားလျှင် တော်တော်လေး ပီတိဖြစ်ပြီး မြောက်ကြွမြောက်ကြွ ဖြစ်ကြ၏။ အခု သူနှင့်ထိုးသော ငတိကလေးကလည်း ပထမ တစ်ပွဲ နိုင်သွားဖြင့် မြောက်ကြွကြွကလေး ဖြစ်နေသည်။ မောင်ကတော့ အေးအေးဆေးဆေးပင် ရှိ၏။ ဒုတိယတစ်ပွဲမှာ မောင်က ထိုငနဲကလေးကို ထိုးထားသဖြင့် ငနဲကလေး ဒေါကန်လျက်ရှိသည်။

သူညှပ်ထားသည့် စည်သူလွှင့်ကေကလေးကို တစ်ခါခါဖြင့် ဒေါသ ဖြင့်ခနပုံက ရယ်ဖို့လည်းကောင်းသည်။ စိတ်ညစ်ဖို့လည်း ကောင်းသည်။ မောင်ကတော့ စည်သူလွှင့်ကေနှင့် ငနဲကလေးကို သနားမိသည်။

www.burmeseclassic.com

သဘာသည်ဆို၍ ထိုင်နဲကလေးကို စော်ကားခြင်းတော့ မဟုတ်ပါ။ ရင်ထဲက ရိုးသားသော စိတ်ကလေးဖြင့်သာ သနားခြင်း ဖြစ်ပါသည်။

ဒုတိယတစ်ပွဲမှာ မောင်က နိုင်လိုက်သဖြင့် တတိယပွဲသည် တကယ့်ကို အရေးတကြီး ထိုးရတော့မည့်ပွဲဖြစ်သဖြင့် မင်္ဂလာက မောင့်အနားကို ကပ်ပြီး အသံတိုးတိုးကလေးဖြင့် ပြောသည်။

"ဟော့ကောင် ... မင်း အားနာပြီး သွားမလုပ်နဲ့နော်၊ မင်းလက်နဲ့သူ့လက်က တခြားစီပဲ၊ အနိုင်သာကစ်တော့၊ ငါလည်း မင်းဘက်က ကစ်ထားတယ်"

"မင်းက ငါ့ဘက်က ကစ်ထားတယ်"

"အေး ..."

ဒီတော့ မောင်က ကိုယ့်ကိုယ်ကိုယ် အားမနာဘဲ မင်္ဂလာ့ကို အားနာပြီး နိုင်အောင်ထိုးတော့မည်ဟု ဆုံးဖြတ်လိုက်၏။ စည်သူလွင့်ကေနှင့် ငနဲကလေးကလည်း တော်တော် သတိကြီးကြီးဖြင့် ကစားသည့်အတွက် ထိုပွဲက တော်တော်ကလေးကို ကောင်းနေပြီး နံဘေးကလူတွေပါ ဝိုင်းကြည့်ရသည်အထိ ဖြစ်သွားသည်။

မောင်က အနီတစ်လုံးကိုစားပြီး အနက်ကို ဆိုက်ဘက်နှင့် ကစ်မည့်အချိန်မှာ လူတွေ အတော်များများက စိတ်ဝင်တစားနှင့် ငြိမ်ပြီးကြည့်နေကြသည်။

အဲဒီအချိန်မှာပဲ မီးသတ်ကား ဥဩသံကို အားလုံးကြားလိုက်ရခြင်းဖြစ်၏။

"ဟာ ... မီးလောင်နေတာကွ"

"ဟုတ်လား၊ ဘယ်မှာလဲ"





"ဒဂုံမြို့သစ်ဘက်မှာ ထင်တယ်"

"ဟာ ... အဲဒါဆိုရင် ပြဿနာပဲ"

ခုနက မောင်ထိုးမည့် အနက်ဘောလုံးကို စိတ်ဝင်စားနေကြသော လူတွေအားလုံး ကစဉ့်ကလျား ဖြစ်သွားကြသည်။ ဒဂုံမြို့သစ်ဆိုတော့ မောင်လည်း လက်ထဲက ကျူတံကို ချိန်ထားရာမှ ဖယ်လိုက်ရသည်။

ဟုတ်တယ်လေ။ အဲဒီမှာ လင်းတို့အိမ် ရှိတယ်မဟုတ်လား"

"ဘယ်ရပ်ကွက်လဲဆိုတာ သိလား"

"ဘယ်သိဦးမလဲကွ၊ မင်းကလည်း ..."

"ထိုးမှာသာ ထိုးစမ်းပါကွာ"

စည်သူလွင့်ကေနှင့် ကောင်လေးက ခပ်ဆတ်ဆတ် ပြောသည်။ မောင် အားနာပြီး ထိုးလိုက်တော့ လွဲသွား၏။

နောက်ထပ် မီးသတ်ကားတွေက ဆူညံပြီး လာနေကြပြီဖြစ်သည်။ ဘီလိယက်ခုံရှေ့ လမ်းမကနေကို ဥဩသံပေးပြီး တဝေါဝေါ မောင်းချသွားကြ၏။

" (x x x x x) ရပ်ကွက်တဲ့"

"ဟာ ..."

လင်းတို့ရပ်ကွက်မှန်း သိသွားတော့ မောင်က ကျူတံကို ပစ်ချလိုက်သည်။

"ထိုးမှာ ထိုးစမ်းပါဗျာ၊ ကျွန်တော်တို့နဲ့ အဝေးကြီးပဲဟာ"

စည်သူလွင့်ကေနှင့် ငနဲကလေးက ဒေါသတကြီးနှင့် ပြောသည်။ ခြာမှာပေါ့ မောင် မဝင်သလို သူလည်း ဝင်မှမဝင်တဲ့ဟာကို။ မောင်နှင့် ထိုင်နဲကလေးပွဲကိုလည်း ကြည့်မည့်လူ သိပ်မရှိကြတော့။ လူတွေအားလုံး


www.burmeseclassic.com

www.burmeseclassic.com



က ကားလမ်းမကို့ထွက်ပြီး မီးခိုးထွက်ရာဘက်ကို ကြည့်နေကြသည်။

"ဒါ အရှုံးပေးတယ်ကွာ"

"အာ ... ခင်ဗျား အဲဒီလိုမလုပ်နဲ့လေ"

"အရှုံးပေးပါပြီဆိုမှ၊ ဟော့ကောင်မင်္ဂလာ ...အဲဒါ လင်းတို့ရပ်ကွက်ကွာ၊ ငါတို့ သွားမှဖြစ်မယ်"

"ဆက်ထိုးစမ်းပါကွာ၊ ငါက မင်းဘက်က ကစ်ထားတယ်ဆိုမှပဲ"

မောင် ကျူတံကို ခုံပေါ်ကို ပြောင်းပြန်ထားပြီး ဆိုင်ထဲက ပြေးထွက်ခဲ့သည်။ ဒါဆိုလျှင် မောင် အရှုံးပေးတာ သေချာသွားပြီဖြစ်၏။

လင်း ...

အခုမီးလောင်နေတာ လင်းတို့ရပ်ကွက် ဖြစ်သည်။ အိမ်ကို အမြန်ပြန်ပြေးကာ စက်ဘီးကိုယူပြီး လင်းတို့အိမ်ရှိရာသို့ အားစိုက်ပြီး အမြန်နင်းရသည်။

မီးလောင်သည့်နေရာနှင့် နီးလာလေ စက်ဘီးက နင်းမရလေ ဖြစ်လာသည်။ လူတွေက အုပ်လိုက် အုပ်လိုက် ပစ္စည်းတွေနှင့် ထွက်လာနေကြ၏။ ပြေးတဲ့လူတွေက ပြေး၊ လွှားတဲ့လူတွေက လွှားနှင့် ကလေးတွေရော၊ မိန်းမကြီးတွေရော၊ ယောကျ်ားကြီးတွေရော အရွယ်ပေါင်းစုံ လူပေါင်းစုံ ရှုပ်ယှက်ခတ်နေကြသည့်အတွက် မောင် စက်ဘီးကို ဆက်၍နင်းမရတော့။ ဒါနှင့်ပင် မောင်က လင်းတို့လမ်းထိပ်က စံပယ်ဦး လက်ဖက်ရည်ဆိုင်မှာ စက်ဘီးကို အပ်ပစ်ခဲ့ပြီး ပြေးလွှားအော်ဟစ်နေသော လူတွေကြားထဲသို့ ကိုယ့်ကိုယ်ကိုယ် ပစ်သွင်းပစ်လိုက်သည်။

"ဟာ ..."

အကြီးအကျယ် မီးလောင်နေတာက လင်းတို့လမ်းထဲမှာ ဖြစ်နေ





သည်။

မောင် လူတွေကို မတွန်းမတိုက်ဘဲ ရှောင်ရင်းရှားရင်း လင်းတို့လမ်းထဲသို့ အားအပြည့်ဖြင့် ပြေးလာခဲ့သည်။ သေတ္တာကို ထမ်းထားသူတွေ၊ ဖျာလိပ်တွေနှင့် အဝတ်အစားကို ထုတ်ပြီး ထမ်းထားသူတွေ၊ ဒန်အိုးတွေ၊ ရေတိုင်ကီတွေကို မလာသူတွေနှင့် လူ့ဘဝသည် ခဏတော့ ရှုပ်ယှက်ခတ်သွားကြ၏။

"လင်း ..."

"မောင် ..."

မီးသတ်ကားတွေရော၊ တာဝန်ရှိ ရဲဝန်ထမ်းတွေရော၊ လူတွေရော ကြားမှာ လင်းနှင့် မောင် ဆုံမိကြခြင်းဖြစ်သည်။ လင်းတို့အိမ်ကလေးက မီးထဲတော့မပါသေး။ ဒါပေမဲ့ လင်းတို့အိမ် နံဘေးနားက တိုက်အိမ်နှစ်ထပ်ကြီးကတော့ မီးစွဲနေပြီဖြစ်သည်။

လင်းက မောင့် ညာဘက်ရင်အုံထဲသို့ ခေါင်းကိုထိုးထည့်ပြီး "အီ" ခနဲ ငိုချလိုက်၏။

ဒီလို လင်းက ငိုချလိုက်သည့်အတွက် မောင့်လက်ချောင်းတွေက သံမဏိချောင်းတွေလို မာတင်းသွားအောင် လက်သီးကို ဆုပ်ထားလိုက်မိသည်။

မောင့်ရင်ဘတ်ကတော့ သူ့ရဲအကောင်တစ်သန်းလောက် ဆွဲဖွင့်ပင်လိုက်သလို ဟင်းလင်းပွင့်သွား၏။

မိန်းကလေးတစ်ယောက် တိုးဝင်လာသော ဦးခေါင်းကလေးကို ကြိုခနိုင်သော ရင်ဘတ်မျိုး ဘယ်ယောကျ်ားကလေးမှာမှ မရှိ။ ပြီးတော့ မိန်းကလေး က ဒုက္ခရောက်နေတာဆိုတော့ ပို၍ ခံနိုင်ရည်မရှိပေ၊



www.burmeseclassic.com

www.burmeseclassic.com



လင်း၏မျက်ရည်က မောင့်အင်္ကျီကို ပေတာမဟုတ်ဘဲ မောင့်နှလုံးသားကို ပေသွားခြင်းသာ ဖြစ်ပါသည်။

လင်း၏ မေမေကလည်း နံဘေးနားမှာ ဘာလုပ်ရမှန်းမသိဘဲ ရပ်နေသည်။ လင်းမေမေ၏ လက်ထဲမှာ ကိုင်ထားတာကို ကြည့်ပါဦး။ အခုမှ တည်ပြီးစ ပူပူနွေးနွေး ထမင်းအိုးကြီးဖြစ်၏။ ထိုထမင်းအိုးကြီးကို လက်ခု (လက်နှီးစုတ်)ဖြင့် ကိုင်၍ထားသည်။

"သားရယ်... လုပ်ပါဦး၊ အန်တီတို့တော့ ဒါပဲရတယ်"

လင်း၏မေမေက တည်ပြီးကာစ ထမင်းအိုးကြီးကို မြှောက်ပြရင်း ပြောသည်။

ယောကျ်ားသားကလည်း မရှိသော လင်းတို့အိမ်မှာ ဘာတစ်ခုမှ မရလျှင်တော့ ဒုက္ခရောက်တော့မည် ဖြစ်၏။ လင်းတို့အိမ်က မီးထဲပါတော့မှာ ဖြစ်သည်။ သူ့ရင်ခွင်ထဲမှာ ရှိုက်နေသောလင်းကို မောင် တင်းတင်းကြပ်ကြပ်ကို ဖက်ထားလိုက်မိသည့်အတွက် တဆတ်ဆတ်တုန်နေသော လင်း၏ မျက်နှာကလေးနှင့် သူ့ရင်ဘတ်သည် အပ်ကျမတတ်ကျကို ထိတွေ့သွားခဲ့သည်။ အဲဒီခံစားမှုကို ရေးစရာစကားလုံး မရှိသေးပါ။

မောင် လင်းကို အရမ်းချစ်သွားသည်။

"အန်တီ... ပြော ဘာယူမလဲ၊ အချိန်မရှိဘူး"

"သားရယ်...သေတ္တာထဲမှာရှိတဲ့ အန်တီ့ပိုက်ဆံအိတ်ရယ်၊ ပြီးတော့ အန်တီ့ထဘီကလေး လေးငါးခြောက်ထည်ရယ်၊ ဟို...ထဘီကို အောက်ဆုံးက အထည်တွေ ယူခဲ့နော်သား၊ အပေါ်က အထည်တွေက အိမ်နေရင်းဝတ်တဲ့အထည်တွေ"

"ဟုတ်..."





မောင်က သူ့သံမဏိ လက်ချောင်းတွေနှင့် ဆုပ်ထားသော သော့သီးကို အားရအောင်ပြုရင်း လင်းကို ရင်ခွင်ထဲက တွန်းထုတ်လိုက်ရသည်။ တွန်းမထုတ်လို့လည်း မရတော့။ လင်းတို့အိမ်ကို မီ ကကူးနေပြီ ဖြစ်သည်။

"မောင်..."

"လင်း..."

လင်းသည် ရှိုက်နေသော သူ့အသံကို သူ မနည်းပင် မျိုချနေရသေးသည်။

"ငါ့...ငါ့စုဘူးကလေးရယ်၊ ငါ့မွေးနေ့တုန်းက နင်တို့ စုပေးထားတဲ့ ပန်ဒါဝက်ဝံရုပ်ကလေးရယ်၊ ပြီ့တော့..."

လင်းက ဖက်တွယ်မှုမဲ့စွာ ရှိုက်နေသေးသည်။ လမ်းပေါ်မှာ လူတွေ အထိတ်တလန့် အော်သံခေါ်သံ ပြေးသံလွှားသံ မီးသတ်ကားအသံတွေနှင့်ဆိုတော့ လင်းစကားကို ကြားရဖို့ မောင် လင်းအနားကို ပြန်ရပ်ရ၏။

"ပြီးတော့... ပြီးတော့ ဘာလဲ လင်း"

လင်းက မောင့်လက်မောင်းကို အားကိုးတကြီး ကိုင်လိုက်သည်။

"ငါ့ကျောင်းစာအုပ်တွေ"

မျက်ရည်တွေကျပြီး မောင့်ကို အားကိုးတကြီး ခေါင်းကလေးမော့၍ ပြောသော လင်းကို မောင် အရမ်းချစ်သွားခဲ့သည်။

အဲဒီတော့ မောင်သည် မီးသတ်ရဲဘော်တွေက ရေဖြန်းနေသော မီးလည်း ကူးနေပြီဖြစ်သော လင်းတို့အိမ်ထဲသို့ ခွတ်၍ပြေးဝင်သည်။

"ဟာ... ဟေ့လူ... မသွားနဲ့... မသွားနဲ့"

မီးသတ်ရဲဘော် တစ်ယောက်က သူ့ကို လည်ကုတ်မှ ဆွဲ၍ ဘာ...



www.burmeseclassic.com

www.burmeseclassic.com



အရ အတင်းတားသည်။ မီးသတ်ရဲဘော်ကြီး၏ မျက်နှာတွင် စေတနာအကြည့်ကိုလည်း တွေ့ရပါသည်။ ဒါပေမဲ့ လင်းငိုနေတဲ့ မျက်လုံးအကြည့်က မောင့်ရင်ထဲကို ရောက်နေပြီဖြစ်သည်။ ဒီလိုမျက်လုံးမျိုးကို ကမ္ဘာပေါ်တွင်ရှိသော မည်သည့်မျက်လုံးမျိုးကမှ မနိုင်နိုင်တော့ပါ။

မောင် အိမ်ထဲကိုရောက်တော့ တစ်အိမ်လုံး မီးခိုးတွေနဲ့က မွှန်နေပြီ။ လင်းတို့အိမ် ညာဘက်အခန်းကို မီးစွဲနေပြီဖြစ်၏။ မောင် လင်း၏အခန်းထဲကို ချက်ချင်းဝင်ရသည်။

အခန်းထဲရောက်တော့ ပန်းဒါဝက်ဝံရုပ်ကလေး နှစ်ရုပ်ကို တွေ့တာနှင့် ကောက်ဖက်ထားလိုက်ရသည်။ ပြီးတော့ စုဘူးဆိုသဖြင့် ဟိုဟိုဒီဒီကို ရှာတော့ တော်တော်နှင့်မတွေ့။ လူကိုယ်တိုင်က စိတ်လောနေတာလည်း ပါချင်ပါမည်။

"ဟေ့လူ ... ခင်ဗျား ထွက် ... ထွက် ... ထွက်တော့နော်"

မီးသတ်ရဲဘော်ကြီးက သူ့ကို အတင်းအော်ပြီး ခေါ်နေသည်။ ကျောင်းစာအုပ်တွေတဲ့ ဒုက္ခပါပဲဟု မောင်ကတွေးရင်း လင်း၏ စာရေးခုံကလေးကို ဖွင့်ဖို့ကြည့်တော့မှ လင်းမှာလိုက်သော စုဘူးကလေးကို သွားတွေ့သည်။ စုဘူးကလေးက ဆင်ရုပ်စုဘူးကလေး ဖြစ်၏။ မောင် စုဘူးကလေးကို ကောက်ကိုင်လိုက်သည်။

"ခင်ဗျား သေချင်ပြီလား၊ မီးက အမိုးကိုစွဲနေပြီ၊ လာ"

သန်မာသော လက်ကြီးများဖြင့် သူ့လည်ကုတ်ကို ဆွဲကိုင်ရင်း မီးသတ်ရဲဘော်ကြီးက ဆွဲထုတ်သည်။

"ထဘီ ... ထဘီတွေ ကျန် ..."

"သေသွားမယ်၊ သေသွားမယ် သိရဲ့လား"





မောင် အိမ်အပြင်ဘက်ကို ဘယ်လိုလုပ် ရောက်လာမှန်းမသိ လိုက်ပါ။ မောင် အိမ်အပြင်ဘက်ကို ရောက်ပြီးကာစမှာပင် လင်းတို့အိမ် အမိုးကြီးက ကျယ်လောင်လှသော အသံကြီးဖြင့် ပြိုကျသွားသည်။

"မောင် ..."

"လင်း ..."

"သား ... ထဘီတွေရော သား"

"နင့်စာအုပ် ... နင့်စာအုပ်တွေတော့ ကျန်ခဲ့တယ်ဟာ"

"မောင်ရယ် ...ငါတို့အိမ်ကလေးတော့ သွားပါပြီ၊ သွားပါပြီဟယ်၊ မောင်ရဲ့ ကြည့်ပါဦး"

"မကြည့်နဲ့တော့ လင်းရယ်၊ လာ ငါတို့ လမ်းထိပ်ကိုထွက်ပြီး ငါတို့အိမ်ကို နင်တို့လိုက်ခဲ့တော့"

မောင့်စကားဆုံးတော့ လင်းက မောင့်ရင်ဘတ်ထဲကို ခေါင်းကလေး အိုးဝင်ကာ "အီ" ခနဲ ငိုပြန်၏။ မောင် လင်းကို မေး၍ဖက်ထားရင်း လမ်းထိပ်သို့ ထွက်ခဲ့ကြသည်။ လင်းက သူ့ပန်းဒါဝက်ဝံကလေး နှစ်ကောင်ကို ဖက်၍ထားသည်။ မောင်က လင်း၏ ဆင်ရုပ်စုဘူးကလေးကို ကိုင်ရင်း လင်းကို ဖေးမထားရ၏။

လင်း၏ အမေကြီးကတော့ သူ့ထမင်းအိုးကြီးကို သူ ကိုင်၍ လာကြသည်။

မီးက လင်းတို့အိမ်နှင့် နောက်ထပ် ခြောက်အိမ်လောက် ထပ် လောင်ပြီးသည့်နောက် ရပ်သွားသည်။ မီးသတ်ရဲဘော် လေးယောက် ဒဏ်ရာရသည်ဟု ဆိုသည်။

မောင့်ကိုလာကယ်သော မီးသတ်ရဲဘော်ကြီး ဦး...



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ပါ။ ထိုမီးသတ်ရဲဘော်ကြီးနှင့် မောင်သည် ဒီနေ့အထိ ခင်နေကြ၏။

အဲဒီနေ့က လင်းတို့ မောင်တို့အိမ်ကို လိုက်လာပြီး ငါးရက်လောက်နေသွားသည်။ စိတ်ညှိုးငယ်နေသော လင်းကို မောင်က "ချစ်တယ်" ဟု အဲဒီတုန်းက မပြောရက်ခဲ့တာ အမှန်ပင်ဖြစ်ပါသည်။

■



BURMESE CLASSIC .com



(ဂ)

မောင့်စကားဆုံးသွားတော့ သူငယ်ချင်းတွေအားလုံးက လင်းကို [illegible]သံ့လိုက်ကြသည်။

လင်း၏ နားရွက်ကလေးတွေက နီရဲနေ၏။

လင်းသည် ရှက်သည့်အခါတွင် လင်း၏ နားရွက်ပါးပါးကားကား [illegible]လေးက အရင်ရဲတက်လာတတ်သည်။ ဒါကို ရှစ်တန်းကျောင်းသား [illegible]ကတည်းက မောင်က သိပါသည်။ သူငယ်ချင်းတွေက ဝိုင်းကြည့်နေ[illegible]ဖြင့် လင်း၏ နားရွက်ကလေးသည် ရဲသည်ထက် ရဲလာခဲ့သည်။

"နင် အဲဒီနေ့က ငါ့ကိုချစ်တာ ဟုတ်လား မောင်"

လင်း၏အသံသည် ဒေါသရော မာနပါ ရောစွက်၍နေသည်။

ထို့ကြောင့် မောင် ဘာမှမပြောတော့ဘဲ ခေါင်းကို ငုံ့ထား[illegible] [illegible]ပွမ်.က မောင်၏ပေါင်ကို လက်ညှိုးဖြင့်ထိုးသည်။ သဘော[illegible]



www.burmeseclassic.com

www.burmeseclassic.com



*လင်း စိတ်ဆိုးနေတာကို မောင့်ကို စိတ်ဆိုးပြေအောင်ပြောဖို့ သတိပေးတာ* ဖြစ်ဟန်တူသည်။

ဒါပေမဲ့ မောင့် ရင်ထဲမှာပဲ စကားလုံးတွေကရှိပြီး မောင့်ပါးစပ်ထဲမှာ ဘာစကားလုံးမှ မရှိတော့ပါ။

"နင်တို့ပဲ စဉ်းစားကြည့်တော့ဟာ၊ ငါ့အိမ်မီးလောင်တုန်းက သူလုပ်ပေးတာ ဟုတ်ပါတယ်၊ အကုန်မှန်တယ်၊ ဒါပေမဲ့ အိမ်မီးလောင်လို့ ဘဝပျက်နေတဲ့ မိန်းကလေးကို ချစ်ရတယ်တဲ့၊ ကဲ ... ဟား ... ဟား ... ဟား ... ဟား"

လင်းတစ်ယောက်တည်း ရယ်ခြင်းဖြစ်ပါသည်။

သူငယ်ချင်းတွေအားလုံး တစ်ယောက်မှ လိုက်မရယ်ကြပါ။

"ဟုတ်ပြီလေ၊ အဲဒီနေ့က ငါကတော့ သူ့ကို သူငယ်ချင်းဆိုတဲ့ အားကိုးစိတ်နဲ့ အားကိုးပြီး ယုံကြည်ခဲ့ရတာ၊ အဲဒါကို သူက ငါ့ကို ချစ်တယ်တဲ့၊ မောင် နင်က နာဘူးပဲ"

လင်း၏ နောက်ဆုံးစကားကြောင့် အားလုံး ပို၍ တိတ်သွားကြသည်။ လင်းသည် မောင့်ကို အခုလို ရှိုင်းရှိုင်းစိုင်းစိုင်း တစ်ခါမှ မပြောခဲ့ဘူးပါ။ ဒါကို သူငယ်ချင်းတွေအားလုံး သိကြသည်။

မိန်းကလေးဆိုတာမျိုးကလည်း အားနည်းချက်ဖြစ်နေတုန်း ရှိနေတုန်းမှာ အသားယူတာကို အလွန်မုန်းတတ်သော သတ္တဝါဖြစ်၏။

မောင်သည် အမြဲတမ်း သူ့ကိုယ်သူသာ အပြစ်တင်လေ့ရှိသူ ဖြစ်ပါသည်။ ထို့ကြောင့် သူ့ကို ကူညီသည့် ဆရာကြီးမင်းလူ၏ မဟာစွန့်စားခန်းနှင့် လင်းကို ချစ်၍မရတော့ကြောင်းကို နားလည်ပေးလိုက်သည်။

"နင် ငါ့ကို ပါးရိုက်မလား လင်း"





"ဘာဖြစ်လို့လဲ"

"ငါပြောတာက နင့်သိက္ခာကို ထိခိုက်သွားတယ် ဆိုရင်ပါ၊ နင် အဲဒီနေ့တုန်းက ဖြူဖြူစင်စင် ငါ့ကို အားကိုးခဲ့မိတာကို ငါက စော်ကားမိတယ်ဆိုရင်ပေါ့၊ ရိုက်ပါ၊ ပါးကို အားထည့်ပြီးတော့ ရိုက်လိုက်စမ်းပါ၊ ငါက နင့်ကို ချစ်တာပါ၊ နင်ပြောတဲ့ ဟိုဟာတော့ မဟုတ်ဘူး"

မောင်က မျက်စေ့ကိုမှိတ်ပြီး ပါးကို ထိုးပေးလိုက်သည်။

မောင့်ပါးသည် လင်း စိတ်ထင်ရာလုပ်ခွင့်ရှိသော နေရာဖြစ်ပါသည်။

မောင့်ပါးကို လင်းက ရိုက်ချင်လျှင်လည်း ရိုက်၊ နမ်းချင်လျှင်လည်း နမ်း လင်း ကြိုက်တာလုပ်ခွင့်ရှိသော နေရာဖြစ်ပါသည်။ မောင်ကတော့ လင်း၏ ပါးပြည့်ပြည့်ဖောင်းဖောင်းကလေးကို ဆွဲပဲဆိတ်ချင်နေမိခဲ့သည်။ ဒါတောင်မှ နာအောင်တော့ မဆိတ်ရက်ပါ။ လင်း စိတ်ဆိုးရုံကလေးသာ ဆိတ်ချင်ပါသည်။

လင်းဆီကို ပါးထိုးပေးပြီး မျက်စေ့ကို စုံမှိတ်ထားရသော ခဏသည် မောင်၏ တစ်ဘဝလုံးသာ ဖြစ်ပါသည်။

မောင်သည် မျက်စေ့ကို မှိတ်ထားပြီး လင်းရယ်နေသော ပုံကလေးကိုသာ စိတ်ထဲက အောက်မေ့နေလိုက်သည်။ စိတ်ထဲက မြင်အောင် ကြည့်နေလိုက်သည်။

"ဂေါက် ..."

မောင့်ငယ်ထိပ် အခေါက်ခံလိုက်ရခြင်း ဖြစ်သည်။

သူငယ်ချင်းတွေအားလုံးက ဝိုင်းရယ်သံ တဟားဟား ထွက်လာ၏။ ထိုရယ်သံထဲတွင် မောင့်ရယ်သံ မပါပါ။ လင်း၏ ရယ်သံလည်း မပါပါ။



www.burmeseclassic.com

www.burmeseclassic.com



လင်းနှင့် မောင် မျက်ဝန်းချင်း ဆုံနေသည့်အတွက် ဖြစ်ပါသည်။

မောင်သည် လင်းကို အရမ်းချစ်၍သွားသည်။

လင်းက အရင်မျက်လွှာကိုချ၏။ ပြီးတော့ ခေါင်းကိုခါသည်။

"ကဲ ... ကြည့်စမ်းပါဦး၊ ငါ့အိမ် မီးလောင်တုန်းက ငါ့ကို ချစ်တာဆိုရင် နင်တို့ပဲ စဉ်းစားကြည့်ကြဦး၊ ပြီးတော့ ငါ့အမေက ထမင်းအိုးကြီးနဲ့ ထဘီကို ယူနိုင်းတာတဲ့၊ အလကား မဟုတ်က ဟုတ်ကတွေ၊ အဲဒီတော့ ငါက သူ့ခေါင်းကို ခေါက်ပစ်လိုက်တယ်၊ ဟုတ်တယ် မဟုတ်လား"

"ငါတို့လည်း အသေ့စိတ်တော့ ဘယ်သိမလဲဟာ"

စပွမ်းက အားမလို အားမရပုံစံနှင့် ဝင်ပြောပြီး မောင့်ကို ကြည့်သည်။ မောင်သည် လိမ်ပာတ်သည့် လူတစ်ယောက် မဟုတ်ကြောင်းကို စပွမ်းက သိပုံရပါသည်။ မောင်ပြောတာ မှန်ရဲ့သားနဲ့ လင်းက တမင်နိုင်နေကျမို့ နိုင်တာဟု ဆိုလိုချင်ပုံရသည်။

ဒီတော့ စပွမ်းနှင့် ကျန်သူငယ်ချင်းတွေရဲ့ မျက်ဝန်းကို မောင်ရှောင်လိုက်သည်။ မောင်သည် ရှက်သွားသောလင်းကို အရှုံးပေးဖို့ ဆုံးဖြတ်လိုက်သည်။ စာရေးဆရာကြီး ဦးမင်းလူကြောင့်သာ ဒီအကြောင်းကို ပြောဖြစ်သွားခြင်း ဖြစ်ပါသည်။

"နင် နောက်ကို ငါ့အကြောင်း ပေါက်ကရတွေ မပြောနဲ့"

"အေးပါ၊ မပြောတော့ဘူး၊ နင်ကလည်း ငါ ဟိုဟာလို့မထင်နဲ့"

"ထင်တာပေါ့ မောင်ရဲ့၊ ငါ ဒီလောက် ဒုက္ခများနေတဲ့ အချိန်မှာ နင်က ငါ့ကို 'ချစ်တယ်' ဆိုတော့ နင်ဟာ 'နှာဘူး' ပေါ့"

လင်း၏အသံက ပျော်ပျော်ရွှင်ရွှင်နှင့် အောင်အောင်မြင်မြင် အသံမျိုးဖြစ်သည်။ မောင့်ကို "အေးပါဟာ ... ဟုတ်ပါတယ်" ဟု မောင့်ကို ပြော





စေချင်သော မျက်ဝန်းမျိုးနှင့် နှုတ်ခမ်းပာဟကလေးလည်း ရှိနေသည်၊

မောင်နှင့် လင်း မျက်ဝန်းချင်း ဆုံကြမိပြန်သည်။

"နင့်ကို ချစ်လိုက်တာ လင်းရယ်"

ထိုစကားမှာ စိတ်ထဲကပြောသော စကားသာဖြစ်ပါသည်။ လက်တွေ့မှာတော့ မောင်က စားပွဲဝိုင်းက ထပြီး ထွက်သွားခဲ့သည်။

သူငယ်ချင်းတွေအားလုံး သူ့နောက်ကျောကို ကြည့်ချင် ကြည့်နေကြလိမ့်မည်။ ထိုအကြည့်သည် ခွေးတစ်စင်းလို အကြည့်လား။

မြွေးတစ်စင်းလို အကြည့်လား။

သနားခြင်း လို အသိလား ဆိုတာကိုတော့ မောင် လုံးဝမသိပါ။

■



www.burmeseclassic.com

www.burmeseclassic.com



"ရေတဲခွန်မရယ် ...နင် နည်းနည်းကလေးလောက်တော့ စဉ်းစားဖို့ ကောင်းပါတယ်"

ချဉ်ဖတ်က လင်း မျက်ဝန်းတည့်တည့်ကို ကြည့်၍ ပြောခြင်းဖြစ် ပါသည်။ ဒီနေ့ သူတို့ သူငယ်ချင်း သုံးယောက် ချဉ်ဖတ်တို့အိမ်တွင် ဆုံကြခြင်းဖြစ်သည်။ ချဉ်ဖတ်တို့အိမ်က အောက်သံမံတလင်းခင်း၊ ဘေးထရံကာ၊ အပေါ်သွပ်မိုးဆိုပေမယ့် ဒီဘွားပိုင် ခြံကြီးထဲမှာဆိုတော့ သစ်ပင်တွေ ကောင်းကောင်း ရှိသဖြင့် ကြိုက်သည့်နေရာမှာ စကားပြောလို့ရသည်။

အခု သူတို့ သူငယ်ချင်း သုံးယောက်က ပေတစ်ရာပတ်လည်ရှိသော ခြံကြီး၏ ဘယ်ဘက်အစွန်းမှာရှိသည့် ပိတောက်ပင်ကြီးအောက်မှာ အေးအေး ဆေး ဆေး ဖိနပ်ကလေးတွေ ခုထိုင်ကာ စကားပြောနေခြင်း ဖြစ်သည်။

ချဉ်ဖတ်၏စကားကို လင်းကမခံ၏။ ပြီးတော့ သူ့ထုံးစံအတိုင်း





ခေါင်းကိုခါသည်။

"သူချစ်တာက နင်တို့လည်း သိသာပဲ၊ ပေါက်တတ်ကရကြီး မဟုတ်ဘူးလား"

"နင်ကလည်းဟာ၊ မောင်က နင့်ကို ချစ်တယ်ဆိုတာ မျက်လုံးမှာ ဘင် မြင်လို့ရတယ်၊ ကဲ..."

ချဉ်ဖတ်၏ စကားသံဆုံးတော့ လင်းက ပို၍ မဲ့ပစ်လိုက်သည်။ သူငယ်ချင်းတွေအားလုံးက မောင့်ဘက်က ဖြစ်နေကြသည်။ ဒါကိုတော့ လင်းက ဆန့်ကျင်ချင်သည်။

မောင် သူ့ကို ချစ်နေတယ်ဆိုတာကို မိန်းကလေး သဘာဝအရတော့ သိပါသည်။ ဒါပေမဲ့ မိန်းကလေးဆိုတာမျိုးကလည်း ချစ်မှန်းသိတိုင်းသာ ပြန်ချစ်ရလျှင် ယောကျ်ားတစ်သန်းလောက် ရသွားနိုင်သည် မဟုတ်လား။ ဒီတော့ မိန်းကလေးဆိုတာက ကိုယ့်ကိုချစ်လျှင် ဘာကိုချစ်တာလဲ။ ဘယ်လိုချစ်တာလဲ။ ဘယ်တုန်းကချစ်တာလဲ။ ဘယ်လောက်ချစ်တာလဲ ဆိုတာ အားလောက်တော့ သိချင်သည်။

"အလကားပါဟာ သူ ငါ့ကို မချစ်ပါဘူး ချဉ်ဖတ်ရဲ့၊ မြတ်ထင် အောင်ကြောင့် ငါ့ကို တမင်ရည်းစားစကား ပြောတာပါ၊ ငါက သူ့ကို သူငယ်ချင်းဆိုပြီး ခင်ခင်မင်မင်နေခဲ့တော့ အဲဒါကို သူက သူ့ကို ကြိုက်နေပြီထင်ပြီး ငါ့ကို အခုလို ချစ်တယ်တွေ ဘာတွေ လုပ်လာတာ၊ ကဲ... သူ ငါ့ကို ချစ်နေတာမှန်ရင် မြတ်ထင်အောင်မတိုင်ခင် ဗလထင်က ပြောသေး"

ချဉ်ဖတ်ရော စပွမ်းရောက လင်းကို တစ်ခါမှ မကြည့်ခဲ့ဘူးသော ပြသည့်အကြည့်နှင့် ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြည့်ကို လင်း မခံနိုင်ပါ။

ထို့ကြောင့် လင်း သူငယ်ချင်းနှစ်ယောက်ကို မျက်နှာလွှဲလိုက်ရ၏။ လင်း စိတ်ထဲတွင်တော့ မောင့်ကိုသာ ကျောကုန်းကို အချက်တစ်သန်း သောက် ထုချင်နေမိသည်။ သူလုပ်တာနဲ့ လင်းက အလိုလို လူကြမ်းကြီး ဖြစ်နေပြီ။

မင်္ဂလာဆိုက သိရသလောက်ဆိုလျှင် မောင်က စာရေးဆရာမင်းလူ ဆိုသော လူကြီးကို သူ့ကို ချစ်တဲ့ကိစ္စကို သွားတိုင်ပင်သည်တဲ့။ မင်္ဂလာ ဆိုသော ဘိုကလေးသား မိုးကျော်ဆိုသည့်ကောင်က နှစ်ခါလောက် အ လိုက်လျှင် လိမ်ထားတာတွေ အကုန်ပေါ်သည့် ဝေါဖြစ်သည်။

ဒီတော့ လင်းကလည်း လည်ပါသည်။

မိုးကျော်ကိုမေးတော့ အကုန်ပေါ်သည်။ ရခိုင်မုန့်တီထဲမှာ မုန့်ဟင်း ခါးဖတ်တွေ ကွက်ကွက်ကွင်းကွင်း ပေါ်သည်ဟု စလေဦးပုည ရေးသွား သလိုကို ပေါ်ပါသည်။

ဒီတော့ လင်းက စိတ်ဆိုးသည်။

ဟုတ်ပါသည်။

စာရေးဆရာမင်းလူဆိုတဲ့ လူကြီးကို သူချစ်တဲ့ကိစ္စ သွားတိုင်ပ မှတော့ အရှက်ကွဲပြီပေါ့။ ဒီလူကြီးက မောင်သွားပြောတဲ့ကိစ္စကို ဝ မရေးဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ။ ရေးသွားတော့ရော သူ နိုင်ငံကျော် စာရေးဆရာကြီးဆိုတော့ ဘယ်သူက ဘာပြောလို့ရမှာ စာရေးဆရာတွေ ဆိုတာကလည်း ရေးစရာ ဇာတ်လမ်းက ရှားနေ မဟုတ်လား။ ဒီတော့ ...။

လင်းက မောင့်ကျောကိုသာ ထုချင်ပါသည်။

စာရေးဆရာကြီး မင်းလူကိုတော့ မထုချင်ပါ။ ဆရာမင်း အဖွားကြီးသုံး ယောက်နှင့် ထမင်းစားကြတဲ့ ဝတ္ထုတိုကလေးကို ဖတ်ရ င်းသည် ပုဒ္ဒနံ်ထုပ်ကို အရမ်းစားချင်သွားသည်။ ဒါနဲ့ ဈေး ကို ပုဒ္ဒနံ်ထုပ်ကိုဝယ်ပြီး ဆရာမင်းလူ ဝတ္ထုထဲက ပါတဲ့အတိုင်း ချက်စာ ခဲ့ ။

ဒါပေမဲ့ အဖွားကြီးသုံးယောက် မပါလို့လားမသိ။ စား ကောင်းပါ။ ဒါပေမဲ့ လင်းက ဆရာမင်းလူကိုတော့ ချစ်သွား သည်။ ဒ္ဒနံ်ထုပ်စားတိုင်း ဆရာမင်းလူကို သတိရ၏။

ထိုအကြောင်းကြောင့် အခု လင်းက မောင့်ကို စိတ်ဆိုးနေခြင်း ဖြင်သည်။ အဲဒီ ဦးမင်းလူဆိုသည့် စာရေးဆရာကြီးက အဖွားကြီး သုံး ယောက်ကိုပင် စာရေးသေးလျှင် မောင်သွားတိုင်ပင်သော လင်းကို မ ဟု မည်သူက ပြောနိုင်မည်နည်း။

စာရေးဆရာ ဆိုတာမျိုးကလည်း သူတို့ ရေးချင်တာတွေ လျှောက် ကြတာပဲ မဟုတ်လား။ ဒါကြောင့်မို့ လင်းသည် မောင့်ကို စိတ်ဆိုး ခြင်း ဖြစ်၏။

"လင်းရယ် ... ဗိုလ်ကြည့်နဲ့တုန်းကတော့ သူရေးခဲ့တာ မှန်ပါတယ်၊ ပြီ ရေးခဲ့လို့လည်း အရိုက်ငါးခါ ငါတို့ရွှေမှာပဲ ခံရတာမဟုတ်လာ ကိစ္စကတော့ ..."

"ချဉ်ဖတ် ... နင်မပြောနဲ့၊ ငါပြောမယ်၊ လင်း သုက နင့်ကို ေ လို့ ဘယ်နှခါ ခေါ်ဖူးသလဲ"

စပွမ်းပုံစံက ဒေါသတကြီးနှင့် မေးခြင်း မဟုတ်သော်လည်း နည်း တော့ အကဲဆတ်နေသည်။ စပွမ်းသည် လင်းကို အရမ်း ချစ် ချင်းဖြစ်သည် ဆိုတာကိုတော့ လင်း သိသည်။ အခု အ

ကြောင်နှစ်ကောင်တအုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက မောင့်ဘက်က ပါနေပြီဆိုမှတော့ -

"မခေါ်ဘူး၊ အဲဒါဘာဖြစ်လဲ"

"ငါ့ကိုရော စပွမ်းလို့ မောင်က ဘယ်နှခါ ခေါ်ခဲ့ဖူးသလဲ"

"မခေါ်ဘူး၊ သူ မခေါ်တာ သူ့ဘာသာ မခေါ်တာလေ၊ ဘာဖြစ်လဲ"

"မောင်ဟာ ဘယ်တော့မှ မိန်းကလေးတစ်ယောက်ကို မစော်ကား တတ်ဘူး၊ သူ နင့်ကို တကယ်ချစ်တာ၊ နင်က ပြန်မချစ်ရင်လည်း သူက ချစ်မှာ"

"အဲဒါဆို စောစောကတည်းက ပြောပါလား"

"ဟဲ့ ... သူငယ်ချင်းဆိုတာ စည်းထားရတယ် မဟုတ်လား"

"ဒါဆိုရင် နင်နဲ့ ကျောက်ဆူးကြီးကျတော့ ဘာဖြစ်လို့ ရည်းစား ဖြစ်ကြတာလဲ"

စကားဝိုင်းက ရန်ပွဲသေးသေးကလေး ဖြစ်သွားကြသည်။

လင်း၏စကားကို စပွမ်းက ပြန်မဖြေနိုင်ပါ။ ဒါပေမဲ့ ဘေးမှာ နေသော ချဉ်ဖတ်ကတော့ ဖြေနိုင်ပါသည်။ ထိုဖြေသော စကားသည်လည်း မှန်သောစကား ဖြစ်ပါသည်။

"ကျောက်ဆူးကြီးက သူ့ရင်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်း ပြော တတ်တာကိုးဟ၊ မောင်က ရှက်တတ်တယ်၊ ပြီးတော့ လျှို့ဝှက်တ တယ်၊ ပြီးတော့ နင့်ကို အရမ်းချစ်တယ်၊ အဲဒီတော့ သူက ဘယ်ပြော မှာလဲ၊ ကျောက်ဆူးကြီးကို အဖြေပေးဖို့ ဘယ်သူပဲ လုပ်ပေးခဲ့တာ ဆိုတာ အားလုံးသိနေတာပဲ"

ဒါကိုတော့ လင်း သိပါသည်။ ဆယ်တန်းစာမေးပွဲ ပထမနေ့ စပွမ်းကို မောင်က ကျောက်ဆူးကို အဖြေမပေးလျှင် သူ စာမေးပွဲမဖြေ





တော့ဘူးဆိုပြီး အထက (၃)၏ ဇာဒ်ပင်ကလေး အောက်တွင် ထိုင်နေ သည်။

ပထမတော့ စပွမ်းက ခပ်တည်တည်ပဲ "ဟီဟိ" လုပ်ကာ သူ ဖြေ စရာရှိတာကို ဝင်ဖြေသည်။ ဒါပေမဲ့ မောင်ထိုင်နေတဲ့ နေရာက ဘင် ကျောင်းလုံး မြင်နေရတဲ့ ဇာဒ်ပင်ကလေးအောက်မှာမို့ လင်းလည်း စာနေ ရင်း လှမ်းမြင်နေရ၏။ ဆရာ၊ ဆရာမတွေကလည်း မောင့်ကို ခေါ်ကြ ပါသည်။ သို့သော် မောင်က သူထိုင်နေသော နေရာက မထပါ။

နောက်ဆုံး ကျောင်းအုပ်ဆရာကြီးပါ ဆင်းလာတော့မှ မောင်က စပွမ်းနှင့် စကားခဏပြောချင်ကြောင်း ပြောသည်။

ဒီတော့ စာမေးပွဲဖြေနေသော စပွမ်းခေါ် ရွှေစင်မိုးကို ဆရာတွေက သွားခေါ်ပေးရ၏။ မောင်သည် ရွတ်စရာရှိလျှင် ဘယ်ကျောင်းသားမှ လိုက်မမီအောင် ရွတ်တတ်သူဖြစ်သည်။ သို့သော် သူရွတ်တာက ဘယ် တော့မှ သူ့အတွက်မပါ။ တခြားလူအတွက်တွေသာ ဖြစ်သည်။

မောင်က ဆရာတွေ ခေါ်လာပေးတဲ့ စပွမ်းကို တွေ့ရတော့ စကား တစ်ခွန်းပဲ မေးသည်။

"နင် ချစ်မှာလား"

"အင်း ..."

ပွဲကပြီးသွား၏။

မောင်လည်း စာမေးပွဲဝင်ဖြေသည်။

အားလုံးက မောင်နှင့် စပွမ်းကို သမီးရည်းစားတွေဟု ပြောကြ၏။

စပွမ်းကလည်း သူတို့ သူငယ်ချင်းတွေထဲမှာ ခေါ်ကလည်းခေါ် တောင့်ကလည်းတောင့်၊ ဖြောင့်ကလည်းဖြောင့်ဆိုတော့ ကိုယ့်ဆရာတော့



www.burmeseclassic.com

www.burmeseclassic.com



ရော တစ်ကျောင်းလုံးအကြိုက် ဖြစ်နေသည်မို့ ပို၍ မောင်နှင့် စပွမ်းကို ထင်ခဲ့ကြဖူးသည်။

မောင်သည် အဲဒီလို "မောင်" ဖြစ်ပါသည်။

ဒါကိုလည်း လင်းက သိပါသည်။

ဒါပေမဲ့ မောင်က လင်းကို ချစ်နေတာကို ကိုယ့်ဘာသာကိုယ် မပြောတတ်လို့ ဆရာမင်းလူဆိုတဲ့ လူကြီးကို သွားမေးတာကိုတော့ လင်း စိတ်ဆိုးသည်။ လူများတွေအတွက်ကျတော့ လုပ်ပေ တတ်သည်။ ကိုယ့် အတွက်ကျတော့ ...။

"တေး ..."

"အေး ... နင်ပြောတာမှန်တယ် လင်း၊ မောင်က 'တေး'၊ တေး ဆိုတာ အ,တာကို ပြောတာပေါ့ဟာ၊ အ,တယ်ဆိုတော့ အသုံးမကျဘူး ပေါ့၊ အသုံးမကျတော့ ..."

"တော်ပြီ ချဉ်ဖတ်၊ မောင့်ကို အဲဒီလောက် မပြောနဲ့ဟာ၊ မောင်က ရိုးတာပါ"

"အေး ...အဲဒါတော့ ဟုတ်တယ်နော်၊ သူ ငါ့ကို ချစ်တာကလည်း ကြည့်ဦး၊ ငါတို့အိမ် မီးလောင်တုန်းမှာတဲ့"

လင်းက ချဉ်ဖတ်၏ လက်မောင်းကိုရိုက်ရင်း ရယ်ရယ်မောမော ဖြင့် ပြောသည်။ ထိုအပြုအမူသည် ခုနက တင်းမာနေသော အခြေအနေ များ အားလုံးကို ပြေလည်သွားစေသည်။ လင်းနှင့် ချဉ်ဖတ်တို့ ဘာမှ မပြောရဘဲ ပြေလည်သွားကြ၏။

"သူက တုံးကို တုံးပါတယ်ဟာ တေး"

"ဟုတ်တယ်၊ အဲဒီကောင်က တေး၊ ဟဲ့ ...မနေ့က ကိုမြတ်ထင်





အောင် အိမ်ကိုလာတယ် သိလား"

"ဘာ ... ဘာ ..."

"ကိုမြတ်ထင်အောင်လေ ..."

လင်း၏အသံက ဖျော့ကျသွားသည်။

လင်းသည် ခေါင်းကိုလည်း ငုံ့ချပစ်လိုက်၏။

"အောင်မာ ... သူက ဘာလာလုပ်တာလဲ"

ချဉ်ဖတ်၏အသံက မာသည်။ ဒေါသသံဟု ပြောလျှင်ပင်ရ၏။ ခုနက ရထားသော ပြေလည်မှုကလေး ပြန်ပျက်တော့မလို ဖြစ်နေသည်။

"တလွဲမထင်ပါနဲ့ဟာ၊ သူက အမေရိကား ကို ခဏသွားမှာတဲ့၊ ဘာကလေးမြို့ကိုပါ၊ အဲဒါ ဘာများ မှာစရာရှိသလဲလို့ လာမေးတာပါ"

"ဒေါ်ရွှေနွေ့ရာလင်းကရော ဘာများ မှာလိုက်ပါသလဲရှင်"

စပွမ်းက လက်ကလေးနှစ်ဖက်ကို ဆန့်၍ တမင်ရွဲ့ကာပြောသည်။

"ငါက ဘာမှမမှာပါဘူး၊ မေမေတို့ ရေ မှာပဲဟာ၊ ဘာဆိုဘာကိုမှ မမှာဘာ"

"သူက ဘာဝယ်လာမယ်ပြောလဲ"

"မသိဘူး"

ချဉ်ဖတ်ရော၊ စပွမ်းပါ သက်ပြင်းကိုယ်စီ ချမိလိုက်ကြသည်။

"မောင်ရယ် ... နင် မြန်မြန် ကြိုးစားစမ်းပါဟယ်" ဟု စိတ်ထဲ ကသည့် အလိုလို ပြောနေမိကြ၏။

လင်းသည် မောင့်ကိုနိုင်သည်။

မြတ်ထင်အောင်ကိုတော့ အထင်ကြီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စနှစ်ခုကို ဒီနေ့ကျမှ ချဉ်ဖတ်ရော စပွမ်းပါ သိသွားခြင်းဖြစ်ပါသည်။

မောင်ရယ် ...

နင် ဘာလုပ်မှာလဲ။

■





(၉)

"အာ ... ခင်ဗျား အဲဒီကိစ္စကြီးကို သွားပြောမှတော့ ဘယ်ကောင်းလဲဗျ၊ ခင်ဗျားဟာက မဟုတ်သေးပါဘူးဗျာ"

စာရေးဆရာကြီး ဦးမင်းလူ၏ စကားကိုကြားရတော့ မောင့်ခေါင်းသည် မဟာပထဝီမြေကြီး၏ ဆွဲအားကို မဆန့်ကျင်နိုင်တော့ဘဲ ငိုက်ဆင်းသွား၏။ လင်း သူ့ကို ဒေါသထွက်တာ အမှန်ဖြစ်သွားပြီ ဖြစ်သည်။ ... ကျော် စာရေးဆရာကြီး တစ်ယောက်ကပင် သူ့လုပ်ရပ် မှားသည်ဟ ...နေပြီ မဟုတ်လား။

"ဆရာက စွန့်စားတဲ့အကြောင်းဆိုလို့"

"အာ ... ကျွန်တော်ပြောတဲ့ စွန့်စားတယ်ဆိုတာက အဲဒီလို မဟုတ်...သေဗျာ၊ ခင်ဗျားက သူ့အတွက် သီးသန့် စွန့်စားတာမျိုး ပြောတာ၊ ... ဆရာကြီး ရွှေဥဒေါင်းဝတ္ထုတွေ ပြန်ရှာဖတ်စမ်းပါ၊ ရွှေဥဒေါင်း



www.burmeseclassic.com

www.burmeseclassic.com



နော်၊ အင်း … သူ့ရဲ့ 'ဓော်ဟိတ်' ဝတ္ထုတိုတွေ ကျွန်တော် ခင်ဗျာ့ကို ပြောတဲ့ ခွန့်စားခန်းက အဲဒါမျိုးဗျ"

"ဟုတ်ကဲ့ပါ ဆရာ"

"ခင်ဗျာ … ဗျာ … "

မောင်တို့ စကားဝိုင်းသည် ခဏတိတ်၍သွားသည်။

ဆရာမင်း လူက သူ့ရှေ့သို့ လက်ဖက်ရည်ခွက်ကို ထိတ်ထိတ်လန့်လန့် ပုံစံမျိုး နှင့် မယူပြီး "ရှလွတ်" ခနဲ တစ်ငုံသာသောက်သည်။ နှစ်ငုံသောက်လျှင် သူ့ကို တစ်ယောက်ယောက်ကပဲ အပြစ်ပေးတော့မလိုမျိုး ပုံစံလည်းရှိ၏။ ပြီးတော့မှ သူ့ဂျက်ကမ္ဘာအသစ်ကို မီးညှိပြီး လေ ငါးမှုတ်အားရပါးရ ရှိုက်ဖွာသည်။ ပြီးတော့ ဆိုင်ရှေ့က ကားလမ်းမမှာ ဘာများရှိမလဲဆိုသော ပုံစံမျိုးနှင့် ငေးနေသည်။

မောင် ဒီနေ့ဟော့ ဆရာမင်းလူရှိသော ရွှေကြေးစည်ကို တစ်ယောက်တည်း လာခဲ့ခြင်းဖြစ်ပါသည်။ ဟိုကောင်တွေကို ဒုက္ခမပေးချင်တာလည်း ပါသည်။ ဆရာနှင့် နှစ်ယောက်တည်း ပြောစရာရှိတာကို ရဲရဲတင်းတင်း ပြောချင်တာလည်း ပါသည်။

သို့သော် ဆရာက ရောက်ရောက်ချင်း ဆွဲလိုက်တော့ မောင် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်၍သွားသည်။

မောင်သည် ဆရာ့ကိုလည်း အားနာနေမိသည်။

လင်းကိုလည်း အားနာနေမိသည်။

"ခင်ဗျားကို ကျွန်တော် တစ်ခုမေးချင်တယ်ဗျာ"

"ဟုတ်ကဲ့ဆရာ"

"ခင်ဗျားတို့ သူငယ်ချင်းနာမည်တွေက ဘယ်လိုတွေလဲဗျ၊ စပွ





တို့၊ ပွေးသီးတို့၊ မင်္ဂလာတို့ နောက်ဘာ … "

"ချဉ်ဖတ်နဲ့ ကျောက်ဆူ "

"အေးဗျာ … အဲဒါဘာတွေလဲဗျာ"

စာရေးဆရာကြီး၏စကား ကို ကြားရတော့ မောင် တော်တော်လေးကို ပျော်သွားသည်။ သူ့အတွက် ထွက်ပေါက်တစ်ခု ရသလိုလည်း ဖြစ်သွားသည်။ ပြီးတော့ သူငယ်ချင်း တွေအကြောင်း ကို ပြောပြရလျှင် စာရေးဆရာကြီးက သူ့ကို နားလည်လာလိမ့်မည်ဟုလည်း ထင်သည်။ ထို့ကြောင့် မောင်သည် သူ့ခုံကို ဆရာနှင့်နီးအောင် ရွှေ့လိုက်သည်။ မောင့်မျက်နှာတွင် လင် သန့်ကြည်စင်နေသော စိတ်ခံစားမှုကို စာရေးဆရာကြီး ဦးမင်းလူ သိလိမ့်မည်ဟု မောင် ထင်ပါသည်။

"ဒီလိုပါဆရာ၊ ကျွန်တော်က စကားတော့ သိပ်မပြောတတ်ဘူး၊ ကျွန်တော်ပြောတတ်သလိုပဲ ပြောပါရစေဆရာ"

"ဟာ … ပြောစမ်းပါ၊ ဒါ စာပေဟောပြောပွဲမှ မဟုတ်တာ၊ ရှိးရှိးပြောတာလောက် လုတာဘယ်ရှိမှာလဲ၊ ခင်ဗျား ရင်ထဲမှာသာ ရှိတာကိုပြောပြဗျာ၊ အဲဒါပဲဗျာ"

"စပွမ်အကြောင်းကို စပြောချင်တယ်ဆရာ"

"အင်း … "

"စပွမ်းက မုံရွာကဆရာ"

"သြော် … ဘယ်အရပ်ကလည်း"

"အဲ … အဲဒါတော့ ကျွန်တော်လည်း မေးမထားမိဘူးဆရာ၊ နောက်ခါန်တွေ့ရင် မေးပြီး ဆရာ့ကို ပြန်ပြောပါ့မယ်"

"ကဲပါဗျာ၊ သူ မုံရွာကဆိုတာက ကျွန်တော့်အတွက်လည်း အနေ



www.burmeseclassic.com

www.burmeseclassic.com



မကြီး လှပါဘူး၊ ခင်ဗျားက ဘာပြောချင်တာလဲ"

"အာ … အရေးကြီးတယ်ဆရာ၊ သူက မုံရွာကမို့ စပွမ်းဖြစ်တာ၊ သူ့နာမည်အရင်းက ရွှေစင်မိုးတဲ့၊ လှလည်းလှတယ်၊ သူက ကျွန်တော့် အရင် ခုနစ်တန်းနှစ်မှာကတည်း က ကျောင်းကိုပြောင်းလာတာ၊ ကျွန်တော့် ထက် တစ်နှစ်စောတယ် ဆိုပါတော့"

"အင်း … ဟုတ်ပါပြီ၊ ခင်ဗျာ က သူ့ကို အရင်စကြိုက်တာလား"

"ဟာ …ဆရာကလည်း ကျွန်တော်ပြောပြမှာက သူ့နာမည် ရွှေစင်မိုး ကနေ စပွမ်းဖြစ်တဲ့ အကြောင်းပါ၊ အဲဒီနေ့က ကျွန်တော်တို့ ရှစ်တန်း သင်တဲ့ ဆရာမ ဒေါ်မင်းလှမင်းက …"

"ဘာ … ဘာ …"

"မင်းလှမင်းတဲ့ခင်ဗျ၊ ကျွန်တော်တို့ ရှစ်တန်းမှာ အင်္ဂလိပ်စာသင် တဲ့ ဆရာမရဲ့နာမည်ပါ၊ ဒေါ်မင်းလှမင်းတဲ့"

ဆရာမင်းလှက သူ့ဆေးပေါ့လိပ်ကြီးကို ဖွာရင်း အဝေးသို့ငေးသည်။ "မင်း" ဆိုသော စကားလုံးကို သူတစ်ယောက်ပဲ ယူချင်ပုံရသည်။ မောင် ကတော့ မလျှော့နိုင်ပါ။ သူတို့ကို ရှစ်တန်းမှာ အင်္ဂလိပ်စာသင်သော ဆရာမနာမည်က ဒေါ်မင်းလှမင်း ဆိုတာကို ဘယ်သူ့ကိုသွားမေးမေး အမှန်သာဖြစ်ရမည် ဖြစ်သည်။

"အဲဒီတော့ …"

ဆရာမင်းလှက ထောက်ပေ လိုက်သည်။

ဒီတော့မှ မောင်လည်း "စပွမ်" အကြောင်းကို ဆက်ပြောဖို့ အားရှိ၍ သွား၏။

"အဲဒီနေ့က ဆရာမက ကျွန်တော်တို့ တက်(စ်)ဘုတ်ထဲက lesson





…တွေအပြင် ဗဟုသုတ ရအောင်ဆိုပြီး အပြင်က သင်ခန်းစာကလေးတွေ …ပါ သင်ပေးတယ်၊ ကိုယ်နေ့စဉ်တွေ့နေကျ ပစ္စည်းတွေပေါ့လေ"

"ဟာ … ကောင်းတာပေါ့ကွ၊ မင်းတို့ဆရာမ မင်းလှမင်း …"

"ဒေါ်မင်းလှမင်းပါ ဆရာ"

"ကျွန်တော်က 'ဒေါ်' ဆိုတာကို ဖြုတ်တယ်ဗျာ၊ မင်းလှမင်းပဲ၊ …က တော်သားပဲ၊ အဲဒီတော့ …"

"အဲဒီနေ့မှာ ဆရာမသင်တာတော့ အများကြီးပဲ၊ ထမင်းစား ပန်း …ပြားတို့၊ ငရုတ်သီးတို့၊ ကြက်သွန်တို့ စုံနေတာပဲ၊ အဲဒါတွေကို ကျက် …ားရမယ်တဲ့၊ နောက်တစ်နေ့ကျရင် မေးမယ်တဲ့"

ဆရာကြီး ဦးမင်းလှက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း သူ့ …က လက်ဖက်ရည်ခွက်ကို လက်တွေတုန်ကာ ကြောက်ကြောက်ရွံ့ရွံ့ … "လှူလွတ်" ခနဲ သောက်ရင်း ဆေးပေါ့လိပ်ကို သေသေချာချာ မီးညှိ …ိုက်ရင်း မောင့်စကားကို ရင်ဘတ်ထဲက နားထောင်နေသည်။

"အဲဒီတော့ ခင်ဗျားက မရဘူးမဟုတ်လား"

"ကျွန်တော်က ရပါတယ်ခင်ဗျာ၊ နွှေရာလင်းကတော့ ကျွန်တော့် …တောင် ရသေးတယ်"

"ခင်ဗျားလည်း ရတယ်၊ သူလည်း ရတယ်ဆိုရင် သူက ခင်ဗျား … ဘာဖြစ်လို့ ပိုပြီးတော့ ရရဦးမှာလဲ"

"ကျွန်တော်က စဉ်းစားနေရသေးတယ်ဆရာ၊ လင်းကတော့ တောက် …က်ကြီးကို ဆိုချသွားတာ၊ ဆရာမဆိုတာ လင်းကို ငေးနေတာပဲ"

ဆရာကြီး ဦးမင်းလှက ဆေးပေါ့လိပ်ကိုဖွာရင်း ခေါင်းကိုညိတ်… …ော့ သူ့ကိုကြည့်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"စပွမ်းအကြောင်းပဲ ပြောတော့ဗျာ၊ လင်းအကြောင်းကို ခင်ဗျာ
ဒြ သော့မှပြော ဟုတ်ပြီလား၊ စပွမ်းဆိုတဲ့ နာမည်ကို ကျွန်တော် စိတ်
ဝင်စားနေတယ်ဗျာ"

"အာ...ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ကို ဆရာမက မေးပြီးတော့
ဘော်တော်လေ ကျေနပ်သွားတယ်၊ မနေ့က သူသင်တာတွေကို အမှတ်
တရထားပြီ ကျက်ကြဲ ဖြေကြတယ်ပေါ့လေ၊ အဲဒီတော့ နောက်လူတွေကို
တစ်ယောက်တစ်ခုစီပဲ မေးတော့တယ်ဆရာ"

"ဟုတ်ပြီ"

"အဲဒီမှာ ရွှေစင်မိုးအလှည့်လည်း ရောက်ရော ဇွန်းကို ဘယ်လို
ခေါ်သလဲ သမီးဆိုပြီး မေးတယ်"

"အင်း..."

"အတန်းထဲမှာ ဆရာမမေးသမျှ မရတဲ့လူက တစ်ယောက်မှမရှိ
ဘူးလေ၊ ဒီတော့ ရွှေစင်မိုးကလည်း ဒီလောက်တော့ သိတာပေါ့ဆိုပြီး
မတ်တပ်ရပ် လက်ကလေးကိုမိုက်ပြီး တော်တော်လေးကို ကျယ်တဲ့အသံနဲ့
အော်တယ်"

မောင့်စကား ခဏရပ်သွားသဖြင့် ဆရာကြီး ဦးမင်းလူ့မျက်နှာ
မောင့်ဘက်သို့ ယိုင်၍ကျလာသည်။ စိတ်ဝင်စားစရာကောင်းသည့် အချိန်
မျိုးမှာ မောင်စကားကို တမင်တကာ အကျင့်ပုတ်ပြီး ရပ်ထားခြင်း မဟုတ်
ပါ။ ဒီလောက် စကားပြောနည်းတဲ့လူက စကားတွေ တော်တော်များများ
ပြောလိုက်မိသဖြင့် အရှိန်ကုန်၍ ရပ်သွားခြင်းသာ ဖြစ်ပါသည်။

"အဲ... ဒီတော့..."

ဆရာကြီး ဦးမင်းလူက ထောက်ပေးပြန်သည်။ ဒီတော့မှ မော





သမိုက်ကို သူတင်း၍ ပြောရသည်။

"SPOON... စပွမ်, ဇွမ်းတဲ့"

"ဟော..."

"ဟုတ်တယ်ဆရာ၊ သူက မုံရွာသူဆိုတော့ စကားသံပဲမပီဘူး၊
အက်စပီအိုအိုအမ် စပွန်း(န်)ကို 'စပွမ်း' လို့ အော်ပြီး ဇွန်းကို 'ဇွမ်း' လို့
အော်တာပါ"

"ဟာ...ကောင်းတယ်ကွာ၊ မင်းတို့ဆရာမ မင်းလုမင်းက ဘာပြော
လဲ၊ သူ့ကို တီးရောလား"

"အာ...မတီးဘူးဆရာ၊ တစ်တန်းလုံး လည်း ရယ်ကြ၊ ဆရာမလည်း
ရယ်တာပေါ့ပဲ၊ အဲဒီနေ့ကစပြီး ရွှေစင်မိုးက 'စပွမ်း' ဖြစ်သွားတာ ဆရာ"

"ဇွမ်း ဘာလို့မဖြစ်တာလဲ"

ဒီစာရေးဆရာကြီး ဦးမင်းလူသည် တော်တော်ကပ်သည့် လူကြီး
တစ်ယောက်ဟု မောင် မှတ်ထားလိုက်သည်။ သူ့ကို တစ်ခုခုပြောပြီးလျှင်
နောက်ဦးစံရှားလို တောက်လျှောက်လိုက်မေးတတ်၏။

"ဆရာကလည်း သူက 'စပွမ်း' ဆိုတာကို အကျယ်ကြီး အော်
တာကိုး၊ အဲဒီတော့ 'စပွမ်း' ပဲ ဖြစ်သွားတာပေါ့"

"ကဲ... ဒါဖြင့် ချဉ်ဖတ်ကရောဗျာ၊ ခင်ဗျာ ပြောပြတာတွေက
ကောင်းတယ်ဗျ၊ အပြင်မှာ ရှာလို့မရဘူး၊ ချဉ်ဖတ်ကိစ္စကို လုပ်စမ်းပါဦး"

"ချဉ်ဖတ်ကိစ္စကတော့ ကယ်မက်စတြီသင်တဲ့ ဆရာမကြီး
ဒေါ်ဌေးဌေးအောင်က ဘတ်တီးရီးယားပိုးတွေကို ဘယ်နေရာမှာ အများဆုံး
တွေ့ရသလဲဆိုတော့..."

"သူက 'ချဉ်ဖတ်' လို့ ထအော်လိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာ၊ ဒါပေမဲ့ အဲဒီနေ့က သီသီဝေ မျက်နှာကောင်း မရပါဘူး၊ ဆရာမကြီးက သူ့ကိုကောတယ်၊ မရိုက်ရုံတမယ်ပဲ၊ ဘာဖြစ် လို့လဲဆိုတော့ ဘတ်တီးရီးယား ပိုးတွေကိုတွေ့တာ သူသင်ထားတဲ့အတိုင်း ပြောရမှာလေ၊ သီသီဝေက 'ချဉ်ဖတ်' လို့ အော်လိုက်တော့ သွားရောပေါ့ ပြီးတော့ အဲဒီဆရာမကြီး ဒေါ်ငွေးငွေးအောင်ကလည်း 'ချဉ်ဖတ်' နံ့ အရမ်းကြိုက်တာ၊ ကတက်ချဉ်ကို သုတ်စားတယ်၊ မုန်လာဥချဉ်ကိုလည်း သုတ်စားတယ်၊ ပဲပင်ပေါက်ချဉ်ဖတ်နဲ့ ဒညင်းသီးစားစိမ်မပါရင် မစားဘူး ဆိုတဲ့ ဆရာမ၊ မုန့်စားကျောင်းဆင်းလို့ သူ ထမင်းစားခါနီးကျရင် သူ ခိုင်းတဲ့ ကျောင်းသားကလေး တစ်ယောက်က 'ချဉ်ဖတ်' သွားဝယ်ပေးရ ကျ ဆရာ၊ အဲဒါကို ဆရာမက 'ချဉ်ဖတ်' ဆိုတာ ဘတ်တီးရီးယားကြောင့် ဖြစ်တာလို့ ပြောထားဖူးတာကို သီသီဝေက မှတ်ထားပြီး ဝမ်းသာအားရနဲ့ 'ချဉ်ဖတ်' လို့ အော်လိုက်တာ"

မောင်သည် စကားပြောလို့ အရမ်းကောင်းနေသည်။ သူ့သူငယ် ချင်းတွေအကြောင်းကို ပြောရတာ သူ့အကြောင်းကို ပြောနေသလိုပဲ သူ့ စိတ်ထဲမှာထင်၏။ စိတ်ကလည်း ရွှင်သည်။ လူကလည်း ရွှင်သည်။ သူ သည် အထက (၃) စာသင်ခန်းကလေးထဲကို ပြန်ရောက်သွားပြီး သူနှင့် လင်း အတူတစ်ခန်းတည်း တစ်ချိန်တည်း စာသင်ခဲ့ရသော ရနံ့ကလေး တွေ၊ နွေးထွေးမှုတွေ၊ အရိပ်အရောင်တွေ၊ အသံတွေကို ပြန်မြင်ပြီး ခံစား နေရသလို ဖြစ်နေသည်။

"ကောင်မကလေးတွေအကြောင်း ထားတော့ဗျာ၊ မင်္ဂလာဆိုတဲ့ ကောင်က ဘာလဲဗျ"

"ဒီကောင်က မိုးကျော်ပါ၊ ဘိုကလေးသား၊ ကွမ်းစားတာကလွဲရင်





သိပ်သဘောကောင်းတဲ့ ကောင်ကြီးဗျ၊ သူ မင်္ဂလာဖြစ်တာက ဒီလို၊ အဲဒီ နေ့က ခုနကပြောတဲ့ ဆရာမ ဒေါ်ငွေးငွေးအောင်ကပဲ တစ်တန်းလုံးကို Chemistry Equation တွေ မေးမယ်လို့ ပြောထားတာ၊ ဒေါ်ငွေးငွေး အောင်က သိပ်အရိုက်ရက်စက်တာ ဆရာရဲ့"

"ဪ ..."

"သူက အပျိုကြီးဆရာမဆိုတော့ ဘာဖြစ်လို့လဲမသိဘူး၊ ယောက်ျား လေးတွေဆိုရင် ပိုရိုက်တတ်တယ်"

"ဆရာမအပျိုကြီး လုပ်စမ်းပါကွာ"

မောင်နှင့် ဆရာမင်းလူတို့ ခဏရယ်လိုက်ကြသည်။

ဆရာမင်းလူက သူ့ရှေ့က လက်ဖက်ရည်ခွက်ကို တုန်ယင်နေသော လက်နှင့် မငုံ့မရဲကိုင်ကာ ထုံးစံအတိုင်း 'ရှလွတ်' ခနဲ တစ်ချက် စုတ် သောက်လိုက်၏။ ဆရာမင်းလူ လက်တွေတုန်နေတာကို ကြည့်ပြီး ဒီဆရာ သည် တော်တော်လေးကို ကစ်သည့်ဆရာဟု မောင်က ယူဆသည်။

ဒါပေါ့လေ၊ စာရေးဆရာတွေဆိုတာ အရက်ဆိုတာလောက်သော့ ကစ်ကြတာပဲ မဟုတ်လားဟု တွေးရင်း ဦးမင်းလူကို နားလည်ပေ လိုက် သည်။ သူ့အစ်ကို ဆရာသုမောင်ကလည်း တော်တော်ကစ်သည် မဟုတ် လား။ ဒါကြောင့် သူတို့ဖခင်ဖြစ်သော ဆရာကြီးသာမုက "သုမောင်ပါ" ဆိုသော ဝတ္ထုတိုကလေး ရေးခဲ့တာကို မောင် မှတ်မှတ်ရရ ဖတ်ခဲ့မူ သည်။ ဒီတော့ ဆရာကြီး ဦးမင်းလူလည်း ကစ်မှာပေါ့။ သူက လေရှည်နေသဖြင့် နေညိုချိန် ဘားကလေးမှာ စကားတွေးစရာ မရတော့ဘဲ သူ့ကို အဖော် ပေးနေရခြင်းများလားဟု အားနာတတ်သူပီပီ မောင်က တွေးနေသည်။

"ကဲ ..."



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆရာမင်းလူက သူ၏ မျက်လုံးသေးသေးကလေးဖြင့် မောင့်ကို စူးစိုက်ကြည့်ရင်း ပြောသည်။ ဆရာမင် လူ၏ "ကဲ" ဆိုသော စကားလုံးသည် တော်တော်လေးကို ထိရောက်သော စကားလုံးဖြစ်ပါသည်။

"ဒီကောင်က သိပ်ကြောက်ကတ်တာ ဆရာရဲ့၊ ဒါပေမဲ့ ရိုးလွန်းလို့ ဆရာမက ဒီကောင့်ကို မော်နီတာ ခန့်ထားတယ်၊ အဲဒီနေ့က ဆရာမ ဝင်လာတော့ တစ်တန်းလုံး ကျက်စီကျက်စီ အသံတွေတိတ်သွားပြီး ဝုန်းခနဲ ထရပ်ကြတာပေါ့"

"ဒါပေါ့"

"ဆရာမက 'ထိုင်' လို့ ပြောတော့ အားလုံး သက်ပြင်းတွေကိုယ်စီ ချပြီး ထိုင်ကြရတယ်၊ အဲဒီအချိန်မှာ စာမေးရင်လည်း ဆရာမကို ကြောက်တဲ့စိတ်နဲ့ ဘာတစ်ခုမှ ရတော့မှာမဟုတ်ပါဘူး ဆရာရယ်"

"ဒါပေါ့ကွ၊ ခင်ဗျားမှတ်ထား၊ ကလေးတွေကို ဘယ်တော့မှ ခြောက်ပြီး စာသင်လို့မရဘူး၊ ချော့ပြီးသင်ရတာ၊ ဒါတော့ ခင်ဗျားမှတ်ထားဗျာ"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာမင်းလူက သူ့ဆေးပေါ့လိပ်ကြီးကို ယမ်းရင်း ခံစားချက်အပြည့်နှင့် ပြောနေသဖြင့် မောင်က သဘောတူကြောင်းပြောပြီး စောင့်နေရသည်။

"အဲဒီတော့ ..."

"ဆရာမက တစ်တန်းလုံးကို မျက်စေ့ဝေ့ကြည့်ပြီးတော့ စာရေးခုံ ပေါ်မှာ သူ့ခြင်းတောင်းကိုချရင် ခြင်းတောင်းထဲက ကြိမ်လုံးနှစ်ပင်ပူးကြီး ဆွဲယူပြီးတော့ 'မိုးကျော်' လို့ အော်လိုက်တယ်"

"ဟာ ..."

"အဲဒီမှာ မိုးကျော်က မတ်တပ်ရပ်ဆိုပြီး အော်တာနဲ့ ကျွန်တော်





တို့ တစ်တန်းလုံးလည်း မတ်တပ်ရပ်ရတယ်၊ မိုးကျော်က မော်နီတာဆို တော့ ယောက်ျားလေးတန်းရှေ့ မင်းလမ်းဘေး ဆရာမနဲ့တည့်တည့်မှာ ထိုင်ရတာလေ"

"အေးပေါ့ဗျာ ..."

"ကျွန်တော်တို့ မတ်တပ် 'ဝုန်း' ခနဲ ထရပ်ကြရတာ ဒီကောင့်ကို ကြောက်လို့ မဟုတ်ပါဘူး၊ ဆရာမကို ကြောက်လို့ပါ၊ ဆရာမ မရှိဘဲ ဒီကောင် အော်ကြည့်ပါလား၊ ဘယ်သူက ရပ်မှာလဲ"

"ခင်ဗျားပြောနေတာတွေက ဘေးချော်ကုန်ပြီဗျ"

ဆရာမင်းလူက စိတ်ညစ်သွားသည့် ပုံစံမျိုးနှင့် မောင့်ကိုပြောသည်။

"မရောက်ပါဘူးဆရာ၊ ကျွန်တော့် ခံစားချက်ကလေးကိုလည်း နည်းနည်း ထည့်ပြောတာပါ"

"ဒါပေါ့ဗျာ၊ ခင်ဗျားပြောတာ မှန်ပါတယ်၊ ကျွန်တော့်ကို စိတ် မရှိပါနဲ့ဗျာ၊ အဲဒီတော့ ..."

ဆရာမင်းလူက တောင်းတောင်းပန်ပန်နှင့် ပြောသဖြင့် မောင် သော်တော်လေး အားနာသွားသည်။ နိုင်ငံကျော် စာရေးဆရာကို သွားပြီး ဆရာကြီး လုပ်မိသလိုများ ဖြစ်သွားပြီလားဟု တွေးရင်း ဘာဆက်ပြောရ မှန်းမသိ ဖြစ်သွားသည်။

"ကန်တော့ ... ကန်တော့နော်ဆရာ၊ ကျွန်တော်က ..."

"ဘာလဲဗျ၊ ကျွန်တော့်ကို ကန်တော့လို့ ပြောရအောင် ကျွန်တော် က ခင်ဗျားဆီက အလှူခံနေတာမှ မဟုတ်တာ၊ ခင်ဗျားကလည်း ..."

ဆရာမင်းလူက အားပါးတရ ဒေါသဖြင့်ပြောသည့် စကားကို မောင် 'ခွီး' ခနဲ ရယ်ကာ ဆက်ပြီးတော့ အားရပါးရ ရယ်မိသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းလူကတော့ သူ ဂျက်ကမ္ဘာကြီးပဲ မီးညှိကာ မောင် ရယ်လိုသလို လိုက်မရယ်ပါ။ ဒါပေမဲ့ မောင် ရယ်လိုက်တာကိုတော့ သူ့အောင်မြင်မှု တစ်ခုအနေနှင့် စိတ်ထဲမှာ ကျေနပ်နေကြောင်း မောင် သိလိုက်ပါသည်။

စာရေးဆရာတွေဟာ မလွယ်ပါလား။

"အဲဒီတော့ ..."

"ကျွန်တော်တို့လည်း 'ဂုန်း' ခနဲ မတ်တပ်ရပ်ကြရော မိုးကျော်က 'မင်္ဂလာပါ ဆရာမ' ဆိုပြီး အကျယ်ကြီး အော်လိုက်တော့ ကျွန်တော်တို့ကလည်း 'မင်္ဂလာပါ ဆရာမ' ဆိုပြီ သံပြိုင်လိုက်အော်ကြရတာပေါ့"

"ဘာတွေဖြစ်ကုန်ကြတာလဲဗျာ"

"မိုးကျော်က မော်နီတာဆိုတော့ ဆရာမဝင်လာရင် အမြဲတမ်း မတ်တပ်ထရပ်ပြီး 'မင်္ဂလာပါ ဆရာမ' ဆိုပြီး တိုင်ပေးနေကျလေ၊ အဲဒီနေ့က ဆရာမဝင်လာတော့ စာမေးမှာမို့ တစ်တန်းလုံးက ကြောက်ပြီး မတ်တပ်မရပ်မိဘူး၊ ဒါကို ဆရာမကလည်း စိတ်မဆိုးပါဘူး၊ သူ့ကြိမ်လုံးကြီးထုတ်ပြီး မိုးကျော်ကို စာအရင်မေးတာ၊ အဲဒါကို ဒီကောင်က သူ ဆရာမဝင်အလာကို မတိုင်မိလို့ စိတ်ဆိုးတယ်လို့ထင်ပြီး ထအော်တာ"

"သဘောပေါက်ပြီဗျာ၊ ခင်ဗျားကလည်း စကားကို စကတည်းက ရှင်းအောင်ပြောရင် ရရဲ့သားနဲ့၊ ရှုပ်နေတာပဲဗျာ"

"အဲဒီနေ့က ကျွန်တော့်နေရာက မြင်ရတာကို ပြောပြတာပါ၊ အဲဒီတော့ မိုးကျော်ဟာ 'မင်္ဂလာ' ဖြစ်သွားရော"

"ဆရာမ မပါဘူးလား"

"အာ ... ဆရာမထည့်လို့ ဘယ်ရမှာလဲ၊ သူက 'မင်္ဂလာပါ' လို့ အော်တာကို၊ ဒီတော့ 'ပါ' ကိုဖြုတ်ပြီး သူငယ်ချင်းတွေ ထုံးစံအတိုင်း





နာမည်ပြောင်း 'မင်္ဂလာ' ဖြစ်သွားတာပေါ့"

ဆရာကြီးမင်းလူက ခေါင်းကိုညိတ်တာလား၊ ဆေးပေါ့လိပ်ကို ...ပြီး မီးညှိတာလား မသိသောပုံစံမျိုးနှင့် ဆေးပေါ့လိပ်ကို မီးညှိသည်။

"ငွေသီးကရောဗျ"

"အာ ... အဲဒီကောင် လူမင်းက ပိုဆိုးတာပေါ့၊ ဆယ်တန်းနှစ်မှာ ကျွန်တော်တို့အတန်းကို မြန်မာစာသင်ရတဲ့ ဆရာမကလေးက အသက် ငယ်ငယ်ကလေးရယ်၊ ပြီးတော့ ချောချောလေးဆရာ"

"ဘာလဲဗျာ၊ အသက်ငယ်တာနဲ့ ချောတာ ဘာဆိုင်လို့လဲ"

"အာ ...ဆရာကလည်း၊ ငယ်တော့ချောတာပေါ့၊ ကျွန်တော်တို့က အသက်ငါးဆယ်နီးပါး ဆရာမဝဝကြီးတွေ၊ မျက်မှန်ထူထူနဲ့ ဆရာမကြီးတွေနဲ့ပဲ စာသင်နေရတာ၊ ဆရာမငယ်ငယ်ကလေးလာတော့ ချောတာပေါ့၊ ဆရာမလေးနာမည်ကလည်း လှတယ်ဆရာ၊ ဒေါ်စံပယ်ရုံတဲ့"

"ဒေါ်စံပယ်ရုံ"

ဆရာကြီးမင်းလူက သေသေချာချာ ရေရွတ်ရင်း သူ့ခေါင်းကို သူ ...တ်လေသည်။

"ခင်ဗျားတို့ကျောင်းက ဆရာမနာမည်တွေကလည်းဗျာ၊ မင်းလှ ...င်တဲ့၊ စံပယ်ရုံတဲ့၊ ဟုတ်ရော ဟုတ်ရဲ့လားဗျာ၊ ခင်ဗျာ ကျွန်တော့်ကို ...က်သက် ခေါင်လာစားနေတာလား"

"အာ ...တကယ်ပါဆရာ၊ ဆရာမယုံရင် ကျွန်တော့်မှာ ရီပိုကဒ်တွေ ...တယ်၊ အဲဒီမှာ ဆရာမတွေ လက်မှတ်ထိုးထားတာတွေပါ ပါတယ်"

ဆရာကြီးမင်းလူက မောင့်ကို စိုက်ကြည့်သည်။ မောင့်မျက်နှာ... နာခြင်းနှင့် ရိုးသားခြင်းကို ဆရာကြီးမင်းလူ တစ်ပြိုင်နက်တည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသဖြင့် ခေါင်းကို သုံးလေးခါညိတ်ပြီးတော့ နားလည်ပေးသည့် အပြုံးကို ပြုံးသည်။

"ကျွန်တော် နားလည်ပြီဗျာ၊ ခင်ဗျားကို ယုံပါတယ်၊ ဒီတော့...
"

"ဆရာမ အသစ်ကလေးက ငယ်တော့ ကျွန်တော်တို့က သူ့ကို မစရဲအောင် အရမ်းစာမေးတယ်ဆရာ၊ သူသင်တာကလည်း မြန်မာစာဆိုတော့ မေးစရာတွေက ပေါမှပေါပေါ့ဆရာရယ်၊ ခက်ဆစ်တွေ မေးတယ်၊ ကဗျာတွေ မေးတယ်"

"ဒါပေါ့ ... ဒါပေါ့"

"အဲ ...တစ်နေ့ကျတော့ ရေသည်ပြဇာတ်ကို မေးရော ဆံထုံးတော်ကြီး တမာသီးနှင့်တွေ ဘာတွေပေါ့ဆရာ၊ အဲဒီမှာ ဆရာမကလေးက လှမင်းကို ထခိုင်းပြီး မေးတာက အဲဒီ ရေသည်ပြဇာတ်ကို ဘယ်စာဆိုက ရေးတာလဲလို့ မေးတာကိုး"

ဒီတစ်ခါတော့ ဆရာကြီးမင်းလူ ရေရေလည်လည် စိတ်ဝင်စားသွား၏။ စာရေးဆရာဆိုတာ စာရေးဆရာအကြောင်းပြောတော့ စိတ်ဝင်စားတာ သဘာဝကျပါသည်။ ဆရာကြီးမင်းလူသည် "အဲဒီတော့..." ဆိုသော စကားကလေးကိုပင် ထောက်မပေးနိုင်လောက်အောင် စိတ်ဝင်စားသွား၏။

"အဲဒီတော့ ဆရာရယ်၊ လှမင်းက 'ဦးပုည' လို့ ဖြေတယ်ဆရာ"

"ဟာ ...ဟုတ်နေတာပဲဗျာ၊ အဲဒါနဲ့ 'ဗွေသီး' နဲ့ ဘာဆိုင်လို့လဲဗျ"

"လာမယ်ဆရာ၊ ဆရာမကလေးက ပြုံးပြီး ခေါင်းရမ်းတယ်၊ အဲဒီရေ့မှာ သူ့မြို့နာမည် ကျန်သေးတယ်လို့ပြောတော့ လှမင်း ဘာပြောရမှန်း





မသိဘူး ဖြစ်သွားတယ်ဆရာ၊ မင်းပြောတဲ့ စာဆိုရဲ့နာမည်က မှန်ပါတယ်ကွာ၊ ဒါပေမဲ့ မပြည့်စုံလို့ပါ၊ အဲဒီ စာဆိုဆရာကြီး ရဲ့ရှေ့မှာ သူ့ဇာတိမြို့ပါတယ်ကွာလို့ ပြောတော့ တစ်တန်းလုံးက သိနေပြီ၊ ဒါပေမဲ့ အမေးခံရတဲ့ လှမင်းကတော့ မသိဘူး"

"အေးပေါ့ ... ဒီကောင် ထူပူနေတာဖြစ်မှာပေါ့"

"ဟုတ်တယ်ဆရာ၊ တစ်တန်းလုံးက သူ့ကိုဝိုင်း ကြည့်ပြီး ပြုံးစစနဲ့ ဖြစ်နေတော့ ပိုပြီးဆိုးတာနေမှာပေါ့၊ အဲဒီမှာ ဆရာမကလေး ဒေါ်စံပယ်ရဲ့က နည်းနည်းကလေး ဝင်ထောက်ပေးတယ်"

"ဘယ်လိုလဲ"

"မင်းကွာ ...တဲ့၊ အဲဒီ သူ့ဇာတိမြို့နာမည်က လည်းကလေးတွေနဲ့ တွန်းပြီး ရောင်းတယ်ကွာတဲ့၊ ပြီးတော့ ဆရာမတို့ မိန်းကလေးတွေလည်း သိပ်ကြိုက်တယ်လေလို့ ထောက်ပေးတော့ ဟိုကောင်လှမင်းက အားရပါးရ အော်လိုက်တာ 'ဗွေသီး' တဲ့"

"ဟာဗျာ ..."

ဒီတစ်ခါတော့ ဆရာကြီးဦးမင်းလူ နဖူးနှင့် မျက်နှာကိုပါ ပွတ်သပ်သည်။

ပြီးတော့ ခေါင်းကြီးကိုလည်း ခါရမ်းလိုက်တာ အချက်ဘယ်သန်းလောက်ရှိမည်ဟု မောင် ထင်သည်။ မောင်ကတော့ ဟာသဆရာကြီးမို့ "ဗွေသီး" ဟု အော်လိုက်လျှင် ဆရာမင်းလူ ခွက်ထိုးခွက်လန် ရယ်မည်ဟု ထင်ခဲ့သည်။ အဲဒီနေ့က သူတို့တစ်တန်းလုံး ခွက်ထိုးခွက်လန် ရယ်ခဲ့ကြသည်။ ဆရာမကလေး ဒေါ်စံပယ်ရဲလည်း နောင်တရ၊ မျက်နှာနီရဲပြီး သူ့ထိုင်ခုံမှာ ဝင်ထိုင်၍ ခေါင်းကိုငုံ့ထားပြီး ရယ်နေသည်။ အဲဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com

ခဲပြီ ဆရာမကလေး ဒေါ်စံပယ်ရုံသည် သူတို့အတန်းကို စာသင်ပါသည်။ စာမမေးတော့ပါ။ အဲဒါတွေကို မောင် ဆက်ပြောပြတော့မှ ဆရာကြီး မင်းလူ မျက်နှာက ပြန်ကြည်လင်လာသည်။

"ခင်ဗျားတို့ သူငယ်ချင်းတွေအားလုံးက ရာဇဝင်နဲ့ချည်းပါပဲလား၊ ကျွန်တော်လည်း ဒီလိုရာဇဝင်နဲ့ ကောင်တွေနဲ့ ပေါင်းခဲ့ရတာ ဒါကောင်းတယ်ဗျာ၊ ကဲ... နောက်ဆုံးတစ်ယောက်ပဲ ကျန်တော့တယ်၊ ဘာ... ကျောက်ဆူး ဟုတ်လား"

"ဟုတ်တယ်ဆရာ၊ ဒီကောင် ဒီနာမည်ရတာတော့ မဆန်းပါဘူး၊ ပထဝီဆရာမက ပင်လယ်ထဲမှာ မုန်တိုင်းမိနေတဲ့အချိန်မှာ မင်းသာ သင်္ဘောကပ္ပတိန်ဖြစ်ရင် ဘာလုပ်မလဲဆိုတော့ 'ကျောက်ဆူး' ချမယ်လို့ ပြောတာနဲ့ ဒီကောင့်နာမည်က ကျောက်ဆူး ဖြစ်သွားတာပါ"

"ဩော် ..."

စကားဝိုင်း ခဏတိတ်သွားကြသည်။

ဆရာကြီးမင်းလူက သူ့လက်ဖက်ရည်ခွက်ကို "ရှလွတ်" ခနဲ ကြောက်ကြောက်လန့်လန့် သတိတကြီးပုံစံဖြင့် သောက်ပြန်၏။ ပြီးတော့ ဆေးပေါ့လိပ်ကို သတိတကြီး မီးညှိပြန်သည်။ ဆရာကြီးပုံစံက မီးညှိတာ မှားလျှင် ဗုံးထပေါက်တော့မည့် ပုံစံမျိုးကြီး ဖြစ်နေသဖြင့် မောင် ရယ်ချင်နေသည်။

ဒီဆရာကြီးမှာရော သူတို့လို နာမည်ပြောင်တွေ ဘာတွေ မရှိဘူးလားဟု တွေးမိပြီး မေးချင်စိတ်ဖြစ်သွားသည်။

"ဆရာ ...ဆရာ့မှာရော ကျောင်းတုန်းက ကျွန်တော်တို့လို နာမည်ပြောင်တွေ ဘာတွေ မရှိဘူးလားဆရာ"





"အာ ...မရှိဘူးဗျ၊ ဒါနဲ့ ခင်ဗျားရဲ့ နာမည်ပြောင်ကရော ဘာသဲ"

"အာ ...ဆရာကလည်း ကျွန်တော့်မှာ အဲဒီလို အဖြစ်အပျက်မျိုးနဲ့ ရတဲ့ နာမည်ပြောင်တော့ မရှိဘူးဆရာ၊ ကျွန်တော့် သူငယ်ချင်းတွေက နောက်ကွယ်မှာခေါ်တဲ့ နာမည်တော့ရှိတယ် ဆရာ"

"ဘာတဲ့လဲ"

"တော့းတဲ့"

ဆရာကြီးမင်းလူ ခေါင်းကိုကုတ်လေသည်။

ပြီးတော့ ခေါင်းကိုညိတ်ပြန်သည်။

ပြီးတော့ ဆေးပေါ့လိပ်ကိုဖွာပြီး အဝေးကိုငေးသည်။

ပြီးတော့ နောက်ထပ်တစ်ခါ ခေါင်းကိုထပ်ညိတ်သည်။ ပြီးတော့ ပြုံးလေသည်။

"လိုက်တယ်ဗျ၊ ခင်ဗျားနဲ့ အဲဒီနာမည် ခင်ဗျားကို သူငယ်ချင်းတွေက အမှန်ကန်ဆုံး ဒုတိယနာမည်ကို ရွေးပေးလိုက်တာပဲ၊ စဉ်းစားကြည့်လေ၊ ကျွန်တော်က စွန့်စားခန်းလို့ပြောတယ်၊ ခင်ဗျားက မီးလောင်တဲ့နေ့မှ ကြိုက်တယ်လို့ သွားပြောတယ်၊ အဲဒါ တုံးတာပေါ့၊ ဒီမှာ ခင်ဗျားနဲ့ ခင်ဗျားကောင်မကလေး အဲ ...နာမည်ဘယ်သူ"

"နွေရာလင်း"

"အင်း ...ဟုတ်ပြီ၊ ကျွန်တော်ကလည်း နွေရာသီနဲ့ သွားသွားမှားနေတယ်ဗျာ၊ ကဲ ...ခင်ဗျားခေါ်သလို 'လင်း' လို့ပဲ ခေါ်မယ်ဗျာ"

"ဟာ ...ခေါ်ပါဆရာ၊ ဆရာကြိုက်သလိုသာ ခေါ်ပါ"

"ခင်ဗျားရဲ့လင်းနဲ့ ခင်ဗျား နှစ်ယောက်တည်းဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကလေး မရှိဘူးလား၊ ဘေးလူတွေ မသိဘူးဗျာ၊ ခင်ဗျားတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းပဲ သိခဲ့တာ၊ ပြီးတော့ အဲဒီကိစ္စကို ခင်ဗျားကလည်း ဘယ်သူ့ကိုမှ ပြန်မပြောရသေးတဲ့ အဖြစ်အပျက်မျိုး ဖြစ်ရမယ်ဗျာ"

ဆရာကြီးမင်းလူ စကားကို မောင် သေသေချာချာကြီးကို စဉ်းစားသည်။

သူနှင့်လင်း နှစ်ယောက်တည်းသာ သိပြီး ဘယ်သူ့ကိုမှ ပြန်မပြောရသေးတဲ့ အဖြစ်အပျက်မျိုးတဲ့။

"ဟာ … ရှိတယ်ဆရာ ရှိတယ်၊ ကျွန်တော်တို့ လင်းရဲ့ဆွေမျိုးတွေ ရှိတဲ့ တောအလှူကလေး တစ်ခုကို သွားတုန်းက ဆရာ … ဒီလို …"

"အာ … ခင်ဗျား ကျွန်တော့်ကို ပြောမပြနဲ့လေ၊ အဲဒီကိစ္စကို ခင်ဗျားရဲ့ ဘယ်သူငယ်ချင်းကိုမှ ပြောမပြရသေးဘူးနော်"

"ဟာ … ပြောမပြပါဘူးဆရာ၊ ပြောပြလို့လည်း မရဘူး"

"ကောင်းပြီ၊ အဲဒီကိစ္စက ခင်ဗျားနဲ့ သူနဲ့ နှစ်ယောက်တည်း ဖြစ်ခဲ့ပြီး ဘယ်သူမှ မသိတာလည်း သေချာတယ်နော်"

"ဟာ … ဆရာ သေချာတယ်ဆရာ၊ သိပ်သေချာတာပေါ့၊ ကျွန်တော်နဲ့ သူနဲ့ နှစ်ယောက်တည်းမှ နှစ်ယောက်တည်း ဒီလို ဆရာ"

"အာ … ကျွန်တော့်ကိုပါ မပြောပါနဲ့ဆိုနေ"

မောင် ဝမ်းသာအားရ တက်ကြွနေသောစကားကို ဆရာကြီးမင်းလူက ဟန့်တားလိုက်၏။

"အဲဒီလို ကိုယ်ကျင့်တရားကောင်းကောင်းနဲ့ ထိန်းသိမ်းလာခဲ့တယ် ဆိုတာ နည်းတဲ့ဂုဏ်သိက္ခာ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက်ဟာ သိပ်ပြီး ခင်ဗျား ထိန်းသိမ်းထားတဲ့ကိစ္စကို အခုကျမှ ဖွင့်ပြောလိုက်ဗျာ။ အဲဒါ ခင်ဗျားရဲ့အချစ်ပဲ"





ဆရာကြီးမင်းလူထံမှ ပြန်လာတော့ အိမ်မှာ မောင် ထမင်းစားလို့မရအောင် ဖြစ်နေသည်။ ဩော် … "စာရေးဆရာတွေဆိုတာ လူတစ်ယောက်ရဲ့ ဘဝမှာရှိတဲ့ အချစ်ဆိုတာကို ပြုပြင်ပေးသူတွေပါလား" ဟု ရင်ထဲမှ ကြီးစွာသော ကျေးဇူးတင်မှုကြီးကို ချမှတ်လိုက်သည်။

ဆရာကြီးမင်းလူ ပြောသလိုမျိုး အဖြစ်အပျက် သူ့မှာရှိပါသည်။

ထိုအဖြစ်အပျက်သည် မောင်နှင့် လင်းတို့ ပထမနှစ် နွေရာသီ ကျောင်းပိတ်ရက် တောရွာက အလှူကလေးတစ်ခုကိုသွားရင်း ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ တောရွာက အလှူဆိုသော်လည်း ဆိုင်းဝိုင်းတွေ ဘာတွေနှင့် မဏ္ဍာပ်ကြီး ဟီးနေအောင်ထိုးကာ ကျွေးသောအလှူဖြစ်၏။

ထိုအလှူမှာ လင်း၏ ဆွေမျိုးတွေ စုပေါင်းပြီး ရှင်ပြုကြသော အလှူလည်း ဖြစ်ပါသည်။ ထိုအလှူကို လိုက်ရန် လင်းက သူတို့သူငယ်ချင်း တွေ အားလုံးကို ခေါ်သဖြင့် ဂွေးသီးကလွဲပြီး သူတို့အားလုံး လိုက်ခဲ့ကြရသည်။

ထိုအလှူက ရှင်လောင်းလှည့်သည့်နေ့တွင် ထိုအဖြစ်အပျက်သည် အမှန်တကယ်ပင် ဖြစ်ခဲ့ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

"ငါ နင့်ကို ပြောပြမယ်လင်းရယ် နော်"

မောင့်စကားဆုံးတော့ သူငယ်ချင်းတွေ အားလုံးသည် တိတ်၍ သွား၏။

လင်းကလည်း မောင့်မျက်နှာကို ကြည်လင်သော အကြည့်ဖြင့် ငေး၍ကြည့်နေသည်။

မောင်က စကားပြော သိပ်မကျွမ်းကျင်သဖြင့် မောင်ပြောပြသော စကားကို အစီအစဉ်နှင့်တကွ ဖြစ်အောင်ရေးပြရလျှင် အောက်ပါအတိုင်း ဖြစ်ပါသည်။ အဲဒီနေ့က ...။

■



"မောင် နင် ငါနဲ့လိုက်ခဲ့"

"ဘယ်ကိုလိုက်ရမှာလဲ"

"ဈေး ..."

"ဈေး ... ဘာလုပ်မှာလဲ"

"ငါ ဒေါက်ဖိနပ်ဝယ်မလို့"

"အင် ..."

လင်း၏စကားဆုံးတော့ မောင် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

သူငယ်ချင်းတွေ အားလုံးကလည်း မောင့်ကို မျက်လုံးပေါင်းစုံနှင့် 'ဒိုင်း' ခနဲ 'ဒိုင်း' ခနဲ ကြည့်ကြသည်။ လင်းကတော့ ပြောစရာရှိတာကို ပြောပြီး ခေါင်းကို ငုံ့သည့်ဆိုရုံကလေးသာ ငုံ့ချထားသည်။

မောင်သည် သူငယ်ချင်းတွေ လှမ်းကြည့်ကြသော မျက်လုံးတွေကို [illegible]က်သည်။ ဟုတ်တယ်လေ "ဒေါက်ဖိနပ်ဝယ်ဖို့ ဈေးကို အဖော်ခေါ်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



နှင်က လိုက်မလို့လား"

အဲဒီလို အဓိပ္ပာယ်ရသည့် မျက်လုံးတွေကြောင့် မောင်သည် ထို မျက်လုံးတွေကို ရှက်သည်။ သို့သော်လည်း သူချစ်ရပါသော လင်းက မျက်လွှာကလေးချပြီး ခေါ်ထားသော စကားကိုလည်း ငြင်းရမှာ အားနာသည်။

ဘယ့်နှဲ့ ဒေါက်ဖိနပ်ဝယ်ဖို့များ သူ့ကို ခေါ်ရတယ်လို့။

စပွမ်းနဲ့ ချဉ်ဖတ်ကို ခေါ်သွားရင်ကော မဖြစ်ဘူးလားဟု မောင် တွေးမိသည်။ သို့သော်လည်း ပြောမိသည့်စကားက –

"ဘယ်ဈေးလဲ"

"ဘယ်ဈေးရှိမလဲဆိုတာတော့ ငါဘယ်သိမှာလဲဟဲ့၊ ဒါပေမဲ့ ငါ့မှာ ပိုက်ဆံအပြည့်ပါတယ် မောင်၊ နင် ငါ့ကို လာရစ်မနေနဲ့"

"ဟာ ... မဟုတ်ပါဘူးဟာ၊ ငါက ဒေါက်ဖိနပ်ဈေးကို မေးနေတာ မဟုတ်ဘူး၊ ဘယ်ဈေးမှာ နင်သွားဝယ်မှာလဲဆိုတာကို မေးနေတာ၊ ဟာ -- လင်းရယ် ... နင်ဒီနေ့ ဘာဖြစ်လို့ ဒေါသတွေ ကြီးနေရတာလဲ"

"အဲဒီ ဒေါက်ဖိနပ်ကြောင့် ဒေါသကြီးနေရတာပေါ့၊ မေမေက မဝယ်ရဘူးတဲ့လေ၊ တောအလှူမှာ ဒီဒေါက်ဖိနပ်က ဘာလုပ်ရမှာလဲတဲ့ ပြီးတော့ ငါ့ကို ကွမ်းတောင်ကိုင်လည်း ကိုင်ခိုင်းလိုက်သေးတယ်၊ ကွမ်း တောင်ကိုင်ဆိုတာ ဒီလောက်တော့ရှိရမှာပေါ့"

လင်းသည် ဒေါသသံဖြင့် ပြောသဖြင့် သူ့အောက်နှုတ်ခမ်း ဖူးဖူး ကလေးကလည်း ပြုနိုင်သလောက် ပြု၍ပြု၍ သွားသည်။ အသံကလည်း မာ၍မာ၍ စွာလာသည်။ လင်းသည် အဲဒီလို မောင်ချစ်ရသော မိန်း ကလေးသာ ဖြစ်ပါသည်။





လင်း ဒီလိုစိတ်ဆိုးသွားတာက သူ့အမေက ဒေါက်ဖိနပ် မဝယ်ရ ဆို၍လား၊ မောင်က ဒေါက်ဖိနပ်ဝယ်ရာကို မလိုက်လို့လား။ ဒါမှမဟုတ် ရင် နှစ်ခုစလုံးကြောင့် ဆိုတာပဲလား ဆိုတာကိုတော့ မောင် မကွဲပြားပါ။

မောင်သည် သူငယ်ချင်းတွေ အကြည့်ဘက်ကနေ သူ့နှလုံးသား ကို လင်းဘက်သို့ တစ်စက္ကန့်၊ နှစ်စက္ကန့် အတွင်းမှာပင် ရွှေ့ပစ်လိုက် သည်။

"မောင် လိုက်မယ်လေ၊ ဘယ်ဈေးကို သွားမှာလဲ"

"ဗိုလ်ချုပ်ဈေး"

တစ်ဒိုင်းဒိုင်းဖြင့် မောင့်ထံသို့ ရောက်လာသော လှောင်သည့် ပြောင်သည့် "ငတုံး" ဟု အသံထွက်သည့် မျက်လုံးတွေ အားလုံးကို မောင် ရင်မဆိုင်တော့ဘဲ ခေါင်းကိုသာ ငုံ့ချထားလိုက်သည်။

မောင် ဘယ်လိုခံလိုက်ရသည် ဆိုတာကို လင်း သိချင်သိပါလိမ့် မည်။ ဒါပေမဲ့ သိချင်မှ သိလိမ့်မည်။ မိန်းကလေးဆိုတာမျိုးက ဒီလိုကိစ္စမျိုးတွေကို သိလျှင်လည်း ရှောင်သည်။ မသိလျှင်တော့ ပြီးပြီပေါ့။

"စပွမ်းနဲ့ ချဉ်ဖတ်တော့ လိုက်မယ်မဟုတ်လား"

"အမလေး ...ငါတို့က ဝေးသေးမောင်ရေ ...ဝေးသေး၊ တော်ဘာသာ တော်ပဲ ဒေါက်ဖိနပ်အဝယ်ကို လိုက်တော်မူပါ၊ ငါတို့ကို ခေါ်ပြီးပြီ၊ ငါတို့ က မအားဘူးဆိုလို့ မောင့်ကိုခေါ်တာပါ မောင်ရဲ့၊ လိုက်ကြွတော်မူပါ၊ ကြွတော်မူပါ"

စပွမ်းကလည်း ဒေါသသံမှာ ခပ်စွာစွာ အသံထည့်ပြီး အော်၍ ပြောသည်။ အမှန်တော့ မောင်လည်း မအားပါ။ မောင်က အခန်းခေါင်းနေရ သောအိမ်မှာ မောင့်ဖေဖေ၏ ညီမအကြီးဆုံး အပျိုကြီးအိမ်မှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဒဖေဖေ ဆုံးသွားကတည်းက မောင်သည် ထိုအပျိုကြီးဖြစ်သော မောင့်အဒေါ် အိမ်မှာ နေရသည်။ မောင့်ဖေဖေသည် ဆုံးခါနီးမှာ မောင့်အတွက် ဘာမှမယ်မယ်ရရ ချန်မထားနိုင်ခဲ့ပါ။ အဲဒီတော့ အိမ်ကို ရောင်းလိုက်ရသည့် ငွေသည်သာ မောင့်အတွက် အမွေဖြစ်သည်။

အဒေါ်အပျိုကြီးကလည်း တော်ရှာပါသည်။

သူ့အစ်ကို၏သား သူ့တူကလေး မောင့်အတွက် အိမ်ရောင်း၍ ရသော ငွေဆယ့်နှစ်သိန်းကို ဘဏ်မှာအပ်ထားပေးသည်။ ပြီးတော့မှ ဘဏ်မှငွေငါးသောင်းကို ထုတ်ယူကာ မုန့်ဟင်းခါးဆိုင် ဖွင့်သည်။

ဘယ်သူ့၏ ကံဇာတာကြောင့်လည်းတော့ မသိ။ ထိုမုန့်ဟင်းခါးဆိုင်သည် မောင်တို့ ရပ်ကွက်ထဲမှာရော၊ အခြားရပ်ကွက်တွေမှာရော အရောင်းရဆုံး မုန့်ဟင်းခါးဆိုင် ဖြစ်သွားသည်။

ညနေဆိုလျှင် ဖယ်ရီလော်လီကားကြီးတွေနှင့် မိန်းမ၊ ယောကျ်ားအားလုံး လာစားရသည်။ ဆိုင်ကရောင်းကောင်းလေ လူတွေက မအားလေလေ ဖြစ်ရသည်။ မုန့်ဟင်းခါးရောင်းသည် ဆိုတာကလည်း ရောင်းတော့လည်း အလုပ်ရှုပ်၊ ချက်တော့လည်း အလုပ်ရှုပ် မဟုတ်လား။

အဲဒီမှာ မောင်က အထွေထွေလုပ်သားနေရာကို ယူရသည်။

ဟိုနေရာဆိုလည်း မောင်၊ ဒီနေရာဆိုလည်း မောင် ပြေးရ၏။ ကိုယ်နှင့်ရွယ်တူ ခပ်မိုက်မိုက် ကောင်မကလေးတွေ လာစားသည့်အချိန်ဆိုလျှင် မောင်သည် ရှက်နေတတ်သည်။ ပြီးတော့ ဘာကိုမှန်းလည်းမသိ အားနာနေတတ်သည်။

အဒေါ်က အပျိုကြီးဆိုတော့ အပျိုကြီးတွေရဲ့ ဗီဇအတိုင်း အရာရာကို မကျေမနပ် ဖြစ်နေတတ်သည် မဟုတ်လား။





သူ့ဘာသာ ကြော်လာသော ပဲကြော်နှင့်လည်း ရန်ဖြစ်ချင် ဖြစ်နေတတ်သည်။ ဘူးသီးကြော်၊ ရေပ်သီးမှုန့်၊ နံနံပင်။ မောင့်အဒေါ်အပျိုကြီး၏ ရန်ဖြစ်စရာသည် တစ်လောကလုံး ဖြစ်နေတတ်သည်။

မောင်နှင့်လည်း ဒီလိုပါပဲ။ နေ့စဉ် ရန်ဖြစ်နေရတတ်သည်။ အပျိုကြီးတွေဆိုတာက အပြစ်ရှာ အလွန်တော်သည် မဟုတ်လား။

ဟိုဟာလည်း စိတ်တိုင်းမကျ၊ ဒီဟာဆိုလည်း အပြစ်ပြော။ အဲဒီလို နေ့စဉ်နေရတတ်သည်။ သဘောကောင်းရှာပြန်တော့လည်း သူတို့အပြင် နှစ်ယောက်မရှိ။ မောင့်ကို နိုပ်တောင်ပေးလိုက်သေး၏။ မောင့်အကျီလုံချည်တွေဆိုလျှင် အကြောင်းအရာမထင်အောင် မီးပူထိုးပေးထားလိုက်သေး၏။

ကဲ ...

အဲဒီတော့ မောင့်မှာ အဲဒီ အပျိုကြီးအဒေါ် မုန့်ဟင်းခါးချက်ကို ကူဖို့ အလုပ်ရှိပါသေးသည်။

ဒါပေမဲ့ နှလုံးသားဆိုသည်မှာ ထားရာမှာမနေတတ်ဘဲ ရင်ခုန်ရာမှာ နေတတ်သော ပစ္စည်းမျိုး မဟုတ်ပါလား။

ဒီတော့ မောင်သည် လင်းနှင့် ဗိုလ်ချုပ်ဈေးသို့ လိုက်သွားသည်။

မောင့်နှလုံးသားသည် လင်းအနားမှာ ခုန်၍နေ၏။

ဗိုလ်ချုပ်ဈေးအဝကို ရောက်တော့ လင်းက မောင့်လက်မောင်းကို ဆံစံအတိုင်း ကိုင်လိုက်သည်။ လင်း ဘာဖြစ်လို့ မောင့်ရဲ့ လက်မောင်းကလေးကို ကိုင်သလဲဆိုတာကို မောင် သိပါသည်။ လင်းသည် ငယ်ခဲ့ကတည်းက 'ပျောက်' သွားလျှင် မောင့်ရဲ့ လက်မောင်းကလေးကို ကိုင်သော နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း လင်း ပျော်သွားတာပဲ ဖြစ်လိမ့်မည်။

မောင်ငုံကြည့်တော့ လင်းကပြုံးပြီး မောင့်လက်မောင်းအိုးကို နဖူး နှင့်ဘိုက်သည်။ ဒါဆိုလျှင် လင်းပျော်လျှင် လုပ်နေကျမို့ လင်း ပျော်နေတာ သေချာပြီ။

ချစ်လိုက်တာ 'လင်း' ရယ်။

အဲဒီနေ့က လင်းသည် ဗိုလ်ချုပ်ဈေး တစ်ဈေးလုံးကို မွှေးအောင် ပတ်ပြီး ဆိုင်ပေါင်းများစွာမှာ ဈေးများစွာဆစ်၍ အဆင်မပြေဖြစ်ပြီး နောက်ဆုံးမှ ချောကလက်ရောင် ဒေါက်ဖိနပ်နိမ့်နိမ့်ကလေး တစ်ရံကို ဝယ်ခဲ့သည်။

လင်း၏ နုံ့သာဖူးငုံက်ပျော့သီးကဲ့သို့ ပြေပြစ်၍ အပြစ်ပြောစရာမရှိသော ခြေချောင်းကလေးများနှင့် လင်း၏ ခုံးမနေဘဲ ကော့ကော့ကလေးရှိသော ခြေဖမိုးနှင့် လင်း၏ ဂစ်တာတီးသော ပက်ထရမ်ကလေးတွေလို ညီညီညာညာ ချွန်နေသော ခြေသည်းကလေးများဖြင့် အလွန် တစ်သန်းမှု လိုက်ဖက်သော ဖိနပ်ကလေးတစ်ရံဟု မောင် အသေအချာ ယုံကြည်ခဲ့ပါသည်။

■





"နင် ဟိုကျရင် ငါ့အနားမှာနေနော် မောင်"

"အာ... နင်ကလည်း ဘယ်လိုလုပ်နေကောင်းမှာလဲ၊ နင့်အမျိုးတွေရှိမှာဟာကို လင်းကလည်း"

"မျိုးမျိုးဟာ"

"စပွမ်းနဲ့ ချဉ်ဖတ်လည်း ပါတဲ့ဟာကို"

"မောင် လင်းပြောနေတဲ့ဟာကိုနော်"

"ကဲ... ဒါဆို အေးပါဟာ"

မောင်တို့သူငယ်ချင်းတွေ စုရပ်ကာ လင်း၏အိမ်ရှေ့မှာ ဖြစ်သည်။ ထုံးစံအတိုင်း မောင်ကတော့ အစောကြီး ရောက်၍သွား၏။ မောင် ရောက်သွားတော့ လင်းသည် မနေ့က ဗိုလ်ချုပ်ဈေးမှ ဝယ်လာသော ဒေါက်ဖိနပ်ကလေးကို စီးနေတုန်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ဖိနပ်ကလေးကို ငုံ့စီးနေသောလင်းသည် မောင့်ကို မမြင်သေးပါ။ မောင်သည် လင်းကို ပီတိစိတ်ဖြင့် စိုက်ငေး၍ ချစ်နေခဲ့သည်။

ဝန်ခံရမည်ဆိုလျှင် မောင်သည်...

လင်း၏ ရင်ညွန့်ဆီကိုတော့ တစ်ချက် မျက်စေ့ရောက်သွားမိသေးသည်။ လင်း၏အင်္ကျီသည် လည်ဟိုက်လွန်းလှသည်။ ဒီတော့...

အဲဒါကို မောင်ကသွားပြောလျှင် ဒါကိုမြင်ပြီးသားဆိုတာ ထူးအိမ်သင်၏ သီချင်းထဲကလို "မပြောလည်းသိတယ်" ဖြစ်သွားနိုင်၏။ အဲဒီတော့ မောင်က အစကတည်းက အားနာတတ်သူမို့ မပြောတော့ပါ။ လင်းက သူ့ဖိနပ်ကလေးကို စီးပြီးတော့မှ မောင့်ကိုမြင်သည်။

မြင်ပြီးသည်နှင့် ခုနကပြောခဲ့သော စကားကို တန်းပြောခြင်းဖြစ်၏။

ခဏကြာတော့ လင်း၏အမျိုးတွေ ရောက်လာကြသည်။

အလှူလိုက်မည့် အမျိုးတွေဆိုတော့ ပြင်လို့ဆင်လို့၊ ရင်ဘတ်မှာလည်း ဘတ်ကြိုးကြီးတွေဆွဲလို့၊ ကိုယ့်ရွာကို ကိုယ်မရောက်တာ ဘယ်နှစ်ရှိမှန်း မသိတော့ ရွာအလှူကိုပြန်ရမှာ ပျော်လို့။

လင်းကတော့ အဲဒီအမျိုးတွေကြားထဲမှာ ကြာပဒုမ္မာအိုင်မှာ ဝဲပျံနေတဲ့ ပိတုန်းမကလေးတစ်ကောင်လို ဖြစ်နေသည်။ လာကြသည့် အမျိုးတွေ အားလုံးကလည်း လင်းနှင့် လင်းမေမေကို အထူးဂရုစိုက် နှုတ်ဆက်ကြ၏။ ဟိုက အလှူ့ရှင်ကတော့ ဘယ်လိုနေမည်မသိ။ ဒီက လင်းကတော့ အလှူ့ရှင်မကလေး ဖြစ်နေပြီဟုတွေးရင်း မောင်ကတော့ ဝေးဝေးမှာသာနေသည်။

နောက်မှသိရတာက ထို "ကျွန်းကလေး" ကို သွားဖို့ ကားစရိတ်အားလုံးကို အသွားအပြန် လင်းတို့က ဒကာခံခြင်း ဖြစ်သည်ဆိုတာ



ဖြစ်၏။

လင်းသည် မောင့်ကို ဂရုမစိုက်နိုင်တော့။

ဒီအိမ်မှာတောင် ဒီလောက်ဖြစ်နေရင် ဟိုကျပိုဆိုးမှာပဲဟု မောင်တွေးနေတုန်းမှာ စပွမ်းနှင့် ချဉ်ဖတ်တို့ ရောက်လာကြ၏။ ခဏနေတော့ ကျောက်ဆူးနှင့် မင်္ဂလာတို့ ရောက်လာကြသည်။ ဒီတော့ မောင်လည်း နည်းနည်းအနေရချောင်ပြီး ပျော်သွားသည်။ သူငယ်ချင်းတွေနှင့် စကားပြောနေတုန်းမှာပင် လင်းတို့ငှားထားသော ဘီအမ်ကားကြီးက ရောက်လာသဖြင့် အိမ်ရှေ့မှာ စောင့်နေကြသော လင်း၏ ဆွေတော်မျိုးတော်တစ်သိုက် ကားပေါ်သို့ အလုအယက်တက်ပြီး နေရာလုကြ၏။

ဆယ့်ငါးမိနစ်လောက် ကြာတော့မှ နေရာကိစ္စ စိစဉ်လို့ရကာ ကားကိုထွက်ရန် အားလုံးက တောင်းဆိုကြ၏။

ခရီးတစ်ခုဆိုသည်မှာ ထိုအတိုင်းပင် ဖြစ်ပါသည်။

အသွားတွင် စောချင်ပြီး အပြန်ကျလျှင် မောချင်တာ သဘာဝဘစ်ခုပင် ဖြစ်ပါသည်။ ဒီတော့ အခု အသွားကို သွားချင်လှပြီ။ ကျွန်းကလေးကို ရောက်ချင်လှပြီဆိုတာ အားလုံး၏ဆန္ဒ ဖြစ်နေသည်။

"လင်း ထွက်တော့မလို့လား"

"ဘာလဲဟဲ့၊ မောင်ကလည်း..."

"ကားကိုပြောတာပါ လင်းရာ"

"အေးလေ... ဒီမှာ အမျိုးတွေအားလုံးက မောင် တွေ့ဘူးလား"

B.Mကား ကျဉ်းကျဉ်းကလေးပေါ်မှာ ပြောရကတည်းက လင်းရဲ့အမျိုးတွေက မောင့်ကို ကြည့်ကြသည်။ ဘာကြောင့် ကြည့်တာလဲဆိုတော့ လင်းက "မောင်" ဟု ခေါ်သောကြောင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်" လို့ ခေါ်လျှင် ချစ်သူတွေ မဟုတ်လား။

"တွေ့တယ်၊ ငွေသီးကြီး မလာသေးလို့ မထွက်နဲ့ဦးလို့ပြောတာ"

"ဘာ…"

ဒီတစ်ခါတော့ ခုနက မောင့်ကို မျက်လုံးကလေးတွေ ပင့်ကာ စိတ်ဝင်စားသလို ကြည့်နေကြသော B.M ကားပေါ်မှ လင်း၏ ဆွေမျိုးများသည် မျက်လုံးတွေ ပြူးကုန်ကြ၏။ လင်းကတော့ ကားရှေ့မှာ ထိုင်ပြီးနေသူမို့ နောက်က ပရိသတ်ကို မမြင်ပါ။ မောင်လည်း ပြောပြီးမှ မှားသွားမှန်း သိပါသည်။

"ဘာ… မောင်"

လင်းက မကြားလိုက်သဖြင့် ထပ်အော်မေးခြင်းဖြစ်၏။ ကားပေါ်မှာ လူတွေရဲ့ စကားသံတွေကလည်း ဆူညံ၍နေသည်။

မောင် ဘာပြောရမှန်းမသိ။ တစ်မနက်လုံး ကိစ္စအဝဝကို စီစဉ်နေရသဖြင့် လင်း စိတ်တိုနေမှန်း မောင် သိပါသည်။ သို့သော် လင်း မေးတာကို ပြန်ဖြေဖို့ကလည်း ရှိသေးသည်။ လင်း၏ "ဘာ…" က နှစ်ခါ ရှိနေပြီဆိုတော့ မောင် အားနာသည်။

"ငွေသီးကြီး"

"ဘာဖြစ်လဲ"

"မလာသေးဘူးလို့ လင်းကို မောင် ပြောတာပါ"

"မောင်ရယ် ခက်တာပဲ၊ ဒီငွေသီးက ဘယ်တုန်းက ဒါမျိုးကို စိတ်ဝင်စားလို့လဲ၊ ငွေသီးမလာလည်း ရတာပဲဟာ၊ ဟိုမှာကျန်တာတွေ အကုန်လာနေပြီပဲ၊ ကဲ… ကားဆရာ မောင်းတော့"

"ငွေသီးကို…"





"တော်ပြီ မောင်၊ အဲဒီ ငွေသီးအကြောင်းကို မပြောနဲ့တော့"

လင်း၏အမျိုးတွေသည် တစ်လမ်းလုံး မောင့်ကို မျက်လုံးကြီးတွေ ပြူးကာ ကြည့်ရင်း လိုက်ပါလာကြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

ကျွန်းကလေးကိုရောက်တော့ အလှူမဏ္ဍပ်ကြီးက ဟီး၍နေသည်။

အပေါ်မှာ တာလပတ်မိုးပြီး အောက်မှာ ကောက်ရိုးတွေ ခင်းထား၏။ ဆိုင်းဝိုင်းဘက်မှာတော့ လူတွေ တိုးမပေါက်အောင် စည်ကားလွန်းသည်။ ထိုဆိုင်းဝိုင်းမှာရှိသည့် မိန်းကလေး၊ မိန်းမကြီးတွေ အားလုံးက သရဲတွေနှင့် တူနေသည်။

မျက်နှာမှာ မိတ်ကပ်တွေက အနီရော၊ အဝါရော၊ အပြာရော ခဲ့ကာနေ၏။ ပြီးတော့ နှုတ်ခမ်းနီကိုလည်း ထူထူဆိုးထားတာက နှုတ်ခမ်းနှင့် လွဲနေသဖြင့် ဆပ်ကပ်ထဲက ဂျိုကာရုပ်လို ဖြစ်၍နေသည်။

ဒါပေမဲ့ သူတို့ မျက်နှာတွေကတော့ သူတို့ကိုယ်သူတို့ စင်ဒီကရော ဖို့(စ်)ဟု ထင်နေပုံရသည်။ ခရစ်စတီးနားအာဂွီးလားဟု ထင်နေပုံရသည်။ ဒေးဗစ်ဘက်ဟမ်း၏ဇနီး စပိုက်ဂဲ(လ်)ရဲ့ နာမည်ကြီး ဗစ်တိုးရီးယားဟု ထင်နေပုံရသည်။





မောင်တို့ကတော့ ကြည့်ကြည့်ပြီး တခွီးခွီး ရယ်ကြ၏။

ဆိုင်းဝိုင်းမှာ တိုးကြ ခွေ့ကြရတော့ ချွေးတွေကထွက်၊ မိတ်ကပ်တွေကပျက်နှင့် သူတို့အားလုံး ပုံစံတွေသည် သူရဲတွေလို ဖြစ်နေကြသည်။ သူရဲသည် သူ့ကိုယ်သူ သရဲဖြစ်မှန်းမသိဆိုတာကို အဲဒီတော့မှပဲ မောင် ယုံတော့သည်။

ခဏကြာတော့ မောင်တို့ကို လင်းက လာခေါ်သည်။

ထမင်းကျွေးနေပြီတဲ့။

မောင်တို့ သူငယ်ချင်းတွေအားလုံး တစ်စားပွဲတည်းမှာ ထိုင်၍ ထမင်းစားကြရသည်။

ဟင်းက ကြက်သားနှင့် ဘူးသီးကာလသားချက်ဟု ဆိုသည်။ အောက်အခင်းက ကောက်ရိုး။ ပထမဆုံးထည့်ပေးတဲ့ ထမင်းက ဆန်ကြမ်းလွန်းသည်။ သို့သော် ကြက်သားနှင့် ဘူးသီးကာလသားချက် ရောက်လာသောအခါ မောင်တို့ သူငယ်ချင်းတစ်သိုက် တီးလိုက်ကြသည်မှာ အိမ်မှာစားတာထက် နှစ်ဆလောက် ပိုဝင်သွား၏။

ပကာသနမရှိသောပွဲမို့ တောင်းချင်တာထပ်တောင်း၊ စားချင်သလိုစားနှင့် မောင်သည် ဒီလောက်ထမင်းမြိန်သော ထမင်းတစ်နပ်ကို မှတ်၍ ထားလိုက်သည်။

"လင်းရယ် နင့်အမျိုးတွေရဲ့ ရွာကလေးက ချစ်ဖို့ကောင်းလိုက်တာနော်"

ထမင်းဝဝစားပြီး အလှူမဏ္ဍပ်ကြီး၏ နဘေးရှိ ထုံးဖြူစေတီကလေးရှေ့တွင် မောင်က လင်းကို ပြောခြင်းဖြစ်ပါသည်။ ဒီခေတ်ကာလ... မောင် ရောက်လာရသည့်အကြောင်းက မောင်တို့ ယောက်... 



www.burmeseclassic.com

www.burmeseclassic.com



ကို ထင်စေတော် နံဘေးတွင်ရှိသော ဘုန်းကြီးကျောင်းကလေး ကွင် အိပ်ရမည် ဟု ပြောသောကြောင့်ဖြစ်၏။

မောင်သည် လင်းပြောသလို လင်းအနားမှာ နေသော်လည်း ကျွန်းကလေးရောက်လျှင် ကျွန်းကလေးလို ကျင့်ရမည်ဖြစ်သောကြောင့် လူကြီးများ စီစဉ်သည့်အတိုင်း လိုက်နာရခြင်းဖြစ်သည်။

"တော်သေးတာပေါ့၊ ငါက နင်တို့ စိတ်ပျက်သွားမယ်လို့ ထင်နေတာ"

"အမလေး ... လင်းရယ်၊ ငါအိမ်မှာဆိုရင် အဲဒီလောက် တစ်ခါမှ သမင်းမစားဖူးဘူး သိလား၊ အခု ဝိတ်လိုက်တာ ကောင်းမှကောင်း၊ ကျွန်းတဲ့ ကောင်တွေရော ဘာထူးလို့လဲ"

"ကျောက်ဆူးနဲ့ မင်္ဂလာ ဘာလုပ်နေလဲ"

"အိပ်သွားပြီ"

"မပြောချင်တော့ဘူး၊ မောင် နင်မနက်ဖြန် ငါ့အနားမှာနေနော်၊ သိလား"

လင်းက မောင့်လက်မောင်းကလေးကို ကိုင်ကာပြောသည်။

မောင် ရင်ခုန်သွားတာ တော်တော်ကြီးကို ကြီးပါသည်။

စဉ် စားကြည့်ကြပါဦး။

နေရာကလည်း သူသိကိုယ်သိနေရာနှင့် ဝေးသော တောရွာကလေးတစ်ခု၏ လူလည်းမသိ၊ နာမည်လည်းမရှိသော စေတီကလေးတစ်ခု၏ ပရဝဏ်အတွင်းမှာ ဖြစ်သည်။ ဟိုဘက်မှာကြည့်လိုက်လျှင် တောစိမ်းချောင်းနက်နှင့် တောင်ညိုတန်းတစ်စကို ရေးရေးမြင်ရ၏။ ထိုအချိန်မှာ ပိုင်ပိုင်နိုင်နိုင် အကိုင်ခံလိုက်ရသော လက်မောင်းတစ်ခု၏ နှလုံးသားသည်

...ဘာ့ကြောင့် ရင်မခုန်ရမည်နည်း။

ပြီးတော့ ကိုယ့်လက်မောင်းကို လာကိုင်သောသူကလည်း တစ်ဘဝ ...သုံ့မှာ အထွတ်အမြတ်ထားပြီး ကိုယ်ကချစ်နေတဲ့ ချစ်သူလေ။ ဒီတော့ မောင့်ရင်ခုန်သံတွေ တဒိုင်းဒိုင်း မြည်၍နေသည်။

မောင်သည့် "လင်းရယ် နင့်ကို ငါ အရမ်းချစ်တယ်" ဟု ပြောဖို့ စိတ်ထဲမှာ အကြိမ်တစ်သိန်းလောက် အော်ပြီးမှ လင်းကို ငဲ့ကြည့်လိုက်တော့ လင်းကလည်း ကြည်လင်သန့်စင်စွာ ပြုံးရင်း မောင့်လက်မောင်းကလေးကို ကိုင်၍ လမ်းမှန်မှန် လျှောက်၍နေသည်။

"လင် ..."

"မောင် နေပေးမှာလား မနေဘူးလား၊ ဒါပဲပြော"

"လင်း မောင်လေ လင်းကို ..."

ထိုအချိန်တွင် စေတီကလေးရှိသည့် လှေကားမှနေ၍ အပျိုကလေးသုံးယောက် လေးယောက်လောက်နှင့် အဘွားအိုကြီး နှစ်ယောက်တို့ ...တက်၍လာကြသည်။

သူတို့ကလည်း မောင်တို့ကိုတွေ့တော့ မြို့ကဧည့်သည်တွေမှန်း ...သိသဖြင့် "အမ်း" ၍ သွားကြသည်။ လင်းကလည်း မောင့်လက်မောင်းကို ကိုင်ပြီး လမ်းလျှောက်နေတာဖြစ်သဖြင့် "အမ်း" ၍ သွား၏။ မောင်ကလည်း လင်းကို "ချစ်တယ်" ဟု ပြောမည့်အချိန်မှာ ဒီလိုမျိုး ကြုံလိုက်ရသဖြင့် အရမ်းရှက်သွားသည်။

လင်းက မောင့်လက်မောင်းကလေးကို ကိုင်ထားရာမှ ဖယ်လိုက်သည်။

"မောင် မနက်မိုးလင်းတာနဲ့ နင်လာနော်၊ လင်းရော စပွမ်းတွဲပြီး


ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတောင်ကိုင် လုပ်ရမှာ၊ ပြီးတော့ လုပ်ရမှာတွေက အများကြီး သိလား မောင်"

"အေး ... "

မောင်၏ "အေး" ဆိုသော အသံလည်းဆုံးရော လင်းသည် ကျောက် လှေကားကလေးကို ဒရောသောပါး အကြောက်အလန့်မရှိ ပြေးဆင်းခ သွား၏။ မောင်က ပြုတ်ကျမှာ စိတ်ပူလိုက်တာလွန်ပါရော။ သို့သော် လင်း မြေပြင်သို့ အေးဆေးစွာ ရောက်သွားသည်။ စိတ်ပူစွာဖြင့် လှမ်းငေး နေသော မောင့်ဘက်ကို တစ်ချက်ပင် လှည့်မကြည့်။

တော်ပါသေးရဲ့ လင်းရယ်။

မောင်သည် ရင်ထဲကစကားကို ကိုယ့်နှလုံးသား ကြားရုံလောက် သာပြောပြီး သက်ပြင်းကိုချလိုက်သည်။

"ဘုရားလာဖူးတာလား၊ ရန်ကုန်က ဧည့်သည်ထင်တယ်"

"ဟုတ်ကဲ့ခင်ဗျ"

တက်လာကြသည့် အုပ်စုထဲမှ အသက်အကြီးဆုံး အဖွားကြီးတစ် ယောက်က မောင့်ကို မေးခြင်းဖြစ်ပါသည်။

"ဘုရားမြတ်ထံပါးဝယ် ဆုပန်ကြတယ် ...နှစ်ယောက်သား တွဲလို့ ရင်ပြင်ပေါ်ဝယ် ...ဘဝသံသရာအဆက်ဆက် ...မပျက်တမ်းပေါင်း ...ပေါင်း စေသားလို့ ... ဆုပန်ခြွေကြသေးတယ် ... ဆိုတဲ့ သီချင်းတော့ရှိတာ မောင် ရယ်၊ အခု မောင့်ချစ်သူက စိတ်ကောက်ပြီး ဆင်းသွားတာနဲ့တူတယ်

"ဟုတ်ကဲ့ခင်ဗျ"

အဖွားအိုကြီးက သီချင်းတောင် ဆိုပြလိုက်သေးသည်။

သူက "မောင်" ဟု ခေါ်တာ မောင့်နာမည် "ဇော်ရန်မော





ဆိုတာကိုသိ၍ ခေါ်ခြင်းမဟုတ်ပါ။ ဟိုတုန်းက မိန်းကလေးတွေက ကိုယ့် ထက်ငယ်သော ယောကျ်ားကလေးကို တွေ့လျှင် ကိုယ့်မောင်ကလေးလို သဘောထားပြီး "မောင်" ဟု ခေါ်လေ့ရှိပါသည်။ ယောကျ်ားကလေးတွေ ကလည်း ကိုယ့်ထက်ငယ်သော မိန်းကလေးကို တွေ့လျှင် "နှမ" ဟု ခေါ်လေ့ရှိ၏။ နာမည်ကို သိစရာမလိုပါ။ "မောင်" နှင့် "နှမ" ဆိုလျှင် ပြောဆိုဆက်ဆံရေးသည့် ပြီးလေသည်။

အခုလည်း အဖွားကြီးက "မောင့်" ကို "မောင်" ဟု ခေါ်ကာ ဆိုအတိုင်းပင် ဖြစ်ပါသည်။

"သွားချော့လိုက်ပါ မောင်ရယ်"

"ဟုတ်ကဲ့ခင်ဗျ"

"ဘုရားရှိခိုးပြီးပြီလား"

"အာ ...မဟုတ်ကဲ့ခင်ဗျာ၊ ဟာ ...Sorry ...မရှိခိုးရသေးဘူးခင်ဗျ"

"ဒါဆိုရင်တော့ ရှိခိုးသွားပါဦး မောင်ရယ်၊ ဒီစေတီက 'ဆုတောင်း ပြည့်' စေတီတဲ့၊ ဆုတောင်းတိုင်းပြည့်တယ် မောင်ရဲ့"

"ဟုတ်ကဲ့ခင်ဗျ"

မောင်လည်း မြန်မြန်ဆင်းရလျှင် ပြီးရောဆိုပြီး ကြုံရာနေရာထိုင်ပြီး လက်အုပ်ချီသည်။ သို့သော် မောင်ထိုင်နေသည့်နေရာက ထိုအဖွားကြီးတွေ နှင့် အတူတူ တက်လာသော မိတ်ကပ်တွေ သူ့ရဲ့မလို လိမ်းထားသည့် ကောင်မကလေး တစ်ယောက်၏ နံဘေးမှာ ဖြစ်၍နေသည်။

"အမလေး ...အမလေး ...ဒီလိုတော့မလုပ်ပါနဲ့ မောင်ရယ်၊ ဟိုဘက် ...င် တိုးပြီးရှိခိုးပါ၊ ဒီလို အတူရှိခိုးတယ်ဆိုတာ လင်စုံမယားဖက်မှ ရှိခိုး ...တာ မောင်ရဲ့၊ ကျုပ်မြေးကလေးနဲ့တော့ မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဖွားကြီးက မောင့်ပခုံးကို တွန်း၍ပြောသည်။

မိတ်ကပ်တွေ သူရဲလိုလိမ်းထားသော မောင့်နံဘေးမှ ကောင်မလေးကလည်း မောင့်ကို အိုင်းရှဲဒိုးတွေ အပြည့်ဆွဲပြီး ချွေးတွေနှင့် စီးကျနေသော မျက်လုံးပြူးပြူးကြီးဖြင့် မျက်စောင်း ဒိုင်းခနဲထိုး၏။

“ဟုတ်ကဲ့အဖွား ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ”

မောင့်စကားဆုံးတော့ မင်္ဂလာနှင့် ကျောက်ဆူးတို့က ခွက်ထိုးခွက်လန် ရယ်ကြသည်။

“မင်းကလည်းကွာ တုံးကို တုံးလွန်းပါတယ်၊ ငတုံးလို့ပြောတော့လည်း မကြိုက်ဘူး”

“ငါက ကြိုက်ပါတယ်၊ မင်းတို့က မခေါ်တာပါ”

“အေး ... ဒါတော့ ဟုတ်တယ်ကွ”

မင်္ဂလာက မောင့်ပခုံးကို ပုတ်၍ပြောသည်။

“အိပ်ကြရအောင်ကွာ၊ မနက်လေးနာရီကို အရဏ်ဆွမ်းကပ်ဖို့ ရှိတယ်တဲ့၊ ငါတို့က သုံးနာရီခွဲလောက်ကတည်းက ထကြရမှာ”

ကျောက်ဆူး၏စကားကြောင့် မောင်တို့ ခနိုမို၊ ထရံကာ၊ ပျဉ်ခင်း ကျယ်ကျယ်လင်းလင်း ကျောင်းကလေး၏ နီးဖျာကလေ.သာ ခင်းထားသော ကျောင်း၏ ကြမ်းပြင်ပေါ်ကို လှဲလိုက်ကြသည်။

ခေါင်းအုံးမရှိလျှင် ကိုယ့်တံတောင်ဆစ်သည် ခေါင်းအုံးသာ ဖြစ်ပါသည်။

တစ်နေ့လုံး ပင်ပန်းလာသဖြင့် ဘာမရှိညာမရှိ ဟိုဟာမရှိ ဒီဟာမရှိ ကိစ္စများကို အိပ်စက်ခြင်းက အားလုံး ပြည့်စုံအောင် လုပ်ပေးသွားသည်။

မောင်တို့သုံးယောက် နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်သွား၏။

■





မနက် အရဏ်ဆွမ်းကပ်ပြီးကတည်းက မောင်တို့ မအားတော့ပါ။

အလှူတစ်ခု၏ သဇ္ဇနပေါင်းစုံသော ရှုပ်ပွလိုအပ်နေသည့် ကိစ္စကို ကူညီရသည်။ မောင့်အတွက် အရေးအကြီးဆုံးက လင်းသာဖြစ်ပါသည်။ လင်းက မောင့်ကို သူ့အနားတွင် နေခိုင်းထားသည် မဟုတ်လား။ ဒါပေမဲ့ လင်းကို ရှာ၍မတွေ့။ နောက်ဆုံး အလှူ့ရှင်ဟု ထင်ရသော မိန်းမကြီးကို ခမ်းတော့မှ လင်းတို့ ကွမ်းတောင်ကိုင်အဖွဲ့အပေါ်မှာ မိတ်ကပ်လိမ်းနေကြောင်း သိရ၏။

မောင် တက်သွားတော့ မိန်းမကြီးတစ်ယောက်က တားသည်။

မိန်းကလေးတွေ အလှပြင်နေသော အခန်းထဲကို မောင် မဝင်ရဟု ဆိုသည်။ မောင်က “နွေရာလင်း” နဲ့ တွေ့ချင်လို့ဆိုတော့ လင်း၏ နာမည်ကို နားမလည်သဖြင့် သုံးခါလောက် အော်၍ပြောရသည်။ နောက်ဆုံး “လင်း” ဆိုလျှင် ရတယ်ဆိုတော့မှ ဘယ်သူကလို ပြောရမှာလဲဟု ...

“မောင် ...”



www.burmeseclassic.com

www.burmeseclassic.com



“လင်မယားလား”

“အာ … သူငယ်ချင်းဗျ”

“ဒါဆိုရင် မောင်တွေဘာတွေ လာလုပ်မနေနဲ့၊ နာမည်အရင်းကို ပြော”

“ဇော်ရန်မောင်ပါ”

“လိုက်ကာ ဟိုဘက်ဘေးကစောင့်”

လင်းထွက်လာတော့ မိတ်ကပ် တစ်ဝက်တစ်ပျက်ဖြင့် လင်းက မောင့်ကို အကြီးအကျယ် စိတ်ဆိုး၍နေသည်။

လင်းသည် ထဘီကလေးကို ရင်လျားထား၏။ မိတ်ကပ်ကလည်း လိမ်းထားတာ တစ်ဝက်တစ်ပျက်ပဲ ရှိသေးသည်။ ထဘီကို ရင်လျားထားသည့်အတွက် မောင်သည် ခေါင်းကိုငုံ့လိုက်သည်။ လင်းကို ဒီပုံစံမျိုး သူ တစ်ခါဖူးမှ မတွေ့ဘူးပါ။ ဒီတော့ မောင် ခေါင်းကိုငုံ့ရင်း ရယ်နေမိသည်။

“ဘာဖြစ်တာလဲ၊ မောင် ဘာဖြစ်လို့လဲ”

“……………”

“လင်း မေးနေတယ်လေ မောင်ရဲ့၊ ဘာဖြစ်လို့လဲလို့”

လင်းအသံက တော်တော်လေး ဒေါသထွက်နေပြီ ဖြစ်သည်။

“လင်းကိုမတွေ့လို့၊ အဲဒါလိုက်ရှာတာ”

“လဲသေလိုက်မောင်ရာ သိလား၊ နင်ဟာလေ တော့ုးပဲ၊ ဒီမှာ မိတ်ကပ်လိမ်းနေတာ မောင် မသိဘူးလား”

“လင်းကမှ ပြောမထားတာ”

လင်းက သူငုံ့ထားသောခေါင်းကို လက်သီးဆုပ်ဖြင့် ခပ်နာနာကလေး ထုလိုက်၏။ မောင်မော့ကြည့်တော့ လင်းနှင့် မျက်ဝန်းချင်းဆုံ





သည်။ ပြီးတော့ ထဘီရင်လျားဖြင့် ဝင်းနေသော လင်း၏ ပခုံးသားနုနု စာသားကလေးကို မြင်ရသည်။

“ချစ်လိုက်တာ လင်းရယ်”

ထိုစကားကို ရင်ထဲမှာ အကြိမ်တစ်သန်းလောက် ပြောပစ်လိုက်ဖို့ပဲ မောင် တတ်နိုင်ပါသည်။

“မပြောလည်း သိရမှာပေါ့၊ သွား … သွား … အောက်ကစောင့်၊ တကယ်ကိုပဲ မပြောချင်ဘူး မောင် သိလား၊ နင်ကလေ တော့ုးပဲ”

“အေးပါဟာ … အောက်မှာရှိမယ်နော်”

မောင်လည်း ချစ်သောစိတ်၊ ရယ်ချင်သော စိတ်တို့ဖြင့် နှစ်ဆောင်ပြိုင် အိမ်ကြီး၏ အောက်ထပ်သို့ ဆင်းလာရသည်။ အောက်ထပ်မှာ ရှင်လောင်းလှည့်မည့် မြင်းတွေ ရောက်နေပြီ။ ဒိုးပတ်ဝိုင်းတွေ ရောက်ပြီး တီးကြ ကကြတွေ လုပ်နေကြပြီ။

အရေးထဲ ဘုန်းကြီးကျောင်းက ငှားထားသော ကွမ်းတောင်ကိုင်တွေအတွက် ကိုင်မည့်ကွမ်းတောင်နှင့် လူဦးရေက မမျှဖြစ်၍နေသဖြင့် တော်တော်ကလေးကို စကားများကြရသေး၏။

ကွမ်းတောင်ကိုင်က အယောက်လေးဆယ်ရှိနေပြီး ကွမ်းတောင်က သုံးဆယ့်နှစ်ခုပဲ ရှိသဖြင့် ဖြစ်သည်။ နောက်ဆုံး အရေ့ကျောင်းကို ပြေးဆိုပြီး လူသုံးလေးယောက်ကို လွှတ်လိုက်ရ၏။ မရ၍ လူလျှော့မည်ဆိုလျှင် အတော် ပြဿနာတက်မည်ဟု ပြောကြသည်။ ကွမ်းတောင်ကိုင်တွေက အပေါ်မှာ ပြင်ဆင်နေပြီ မဟုတ်လား။

မောင်ကတော့ ရှင်ပြုပွဲမှာ ဘာကြီးမှန်း သူတို့ကိုယ်တိုင်ပင် မသိသော ပစ္စည်းတွေကို ကိုင်ကာ နေပူထဲမှာ လမ်းအတင်း လျှောက်ချင်



www.burmeseclassic.com

www.burmeseclassic.com



နေကြသော သူတို့ကို အံ့ဩ၍နေသည်။

အင်းလေ ... ဒါလည်း မြန်မာတွေ ဟိုကတည်းကရှိခဲ့တဲ့ ဖော်ဒယ် လမ်းလျှောက်ပြပွဲ တစ်ခုပေါ့ဟု စဉ်းစားမိတော့ ရင်ထဲမှာ ကျေနပ်သွားသည်။

မိန်းကလေးတစ်ယောက် အထူးသဖြင့် အပျိုမကလေးတစ်ယောက် လမ်းလျှောက်သွားတာကို မဟာပုရိသတွေက လမ်းဘေးဝဲယာက ဝိုင်းကြည့်ကြသည်ဆိုလျှင် ထိုမိန်းကလေးက ရဲကိုတိုင်ခွင့်ရှိသည်။ ထိုအခါတွင် ရဲက ထိုဝိုင်းကြည့်ကြသော မဟာပုရိသတွေကို ဖမ်းရ၍ရသည်။ တရားသူကြီးက ကာလနြွေဖျက်မှုဖြင့် ထိုမဟာပုရိသတွေကို ထောင်ချမည် ဖြစ်သည်။

တကယ်တော့ အပျိုအရွယ် မိန်းကလေးတွေကလည်း ယောကျ်ားလေးတွေရှေ့မှာ လမ်းလျှောက်ပြချင်ပါသည်။ ကျွန်တော်တို့လို ငတိတွေကလည်း မြင်းကောင်းမြင်းသန့်တစ်ကောင် လမ်းလျှောက်သွားသလို လမ်းလျှောက်သွားသော အပျိုကလေးတစ်ယောက်ကို ကြည့်ချင်ပါသည်။

သို့သော် သူက ရွာထဲတွင် (သို့) ရပ်ကွက်ထဲတွင် သူ့ဘာသာသူ လျှောက်သွားတာကို မျက်လုံးကြီးဖြင့်ပြီး ကိုယ်ကကြည့်နေ၍ ဘယ်လိုသင့်တော်ပါမည်နည်း။

အခုလို ကွမ်းတောင်ကလေး ကိုင်ပြီးတော့ လျှောက်တော့ကြည့်ချင်သလောက် ကြည့်ပေတော့ ဖြစ်သွား၏။ အဖမ်းခံစရာလည်းမလို အားလုံးကလည်း ခွင့်ပြုကြ၏။ သူတို့ကလည်း ကြွကြွရွရွ လှလှပ လျှောက်ကြ၏။

ထို့ကြောင့် ကွမ်းတောင်ကိုင်ဆိုသည်မှာ မြန်မာ့မိရိုးဖလာ "မော်





ဒယ်" ဖြစ်ပါသည်။ မော်ဒယ်ဆရာမကြီး ဒေါ်တင်မိုးလွင်ကတော့ ကွမ်းတောင်ကိုင် ဖြစ်ခဲ့ဖူးသလား၊ မဖြစ်ခဲ့ဘူးသလား မောင်မသိပါ။ သူကတော့ ယခု မော်ဒယ်မိခင်ကြီး ဖြစ်၍နေသည်။

မြန်မာမော်ဒယ်လောကကို လွှန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက "ကွမ်းတောင်ကိုင်" နှင့် စခဲ့ကြောင်းကိုတော့ မောင် ရဲဝံ့စွာပင် ပေါင်တစ်သန်းကြေးလောက်ပေး၍ လောင်းလိုက်ချင်ပါသည်။

လိုနေသော ကွမ်းတောင်ဖွေကို သွားယူသည့်အထဲတွင် ကျောက်ဆူးကြီးလည်း ပါသွားသည်ဟု မောင်သိရသည်။

"ဟော့ကောင် ...မင်္ဂလာ၊ ကွမ်းတောင်တွေ သွားယူတာကို ဟိုကောင် ပါသွားတယ်ဆို"

"အေး ..."

"အာ ... ဒုက္ခပါပဲ၊ ဒီကောင်ကလည်း ဘာမှန်းမသိ ညာမသိနဲ့"

"ဟာ ... ရွာကလူတွေ ပါတာပဲကွာ"

မောင်နှင့် မင်္ဂလာ စကားပြောနေချိန်တွင် ဒိုးပတ်ဝိုင်း သုံးဝိုင်းက အပြိုင်တီးနေကြ၏။ လူတွေ၊ ကလေးတွေ၊ မိန်းမတွေ အားလုံးက ရင်ဆိုင်း တီးနေကြသော ဒိုးပတ်ဝိုင်းသုံးဝိုင်းမှ စုပြုံ၍နေ၏။

မောင်လည်း ဘာရယ်မဟုတ် ခဏတော့ စိတ်ဝင်စားသွားမိသည်။

"မောင် ..."

"မောင် ... မောင် ..."

"မောင် ..."

နောက်ဆုံး လင်းက မောင့်ပခုံးကို သူ့လက်သီးဆုပ်ဖြင့် လေးလေး လောက် ထုတော့မှ မောင် လှည့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းသည် မိတ်ကပ်တွေကို ကောင်းကောင်းလေး ပြင်ပြီးသွားပြီ ဖြစ်သည်။ သူ နေ့စဉ်တွေ့နေကျ လင်းနှင့် မတူတော့သော လင်းအသစ်ကလေး ဖြစ်နေ၏။

မောင်သည် ကြွေရုပ်ကလေးလို လှနေသော လင်း၏မျက်နှာကို ရင်ထဲက ငေးလိုက်သည်။

မိန်းမတစ်ယောက်ရဲ့ မျက်နှာကို ရင်ထဲက ငေးမိပြီဆိုလျှင် ချစ်ခြင်းမေတ္တာသည် ထိုနှလုံးသားရှိသော ရင်ထဲတွင် အစို့အညှောက် ပေါက်နေပြီး၍သာ ဖြစ်သည်။ ထိုအစို့အညှောက်သည် မကြာမီ အပင်ပေါက်လာလိမ့်မည်။ နှလုံးသားပေါ်မှာပေါက်သော ထိုအချစ်သစ်ပင်သည် နှလုံးသားကိုသာ အမြစ်တွယ်လိမ့်မည်။ ထိုသို့ နှလုံးသားကို အမြစ်တွယ်ထားသော ထိုအချစ်သစ်ပင်ကို အဖြိုအလှဲခံရပြီဆိုလျှင် ထိုသစ်ပင် ပြိုလဲသည်နှင့် နှလုံးသားလည်း ပျက်စီးခြင်းသို့ ရောက်မည်ဆိုတာ သေချာပါသည်။

"ဘာကြည့်နေတာလဲ မောင်၊ ငါ့ကို တစ်သျှူးပေပါပေး"

"အင် ..."

"တစ်သျှူးပေပါ ပါဆို"

"အာ ... ငါ့ကျောပိုးအိတ်ထဲမှာဟ"

"ဒါဆို သွားယူ ... သွားယူ ..."

"တစ်သျှူးပေပါက ဘာလုပ်မှာလဲ"

"နင်တုံးလှချည်လား၊ နေပူထဲမှာ ခြောက်မိုင်လောက် လမ်းလျှောက်ရမှာ၊ ချွေးတွေ ဘာတွေထွက်ရင် အသာတို့ရတာပေါ့၊ မောင့်ကို လင်းက ဝယ်ဖို့မှာထားတာလေ၊ ဝယ်ခဲ့တယ် မဟုတ်လား"

"လင်းမှာတာ မောင် ဘယ်တုန်းက ..."



"ဟာ ... အပိုတွေပြောမနေနဲ့၊ သွား ... သွား ... သွားယူ"

လင်းက မောင့်ပခုံးကို နှစ်ချက်ထုလိုက်သည်နှင့် မောင်သည် စစ်မြင်းကြီး တစ်ကောင်လို သူတို့တည်းသော ဘုန်းကြီးကျောင်းရှိရာသို့ ပြေးခဲ့၏။ ကျောင်းကိုရောက်တော့ တံခါးက သော့ခတ်ထားသည်။ ကျောင်းမှာရှိသည့် ကိုယ်တော်တွေ အားလုံးလည်း အလှူပွဲကို ရောက်နေသဖြင့် ကျောင်းတံခါးကို သော့ခတ်ထားခြင်း ဖြစ်၏။

လျှောက်ကြည့်တော့လည်း တစ်ယောက်မှမတွေ့။ ကိုယ်ကလည်း တစ်ညသာ တည်းဖူးသေးသည့်လူဆိုတော့ ဘယ်သူကဘာ ဘယ်သူ့ဆီမှာ ဘာရှိသည်ဆိုတာကို မသိ။ အခု အလှူဝိုင်းမှာ ဘယ်သူ့ကို သွားခေါ်ရမည်ဆိုတာလည်း မသိ။

ဒါပေမဲ့ လင်းက တစ်သျှူးပေပါဆိုသဖြင့် သူတို့တည်းသော အပေါ်ထပ် ပြတင်းကို လှမ်းကြည့်တော့ ပွင့်နေတာကို တွေ့ရသည်။ ထိုပြတင်းပေါက်၏ နံဘေးမှာလည်း ဘာအပင်ဟု ပြောရမှန်းမသိသော အပင်ကြီးတစ်ပင် ရှိရှိနေသည်။

မောင်သည် သူ၏ ဒီနေ့မှ ချုပ်ဝတ်သော ဆိတ်ခွံပုဆိုးကို ခါးတောင်းကျိုက်လိုက်သည်။ ပြီးတော့ သစ်ပင်ကို ခက်ခက်ခဲခဲ တက်ယူ၏။ အင်္ကျီကတော့ သွားပြီ။ ဒါပေမဲ့ မောင် ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ရောက်ပါသည်။

လင်းလိုချင်သော တစ်သျှူးပေပါကို မောင်ရသွားသည်။

မောင်သည် မောနေသည်။ သို့သော် ကျေနပ်နေသည်။ သူ့ဘဝ ... တစ်ကြိမ်မှ မလုပ်ခဲ့ဘူးသော အလုပ်ကို လင်းအတွက် သူ လုပ်ခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်နှလုံးသားပေါ်မှာ ပေါက်နေသော အချစ်သစ်ပင်မှာ ထိုသို့ ခက်ခဲသော အဖြူရောင် အချစ်ပန်းကလေးတစ်ပွင့် ပွင့်ခဲ့သည်။ ထိုအချစ်ပန်းပွင့် အဖြူရောင်သည် နောက်ထပ်ထပ်ပွင့်သော အဖြူရောင် အချစ်ပန်းကလေး ဖြစ်ပါ၏။ ရှေ့တွင်ပွင့်ခဲ့သော အဖြူရောင် အချစ်ပန်းပွင့်ကလေးတွေလည်း ရှိပါသေးသည်။

မောင်သည် အင်္ကျီတစ်ထည်နှင့် လုံချည်တစ်ထည်ကို ထပ်ယူပြီး မူလအင်္ကျီ လုံခြည်နှင့်ပင် အပင်ပေါ်က သတိတကြီးနှင့် ခက်ခက်ခဲခဲ ဆင်းခဲ့ရသည်။

မောင့်အစီအစဉ်ကတော့ လင်းကို တစ်သျှူးပေပါထုတ်ကလေး ပေးပြီးလျှင် အခု ပေရေညစ်ပတ်နေသော အင်္ကျီနှင့်လုံချည်ကို လဲရမည် ဖြစ်သည်။ ထို့ကြောင့် လင်းဆီကိုရောက်အောင် မောင်သည် ပေရေနေသော အင်္ကျီတွေနှင့် သွားသည်ဆိုလျှင် လင်းက မောင့်ကို စိတ်ဆိုးမှာ သေချာသည်။ ထို့ကြောင့် မောင်သည် အိမ်ရှေ့ကွက်လပ်ကြီးမှာ အကြီးအကျယ် ကျင်းပနေသော ဒိုးဝိုင်းပြိုင်ပွဲ။ ဦးရွှေရိုးနှင့် ဒေါ်မိုးပြိုင်ပွဲတို့ကို ရှောင်ပြီး အိမ်နောက်ဖေးဘက်မှဝင်ကာ အိမ်သာထဲမှာ အင်္ကျီလဲဖို့ အိမ်သာတံခါးကို ဆွဲဖွင့်လိုက်သည်အခါတွင် မောင်မြင်ရသော မြင်ကွင်းမှာလည်း အသည်းတုန် အူတုန် ရှိလှပါသည်။

လင်းသည် အိမ်သာထဲမှာ အီအီးဘွတ်ဘွတ်ပါလျှင် ထိုင်ရသော သစ်သားတန်း နှစ်တန်းကြားမှာ ခေါင်းကလေးကိုစိုက်ပြီး လေးဘက်ကလေး ထောက်၍နေ၏။

"လင်း ..."

"ဟယ် ... မောင်"



လင်းသည် ထိုအီအီးဘွတ်ဘွတ်ပါလျှင် ထိုင်ရသော တန်းနှစ်တန်းကြားမှ ခေါင်းကိုဆွဲထုတ်ပြီး မတ်တပ်ထရပ်သည်။ ပြီးတော့ ဘာမှမပြောဘဲ "အိ" ခနဲ အသံထွက်ကာ မောင့်ရင်ဘတ်ထဲတွင် ငိုသည်။

"လင်း ... လင်း ဘာဖြစ်တာလဲဟင်"

"အိ ..."

"မငိုနဲ့၊ လင်း ဘာဖြစ်နေတာလဲဆိုတာ မောင့်ကိုပြော"

"မောင် လင်းရဲ့ဒေါက်ဖိနပ်"

"ဒေါက်ဖိနပ်"

"ဟုတ်တယ်မောင်၊ လင်းက ကွမ်းတောင်ကိုင်မသွားခင် ရေအိမ်ပေါက်ဖို့လာတာ၊ ဒေါက်ဖိနပ်ကလေးက အသစ်ဆိုတော့ နေသားမကျဘဲ အိမ်သာထဲကျလို့ အဲဒါကို ငုံ့ကောက်နေတာ"

"လင်းရယ်"

လင်းက မောင့်ရင်ခွင်ထဲမှာ ခေါင်းတိုးပြီး ငိုနေသည်။

ဟုတ်ပါရဲ့။ ဒီဒေါက်ဖိနပ်မရှိမှတော့ လင်း ဘယ်လိုလုပ် ကွမ်းတောင်ကိုင်လို့ ရတော့မှာလဲ။ ဒီဒေါက်ဖိနပ်ကို မောင်ရအောင်ကို ကောက်ပေးရမည်။ အခု လင်းက သူ့ရင်ခွင်ထဲကို တိုးဝင်ပြီး ငိုနေသည့် နေရာကလည်း အိမ်သာကြီးထဲမှာ ဖြစ်နေသည်။ တံခါးကတော့ ပိတ်ထားပါသည်။ အခုနေ တစ်ယောက်ယောက်ကများ ဆွဲဖွင့်လိုက်လျှင် မောင်က ထားပါ။ လင်းအတွက် မတွေးဝံ့ပါ။

လင်း ခုနကလို ဖိနပ်ကောက်နေတုန်း တစ်ယောက်ယောက်များ မောင့်လိုပဲ အိမ်သာထဲလာဖို့ တံခါးဖွင့်လိုက်လျှင်လည်း မောင် မတွေးဝံ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် လင်း ပခုံကလေးကို မေးပြီးဖက်ဖို့ လက်ကို ရွယ်လိုက်သည်။ လင်းက မောင့်ရင်ခွင်မှာ ခေါင်းအပ်ထားတာဆိုတော့ မေးပြီးဖက်မည်ဆိုလျှင်လည်း တော်တော်လွယ်ကူသည့်ကိစ္စ ဖြစ်ပါသည်။

သို့သော် မောင်သည် အဲဒီလိုဖက်ဖို့ မောင့်ကိုယ်မောင် နိုင်း၍မရပါ။ အိမ်သာကြီးထဲမှာ ကိုယ်ချစ်ရတဲ့သူကို ဘယ်လိုဖက်လို့ရမှာလဲ။

"လင်း ..မငိုနဲ့၊ မိတ်ကပ်တွေ ပျက်ကုန်မယ်၊ သွား ... အောက်မှာ သွားစောင့်၊ မောင် လင်း ဖိနပ်ကို ရအောင်ကောက်ပေ မယ်"

"မောင် ..."

လင်းသည် မျက်ရည်ပေါက်ပေါက်ကျပြီး မောင့်ကို ကြည့်သည်။

မောင်သည် လင်းကို အားရပါးရဖက်ပြီး နဖူးကလေးကိုရော၊ လင်း၏ ငိုနေသော နှုတ်ခမ်းကလေးကိုရော နမ်းပစ်လိုက်ချင်သည်။

သို့သော် အိမ်သာကြီး ထဲမှာ ဖြစ်နေသည်။

"မောင် လင်းကို သိပ်ချစ်တာပဲ" ဟု ဝမ်းသာအားရ ပြောပစ်လိုက်ချင်သည်။

သို့သော် အိမ်သာကြီးထဲမှာ ဖြစ်နေသည်။

"သွားပါ လင်းရယ်၊ အပြင်ကစောင့်၊ အိမ်သာတက်မယ့် လူလာရင် အထဲမှာ လူရှိတယ်လို့ပဲ ပြောပေး"

"မကောက်ပါနဲ့တော့ မောင်ရယ်၊ လင်း ကွမ်းတောင်မကိုင်တော့ပါဘူး"

"ကဲ ... လင်း မောင့်စကားကို ဒီတစ်ကြိမ်တော့ နားထောင်ပါကွာ၊ သွား ... အပြင်ထွက် မောင် ရအောင်ကောက်ပေးမယ်၊ ပြီးတော့ ထပ်ငို မနေနဲ့၊ လူတွေလာရင် ရှုပ်ကုန်လိမ့်မယ်"





လင်းက မျက်ရည်ကို မောင်ပေးသော တစ်သျှူးပေပါဖြင့်သုတ်၊ မောင်ယူလာသော အင်္ကျီနှင့် ပုဆိုးကိုယူပြီး အိမ်သာအပြင်သို့ ထွက်သွားတော့ မောင် သက်မကိုချပြီး တန်းနှစ်ခုကြားမှ လင်း၏ ဖိနပ်အခြေအနေကို ကြည့်ရသည်။

အိမ်သာက ရေတံလျှောက်မပါသော တောက်လျှောက် တိုက်ရိုက်တွင်းဖြစ်သည်။ ဒါပေမဲ့ မြေတွင်းတူးပြီး ထရံကိုခွေပြီး အိမ်သာကြမ်းပြင်နှင့် ထိလုနီးပါး ထည့်၍ထားသည်။

လင်း၏ ဒေါက်ဖိနပ်ကလေးက ထိုခွေပြီး ထည့်ထားသော ထရံနှင့်ငြိကာ တန်းလန်းကလေး ဖြစ်၍နေသည်။ လက်တစ်ကမ်းစာသာ ရှိမည်ထင်ပါ၏။ ဟိုအထဲကိုသာ ကျသွားလျှင်တော့ ကိစ္စတုံးမည်ဖြစ်သည်။

မောင် လင်းလိုပဲ လေးဖက်ကုံးပြီး အတင်းလှမ်းယူသည်။

မမီ။

တစ်ထွာစာလောက် လိုနေ၏။

လင်းလည်း ဒီလိုပဲဖြစ်လိမ့်မည်။

လင်းက အင်္ကျီတွေ ပေမှာစိုးတော့ ရင်ဘတ်နှင့် အိမ်သာကြမ်းပြင်နှင့်မကပ်ဘဲ ကောက်နေတာ ဖြစ်လိမ့်မည်။ အခု မောင်က အိမ်သာကြမ်းပြင်ပေါ် လှဲချလိုက်သည်။ သူ့ခေါင်းကို တန်းနှစ်ခုကြားထဲ ထည့်လိုက်သည်။

လင်း၏ ဒေါက်ဖိနပ်ကလေးသည် တဲတဲကလေး ချိတ်နေတာ ဖြစ်ပါသည်။ မောင် လှမ်းယူ၍ ချော်ကျသွားလို့ မဖြစ်ပါ။ ထို့ကြောင့် မောင်သည် အတိုင်တန်း နှစ်ခုကြားထဲသို့ ခေါင်းကို ပခုံးထိတိုင်အောင် တိုးဝင်ပြီး ဒေါက်ဖိနပ်ကလေးကို ပိုင်ပိုင်နိုင်နိုင် ရပြီဆိုတော့မှ လက်ထဲတွင် သေသည်အထိမလွှတ်ဟု ဆုံးဖြတ်ကာ ဆုပ်ကိုင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ဖိနပ်ကိုရပြီးမှ ခက်တာက ခေါင်းပြန်ထွက်ဖို့ ကိစ္စဖြစ်သည်။ ကိုယ့်ဘာသာ တိုးဝင်တုန်းက လောဘတကြီး တိုးဝင်ခဲ့ပြီး ပြန်ထွက်ဖို့ကြတော့ ခက်နေ၏။

ခါးကိုရွှေ့ပြီး ထွက်သည်။ ပခုံးနှင့် တန်းတိုက်နေ၏။

ပခုံးတွေကို ကျုံ့ပြီးထွက်သည်။ ခေါင်းနှင့် တန်းတိုက်၏။

မောင်သည် စိတ်ကိုလျှော့လိုက်သည်။ ပခုံးနှစ်ဖက်နှင့် တန်း ငြိနေခြင်းဖြစ်သည်။ သူ့ကိုယ်ကို တစောင်းလှည့်ပြီး ထွက်မှရသည်။ နံသည့်အနံ့ကိုထားတော့။ သူ ကျင်းထဲကို ပြုတ်ကျသွားမှာကို ထားတော့။

လင်း၏ ဒေါက်ဖိနပ်ကလေး မရမှာကိုသာ သူ စိုးရိမ်ပါသည်။

"လင်း ..."

"မောင် ... မောင်"

"ဖိနပ်ကလေးရပြီ လင်း၊ အိမ်သာထဲဝင်လာခဲ့၊ ပြီးတော့ မောင့်ကို ခြေထောက်ကနေ ကိုင်ပေးထား၊ မလွှတ်နဲ့"

လင်းဝင်လာတော့ မောင်သည် ဇောက်ထိုးကြီး ဖြစ်၍နေသည်။

လင်းက မောင့်ခြေထောက်တွေကို ကိုင်ပေးပြီး မောင်က ကိုယ်ကို တခြမ်းလှည့်ရသည်။

ခက်ခက်ခဲခဲ ကြိုးစားပြီးမှ မောင့်ခေါင်းသည် အပြင်သို့ ထွက်လာ၏။

လင်းက "အို" ခနဲ ငိုပြီး မောင့်ရင်ခွင်ထဲ ဝင်ဖို့လုပ်သည်။

"အာ ... လင်း မဝင်နဲ့၊ မောင်က နံစော်နေတာ၊ ဟောဒီမှာ ရော့-လင်းရဲ့ ဒေါက်ဖိနပ်ကလေး၊ ရေဆေးလိုက်ဦးနော်၊ မောင့်အကျီတွေရော"

"အပြင်က စဉ့်အိုးပေါ်မှာ"





"အာ ... ဟုတ်ပြီ၊ သွားတော့လေ လင်းရဲ့၊ ကွမ်းတောင်ကိုင်တွေ အဆင်သင့်ဖြစ်ကုန်ကြပြီ မဟုတ်လား"

"အို ..."

"မငိုနဲ့တော့လေ လင်းရဲ့၊ မိတ်ကပ်တွေ ပျက်ကုန်မယ်၊ လင်း အကျီလဲရဦးမှာ မဟုတ်လား"

"မလဲပါဘူး"

"လဲလိုက်ပါ လင်းရဲ့၊ ပြီးတော့ တစ်သျှူးပေပါကလေးနဲ့ မျက်ရည်တွေကို သုတ်လိုက်ဦး၊ ကဲ ... သွားတော့"

"မောင် ... မောင်ကရောဟင်"

"ရေချိုးရဦးမယ်လေ၊ ရေချိုးပြီးတော့ မောင် ဒီမှာပဲ ကူညီစရာရှိတာကို ကူနေခဲ့မယ်၊ ကဲ ...သွားပါ၊ အိမ်သာကြီးထဲမှာ မကောင်းပါဘူးဆို"

"မောင် ... လင်းလေ မောင့်ကို ..."

ထိုစကားကို မောင်သည် အပြောမခံနိုင်ပါ။

လင်းလေ မောင့်ကို ကျေးဇူးတင်တယ်၊ ဒါမှမဟုတ် အရမ်းခင်တယ် ဆိုတာမျိုးဆိုလျှင် မောင် ကြေကွဲဝမ်းနည်းရမှာမို့ ဖြစ်သည်။

လင်းသည် "မောင့်ကို အရမ်းချစ်တယ်" ဆိုသော စကားမျိုးကိုတော့ အိမ်သာကြီးထဲမှာ ဘယ်တော့မှမပြောမည့် မိန်းကလေးမျိုး ဆိုတာ မောင် သိပါသည်။

"ကဲ ... သွားပါတော့ဆို၊ ဟိုမှာ ဘာတွေဖြစ်နေမှန်း မသိတဲ့ဟာကို"

မောင်က လေသံတင်းတင်းဖြင့် ပြောလိုက်သဖြင့် လင်းက တစ်ချက်ဖြစ်သွားပြီး မောင့်ကို တစ်ချက်စိုက်ကြည့်၍ အိမ်သာထဲမှ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် ဒုတိယအကြိမ် သက်မကြီးကို ချဖြစ်သည်။

မောင် ရင်တွေခုန်နေသည်။

သူ ဖြစ်ခဲ့တာတွေကိုလည်း သူ မယုံနိုင် ဖြစ်၍နေသည်။

ဒါပေမဲ့ "အချစ်" သည် အရာရာဖြစ်နိုင်သည်ဆိုသည့် မှတ်ချက်ကလေးကိုတော့ မောင် အဲဒီနေ့က မြတ်နိုးကျေနပ်စွာ ချခဲ့သည်။

ရင်လောင်းလှည့်ကြတော့ လင်းသည် အရှေ့ဆုံးက ကွမ်းတောင်ကို ကိုင်၍ ကြွကြွရွရွ မော်မော်ကြွားကြွား လျှောက်၍သွား၏။ လင်း၏ ဒေါက်ဖိနပ်ကလေးကလည်း တောလမ်းဖုံဖုံမှာ ရင်ခုန်စရာ ပေါင်တံကလေးတွေကို တာဝန်ကျေ ထမ်းပေးရှာပါသည်။ မဏ္ဍပ်ထဲက အပျိုတွေ လူပျိုတွေ အားလုံးကလည်း လင်းကို ငေးကြသည်။ လင်းကို မေးကြသည်။ "လှလိုက်တာ ဘယ်သူလဲဟင်" "မြို့ကလာတာတဲ့" "သူ့နာမည်ကြီးကို မေးတာဗျ" "အဲဒါတော့ ကျုပ်လည်း မသိဘူးတော်ရေ၊ မသိဘူး" တွေ ဖြစ်ကုန်ကြသည်။

မောင်ကတော့ ရင်လောင်းလှည့် စထွက်ချိန်မှာ ရေချိုးနေရသည်။

ပြီးတော့ ရေမွှေးအိုး ကူတည်ပေးရသည်။ ထမင်းကျွေးမည့် တာလပတ်မိုးရုံမှာ ကောက်ရိုးအသစ်တွေ ကူခင်းပေးရသည်။ မင်္ဂလာတို့ ကျောက်ဆူးတို့ ဘယ်တွေ ရောက်နှင့်နေမှန်းမသိ။ စပွမ်းနှင့် ချဉ်ဖတ်ကတော့ လင်း၏နောက်က ကွမ်းတောင်တွေ ကိုင်သွားကြတာကို မောင် တွေ့လိုက်ရသည်။

မောင်သည် ဘာဖြစ်လို့မှန်းမသိ ပျော်၍နေသည်။

မောင်သည် သူ့ကိုယ်သူ အလှူ့ရှင်ဟုပင် ထင်ချင်နေ၏။

■





နောက်တစ်နေ့မနက် မောင်တို့ ပြန်ခါနီးတွင် လင်းက မောင့်ကို မနေ့က စေတီကလေးဆီကို သွားရအောင်ဟု ခေါ်သဖြင့် မောင်နှင့် လင်းတို့ စေတီကလေးရှိရာသို့ သွားခဲ့ကြသည်။ စေတီကလေးကိုရောက်တော့ မောင်က ရှိခိုးရန်ထိုင်သည်။

"မရှိခိုးနဲ့ဦး မောင်၊ မောင့်ကို ပြောစရာရှိလို့"

"အာ ... လင်းကလည်း ... ဘုရားရှိခိုးတာပဲ၊ ရှိခိုးပြီးမှပြော"

"မဟုတ်ဘူး၊ လင်းပြောတာကို နားထောင်ပြီးမှ မောင်က သစ္စာဆိုပြီး ရှိခိုးရမှာ"

လင်းသည် မနက်ခင်း နေရောင်ခြည်ထဲတွင် တကယ့်ကို လင်းလင်းရှင်းရှင်းကလေး လှ၍နေသည်။ လင်း၏ နှုတ်ခမ်းကလေးတွေက နှုတ်ခမ်းဆိုးမထားပါ။ ထို့ကြောင့် နူးညံ့အိထွေးသည့် နှုတ်ခမ်းကလေး နှင့်သေါ်တွင် ထင်နေသော နှုတ်ခမ်းကြောင်းရာကလေးတွေက နီရဲပြီး ရင်ခုန်ချင်စရာ ကောင်း၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် လင်းကို ထပ်၍ထပ်၍သာ ချစ်၍လာသည်။

ထို့ကြောင့် မောင်သည် လင်းကို မျက်နှာလွှဲလိုက်၏။

စေတီအပေါ်မှာဆိုတော့ ဒီလိုစိတ်တွေဝင်နေတာ မကောင်းဘူး မဟုတ်လားဟု မောင်က ကိုယ့်ကိုယ်ကို ဆုံးမသည်။ လင်းကလည်း မောင် စိုက်ကြည့်တာကိုသိပြီး မျက်လွှာချ၍သွား၏။

"သစ္စာစကား၊ အဲဒါဘာလဲ"

"ဒေါက်ဖိနပ်လေ"

"ဒေါက်ဖိနပ် ..."

"ဟုတ်တယ်၊ အဲဒီ ဒေါက်ဖိနပ်ကောက်တဲ့ကိစ္စကို ဘယ်သူ့ကိုမှ မပြောပါဘူးလို့ မောင် သစ္စာထားပြီး ဒီဘုရားကို ရှိခိုးရမယ်"

"မောင်က ဘာဖြစ်လို့ ပြောရမှာလဲ လင်းရဲ့"

"အို ... ဘာဖြစ်လို့ပဲဖြစ်ဖြစ် မောင် လင်း ရွတ်ပေးတာကို လိုက်ဆိုပြီး မောင်နဲ့ လင်းနဲ့ အတူတူ ဒီဘုရားမှာ သစ္စာထားကြမှာ"

လင်းစကားကိုကြားတော့ မောင် ပျော်ရွှင်သွားသည်။

လင်းနဲ့အတူတူ ဘုရားရှိခိုးရမှာ ဆိုပါကလား။ "ဘယ်ဆိုးလို့တုန်း" ဟု ချစ်သည့်စိတ်နှင့် ကြည်နူး၍သွားခြင်း ဖြစ်ပါသည်။

လင်းက ကျုံ့ကျုံ့ရုံ့ရုံ့ကလေး ထိုင်သည်။

"လင်း ပြောတဲ့အတိုင်း လိုက်ဆိုနော်၊ ချက်စေ့မိတ်ထား"

"လင်း ပြောတဲ့အတိုင်း လိုက်ဆိုနော်၊ မှတ်စေ့မိတ်ထား"

"မောင် မနောက်နဲ့၊ ဒါ ဘုရားနော်"

"စတာပါလင်းရယ်၊ ကဲ ... ပြော"

"ကျွန်တော်သည် ..."





"ကျွန်တော်သည် ..."

"လင်း၏ ဒေါက်ဖိနပ်ကိစ္စကို ..."

"လင်း ၏ ဒေါက်ဖိနပ်ကိစ္စကို ..."

"မည်သည့် သူငယ်ချင်းကိုမှလည်းကောင်း "

"မည်သည့် သူငယ်ချင်းကိုမှလည်းကောင်း "

"မည်သည့် လူတစ်ယောက်ကိုမှလည်းကောင်း "

"မည်သည့် လူတစ်ယောက်ကိုမှလည်းကောင်း "

"ပြန်မပြောပြပါဟု သစ္စာပြုပါသည်"

"ပြန်မပြောပြပါဟု သစ္စာပြုပါသည်"

လင်းထံမှ နောက်ထပ် ဘာစကားသံမှ ထွက်မလာတော့သဖြင့် မောင် မျက်စေ့ကို ဖွင့်ကြည့်လိုက်တော့ လင်းက ရှိခိုးနေပြီဖြစ်သဖြင့် မောင်လည်း လိုက်ရှိခိုးရ၏။ ရှိခိုးပြီးသွားတော့ လင်းက မောင့်ကို ကြည်လင် ဝင်းပစွာ ကြည့်သည်။

"မောင် သစ္စာတည်ရမယ်နော်"

မောင်သည် လင်းကို နှလုံးသားဖြင့် ငေးမိပြန်သည်။

"ချစ်လိုက်တာ လင်းရယ်"

ထိုစကားမှာ ရင်ထဲက စကားသံသာဖြစ်ပြီး တကယ်ပြောဖြစ်သည့် စကားက လင်းကို စိတ်ကျေနပ်စေမည့် စကားသာ ဖြစ်ပါသည်။

"လင်းက သစ္စာမပေးလည်း မောင့်မှာ မောင့်သစ္စာနဲ့မောင် ရှိပါတယ် လင်းရယ်၊ လင်းက အခုလို သစ္စာပေးတော့ သစ္စာနှစ်ထပ် ဖြင့် သွားတာပေါ့၊ ပိုစိတ်ချပါ လင်းရဲ့"

"ဒါဆိုရင်ပြီးရော၊ သွားကြရအောင်နော်"

■



www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

လင်းက "ဝုန်း" ခနဲ ထရပ်သည်။

သူငယ်ချင်းတွေ အားလုံးက လင်းကို အထိတ်တလန့် ဝိုင်းကြည့်လိုက်ကြ၏။

"မောင် ... နှင် ... နှင်က လင်းကိုချစ်တာ မဟုတ်ဘူး သိလားမောင်၊ နှင်က လင်းကို အရှက်ခွဲနေတာ၊ အရှက်ခွဲနေတာ"

တစ်ခါမှ မကြုံဘူးသော လင်း၏ ကိုယ်ဟန်အမူအရာ၊ ဒေါသသံ၊ ပြီးတော့ လင်း မျက်ဝန်းအိမ်ထဲက မျက်ရည်။

မောင် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"လင်းက အဲဒါကို သစ္စာဆိုထားတာလေ မောင်ရဲ့၊ အဲဒီသစ္စာကို မောင် ခုဖောက်တာ၊ မောင်က သစ္စာဖောက်ပြီးတော့ လင်းကို ... နှင်တို့ စဉ်းစားကြည့်၊ ဒါ လင်းကို အရှက်ခွဲတာ မဟုတ်ဘူးလား၊ ဒါမျိုးဖြစ်မှာစိုးလို့ ဘုရားမှာတောင် သစ္စာထားထားတာ၊ အဲဒါကို မောင်က အခု





အားလုံးရှေ့မှာမှ ပြောတာ၊ နှင် ငါ့ကို တမင်တကာ အရှက်ခွဲတာ ဆယ်...သား မောင်ရဲ့၊ ကဲ ... ပြော"

လင်းက မောင့်ကျောကုံးကို တဘုန်းဘုန်းမြည်အောင် လက်သီးကလေးနှစ်လုံးဖြင့် ထုသည်။

မောင် ဘာစကားမှ ပြန်မပြောနိုင်ပါ။

မောင်သည် ဒေါသတကြီးဖြစ်နေသော လင်းကို နှလုံးသားဖြင့်သာ ငေးနေပါသည်။

ထိုအချိန်တွင် လင်းသည် ကျားသစ်မကလေး တစ်ကောင်နှင့်လည်း တူသည်။ မြွေဟောက်မကလေး တစ်ကောင်နှင့်လည်း တူသည်။ နဂါးဆိုးမကလေး တစ်ကောင်နှင့်လည်း တူနေသည်။

လင်း၏ နားရွက်ကလေးတွေ နှစ်ဖက်စလုံး နီရဲနေကြ၏။

ဒါဆိုလျှင် လင်း အရမ်းဒေါသထွက်နေပြီဆိုတာကို မောင် သိပြီ။ ထို့ကြောင့် မောင်သည် လင်း မောင့်ကျောကုံးကို ကြိုက်သလောက်သာ ထုပေတော့။ ဘာစကားမှ မပြောတော့ဟု သူ့ကိုယ်သူ သစ္စာပေးလိုက်သည်။

"ကဲ ... ပြောလေမောင်ရဲ့၊ ပြော ... ပြော"

လင်းသည် မောင်၏ကျောကို အားရပါးရထုကာ မျက်ရည်တွေ ကျပြီး အော်သည်။ သူတို့ ဆုံကြသည့်နေရာက စပွမ်းတို့၏ ခြံအကျယ်ကြီးထဲမှာမို့သာ တော်ရော့သည်။ ဒါ့ကြောင့်မို့လည်း လင်းသည် သူ့ဒေါသကို ဒေါသမှန်းသိအောင် သေသေချာချာ ပြခွင့်ရခြင်း ဖြစ်လိမ့်မည်။

"ပြောလေ မောင်၊ နှင် မပြောနိုင်တော့ဘူး မဟုတ်လား"

" .................. "



www.burmeseclassic.com

www.burmeseclassic.com



"အေး .. နှစ်ယောက်အတူ ထားထားတဲ့ကတိကို နင့်ဘက်က စဖျက်ပြီး ငါ့အရက်ကို ခွဲပစ်လိုက်မှတော့ နင် ငါ့ကို ချစ်တယ်တွေ ဘာတွေ လာလုပ်မနေနဲ့တော့၊ နောက်ထပ် နင်ထပ်ပြောမယ့် ကိစ္စတွေက ငါ့ကို အရက်ခွဲမယ့် ကိစ္စတွေချည်းပဲ မောင်၊ ငါ နင့်ကို မုန်းတယ်သိလား။ ဖြစ်နိုင်ရင် အမှုန့်တောင် ကြိတ်ပစ်လိုက်ချင်တယ် မောင်ရဲ့၊ သိရဲ့လား။ မောင်ရဲ့ သိရဲ့လား၊ နင် ငါ့ကို ဘယ်တော့မှ စကားမပြောနဲ့တော့"

လင်းသည် မောင့်ကျောကုန်းကို စိတ်ရှိသ..ူ အားရပါးရထုပြီး တစ်ယောက်တည်း အပြေးအလွှား စပွမ်းတို့ ခြံထဲမှ အိမ်ပေါ်ကို ပြေး၍တက်သွားသည်။

"မင်းကလည်းကွာ ..ဒီကိစ္စကြီးကိုမှ ဘာဖြစ်လို့ ပြောရတာလဲ"

"ဒီကောင်က ပေတုံးပဲဟာ၊ ပြောမှာပေါ့၊ မောင်မင်းက တကယ့်ကို ပေတုံးပဲ၊ မင်းနဲ့ လင်းကြား မှာ ချစ်စရာကောင်းတဲ့ ပျော်စရာကောင်းတဲ့ ကိစ္စတွေ အများကြီး ရှိရက်သားနဲ့ ဒီကိစ္စကြီးကိုမှ 'ချစ်တယ်' ဆိုတာ ဘာဖြစ်လို့ ပြောရတာလဲ၊ လင်းက အရက်ကွဲတာကို ပြောမှတော့ မင်း ကျောကုန်းကို နွားသားရေနဲ့သာ ကျက်ထားလိုက်တော့"

ဒီတစ်ကြိမ်သာ ငွေသီးက စကားကို ရှည်ရှည်လျားလျား ပြောခြင်းသာ ဖြစ်ပါသည်။ ငွေသီး စိတ်ဆိုးတာကိုလည်း ဒီတစ်ကြိမ်သာ မောင် တွေ့ဖူးပါသည်။

"ဟဲ့ ...ငွေသီးရဲ့၊ အဲဒီနေ့က နင် မပါပေမယ့် အဲဒီအတိုင်း ဖြစ်ခဲ့တာဆိုရင် အရက်ကွဲတာက လင်း မဟုတ်ဘူးဟဲ့၊ မောင် အရက်ကွဲတာ လင်း ခံရတာမှ မဟုတ်ဘဲ၊ မောင် ခံရတာ"

ချဉ်ဖတ်က ဒေါသတကြီး အော်သည်။





သူငယ်ချင်းတွေ ဘာတွေ ဖြစ်ကုန်မှန်းမသိတော့။ မောင်သည် စကားပြောဖို့ ကြိုးစားသော်လည်း မောင့်ပါးစပ်ထဲမှာ ဘာစကားမှမရှိပါ။ စကားလုံးတွေသည် နှလုံးသားထဲမှ ခုန်နေပြီး ဦးနှောက်ထဲမှာ သောကုန်ကြ၏။ ဝိညာဉ်ထဲမှာတော့ ချစ်သူဘက်က အောင်ပွဲခံ၍ နေကြသည်။

"နင် ငါ့ကို မအော်နဲ့ ချဉ်ဖတ်၊ ငါက ဒီကောင့်ဘက်က နာလို့ ပြောနေတာ၊ ငါ မပါပေမယ့် အခု ဒီကောင်ပြောတာတွေကို လင်းက ဘစ်ခုမှ ငြင်းတာမဟုတ်ဘူး၊ အဲဒါ အမှန်ဆိုတာ ပေါ်နေပြီ၊ ဒီကောင် မလိမ်ဘူး၊ ဒါပေမဲ့ အဲဒါကို မပြောသင့်ဘူးလို့ ငါကတားတာ ပြောတာ"

"ပြောပြီးသွားပြီလေဟဲ့၊ ငါကလည်း မောင့်ဘက်ကမို့လို့ ပြောတာပဲ၊ ဒါမှန်ရင် မောင့်ကို လင်းက ချစ်ရမှာပေါ့"

"အေး ...ဒါမျိုးကို ဘယ်မိန်းကလေးက လူသိရှင်ကြား ဖြစ်ချင်မှာလဲ"

တစ်ခါမှ ရန်မဖြစ်ခဲ့ကြဘူးသော ချဉ်ဖတ်နှင့် ငွေ သီးတို့ အော်ကြီးဟစ်ကျယ်တွေ ဖြစ်ကုန်ကြသည်။

မောင် ရင်တွေအရမ်းတုန်ပြီး ဝမ်းနည်းစွာ ထရပ်လိုက်သည်။

"တော်ကြပါတော့ကွာ၊ ငါတောင်းပန်ပါတယ်၊ ငါ ...ငါမှားတာပါ"

"နင်မှားတာမဟုတ်ဘူး မောင်ရဲ့၊ နင်က တုံးတာ၊ နင်က တုံးသလား၊ အိမ်သာထဲမှာ မောင်ရယ် နင့်ကိုငါ အရမ်း ..ဆိုပြီး သူပြောတဲ့ စကားကို နင် ပြီ့အောင် နားထောင်ရမှာ"

စပွမ်းက အခုမှ ဒေါသတကြီး ဝင်ပြောသည်။

သူ့ကိစ္စကြောင့် သူငယ်ချင်းတွေ ဘာကြောင့် ဒီလောက် ဒေါသကြီး ဖြစ်နေရတာလဲဆိုတာကို မောင် နားမလည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သာကြီးထဲမှာလေဟာ"

"အေ ... မောင်ကလည်း သူ့ကို အဲဒီ အိမ်သာကြီးထဲမှာပဲ ချစ်တာ မဟုတ်လား မောင်ရဲ့၊ သူကလည်း မောင့်ကို အဲဒီ အိမ်သာကြီးထဲမှာပဲ ချစ်ရင်ချစ်မှာပေါ့"

"အာ ... လင်းက အဲဒီလိုမျိုး မဟုတ်နိုင်ပါဘူးဟာ"

"အေး ... ငါတို့က မိန်းကလေးချင်းဟဲ့၊ သိတယ်၊ နင်က မှားတာ မဟုတ်ဘူး၊ တုံးတာ၊ မောင် နင်က တုံးသလား၊ တုံး"

စပွမ်းက ဒေါသတကြီးပြောပြီး ချဉ်ဖတ်နှင့်အတူ အိမ်ဘက်သို့ ဆောင့် ... ဆောင့် .. ဆောင့်ဖြင့် ထွက်သွားကြ၏။

သူငယ်ချင်းတွေ ပြောသွားလို့ မောင် ရင်မနာပါ။

ထိုစကားတွေက မောင့်ကို "ချစ်" ၍ ပြောသော စကားတွေသာ ဖြစ်ပါသည်။ နူးညံ့သိမ်မွေ့သော၊ လုပပြေပြစ်သော စကားလုံးတွေထဲမှာမှ အချစ်ပါသည်မဟုတ်၊ ဒေါသနှင့်ပြောသော စကားသံတွေ၊ စကားလုံးတွေ ထဲမှာလည်း အချစ်ဆိုတာ ပါပါသည်။

လင်းဆိုသည့် မောင်ချစ်ရသော မိန်းကလေးက အိမ်သာထဲမှာတော့ သူ့ကိုမချစ်နိုင်ဆိုသည့် အတွေးမှာ မောင်က လင်းကို အထွတ်အမြတ် ထားသောကြောင့်သာ တွေးမိခြင်း ဖြစ်ပါသည်။

ကျန်ခဲ့ကြသော သူငယ်ချင်းသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

"မင်းဘာလုပ်မှာလဲ မောင်"

"ဆရာကြီးမင်းလူဆီ သွားမယ်"

■





"ဟာ ... ဗျာ ..."

"ခင်ဗျားကို ကျွန်တော်ပြောတာ အဲဒီလို မဟုတ်ဘူးဗျာ"

ဆရာကြီးမင်းလူက ထိုအသံ နှစ်သံအကြားတွင် သူ့လက်ထဲတွင် ကိုင်ထားသည့် သူ၏ချစ်ရပါသော ဂျက်ကမ္ဘာဆေးပေါ့လိပ်ကြီး ပြုတ်ကျ သွား၏။ ထိုဆေးပေါ့လိပ်ကို ကျောက်ဆူးက ကောက်၍ပေး၏။ ဆရာ ကြီး မင်းလူက ဖင်ကိုတစ်ချက် အကျီနှင့်သုတ်ပြီး မီးမသေရအောင် ကမန်းကတန်း ဖွာနေသဖြင့် မောင်တို့အားလုံး တိတ်ပြီး ဆရာကြီးမင်းလူ ကိုသာ ငေးနေရ၏။

"ခင်ဗျားဗျာ ... ဒီလိုကိစ္စမျိုးကိုမှ သွားပြောရသလား"

"ကျွန်တော်က အဲဒီကိစ္စကို ပြောမယ်လို့ ပြောတုန်းက ဆရာကလ ... ကမခံတာ"

မောင့်အသံသည် ပြန်၍ ရန်တွေ့သံ မဟုတ်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမှားကို နားလည်ပေးပါ ဆရာရယ်ဟူသော တောင်းပန်သံသာ ဖြစ်ပါသည်။

"မဟုတ်ဘူးဗျာ..မဟုတ်သေးဘူး၊ ဒီလိုဗျာ၊ ခင်ဗျားတို့ နှစ်ယောက်ပဲ သိထားတဲ့ကိစ္စကို ခင်ဗျားက ဖွင့်မပြောသေးခင် ကျွန်တော်သိထားလို့ မကောင်းဘူး ဆိုတဲ့စိတ်နဲ့ ကျွန်တော်က နားမထောင်တာပါ၊ ခင်ဗျားဘက်ကလိုက်ပြီး ကျွန်တော်က သစ္စာရှိပေးတာပါ"

"ဟုတ်ပါတယ် ဆရာ"

"ခင်ဗျားဗျာ..."

ဆရာကြီးမင်းလူက သူ့ မီးသေသွားပြန်သော ဆေးပေါ့လိပ်ကို မီးညှိရှို့နေသည်။ အမြဲတမ်း ပြုံးပြုံး ပြုံးပြုံးနှင့် လူတွေကို စကားလုံးကလေးတွေ စရင်း ညင်သာစွာ စကားပြောတတ်သော ဆရာကြီး မင်းလူစိတ်ဆိုးနေတာကို မောင် အပြစ်မမြင်မိပါ။

ဆရာ့နှလုံးသားသည် သူ့အမှားကို စိန်ခေါ်နေပြီး သူ့ကိုတော့ ဘုရားဖြစ်နေသည်ဟု မောင် ခံစားရပါသည်။

စကားဝိုင်းသည် တိတ်ဆိတ်၍သွား၏။

မောင့်အမှားကြောင့် မဂ်လာ၊ ကျောက်ဆူးနှင့် ဒွေးသီတို့လည်း [illegible]စကားပြောရမှန်းမသိဘဲ ခေါင်းတွေကို ငုံ့ထားကြရသည်။

"ခင်ဗျားဗျာ..."

"ဟုတ်ကဲ့ပါ ဆရာ"

"ခင်ဗျားဗျာ..."

[illegible]ကြီးမင်းလူ၏ နှလုံးသားသည် သူ့ဘက်ကနေ စကားလုံးတွေ [illegible] နေသည်ဟု မောင် ထင်သည်။ မောင့်လုပ်ရပ်ကြောင့်





လိုက်ရှာစရာစကားလုံး မတွေ့သည့်အခါ ဆရာကြီးမင်းလူသည် "ခင်ဗျားဗျာ..." ဟုသာ ပြောနေပုံရ၏။

မောင် ဝမ်းနည်းသွားသည်။

မောင် လင်းကို အရမ်းချစ်ပါသည်။ သို့သော် ဘယ်လိုချစ်တယ်၊ ဘယ်တုန်းက ချစ်တယ်ဆိုတာကို နှလုံးသားထဲက မှတ်မိသမျှ ပြန်ပြောသည့် အကြောင်းတွေက ဘာဖြစ်လို့ လင်းရဲ့ရင်ထဲကို မရောက်ရတာလဲဆိုတာ မောင် မသိပါ။

လင်း၏ ရင်ထဲကိုတင် မဟုတ်။ သူငယ်ချင်းတွေ အားလုံးရော ဆရာကြီး ဦးမင်းလူ၏ ရင်ထဲကိုပါ မရောက်သော သူ့အချစ်စစ်စစ်ကြီးကို မောင် အရမ်း ဝမ်းနည်း၍နေသည်။

"ခင်ဗျားဗျာ . ခင်ဗျာ က သူငယ်ချင်းတွေ ပေးထားတဲ့နာမည်နဲ့ သိုက်ပါတယ်၊ ခင်ဗျားက ငတေး ပါ"

"ဟုတ်ပါတယ်ဆရာ"

"ခင်ဗျားဗျာ..."

"ကျွန်တော် ဘာဆက်လုပ်ရမလဲ ဆရာ"

"ဟာ . ခင်ဗျားကို ကျွန်တော် မပြောရဲတော့ဘူး၊ မပြောခဲ့[illegible] ဘူး၊ နောက်တစ်ခါဆိုရင် ခင်ဗျား ရဲစခန်းကို ရောက်လိမ့်မယ်၊ [illegible] သည်း အရှုက်ကွဲလိမ့်မယ်၊ တစ်ခုတော့ ရှိတယ်ဗျာ၊ ခင်ဗျား [illegible] ကိစ္စက ကြိုတောင့်ကြိုးခဲ့ ကိစ္စပါ၊ ဒါပေမဲ့ ဒီကိစ္စမျိုးနဲ့တော့ ဘယ်မိန်း [illegible]ကလေးကမှ ခင်ဗျားကို ချစ်မှာမဟုတ်ဘူး ဗျ၊ ခင်ဗျား [illegible]"

"ဟုတ်ကဲ့ပါ ဆရာ"

အဲဒီနေ့က မောင်တို့သုံးယောက်စလုံး ကိုယ်အပြင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေပြီ. ပြန်လာခဲ့ရသည်။ ဆရာကြီးမင်းလူကလည်း ဘာအကြံဉာဏ်မှ မပေးတော့။

မောင်ကလည်း လင်းကို ဘာကြောင့် ဘယ်တုန်းက ဘယ်လိုချစ်သည်ဆိုတာကို ထပ်ပြောတော့မည် မဟုတ်ပါ။

မောင် လင်းကို ချစ်သည်ဆိုတာကို လင်း သိပါသည်။

သူငယ်ချင်းတွေ အားလုံးကလည်း သိပါသည်။

ဆရာကြီးမင်းလူကလည်း သိပါသည်။

မောင်သည် လင်းကို တကယ်ချစ်သည်ဆိုဟာကို သူ အဲဒီလောက် စစ်စစ်မှန်မှန် သိလျှင်ပင် မောင် ကျေနပ်ပါသည်။

လင်း မောင့်ကို ပြန်ချစ်ဖို့ကို သူ မမျှော်လင့်တော့ပါ။

ချစ်လိုက်တာ လင်းရယ်။

■





အမေရိကာ မှ မြတ်ထင်အောင် ပြန်လာသည့်အခါတွင် ပထမဦးဆုံး လုပ်သည့်အလုပ်မှာ လင် တို့အိမ်သို့သွား၍ လက်ဆောင်တွေပေးသော အလုပ်ပင်ဖြစ်သည်။

မြတ်ထင်အောင်က လင်း၏ ဖေဖေအတွက် ဆွစ်ဇာလန်မိတ် ရွှေရောင် စီတီဇင်နာရီတစ်လုံ ကို မဟော်ဂနီရောင် ဘူးကလေးဖြင့် ပေးသည်။

လင်း၏ မေမေအတွက်ကိုတော့ ယုန်အမွေးစစ်စစ်နှင့် ပြုလုပ်ထားသည်ဆိုသော သားမွေးအနွေးထည်ကြီး တစ်ထည်ကို သူ့ အော်ရိုဂျင်နယ် အတိုင်း မဖောက်ရသေးဘဲ ပေးသည်။

"ဒီကောင်က ဟိုကနေဝယ်ရတာ အရမ်းခက်တယ် အန်တီရဲ့၊ သူတို့က လေဆိပ်မှာ ဒီအကျီအတွက် ကျွန်တော့်ကို စစ်ကြဆေးကြသေးတာ၊ သူတို့ဆီမှာက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့၊ သတ္တဝါ ကာကွယ်စောင့်ရှောက်ရေးတို့ဆိုတာ သိပ်ရေပန်းစားတာကိုး၊ အဲဒါ အန်တီ

ကျောင်းနှင်းကောင်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အဖွက် အကျိုက ဘိရစ္ဆာန်နဲ့ အမွေးနဲ့ လုပ်ထားတာဆိုတော့ သူတို့အင်ပိုင်ရောင်းက ကျွန်တော်ကို ပြဿနာရှာတာပေါ့၊ ကျွန်တော်က ဒီအကျီကို နမူနာယူသွားပြီး ကုန်ကူးမယ့်သူလို့ သူတို့က ထင်တာကို ၊ နာရီဝက်လောက် ကျွန်တော် လေဆိပ်က အကြီးအကဲနဲ့ စကားပြောလိုက်ပြီးမှ ကျွန်တော်ကို နောက်တစ်ခါ အမေရိကကိုလာရင် ဘာသားမွေးအကျီမှ မသယ်ရဆိုတဲ့ မှတ်ချက်နဲ့ pass လုပ်ပေးလိုက်တာ အန်တီရဲ့၊ အဖြူရောင်ယုန်မွေးအနွေးထည်က ဈေးအကြီးဆုံးပဲ အန်တီရဲ့၊ သူက Ten Degary လောက်အထိတော့ အေးဆေးပဲ"

"သားရယ် ...ဘာဖြစ်လို့ အဲဒီလောက် ဒုက္ခခံပြီ ဝယ်လာရတာလဲကွယ်"

လင်း၏မေမေသည် အဖြူရောင် ယုန်မွေးဆွယ်တာကြီး ကို ဖြန့်ရင်း စိတ်မကောင်းဖြစ်ဟန် စကားကို ပြုံး၍ပြုံး၍ ပြော၏။

မြတ်ထင်အောင်ဆိုသော ကောင်ကလည်း ဒီလောက်တော့ သိပါသည်။ အဖွားကြီးနှင့် အဖိုးကြီးသည် သူ့လက်ဆောင်ကို မယူဘူ ဆိုပြီ ပြန်ပေးမည့်သူ တစ်ယောက်မှ မဟုတ်တော့ဘဲ သူ စေတနာမှာ ငြိသွားကြပြီ ဆိုတာကိုပဲဖြစ်သည်။

"သြော် ... အန်ကယ်၊ အန်ကယ့်နာရီက ကျွန်တော်ကိုယ်တိုင် ဝယ်တဲ့ဆိုင်မှာ မြန်မာစံတော်ချိန်နဲ့ တိုက်လာတာနော်၊ တစ်မိနစ်လွဲရင် သူတို့က Company ဒေါ်လာတစ်သန်း အလျော်ပေးမှာ၊ အန်ကယ် စိတ်ချလက်ချ သာပတ်"

... "ဟာ ... သူတို့ဆီမှာ မြန်မာစံတော်ချိန် ရှိလို့လားကွ"

အဖိုးကြီးက ရွှေရောင်လက်ပတ်နာရီကြီး ကို မြှောက်ရင်း ပင်ရင်း





ကြည့်ရင်း ပြောသည်။

"ဟုတ်ကဲ့ အန်ကယ်၊ သူတို့ဆီက နာရီရောင်းတဲ့ ဆိုင်တိုင်းမှာ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံတွေအားလုံးရဲ့ နာရီစံတော်ချိန်တွေ ရှိတယ်ခင်ဗျ၊ ကိုယ်က ဘယ်နိုင်ငံက လာဝယ်ပြီး လက်ဆောင်ပေးမယ်ဆိုတာနဲ့ သူတို့ရဲ့ နာရီတိုက်တဲ့ စာရေးကြီး ရောက်လာပြီး တိတိကျကျကို မြန်မာစံတော်ချိန်နဲ့ တိုက်ပေးတာအန်ကယ်၊ သူတို့ Company က တစ်မိနစ်လွဲရင် ဒေါ်လာတစ်သန်းပေးမယ်လို့ တစ်ကမ္ဘာလုံးသိအောင် ကြော်ငြာထားတော့ လုံးလုံးကို အမှားမခံဘူး အန်ကယ်ရဲ့"

မြတ်ထင်အောင်၏ စကားသံထဲတွင် လင်း၏ ဖေဖေရော မေမေရော ဈေးထဲမှာ တွေ့ရသည့် ငါးကလေးတွေ ပါးစပ်ဟသလို ဟနေကြ၏။ ဒီလောက်ဆိုလျှင် မြတ်ထင်အောင်တို့က သဘောပေါက်နေပြီ ဖြစ်သည်။

လင်းကတော့ မြတ်ထင်အောင်ကို ပါးစပ်ကလေးဟပြီး မကြည့်။ ဆိုဖာခုံအစွန်းကို စိုက်ငေးရင်း တစ်ခါတစ်ခါမှ မြတ်ထင်အောင်ကို ငေးပါသည်။

မြတ်ထင်အောင်သည် စကားအပြောကောင်းသည်။

ချောသည်။

ပြီးတော့ ရဲဝံ့သည်။

အသံအနိမ့်အမြင့်ကို နားလည်သည်။ ဘယ်အသံမှာ ဘယ်မျက်နှာ ထားရမယ်ဆိုတာကိုလည်း သိသည်။

ပြီးတော့ သန့်ရှင်းသပ်ရပ်သော ခန္ဓာကိုယ်အချိုးအစားလည်းရှိ၏။

မြတ်ထင်အောင်ဆိုသည့်လူသည် ဝတ်လိုက်လျှင် Arrow Brand



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်တွေချည်းပဲ ဝတ်သည်။ ဘာဖြစ်လို့လဲတော့မသိ။ ထိုအင်္ကျီတွေက သူ့နှင့်ကျတော့ ကြည့်၍ကောင်းနေသည်ဆိုတာကို လင်း သိပါသည်။

"ဒီကောင် ဘယ်လောက်ပေးရသလဲကွ"

"ဟာ ... အန်ကယ်ကလည်း ..."

"သိချင်လို့ မေးတာပါကွာ"

"ပြောစရာမလိုပါဘူး အန်ကယ်ရယ်၊ စေတနာတန်ဖိုးကို မေးမနေပါနဲ့တော့၊ ကဲ ... မနွေရာလင်းအတွက်ကတော့"

မြတ်ထင်အောင်က သူ့တပည့်တစ်ယောက် ထုတ်ပေးသော နီညို ရောင်ဘူးကြီးကို ယူလိုက်သည်။ ထိုဘူးက ထုလက်သုံးလုံးလောက်ထူပြီး အလျားက လက်မနှစ်ဆယ်လောက်ရှိသည်။ အနံကတော့ ခြောက်လက်မ လောက်သာ ရှိ၏။ လင်း၏မျက်ဝန်းသည် ထိုဘူးဆီကို လှစ်ခနဲ ရောက် သွားပြီး ထိုဘူးကို ဂရုတစိုက် ဖွင့်နေသူ မြတ်ထင်အောင်ထံသို့ ရောက် သွား၏။ မြတ်ထင်အောင်ကလည်း ထိုအချိန်ကျမှ လင်းကို လှမ်း၍ တစ်ချက်ငေးသည်။

ဒီတော့ မြတ်ထင်အောင်နှင့် လင်း မျက်ဝန်းခြင်း ဆုံကြသည်။

မြတ်ထင်အောင်က လင်းကို နှစ်နှစ်လိုလိုကို ပြုံးပြလိုက်သည်။ လင်း သူ့ကို ကြည့်သောအကြည့်သည် အထင်ကြီးသော၊ စိတ်ဝင်စားသော အကြည့်မှန်း စိန်တွေကို အမြဲကြည့်နေကျ မြတ်ထင်အောင်က သိပါသည်။

မြတ်ထင်အောင်က ဘူး၏အဖုံးကို ဖွင့်လိုက်တော့ တွေ့ရသည်က ကြိုးစဉ်ယယ်လိုက် တန်းစီပြီး သူ့နေရာကလေးနှင့်သူ အဖြူရောင်အ... ဖော့ကလေးတွေထဲမှာ ထည့်ထားသော ပုလင်းကလေးတွေသာ ဖြစ်... သည်။





"ရေမွှေးပေါ့ မနွေရာလင်းရဲ့၊ ပြင်သစ်ကလေ၊ ဟောဒီက သူ့ ကက်တလောက်(ထ)ထဲမှာ သူတို့ရဲ့ ပြင်းအားတွေပါတယ်၊ အသေးဆုံးက အပြင်းဆုံးနော်"

လင်းသည် မြတ်ထင်အောင်၏ စကားနှင့် ရေမွှေးအကြီးအသေး အခုနှစ်ဆယ်ပါသော ပါကင်ဘူးကြီးထဲသို့ လဲကျသွား၏။

"ဒီရေမွှေးတွေက ပြင်သစ်မှာတော့ အကောင်းဆုံး ရေမွှေးပါပဲ၊ သူက တစ်ခါဆွတ်ထားပြီးရင် အဲဒီအင်္ကျီကို အကြိမ်နှစ်ဆယ်လောက် လျှော်တဲ့အထိ ဒီရေမွှေးရနံ့က စွဲနေဦးမယ်လို့ ဂရမ်ဒီ ပေးထားတယ်ခင်ဗျ"

"ဪ ... မင်းဟာက ဟုတ်လှချည်လားကွ"

"သူတို့ဆီမှာကတော့ ဒီလိုချည်း ပဲလေ၊ အခု ကျွန်တော် ဆွတ်ထား တာ အဲဒီရေမွှေး အမျိုးအစားပဲ၊ သူက အချိန်ကြာလေ သင်းသင်းကလေး မွှေးလေပဲ"

လင်းလည်း ယောင်ရမ်းပြီး နာခေါင်းကို ရှုံ့ကြည့်လိုက်မိ၏။

ဟုတ်သည်။ ယောက်ျားလေး ကိုယ်ရနံ့နှင့် ရောနေသော ညင်သာ သင် ပျံ့သည့် ရေမွှေးရနံ့ကို လင်းရသည်။

"ပြီတော့ သူက အမျိုးသား အမျိုးသမီး ဆိုပြီး နှစ်မျိုးခွဲထုတ်တယ် အန်ကယ်၊ ဒါက အမျိုးသမီးတွေအတွက် စပယ်ရှယ်ထုတ်ထား တဲ့ ရေမွှေး... ..."

"ဪ ..."

လင်းတို့ တစ်အိမ်လုံးသည် ထိုနေ့အတွက်ကတော့ မြတ်ထင်အောင်... ခန့် ဖြစ်သွား၏။

"မနွေရာလင်း ကြိုက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

"ဒါဆိုရင် နောက်တစ်မျိုး ရှိသေးတယ်"

"ရှင် ..."

"ငါ့ကို အိတ်အနက်ပေး"

မြတ်ထင်အောင်က သူ့တပည့် ကမ်း၍ပေးသည့် လယ်သာအိတ်အနက်ထဲက ခုနက ရေမွှေးဘူးထက် ပိုကြီးသည့် ဘူးကြီးကို ဖွင့်လိုက်တော့အထဲမှာ Fancy Desing တွေ မျိုးစုံပါသော ပလက်တီနမ်နားဆွဲ၊ လက်ကောက်၊ လော့ကတ်သီးနှင့် ဆွဲကြိုးတွေပါသည်။

"ပလက်တီနမ်အစစ် မနွေရာလင်းရဲ့"

"ဟုတ် ..."

"ကြိုက်လားဟင်"

လင်းနှင့် မြတ်ထင်အောင်တို့ မျက်ဝန်းချင်း ဆုံကြပြန်သည်။

ထိုသို့ဆုံကြသော မျက်ဝန်းထဲတွင် လင်းက မြတ်ထင်အောင်ကို အထင်ကြီးသော အရိပ်အယောင်တွေ၊ အားကိုးချင်သော အရိပ်အယောင်တွေကို လင်း မထိန်းနိုင်ခဲ့ပါ။

ဒီတော့ မြတ်ထင်အောင်ကလည်း မြင်ပါပြီ။

"ဟုတ် ..."

"ကျွန်တော့်လက်ဆောင်ကို အမှတ်တရတော့ဝတ်ပါ မနွေရာလင်းရယ် ... နော်"

"ဟုတ် ..."

ထိုစကားတွေကို မျက်လုံးချင်းဆုံ၍ ပြောပြီးနောက် လင်း၏ မျက်နှာလွှဲလိုက်သည်။ လင်း၏ ရင်ထဲမှာ ပျော်၍နေသည်။ မိန်းကလေး၏





မည်သည် ပစ္စည်းလက်ဆောင်ရလျှင် မပျော်ရွှင်သည့် မိန်းကလေး ဒီကမ္ဘာမှာမရှိ။

ပြီးတော့ လင်း သိလိုက်ပြီ။

မြတ်ထင်အောင်ဆိုသော လူသည် သူ့ကို ကြိုက်နေပြီဆိုတာကို ဖြစ်၏။

မိန်းကလေးတို့မည်သည် ကိုယ်က ပြန်ချစ်နိုင်သည်ဖြစ်စေ၊ ပြန်မချစ်နိုင်သည်ဖြစ်စေ ကိုယ့်ကို အချစ်ခံရတာကို မသာယာသော မိန်းကလေးမျိုး ဒီကမ္ဘာပေါ်တွင် မရှိဘူးဆိုတော့ လင်းသည် မြတ်ထင်အောင်ကို အထင်ကြီးပြီး သာယာသွားမိတာ အမှန်ပင်ဖြစ်ပါသည်။

မြတ်ထင်အောင်ဆိုသည် ကောင်ကလည်း ဒီလောက်နှင့်မရပ်။ လင်းတို့အိမ်က အိမ်ဖော်ကလေးအတွက်ပင် ကီမိုနိုပါတိတ် နှစ်ဘူးကို ပေးလိုက်သေးသည်။ ဒါကိုတော့ လင်းက စိတ်ဆိုးသွားသည်။ ဘယ်နှဲ့ အိမ်ဖော်ကလေးကို ကီမိုနိုပါတိတ် စစ်စစ်ကြီး နှစ်ဘူးပေးတယ်ဆိုတော့။

လင်း၏ အဖေနှင့်အမေရော အိမ်ဖော်ကလေးရော လင်းအတွက်ရော တစ်အိမ်လုံးအတွက် ထိုနေ့သည် မြတ်ထင်အောင်နေ့ ဖြစ်သွား၏။ ထိုနေ့သည် တနင်္ဂနွေနေ့မဟုတ်၊ မြတ်ထင်အောင်နေ့သာလျှင် ဖြစ်ပါသည်။

လင်း၏ ဖေဖေနှင့် မေမေကလည်း အားတွေနာ၍ မြတ်ထင်အောင် ပြောသမျှကို ဘာပဲဖြစ်ဖြစ် ခေါင်းကိုညိတ်ကြ၏။ ပါးစပ်ကို ပြုံးကြ၏။ "ဟုတ်တာပေါ့" "သြော်" "အင်း" "အမလေး" "တော်သေးတာပေါ့" ဆိုသော စကားတွေနှင့် ဝိုင်းထောက်ပေးကြသည်။

လင်းကတော့ ဘာမှဝင်မပြောပါ။ တစ်ခါတစ်ခါ သူ့ထံသို့ ဝင်လာသော မြတ်ထင်အောင်၏ မျက်ဝန်းညိုတွေကိုသာ ရအောင်ရှောင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



လင်း ရင်တွေခုန်၍နေသည်။

မြတ်ထင်အောင်၏ မျက်ဝန်းညိုတွေက သူ့စိမ်ခေါ်နေလို့လား မသိ။ လင်း၏ရင်ထဲသို့ ကျည်ဆန်တစ်တောင့်ချင်း ပစ်ထည့်လိုက်သလို ရောက်၍ရောက်၍ လာသဖြင့် လင်း ရင်တွေ ဘာတွေ ခုန်သွား ခြင်း ဖြစ်ပါသည်။

လင်းသည် မောင်နှင့် မျက်ဝန်းကြာကြာကြီး ဆုံရဲပေမယ့် မြတ်ထင်အောင်နှင့်ကျတော့ မျက်ဝန်းကြာကြာ မဆုံရဲပါ။

"ရင်ခုန်ရင် အချစ်ပဲကွယ်" ဟုတော့ ထူးအိမ်သင်က ဆိုသွားဖူးသည်။ အခု လင်း မြတ်ထင်အောင်၏မျက်ဝန်းနှင့် ဆုံရတာက ရင်ခုန်တာလား၊ ရင်တုန်တာလား၊ နှစ်ခုစလုံးပဲလားဆိုတာ လင်း မကွဲပြားပါ။ ထို့ကြောင့် လင်းသည် မျက်လွှာချလိုက်၊ မျက်လုံးဝင့်လိုက် နှစ်ခုတည်းနှင့် အလုပ်ရှုပ်နေသည်။

ဒါကိုလည်း မြတ်ထင်အောင်ဆိုသည့်လူက နားလည်ပါသည်။ လက်ဆောင်ပစ္စည်း ရထားသော မိန်းကလေးသည် သူ့ဘာသာ အဲဒီပစ္စည်းကို တစ်ယောက်တည်း ကြည့်ချင်နေလိမ့်မည်။ ဒီတော့ သူ စကားတွေ အများကြီး ပြောမနေသင့်ဆိုတာကို သိသည့်အတွက် စကားပြောနေတာကို ရပ်လိုက်သည်။

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး အန်ကယ်လ်"

"ဟာ ... ညနေစာ စားသွားဦးလေကွာ၊ မင်းကလည်း ..."

"ကျွန်တော် စားခဲ့ပြီးပါပြီခင်ဗျ၊ အန်ကယ်လ့် ဖိတ်ခေါ်မှုကို ကျွန်တော် လေးစားပါတယ်၊ တစ်နေ့တော့ ကျွန်တော် အန်ကယ်လ်တို့နဲ့ ညနေစာ အတူလာစားပါဦးမယ်"





"အေး ... လာခဲ့ဦးကွာ၊ မင်းကလည်း "

"ဟုတ်ကဲ့ပါ အန်ကယ်လ်"

မြတ်ထင်အောင်က ထအရပ်မှာ လင်းကို တစ်ချက်ကြည့်သည်။ ဒါကို လင်း၏အမေက သိပါသည်။

မိုးပေါ်ကကျလာသော မိုးစက်တို့မည်သည် ပန်းပွင့်ကို တည့်တည့်ချိန်ပြီး ကျလာသော မိုးစက်ဆိုတာ မရှိစကောင်းပါ။ ဒါပေမဲ့ ပန်းပွင့်ပေါ်ကို ကျလာသော မိုးစက်ဆိုတာတော့ ရှိသည်။ ထို့ကြောင့်လည်း ပန်းပွင့်ကလေးတွေ ရေစိုနေတာ မဟုတ်လား။ ဒီအကြောင်းကို လင်း၏မေမေက ကောင်းကောင်းကြီး သိပါသည်။

"ကျေးဇူးပါပဲသားရယ်၊ နောက်လည်း ဝင်ပါထွက်ပါကွယ်၊ ကဲ .. မိလင်း သားကို လိုက်ပို့ပေးလိုက်ဦး"

"ရပါတယ် အန်တီရဲ့"

"ဩော် .. လိုက်ပို့ပေးလိုက်ပါဆို မိလင်းရဲ့"

ထိုစကားကို လင်း ငြင်း၍မရပါ။

ထို့ကြောင့် လင်းသည် မြတ်ထင်အောင်ပေးသော လက်ဆောင်ဘူးတွေကိုချပြီး ခန္ဓာကိုယ်ကို သပ်ရပ်အောင်ပြင်ကာ မြတ်ထင်အောင်နောက်မှ လိုက်ခဲ့သည်။

မြတ်ထင်အောင်ကလည်း ခေါင်းတစ်ချက်ကို ဦးညွှတ်၍ ငွေမှုံမှုန်ခြေလှမ်းဖြင့်သာ သူ၏ ပရာဒိုကားကြီးဆီသို့ သွားသည်။ ကားနားရောက်တော့ မြတ်ထင်အောင်က တံခါးကို ဆွဲဖွင့်ပြီးမှ လင်းကို ပြုံး၍ကြည့်သည်။

ထိုအပြုံးနှင့် အကြည့်သည် လင်းထံမှ စကား တစ်ခွန်း နှစ်ခွန်းကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းမှန်း အပျိုမကလေး လင်းကလည်း သိပါသည်။

"လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ် ကိုမြတ်ထင်အောင်"

"ဟာ ... အဲဒီလိုတော့ မပြောပါနဲ့ မနွေရာလင်းရာ၊ ကျေးဇူးမတင်ပါနဲ့"

"ကျေးဇူးမတင်လို့ ဘာပြောရမှာလဲ"

"မဟုတ်ဘူးခင်ဗျ၊ ဒီလို မနွေရာလင်းရယ်၊ ကျွန်တော် ဆိုလိုချင်တာလေးတစ်ခုက ကျေးဇူးဆိုတာက ပြန်ဆပ်လို့ရပါတယ်၊ ကျွန်တော်က 'နွေရာလင်း' ဆိုတဲ့ နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးဆီက အလျော်အစား လုပ်လို့ရတဲ့ ကျေးဇူးကို ပြန်လိုချင်တာ မဟုတ်ပါဘူး"

"ဒုက္ခပဲ"

"ဒုက္ခမရှိပါဘူး မနွေရာလင်းရယ်၊ ကျွန်တော် မနွေရာလင်းဆီက ကျေးဇူးဆိုတာကို လိုချင်လို့ ဒီပစ္စည်းတွေကို ကျွန်တော်ပေးတာ မဟုတ်ပါဘူး"

"သွားတော့မယ်နော်"

ရှက်လွန်းသဖြင့် လင်း၏ နားရွက်ကလေးတွေ နီရဲနေပြီဖြစ်သည်။

မောင်သာဆိုလျှင် ဒီလို လင်း နားရွက်ကလေး နီရဲလာပြီဆိုလျှင် ဘာစကားမှ ဆက်ပြောတော့မည် မဟုတ်မှာ သေချာသည်။

သို့သော် မောင်က မောင်ဖြစ်ပြီး မြတ်ထင်အောင်က မြတ်ထင်အောင်သာ ဖြစ်ပါသည်။ ထို့ကြောင့် လင်း လှည့်အထွက်တွင် –

"မနွေရာလင်း"

ထိုခေါ်သံကို လင်း ငြင်း၍မရသဖြင့် ရပ်လိုက်ရသည်။ မြတ်ထင်အောင်က မြူးထဲမှာ မိနေပြီဖြစ်သောငါ့ကို အေးအေးဆေးဆေး ထုတ်ယူ





သလိုပင် လင်းထံသို့ အေးအေးဆေးဆေး လမ်းလျှောက်လာပြီး ပြောသည်။

"ကျွန်တော် မနွေရာလင်းဆီက လိုချင်တာ ကျေးဇူးမဟုတ်ပါဘူး မေတ္တာပါ"

"ဘာတွေလာပြောနေတာလဲ"

သို့သော် လင်း၏လေသံမှာ လင်း မောင့်ကို နိုင်နေကြ အထက်စီးလေသံမျိုး မဟုတ်ပါ။ ဖျော့တော့တိုးညှင်း၍ နေ၏။

"လင်း .. မင်းကို ကိုယ်ချစ်တယ်"

လင်း တစ်ဟုန်ထိုး ပြေးထွက်ခဲ့သည်။

လင်း၏ တစ်ကိုယ်လုံးသည် တိမ်စိုင်ကဲ့သို့ ပေါ့ပါး၍နေ၏၊ သင်း၏ နှလုံးသားကတော့ ကျောက်ဆောင်ကြီး တစ်ဆောင်လို လေးလံ၍ နေလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



"စပွမ်း … နင်လိုချင်တာကို ယူလေဟာ၊ ရေမွှေးကတော့ တစ်ယောက် တစ်ပုလင်း ငါကပေးမှာ၊ ဒီမှာ နင်က နားဆွဲအရှည်ကလေးတွေ ဝတ် တတ်တော့ ဒါလေးမကောင်းဘူးလား"

"မကောင်းဘူး"

စပွမ်း၏အသံက နည်းနည်းကလေး မာသည်။

ထို့ကြောင့် လင်းက အံ့သြပြီး စပွမ်းကို ကြည့်သည်။ စပွမ်းက မျက်နှာကို တခြားဘက်သို့ လှည့်ပစ်လိုက်၏။

"ဘာဖြစ်လို့လဲ စပွမ်းရဲ့၊ နင်တို့က ဒီ Fancy ကလေးတွေကို မကြိုက်လို့လား"

"မဟုတ်ဘူး၊ နင်ပေးတဲ့လက်ဆောင်ကို ငါတို့ရင်ထဲမှာ ရှိပါတယ် ဒါပေမဲ့ အဲဒီပစ္စည်းပေးတဲ့လူကို စိတ်မဝင်စားဘူး၊ အဲဒီတော့ အဲဒီပစ္စည်း ကိုလည်း စိတ်မဝင်စားဘူး"





လင်း ခဏတော့ အရိုက်ကို အထိုးခံရသူလို ငြိမ်ကျသွားသည်။

သူနှင့် ငယ်ပေါင်းကြီးဖော်ဖြစ်သော စပွမ်းနှင့် ချဉ်ဖတ်သည် ဘယ်တုန်းကမှ သူ့ကို ဒီလိုမပြောခဲ့ကြဘူးဆိုတာကို လင်း သိသည်။ ချဉ်ဖတ်မျက်နှာကို ကြည့်တော့လည်း ချဉ်ဖတ်က မျက်လုံးကိုလွှဲပြီး မျက်နှာကို မထေမဲ့မြင် လုပ်၍ထား၏။

"နင်တို့ ဘာဖြစ်နေကြတာလဲ"

စပွမ်းနှင့် ချဉ်ဖတ်တို့ အချင်းချင်း ကြည့်လိုက်ကြတာကို လင်း တိတိကျကျကြီးကို မြင်လိုက်ရသည်။ ပြီးတော့မှ ချဉ်ဖတ်က ပြောသည်။

"မောင်က နင့်ကို အရမ်းချစ်တယ်ဆိုတာ ငါတို့သိတယ်နော် လင်း"

ဒီတစ်ခါတော့ နှုတ်ခမ်းတွေကို အားရပါးရ ဆွဲဆန့်ပြီး ပြုံးရင်း မျက်နှာကို အဝေးသို့ပို့လိုက်သူမှာ လင်းသာဖြစ်ပါသည်။

ပြီးတော့ လင်းက ပြုံးနေရာမှ ပြန်မဲ့ကာ သူ့ထုံးစံအတိုင်း ခေါင်း ကို ခါရမ်းသည်။

"အခုချိန်မှာ ငါ သူ့ကို ခဏမေ့ထားတယ် ချဉ်ဖတ်"

"ဘာဖြစ်လို့လဲ"

"သူက တစ်ခုမှ ငါ့ကို သိက္ခာရှိအောင်မှ လုပ်မပေးနိုင်တဲ့ဟာကို၊ သူပြောတာတွေ နင်တို့လည်း ကြားသားပဲ၊ ဘယ်ဟာကို ငါက ယုံရမှာ လဲ၊ ပြီးတော့ သူ ငါ့ကို တကယ်မချစ်ပါဘူးဟာ၊ မြတ်ထင်အောင်ကို မနာလိုတာပါ"

"မောင့်မှာ အဲဒီလို စိတ်မျိုးမရှိဘူး လင်း"

"အေး … လင်းမှာလည်း အဲဒီလိုစိတ်မျိုး မရှိဘူးပေါ့၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ကို အခုလို ခေါ်ပြောပြပြီး လိုချင်တာယူလို့ လက်ဆောင်ပေးတာပေါ့"

ချဉ်ဖတ်က မဲ့လိုက်သည်။

"လင်းရယ် ... နင် ငါတို့ကို လက်ဆောင်ပေးချင်လို့ ပေးတာမဟုတ်ဘူး၊ နင့်ကိုယ်နင် စိတ်သန့်အောင် လုပ်နေတာပါ၊ အဲဒီပစ္စည်းတွေကို တစ်ခုမှ ငါတို့ စိတ်မဝင်စားဘူး၊ စပွမ်း ... လာ ပြန်ကြမယ်"

သူငယ်ချင်းနှစ်ယောက်သည် ပစ္စည်းတွေကို တစ်ခုမှ လက်နှင့်မထိဘဲ လင်းကို လင်းတို့အိမ် ဧည့်ခန်းမှာထားပြီး ထွက်သွားကြသည်။

လင်းသည် အသားတွေ တဆတ်ဆတ် တုန်လာသည့်အထိ ဒေါသထွက်သွားသည်။ "နင့်ကိုယ်နင် စိတ်သန့်အောင်လုပ်နေတာ" ဟူသော ချဉ်ဖတ်၏စကားသည် ဘယ်အထိ ရောက်သွားသနည်း။

စပွမ်းနှင့် ချဉ်ဖတ်တို့သည် သူငယ်ချင်း စဖြစ်သည့်နေ့ကတည်းက သူ့ဩဇာ၊ သူ့ဆန္ဒကို မလိုက်လျောခဲ့ဘူးတာ မရှိဆိုတာကို လင်း သိပါသည်။ အခုတော့ သူ့ကို ဆန့်ကျင်ရုံတင်မက လုလုပပကြီးကို စော်ကားသွားကြပြီ ဖြစ်သည်။

သူတို့က လင်းကို မြတ်ထင်အောင်နဲ့ သဘောမတူကြ။

သူတို့က သူ့ကို မောင့်ကိုပဲ ကြိုက်စေချင်သည်။ ဒီတော့ လင်းသည် သူ့ဘက်ကမပါဘဲ မောင့်ဘက်ကပါနေသော စပွမ်းနှင့် ချဉ်ဖတ်ကို ရွဲ့ပြလိုက်ဦးမည်ဟု စဉ်းစားသည်။ မောင်က စပွမ်းနဲ့ ချဉ်ဖတ်ကိုရော ကျောက်ဆူး၊ မင်္ဂလာနှင့် ငွေးသီးတို့ကိုရော ဘယ်လောက်တောင် စည်းရုံးထားသည်မသိ။ အကုန်လုံးက မောင့်ဘက်ကပဲ ပါနေကြသည်။

မောင်သည် သူ့ကိုချစ်လျှင် ဒါမျိုးလုပ်မည်မဟုတ်။

မောင်သည် သူ့ကို မချစ်သည့်အပြင် သူငယ်ချင်းတွေနှင့်ပါ ရန်





တိုက်ပေးလိုက်သေး၏။

နွေရာလင်းသည် ဇော်ရန်မောင်ဆိုသော ငတိကို အလွန် မုန်း၍သွားသည်။

သူငယ်ချင်းတွေက သူ့ကို အခုလိုလုပ်တာ မောင်က ချွန်ထားလို့ဟုပဲ လင်း တွေးသည်။ မောင်သည် သူ့ကိုယ်သူ မင်းသားကလေးလုပ်ကာ သူမကိုတော့ ဘီလူးမနေရာမှာ ထားထားသည်။ မောင် "ရင်မင်းမေ" ဆိုတဲ့ ကောင်မကလေးနှင့် ကြိုက်မလိုတွေ ဘာတွေ ဖြစ်ခဲ့ကြတာကိုလည်း လင်း ပြန်သတိရသည်။

ဟို ရင်မင်းမေဆိုတဲ့ ငတိမကလေးက စက္ကူပေါက်ကလေးနှင့် မောင့်ကို စပ်ဖြဲစပ်ဖြဲ လုပ်နေတာကိုတွေ့တော့ သူ အသည်းတွေ ဘာတွေယားပြီး ရင်မင်းမေကို ဝင်ကောခဲ့ဖူးသည်။ အဲဒီတုန်းကလည်း မောင်သည် လင်းဘက်ကမနေဘဲ ရင်မင်းမေကို သွားတောင်းပန်သည်တဲ့။

ကဲ ... သူ ဟိုးအရင်ကတည်းက ချစ်တယ်ဆိုလျှင် ရင်မင်းမေဘက်မှာမနေဘဲ နွေရာလင်းဘက်မှာသာ နေရမည်ဖြစ်သည်။ အခုတော့ ကြည့်ကြစမ်းပါဦး။

မောင်သည် အလကားကောင် ... တော့သာဖြစ်သည်။

လင်းက နှလုံးသားထဲက တစ်ချက်မဲ့လိုက်သဖြင့် နှုတ်ခမ်းဖူးဖူးလေးတွေပါ မဲ့၍သွားသည်။ လင်းသည် ရှေ့မှာချထားသော ဘူးကလေးထဲမှ လော့ကတ်သီးကလေးတစ်ခုကို ထုတ်ယူလိုက်သည်။

လော့ကတ်သီးကလေးက ချစ်စရာကလေ ဖြစ်၏။ အသည်းပုံ ကြက်ခြေခတ်ကလေးတစ်ခု ဆွဲထားသည်။ အသည်းနှလုံးကလေး အောက်နေသေး၏။



www.burmeseclassic.com

လင်းသည် ဝင်းဝင်းပပကြီးကို ပြုံးလိုက်ရင်း ပြောချလိုက်၏။

"မောင် ...ငါ့ကို သူငယ်ချင်းတွေနဲ့ ကွဲအောင်လုပ်တဲ့ နင့်ကို ငါ မုန်းတယ် မောင်"

■





မြတ်ထင်အောင် လင်းတို့အိမ်ကို နိုင်ငံခြားမှ ပြန်လာပြီးမှ ဒုတိယအကြိမ် လာသည့်နေ့က လင်း အိမ်တွင်ရှိမနေပါ။

မြတ်ထင်အောင်ဆိုသည့် ဝေါကလည်း လင်းကို သူလိုချင်နေသည့်အတွက် အော်ပရေးရှင်းတစ်ခုလို အစီအစဉ်ချထားခြင်း ဖြစ်၏။ လင်းတို့ သူ့နမဝမ်းကွဲကလေးဖြစ်သော မာယာဝင်းနှင့် ခင်အောင် မိတ်ဆက်သွားပေးပြီးတော့ ဒီနေ့ လင်းနှင့် မာယာဝင်းတို့ အပြင်ကို ထွက်သွားပြီဆိုသောမှ လင်းတို့အိမ်ကို လာခြင်းဖြစ်သည်။

တစ်ခုပြောစရာရှိသည်က မြတ်ထင်အောင်သည် သူ့နမဝမ်းကွဲကလေး မာယာဝင်းမှတစ်ဆင့် လင်းကို Hand phoneကလေးတစ်လုံး လက်ဆောင်လည်း ပေးထားသေးသည်။

သို့သော် ထို Hand Phoneကို မြတ်ထင်အောင်က လုံ့လစိုက်သည်ပါ။ လင်းက မရဲတရဲ လက်ခံထားသော ထို Hand Phoneကို သွား

www.burmeseclassic.com



ဆက်လိုက်လျှင် လင်း သူ့အပေါ်မှာ မသက်ာဖြစ်သွားမှာမျိုးကို မြတ်ထင်အောင် မလိုချင်ပါ။ ဒီတော့ မြတ်ထင်အောင်သည် ပေးကားပေး၏၊ မယူဆိုသော စကားကို လိုက်နာသူ ဖြစ်လေသည်။

မိန်းကလေးတို့မည်သည် ပစ္စည်းအသစ်ရလျှင် ဝတ်ချင်သည်။ ပြီးတော့ အဲဒီပစ္စည်းတွေကို လူတွေရှေ့မှာလည်း ဝတ်ပြချင်သည်။ အဲဒီတော့ လင်းသည် သူ့အမေဆင်ထားသော ရွှေတွေကိုချွတ်ပြီး မြတ်ထင်အောင် ပေးထားသော ပလက်တီနမ်တွေကိုသာ တစ်ကိုယ်လုံးဝတ်ကာ မြတ်ထင်အောင်၏ နှမဝမ်းကွဲကလေးဖြစ်သော မာယာဝင်းနှင့် လမ်းထွက်လေသတည်း။

Hand Phoneကလေးကိုလည်းကိုင်၊ တစ်ကိုယ်လုံးလည်း ပလက်တီနမ်တွေ အပိုင်ရထားသော နွေရာလင်းဆိုသည့် ကောင်မကလေးသည် နှုတ်ခမ်းသိမ်မွေ့ခြင်း၊ လင်းစင်တောက်ပခြင်း၊ ထင်ရှားပြီးပြက်ခြင်း၊ နှစ်သက်အံ့သြခြင်း စသော မိန်းကလေးတို့၏ ဂုဏ်နှင့်ပြည့်စုံစွာ လူတွေရှေ့သို့ ထွက်၍သွားလေသည်။

မာယာဝင်းကလည်း သူ့အစ်ကို၏ အော်ပရေးရှင်းအတွက် စနစ်တကျ ကူညီသူဖြစ်ပါသည်။ သူနှင့်လင်း ကားပေါ်ရောက်ပြီး ကားမောင်းမထွက်ခင်ကလေးမှာပင် သူ့အစ်ကိုဆီသို့ Messaging လှမ်းပို့လိုက်ပြီဖြစ်၏။ ထို့ကြောင့် မြတ်ထင်အောင် လာသောအချိန်တွင် လင်းလည်းမရှိ၊ လင်း၏အဖေကြီးလည်း မရှိ။ လင်း၏အမေသာ ရှိလေသည်။

ကားထိုးရပ်လိုက်ပြီး မြတ်ထင်အောင်၏ သန့်မာထွားကျိုင်းသော ယဉ်ကျေးသိမ်မွေ့သော တပည့်တစ်ယောက်က တံခါးကိုဆွဲဖွင့်ပေးတော့မှ မြတ်ထင်အောင်က သစ္စာပန်းစည်းကြီးကို ကိုင်ကာ မာစီဒီးကားကြီးပေါ်က

ဆင်းသည်။

"အန်တီ အန်တီ့အတွက် ပန်းတွေအန်တီ၊ မနေ့ကပဲ [illegible] လှမ်းပို့လိုက်တာနဲ့ ယူလာတာ၊ နွေရာလင်းရော"

"သားရယ်၊ ဘာဖြစ်လို့ ပန်းတွေကို တကူးတက ယူလာနေရတာလဲ"

"ဟာ ... ရပါတယ် အန်တီရဲ့၊ အန်တီ ဘုရားတင်လို့ ရတာပေါ့။ အန်တီက ဘုရားပန်းတင်ပြီး ဘုရားရှိခိုးဆုတောင်း၊ အမျှဝေတော့ ကျွန်တော်လည်း အမျှရတာပေါ့ အန်တီရဲ့"

မြတ်ထင်အောင်နှင့် လင်း၏မေမေတို့ ပြိုင်တူရယ်လိုက်ကြသည်။ ရယ်သံတွေဆုံးသွားတော့မှ မြတ်ထင်အောင်က စကားကိုစသည်။

"မနွေရာလင်းရော အန်တီ"

"ဩော် ... လင်းက မင်းနှမကလေး မာယာဝင်းနဲ့ အပြင်ထွက်သွားတယ်၊ သိပ်တောင်မကြာသေးဘူး၊ မင်းနှမကလေးကပဲ တစ်မနက်လုံးလာပြီး လင်းကိုပြင်ဆင်ပေး၊ ဟိုဟာဝတ် ဒီဟာဝတ်နဲ့ နှစ်ယောက်သား ရွှေကြပြီး ထွက်သွားကြတာပဲ"

"အာ ... ဒီကောင်မလေးကွာ ..."

မြတ်ထင်အောင်က သူ့ Hand Phone ကို ဆွဲထုတ်လိုက်သည်။

"သားကလည်းကွယ် ... စိတ်မဆိုးပါနဲ့၊ မိန်းကလေးတွေဆိုတာ ဒီလိုပါပဲ၊ လင်းက သိပ်မကြာခင် ပြန်လာမှာပါ၊ မာယာဝင်းကလည်း အန်တီ့ဆီက ခွင့်တောင်းပြီးမှ လင်းကို ခေါ်သွားတာပါ"

"မာယာက လင်းကို အရမ်းခင်နေတယ် အန်တီရဲ့၊ ချစ်လွန်းလို့ပဲ"





www.burmeseclassic.com

www.burmeseclassic.com



"အန်တီသိပါတယ် သားရယ်"

"လင်း ရှိမနေတာလည်း တစ်မျိုးတော့ ကောင်းပါတယ် အန်တီရယ်၊ ကျွန်တော် အန်တီ့ကို စကားအေးအေးဆေးဆေး ပြောလို့ရတာပေါ့"

"ပြော ... သား ဘာပြောချင်လို့လဲ"

မြတ်ထင်အောင်က သူ့ရင်ဘတ်ထဲတွင် ထည့်လာသော အနက်ရောင် ကတ္တီပါဘူးကလေးကို ညင်သာစွာထုတ်ရင်း ပြောသည်။

ဘူးကလေးကို ဖွင့်လိုက်တော့ လင်းလက် တောက်ပလှစွာသော စိန်လက်စွပ်ကလေး တစ်ကွင်းကို တွေ့ရ၏။ လက်စွပ်၏ အနားပတ်လည် တစ်လျှောက်လုံး စိန်ပွင့်သေးသေးကလေးတွေကို တန်းစီပြီး မြှုပ်ထားခြင်း ဖြစ်သည်။

"အန်တီ ... ကျွန်တော် နွေရာလင်းကို မေတ္တာရှိနေမိပါပြီ၊ ဒီစကားအတွက် အန်တီက ကျွန်တော့်ကို စော်ကားတယ်ထင်ပြီး ပါးရိုက်မယ်ဆိုရင်လည်း ရိုက်ပါအန်တီ၊ ကျွန်တော် ခံရဲပါတယ်"

"သားကလည်းကွယ် ... ဘယ်လိုတွေ ပြောနေတာလဲ"

"သမီးမိန်းကလေးတစ်ယောက်ရဲ့ မိခင်အနေနဲ့ အန်တီ့ကို ကျွန်တော်က ရိုရိုသေသေပြောတာပါ အန်တီ"

"ကဲ ... တော်စမ်းပါကွယ်၊ မင်းကို ဘာဖြစ်လို့ အန်တီက ပါးရိုက်ရမှာလဲ၊ မင်းက လင်းကို စော်ကားနေတာမှ မဟုတ်တာ၊ မေတ္တာရှိတာပဲဟာကို"

"ကျေးဇူးပါပဲအန်တီ၊ ကျွန်တော့်မေတ္တာကို နားလည်ပေးတဲ့အတွက်ပါ၊ ဒီလက်စွပ်ကလေးဟာ လင်းကို ကျွန်တော်က စေ့စပ်တဲ့ လက်စွပ်ကလေးပါ၊ ဒီလက်စွပ်ကလေးကို ကျွန်တော်ရဲ့မေတ္တာကို လက်ခံတယ်





ဆိုရင် လင်းကို အန်တီတို့ကပဲ ဝတ်ပေးပါ၊ တကယ်လို့ ကျွန်တော့်ရဲ့ မေတ္တာကို လက်မခံဘူးဆိုလျှင်လည်း ကျွန်တော်က ခင်မင်ခြင်းအရှု [illegible] တယ်လို့ပဲ သဘောထားပါတယ်၊ ပြန်မယူပါရစေနဲ့ အန်တီ"

"သြော် ... သားရယ်"

ဇာတ်လမ်းက အဲဒီမှာပင် ပြီးသွား၏။

လင်း ပြန်မလာခင် လင်း၏ဖေဖေက ပြန်ရောက်သည်။

အဖွားကြီးနှင့် အဖိုးကြီး လင်းအကြောင်းကို တိုင်ပင်ကြ၏။

"မင်းဟာကလည်း သူ့ဘက်က အရှုံးချည်းပါပဲလားကွ၊ မင်းသမီးရဲ့ သဘောထားကို မေးပြီးမှ လက်ခံသင့်တာပေါ့၊ မင်းတို့ မိန်းမတွေဟာ ပစ္စည်းနဲ့ပတ်သက်ရင် သိပ်လောတာပဲ"

"ဒီမှာအဖေကြီး ... ကျွန်မသမီးအကြောင်းကို ကျွန်မသိတယ်၊ ကျွန်မ သမီးက မာနကြီးတယ်၊ ဒါပေမဲ့ ဘယ်တော့မှ မိဘစကားကို နားမထောင်တာ မရှိခဲ့ဘူး၊ ပြီးတော့ ဟိုဘက်က ဒီလောက်အရှုံးခံပြီး စေတနာရှိမှ မှတော့ သူက ငြင်းလို့ရဦးမှာလား"

"မင်းတို့ကိစ္စတွေက ရှုပ်တယ်ကွာ၊ မိန်းကလေး မွေးထားတော့ တစ်နေ့ အိမ်ထောင်ချထားပေးရမယ် ဆိုတာကို ငါသိပါတယ်၊ အဲဒီကိစ္စကို ငါဝင်မပါဘူးလို့လည်း ဆုံးဖြတ်ထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့သမီးကလေးကို ငါ့ရဲ့သြဇာအာဏာနဲ့ စိတ်မဆင်းရဲစေချင်တဲ့ ဖခင် တစ်ယောက်ရဲ့ မေတ္တာနဲ့ကွ၊ အဲဒီတော့ မင်းအဆင်ပြေသလိုလုပ်ကွာ"

လင်း၏ဖေဖေသည် အခန်းထဲဝင်သွားပြီး Black Label သုံးပက်ကို ရေမရောဘဲသောက်ကာ အိပ်၍သွား၏။

လင်း ပြန်လာတော့ လင်းမေမေက လင်းကို [illegible]

ကြောင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပင် အခြေအနေကို ရှင်းပြပါသည်။ ပြီးတော့ လင်းအတွက်ပေးသော လက်စွပ်ကလေးကို ထုတ်ပြသည်။

"အယ် ... မေမေရယ် ချစ်စရာကလေး"

"အဲဒါကြောင့် ပြောတာပေါ့ သမီးရယ်၊ သမီး သူ စေ့စပ်တာကို လက်ခံလိုက်ပါလို့၊ မေမေတော့ သူ့ကို ကြီးကြီးမားမား အပြစ်ဆိုလို့ ရှာလို့မတွေ့ပါဘူး"

ထိုအချိန်တွင် လင်း၏စိတ်က သူ့ကို ဝိုင်းပြီးအပြစ်တင်၍ မောင့်ဘက်က နေပေးနေသော ငယ်သူငယ်ချင်းတွေကို ရွဲ့ချင်နေသည့်စိတ်က ခိုင်ခိုင်မာမာကြီးကို ရှိနေသည်။ ပြီးတော့ မိန်းကလေးတို့၏သဘာဝ ပစ္စည်းပစ္စယကို မက်မောသည့်စိတ်ကလည်း ရှိနေသည်။ ပြီးတော့ ဒီနေ့ မြတ်ထင်အောင်၏ နှမကလေး မာယာဝင်းနှင့် သွားရ စားရ သောက်ရတာလည်း ပျော်စရာက ကောင်းနေသည်။

"အင်းပါ ... ပေးလေ မေမေရဲ့၊ လင်း ဝတ်ကြည့်ချင်လို့"

"သမီး ..."

"အင်းပါဆို မေမေကလည်း ... ပေး"

လင်းက စိန်လက်စွပ်ကလေးကို ဝတ်ချလိုက်သည်။

အချိုးအဆစ် အရိုးအဆစ် ပြေပြစ်သော လင်း၏ လက်သူကြွယ် လက်ချောင်း ဖြူဖြူဖောင်းဖောင်းကလေးထဲတွင် စိန်လက်စွပ်ကလေးက ချပ်ချပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းကလေးကို ရှိ၍နေသည်။

"လှလိုက်တာ သမီးရယ်"

လင်းက သူ့လက်ချောင်းကလေးတွေကို သူ ထောင်ပြီး ပြန်ကြည့်နေသည်။





သြော် . မိန်းကလေးတွေဆိုတာက ကိုယ့်လက်ချောင်း[illegible] ကိုယ်တိုင်က 'စိန်' လက်စွပ် ဝတ်ပြီးမှ လှတယ်ဟု ထင်တတ်ကြ[illegible] သတ္တဝါတွေ ဖြစ်ပါသည်။

ထိုစဉ်မှာပင် လင်း၏ဖုန်းက ထရျမြည်သည်။

"ဟဲ့ ... သောက်ပလုတ်တုတ်၊ နင့်ဟာကြီးက အသံကျယ်လှချည် လားဟဲ့"

"အာ ... မေမေကလည်း ... Phone သံပဲဟာ၊ ခဏလေး ... Hello"

"မနွေရာလင်းလား၊ ကျွန်တော် မြတ်ထင်အောင်ပါ"

"ဟုတ် ."

"ကျွန်တော့် လက်စွပ်ကလေးကို မနွေရာလင်း ဝတ်ထားပြီပြီလား"

လင်းသည် လက်သူကြွယ်က လက်စွပ်ကလေးကို ကြည့်သည်။ ပြီးတော့ မေမေ့ကို တစ်ချက်ကြည့်သည်။ ပြီးတော သူ့နှလုံးသားကို သူ တစ်ချက်ကြည့်သည်။ လင်း၏ နှလုံးသားထဲမှာ မာနက အပြည့်ဖြစ်၍ နေ၏။

"ဟုတ် ..."

"ဝမ်းသာလိုက်တာ မနွေရာလင်းရယ်၊ ဒါဆို ကျွန်တော် ကျန်တဲ့ ကိစ္စတွေကို အမြန်ဆုံး စီစဉ်လိုက်မယ်နော်၊ ဟား ... ကျွန်တော် [illegible] ပျော်သွားပြီဗျာ၊ ကျွန်တော့်ဘဝမှာ မနွေရာလင်း ရဲ့ 'ဟုတ်' ဆိုတဲ့ [illegible] သံကလေးကို ကြားရတဲ့စက္ကန့်ဟာ အချိုမြိန်ဆုံး စက္ကန့်ပါပဲ၊ မနွေရာလင်း ... မနွေရာလင်း ..."

"ဟုတ် ..."

"ချစ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

"ပျော်လိုက်တာဗျာ၊ အန်တီ့ကို ပြောလိုက်ပါ၊ ကျန်တဲ့ကိစ္စတွေ တိုင်ပင်ဖို့ ကျွန်တော် ဒီနေ့ညနေ မအားတဲ့အတွက် မနက် မနက်ကို လာခဲ့ပါ့မယ်လို့ ... နော် မမွေ့ရာလင်း"

"ဟုတ် .."

လင်း Phone ကို ပိတ်လိုက်သည်။

ကိုယ့်ကိုယ်ကိုလည်း ဘာဖြစ်သွားမှန်းပင် မသိလိုက်။

မိနစ်ပိုင်း အချိန်ကလေးအတွင်းမှာ သူ့ဘဝသည် ဘာတွေများ ဖြစ်ကုန်ပြီလဲဟု လင်း စဉ်းစားသော်လည်း အသိဉာဏ်ထဲမှာ ဘာမှမပေါ် ပါ။

"နင်က တဟုတ်ဟုတ်နဲ့ ဘာတွေဖြစ်နေတာလဲ မိမွေ့လင်းရဲ့"

"မသိဘူး ... အမေ့လူကြီး မနက်ဖြန် လာလိမ့်မယ်တဲ့"

လင်းသည် ထိုစကားဆုံးသည်နှင့် ပြေးထွက်ခဲ့သည်။

အခန်းထဲကိုရောက်တော့ ကုတင်ပေါ်ကို တစ်ခါမျှမတက်ဘူးသော တက်နည်းဖြစ်သည်။ ဒိုင်ဗင်ထိုးကာ တက်လိုက်သည်။

လင်းသည် မှောက်လျက်ကြီး ဖြစ်၍နေသည်။

လင်း၏ အသက်ရှူသံကပြင်းသည်။

ရင်ခုန်သံက မြန်လွန်းသည်။

မာနသည် သူ့လက်ဖဝါးကလေးထဲမှာရော သူ့နှလုံးသားထဲမှာရော အပြည့်ရှိလေသည်။

■





(၁၃)

မြတ်ထင်အောင်၏ စိန်လက်စွပ်ကလေး ဝတ်ထားသည့်လက်ဖြင့် ကမ်း၍ပေးသော လင်း၏ မင်္ဂလာဆောင်ဖိတ်စာကို စပွမ်းနှင့် ချဉ်ဖတ်တို့က မယူကြပါ။ ပြီးတော့ လင်း၏မျက်နှာကိုသာ စိုက်ကြည့်နေကြ၏။

လင်း မင်္ဂလာဆောင် လာဖိတ်သည့်အချိန်မှာ မောင်ကလွဲပြီး သူငယ်ချင်းတွေ အကုန်လုံး ရှိနေကြပါသည်။

စပွမ်းက လင်းကို စိုက်ကြည့်ရင်း မျက်ရည်ဝဲပြီး ပြောသည်။

"လင်းရဲ့ ... မောင်က နင့်ကိုသိပ်ချစ်တာ၊ နင်မသိဘူးလား လင်းရဲ့"

စပွမ်းသည် ငိုသံပါသော စကားကိုပြောပြီး ချဉ်ဖတ်ကို ဖက်၍ ငိုလေသည်။ ချဉ်ဖတ်ကလည်း စပွမ်းကို ပြန်ဖက်ရင်း ငိုကာပြော၏။

"ငါသိတယ်၊ ဒီကောင်က တေး၊ ချစ်တုန်းက အရမ်းကန်းရော ခွတ်ချစ်ပြီး ချစ်တဲ့အကြောင်း ပြောပါဆိုတော့ သောက်တလွဲတွေ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ ဓား"

"ဒါကို အဲဒါတွေ မပြောနဲ့တော့ဟာ၊ ငါ ဖိတ်စာလာပို့တာ"

လင်း၏ အသံက တိုးတိမ်ကွယ်ပျောက်လုကလေး ဖြစ်၍နေသည်။

"အေး ..နင်ယူဟဲ့၊ နင့်လင်ကို နင်ယူတော်မူပါ လင်း၊ ငါတိုကတော့ မောင့်ကိုပဲချစ်တယ်၊ သိရဲ့လား လင်းရဲ"

လင်း၊ မျက်ရည့်ပေါက်ပေါက်ကျသည်။

ကျောက်ဆူ၊ မဂ်လာနှင့် ဇွေးသီ့တို့က ဘာမှဝင်မပြောသေး။ မိန်းကလေးတွေ ငိုနေချိန်မှာ ဝင်ပြောလို့ အပိုပဲမဟုတ်လား။

"ကဲ .. တော်ကြတော့၊ လင် နင်နဲ့ ငါတို့က သူငယ်ချင်းတွေပဲဟာ၊ မောင်က နင် သူ့ကို လက်ထပ်မယ်ဆိုတာကို သူ သိပါတယ်၊ ငါတို့ အားလုံးကိုလည်း ပြောထားတယ်"

ဇွေးသီးစကားကြောင့် လင် က "အိ" ခနဲ တစ်ချက်ငိုသည်။

"သူက တစ်ခုပဲပြောတယ် လင်း၊ နင့်မဂ်လာဆောင်အတွက် ငါတို့ အားလုံး ပစ္စည်းတွေ လက်မဖွဲ့ပါနဲ့တဲ့၊ ပြီးတော့ ဟိုဟာ ..."

ဇွေးသီး စကားရပ်သွား၏။

စပွမ်းက ထအော်သည်။

"ဟဲ့ ... ဇွေးသီးရဲ့၊ အကုန်ပြောပြလိုက်၊ ဇွေးသီးရဲ့ ... မောင် ပြောသွားတာတွေကို အကုန်ပြောပြလိုက်၊ ဒါမှ သူက သိမှာဟဲ့ ဇွေးသီးရဲ့"

"အေးပါဟာ ..နင်တို့ကလည်း၊ ပစ္စည်းတွေ လက်ဖွဲ့ရင် နင် အဲဒီ ပစ္စည်း တွေကို ကြည့်ပြီး၊ နင်စိတ်ဆင်းရဲမှာ စိုးလို့တဲ့၊ ဒီတော့ နင့်မဂ်လာဆောင်မှာ ငါတို့သူငယ်ချင်းတွေ အားလုံးက ငွေစိုက်ပြီး လူကိုယ်တိုင်လည်း အပင်ပန်းခံပြီး မုန့်ဟင်းခါးချက်ပြီး ပို့ပေးမယ်"

ကြောင်နှင်ကောင်စာအုပ်တိုက်



"ဟာ ...မလုပ်ပါနဲ့ဟာ မလုပ်ပါနဲ့၊ သူက သူ့အစီအစဉ်နဲ့ သူပါ"

"လင်း" မျက်ရည်တွေကိုသုတ်ပြီး သူငယ်ချင်းတွေကို အောင်တောင်းပန်ပန်နှင့် ငြင်းသည်။ သူငယ်ချင်းတွေကို ငြင်းနေသော လင်းသည် သနားစရာ ကောင်းနေတာကိုတော့ သူငယ်ချင်းအားလုံး သိကြပါသည်။

"နင် ငြင်းမနေနဲ့တော့ လင်း၊ အဲဒီကိစ္စကို မောင်က မြတ်ထင်အောင်နဲ့ တွေ့ပြီး ပြောပြီးလို့ မြတ်ထင်အောင်ကလည်း သဘောတူပြီးပြီ"

မဂ်လာက အေးအေးဆေးဆေးပင် ဝင်ပြောသည်။

ကျောက်ဆူကြီးကတော့ ဘာမှမပြော။ လင်းကို ကြင်နာစွာပင် ငေး၍နေသည်။ မောင်များရှိလျှင် မောင် ဘာပြောမှာလဲ။

"မောင် ဘာဖြစ်လို့မလာတာလဲ"

"ဩော် ... နင်က ဒီထက် နိပ်စက်ချင်သေးလို့လား လင်းရဲ့"

စပွမ်းက ငိုသံဖြင့် ဝင်အော်သည်။

"ဟိုတစ်ယောက်နဲ့ မောင်က ဘယ်လိုလုပ် သွားတွေ့တာလဲ"

ဒီတစ်ခါတော့ ကျောက်ဆူကြီးက ဝင်ရပြီဖြစ်သည်။

"အေး ...ငါတို့နဲ့ သွားတွေ့တာ၊ ဒီကောင်ပြောတာ ရှင်းပါတယ်၊ ကျွန်တော်တို့ သူငယ်ချင်းတွေ အားလုံးက 'လင်း' ကို အချစ်ဆုံးပါတဲ့၊ လင်းက ကိုမြတ်ထင်အောင်ကို အချစ်ဆုံးဆိုတော့ ဝမ်းသာပါတယ်တဲ့၊ ဒီတော့ ကျွန်တော်တို့အချစ်ဆုံး သူငယ်ချင်းကို ကိုမြတ်ထင်အောင်ကို ပေးရမယ့်နေ့မှာ ကျွန်တော်တို့ သူငယ်ချင်းတွေ စုပြီးချက်တဲ့ မုန့်ဟင်းခါး စေတနာကို လက်ခံပါတဲ့"

ကျောက်ဆူကြီးက စကားကိုရပ်ပြီး ခဏစဉ်းစားနေတုန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ချဥ်ဖတ်က အော်သည်။

"ကျောက်ဆူး ... နင် ရပ်လိုက်တော့၊ ဆက်မပြောနဲ့တော့"

လင်းသည် မျက်နှာကို ငုံ့ထားရင်း မျက်ရည်တွေ တစ်ပေါက်ချင်း ကျ၍နေ၏။

ထိုအချိန်မှာပင် စပွမ်း၏ ငို၍ပြောသောအသံက ထွက်၍လာ၏။

"လင်းရဲ့ ... ငါတို့အားလုံးက နင့်ကိုချစ်ပါတယ်၊ ဒါပေမဲ့ နင့်ကို အချစ်ဆုံးက မောင်ပဲ လင်းရဲ့ ... မောင်ပဲ၊ မောင်က နင့်ကို နင် ဒီလိုလုပ်သွားတာတောင်မှ အပြစ်တစ်ခွန်းမှ မပြောဘူး၊ မုန့်ဟင်းခါး ရောင်းတဲ့သူနဲ့ စိန်ရောင်းတဲ့သူ၊ စိန်ရောင်းတဲ့သူကို ရွေးတာ နင်မှန်တာပေါ့၊ သူက နင့်ကို သိပ်ချစ်တယ်၊ ဒါပေမဲ့ ဒီကောင်က ငတုံး၊ သိရဲ့လား လင်းရဲ့၊ ဒီကောင်က ငတုံးဆိုတာကို နင်သိပါတယ်၊ ဒီကောင်က ငတုံး"

စပွမ်း၏ ငိုပြီးအော်ပြောသော စကားတွေကို လင်း မခံစားနိုင်တော့သဖြင့် "အိ" ခနဲ တစ်ချက်ငိုပြီး သူငယ်ချင်းတွေထံမှ ထွက်ပြေးသွားလေသည်။

လင်း ထွက်ပြေးသွားတာကို ဘယ်သူငယ်ချင်းကမျှ မတားပါ။

သူတို့အားလုံးလည်း မျက်ရည်ဝဲနေကြပါသည်။

စစ်မှန်သော ချစ်ခြင်းမေတ္တာတို့မည်သည် အားလုံးကို ခံစားရစေပါသည်။

■





ငါးခူနှင့် ငါကျီးကို ရောပြီး စပါးလင်ဖြင့် "ပွင့်ကောင်" ငါးပြာရည်ကို ထည့်ပြီးပြုတ်သည်။ ကုလားပဲကိုတော့ ဟိုဘက်မှာ မီး အေးအေး ကလေးဖြင့် တစ်နေကုန် ပြုတ်ထားရ၏။ ကြက်သွန်အဖြူအနီ၊ ဂျင်း စသည်တို့ကို စပွမ်းနှင့် ချဥ်ဖတ်တို့က ထောင်းကြရသည်။

မင်္ဂလာနှင့် ကျောက်ဆူးကြီးတို့ကတော့ ငှက်ပျောပင် အရာထွက်ကြသည်။

ရလာတော့ အပေါ်ခွံကိုခွာ၊ အထဲက အနုတွေကိုသာ အပေါ်ယံ အမျှင်တွေ သပ်တင်ပြီး လက်ညိုးတစ်ခုစာလောက် လှီးကာ ဆား၊ နနွင်း သည့်ပြီး စိမ်ထားရ၏။

ဘုန်းကြီးကျောင်းက သွားငှားသော ဟင်းချက်အိုးကြီးရောက်တော့ မောင်က သူကိုယ်တိုင်ဆေးသည်။ ပြီးတော့ အိုးကို သူကိုယ်တိုင် တူးထားသော ရွှံ့ဖြင့်မံသည်။ ကျောက်ဆူးနှင့် မောင် နှစ်ယောက် အိုးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မီးမမွေးရသေးသော ဖိုခနောက်ပေါ်တင်၏။

ထိုအချိန်တွင် ငါးပြုတ်က ရပြီဖြစ်သည်။

ငါးတွေကို ထုတ်ပြီး အအေးခံပြီး ငါးပြုတ်ရည်ကိုတော့ မောင်က ခုနက သူကိုယ်တိုင် သန့်စင်စွာ ဆေးကြောထားသော အိုးထဲသို့ ဂရုတစိုက် ထည့်သည်။

အရည်ခွဲကလေးတွေ ကွဲပြီး ငံပြာရည်ရန့် သင်းနေသော ငါးပြုတ်တွေကိုတော့ စပွမ်းနှင့် ချဉ်ဖတ်၏ ညီမကလေးနှစ်ယောက်က အရိုးအသား နွှင်ရသည်။ ငါးက ငါးခူနှင့် ငါးကျီး ရောပြီး ပြုတ်ထားခြင်းကြောင့် ငါးခူနှင့် ငါးကျီးကို ခွဲပြီး အရိုးအသားနွှင်အောင် မောင်က လာပြောသည်။ မောင် ထွက်သွားတော့ ချဉ်ဖတ်က –

"မောင်က တေးဟဲ့ သိလား၊ သူတုံးတာနဲ့ ငါတို့ပါ လိုက်ပြီး တုံးနေရတာ၊ ဘယ့်နဲ့ ... ဒီလောက် ကိုယ်ကချစ်နေတဲ့သူရဲ့ မင်္ဂလာဆောင်ကို ငါတို့သူငယ်ချင်းတွေက မုန့်ဟင်းခါး ချက်ကျွေးရဦးမှာတဲ့"

"ပြောမနေပါနဲ့တော့ ချဉ်ဖတ်ရယ်၊ သူ ဘယ်လောက်ခံစားနေရ သလဲဆိုတာ ငါတို့သိပါတယ်"

"အမလေး ... ဘာခံစားရလို့လဲ၊ မုန့်ဟင်းခါးကို မကောင်းကောင်း အောင် ချက်ဖို့ပဲလုပ်နေတာ မတွေ့ဘူးလား"

"မမသိရယ် ... အဲဒါ ကိုဇော်ရန်မောင် ခံစားနေတာပဲပေါ့၊ မပြော ပါနဲ့တော့"

ချဉ်ဖတ်၏ ညီမအကြီးကလေးက ဝင်ပြောသည်။

ချဉ်ဖတ်က ဘာမှမပြောတော့ဘဲ ငယ်ငယ်ကလေးတုန်းကအတိုင်း နှပ်ချီးကိုသာသုတ်၏။





"အမလေး ... ဒေါ်ရွှေစာ၊ ပြီးရင် လက်သွားဆေးနော်၊ ဟိုကအတွေ့ရင် နှပ်ချေးသုတ်ပြီး ငါးနွှင်လို့ ပြောနေဦးမယ်"

"ပြောပြောဟာ ... လာပြောရင် ငါက မောင့်ကို ပါးရိုက်မှာပဲ၊ ဒီလောက် တုံးရသလားလို့၊ စပွမ်းရယ် ... နင်ပဲ စဉ်းစားကြည့်စမ်းပါ"

"ပြောမနေပါနဲ့တော့ ချဉ်ဖတ်ရယ်၊ ငါတို့ အခု သူ့ဆန္ဒအတိုင်း သူဖြစ်ချင်တာကို လုပ်ပေးနေပြီပဲ"

"အေး ... ငါတို့က လုပ်ပေးတယ်၊ လုပ်မပေးတာကက ဟိုကောင်မ"

"ချဉ်ဖတ် ..."

ဒီတစ်ခါတော့ စပွမ်းက ဒေါသသံဖြင့် အော်လိုက်သည်။

ချဉ်ဖတ်က ငါးကိုနွှင်ရင်း "အိ" ခနဲ တစ်ချက်ငို၏။ ထိုအချိန်တွင် စပွမ်း၏အော်သံကို ကြားသွားသော မောင်က စပွမ်းတို့အနားကို ရောက် လာသည်။

"အသားတွေ နွှင်ပြီးသွားရင် အလယ်ရိုးတွေနဲ့ ခေါင်းတွေကို ထောင်းမယ်နော်၊ ထောင်းပြီးသွားရင် အဲဒီအရည်ကိုလည်း ငါယူမယ်"

"အေးပါ မောင်ရယ်၊ ငါတို့သိပါတယ်"

"ချဉ်ဖတ်က ဘာဖြစ်တာလဲ"

ခေါင်းငုံ့ထားသော ချဉ်ဖတ်ကို မောင်က ကြင်နာစွာမေးသည်။

စပွမ်းလည်း ဘာပြောရမှန်းမသိ။

မိန်းကလေးတွေဆိုတာက ဘာပြောရမှန်းမသိလျှင် "နေမကောင်း ဘူး" ဟု ပြောလေ့ရှိပါသည်။

"သူ သိပ်နေမကောင်းဘူး မောင်"

"အာ ... အဲဒါဆိုရင် နားလိုက်ပါလား၊ သွား ... သွား ချဉ်ဖတ်၊



www.burmeseclassic.com

www.burmeseclassic.com



နင် သွားနား”

“ရပါတယ် မောင်ရဲ့”

“နင်ကလည်းဟာ …”

“ရပါတယ်လို့ ငါပြောနေတယ်လေ မောင်ရဲ”

မောင်သည် ဘာမှမပြောဘဲ ခေါင်းကို သုံးလေးခါလောက်ကုတ်ပြီး ထွက်သွား၏။ မောင်သည် သူ့ကြောင့် ဒုက္ခရောက်ရသော သူငယ်ချင်းတွေကို အားနာနေမိသည်။ သို့သော် လင်း၏ မင်္ဂလာဆောင်တွင် သူတို့ကျွေးသော မုန့်ဟင်းခါးသည် အကောင်းဆုံးမုန့်ဟင်းခါး ဖြစ်ရမည်ဟု မောင့်စိတ်တွင် မာန်ကိုတင်းထားလိုက်၏။

■





မောင် ပုံမှန်မွှေပေးနေသော မုန့်ဟင်းရည်ရနံ့သည် မွှေး၍မွှေး၍ သာနေသည်။ မောင်သည် လှေလှော်တက်လောက် နီးပါးရှိသည့် သစ်သားယောင်းမကြီးဖြင့် မုန့်ဟင်းရည်အိုးကြီးကို မွှေပေးနေရသည်။

ပဲကိုပြုတ်၍ ထောင်းပြီး ထည့်ထားသဖြင့် အနည်ထိုင်သွားလျှင် ပဲတူးသည့် အနံ့ကြီး ပါသွားနိုင်သည်။ ဒီလိုအဖြစ်မခံနိုင်သဖြင့် ပွက်ပွက်ဆူနေသော အိုးကြီးကို မောင် မွှေပေးနေရခြင်းဖြစ်၏။

မောင် တစ်ခါမွှေလိုက်တိုင်း မုန့်ဟင်းရည်၏ရနံ့က သင်းပျံ့၍ ထွက်လာသည်။ ကျောက်ဆူးကြီးက မုန့်ဖတ်သွားမှာပြီး အဲဒီ မုန့်ဖတ်လုပ်သည့် ဆိုင်မှာအိပ်ကာ မနက်မှ ကားနှင့်လာမည်ဖြစ်သည်။ မင်္ဂလာက မနက် ဟင်းရည်ထည့်ဖို့ ကားသွားငှားသည်။ ငွေသီးကတော့ ဘာမှမပြောဘဲ “ငါ ခဏပြန်ဦးမယ်” ဆိုပြီး ပြန်မလာပါ။ စပွမ်းနှင့် ချဉ်ဖတ်၏ ညီမကလေးနှစ်ယောက်ကတော့ တစ်နေ့လုံး တကုတ်ကုတ် လုပ်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နာ နေကြပြီ။

ဟင်းရည်အိုးကို မောင်ကစ်ယောက်တည်း စောင့်ပြီး တည်နေခြင်း ဖြစ်သည်။ ဒီတာဝန်ကို မောင်ကလွဲပြီး တခြားဘယ်သူ့ကိုမှလည်း မောင် မပေးနိုင်ပါ။

သူ ရင်နှင့်ရင်း၍ နှလုံးသားနှင့် ချစ်ရသော သူငယ်သူငယ်ချင်း နွေဏှာလင်း၏ မင်္ဂလာဆောင်မှာ ကျွေးခွင့်ရသော ဒီမုန့်ဟင်းခါးကို သူက လွှဲ၍ ဘယ်သူ့ကိုမှလည်း ပေးမချက်နိုင်ပါ။

ဖေဖေဆုံးပြီးသည့်နောက် စီ ပွားပျက်ပြီး အဒေါ်တွေနဲ့ မုန့်ဟင်းခါး ရောင်းတဲ့ကောင် ဖြစ်ရတာကိုပဲ မောင်သည် အခုအခါ ကျေးဇူးတင်နေ မိ၏။ နို့မို့ဆို ဘယ်လိုလုပ် ချက်တတ်မှာလဲ။

မုန့်ဟင်းခါးချက်ဖို့ သူ့ကို ဆူလိုက် အော်လိုက် လုပ်ခဲ့သော အဒေါ် တွေ၏ ကျေးဇူးကိုလည်း မောင်သည် မုန့်ဟင်းအိုးကို မွှေရင်း အခုမှ နားလည်ပြီး သိတတ်လာသည်။

မောင် နှမ်းနှင့် ဆားပါးပါးကလေးဖြင့် စိမ်ထားသော ငှက်ပျော ပင်ဖတ်ကို မထည့်သေးပါ။ အခုနေ ထည့်လိုက်လျှင် ငှက်ပျောပင်ဖတ် သည် ပျော့အိတွဲကျသွားလိမ့်မည်။ ငှက်ပျောပင်ဖတ်က ခပ်ဆတ်ဆတ် ကလေး စာမှကောင်း၏။

ဘဲဥကိုပြုတ်ပြီး တစ်ခြမ်းကို လေးစိတ်စိတ်ထားသော ဘဲဥခြမ်း တွေကိုတော့ ထည့်မရတောမည်။ ဘဲဥသည် ကြာကြာထားလေ မာ၍ ဆတ်ဆတ် ထုတ်ထုတ်နှင့် မုန့်ဟင်းရည်ထဲမှာ စားလို့ကောင်းသည် မဟုတ် သော။

ထို့ကြောင့် မောင်သည် စပွမ်တို့ အသေအချာပြင်ပေး လိုးပေး





ထားခဲ့သော ဘဲဥခြမ်းတွေကို ဟင်းရည်အိုးထဲသို့ ဂရုတစိုက်ပင် ထည့်ပြီး တော့ မီးကို နည်းနည်းလျှော့နေတုန်း ကားတစ်စင်း ထိုးရပ်သံ ကြားရ သည်။

မောင် လှည့်ကြည့်တော့ ကားပေါ်က ဆင်းလာတာက လင်း။

"မောင် ..."

"ဩော် ... လင်း နင် ဒီအချိန်ကြီး ဘာလာလုပ်တာလဲ၊ ဘာလဲ နင်က မနက် နင့်မင်္ဂလာဆောင်အတွက် ငါတို့ချက်မယ့် မုန့်ဟင်းခါးကို စိတ်မချလို့ လာကြည့်တာလား"

"မောင် ..."

လင်းသည် မောင့်ကို တစ်ခါမျှ မခေါ်ဘူးသော မောင်ဆိုသည့် အသံနှင့် ခေါ်ရင်း တစ်ခါမျှ မကြည့်ဘူးသော အကြည့်နှင့် ငေး၍နေလေ သည်။

"နင် ဟင်းရည်မြည်းမလား လင်း၊ နည်းနည်းလေးဟော့ လိုသေး တယ်"

"မောင် ... နင် ငါ့ကို မနိုပ်စက်ပါနဲ့တော့ မောင်ရယ်"

"ဟာ ... လင် ကလည်း ဘာတွေပြောနေတာလဲ၊ အိမ်ထဲမှာ စပွမ်း ရော ချဉ်ဖတ်ရောရှိတယ် သွားချင်သွား"

"မဟုတ်ဘူး မောင်၊ နင် ငါ့ကိုချစ်လားဟင်"

လင်း၏စကားကြောင့် မောင်သည် ဘာပြောရမှန်းမသိ ဖြစ်သွား သည်။ ပြီးတော့ ဟင်းအိုးအောက်ကိုငုံ့ပြီး ထင်းမီးကို လျှော့သင့်သလောက် လျှော့သည်။ ပြီးတော့မှ လင်းကို ရင်ထဲက ငေးလိုက်သည်။

"လင်းရယ် ... ငါ နင့်ကို ချစ်တဲ့အကြောင်းတွေ ပြောပြဖို့ တစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေပါဘူး၊ အဲဒါတွေက ငါ့အမှားတွေပါ၊ ဒါပေမဲ့ လင်းကို မောင် ပေးစ်ခဲ့တော့ ပြောပြချင်တယ်၊ လင်းနဲ့ မောင်နဲ့ ငယ်စဉ်ကတည်းက ကြုံခဲ့ရတဲ့ ကိစ္စတွေဟာ သီးခြားသီးခြား ပုံသဏ္ဍာန်ချင်းမတူ၊ ခံစားချက်ချင်းမတူ၊ ရသချင်းမတူတဲ့ သီးခြားအဖြစ်အပျက်တွေပါ"

"မောင် ..."

"ဒီတစ်ခါတော့ မောင်ပြောတာကို ဆုံးအောင်နားထောင်ပေးပါ လင်းရယ်၊ ဒီတစ်ခါတည်းပါ၊ နောက်ဆိုရင် လင်းကို မောင် ပြောခွင့် ရှိတော့မှာ မဟုတ်ဘူး လင်းရဲ့"

ထိုအချိန်တွင် အိမ်ထဲတွင် အိပ်နေကြသော စပွမ်းရော၊ ချဉ်ဖတ်ရော၊ သူ့ညီမကလေး နှစ်ယောက်ရော နိုးနေကြပြီ ဖြစ်ပါသည်။ မောင်တို့ ဘာတွေဖြစ်ပြီး ဘာတွေပြောကြမလဲဆိုတာကို သိချင်သဖြင့် အသံတိတ်ပြီး ခိုးနားထောင်နေကြခြင်း ဖြစ်သည်။

"အခု လင်းအတွက် မောင် မုန့်ဟင်းခါးချက်တော့ မုန့်ဟင်းခါး ဖြစ်အောင် ထည့်ရတဲ့ ပစ္စည်းတွေကို လင်း သိပါတယ်၊ ငါးကျီးရယ်၊ ငါးခူရယ်ကို စပါးလင်နဲ့ပြုတ်၊ ငပြာရည်ထည့်၊ ကြက်သွန်အဖြူအနီတွေ ထောင်းပြီး ငါးအသားနဲ့ ဆီသတ်ရတယ်"

မောင်က စကားကို ခဏရပ်ပြီး လင်းကိုကြည့်သည်။ လင်းက အကြောင်ကြောင် ဖြစ်နေပုံရ၏။

"အခု မုန့်ဟင်းရည်အနံ့မွှေးလား လင်း"

"မွှေးတယ် မောင်"

မောင်သည် လင်း၏စကားကို ကြားရတော့ မျက်ရည်ဝဲ၍လာ၏။

"အဲဒီလို ဟင်းရည်ကလေး မွှေးနေဖို့အတွက် ငါးတွေကလည်း





သူတို့ရဲ့ မူလပင်ကိုယ် သီးခြားအရသာကို စွန့်ကြရတယ်၊ ဆီ၊ ဆျင်း ကြက်သွန်တွေကလည်း သူတို့ရဲ့ ပင်ကိုအရသာကို စွန့်ကြရတယ်၊ ဘဲဥ၊ ငှက်ပျောပင်တွေကလည်း သူတို့ရဲ့ ပင်ကိုသီးခြားအရသာကို စွန့်ကြရတယ်၊ အဲဒီတော့မှ ဒီဟင်းရည်ဟာ မွှေးတယ်၊ ချိုတယ်၊ ကောင်းတယ်၊ ဒီအထဲမှာပါတဲ့ အရေးကြီးတဲ့ ငါးရော၊ အရေးမကြီးတဲ့ ဆားရောဟာ သူတို့ရဲ့ ပင်ကိုအရသာကို စွန့်ပြီး 'မုန့်ဟင်းခါး' ဆိုတဲ့ အရသာကြီးမှာ သွားပြီး ပေါင်း ရသလိုပဲ"

"မောင် ..."

"မောင် ဆက်ပြောမယ် လင်း၊ လင်းကို မောင် ချစ်တယ်ဆိုတာလည်း အဲဒီလိုပါပဲ၊ တစ်ခုစီမှာ မုန့်ဟင်းခါး ရဲ့ အရသာကို လိုက်ရှာလို့ မရသလို အဖြစ်အပျက် တစ်ခုစီမှာလည်း လင်းကို မောင်က ချစ်တာ ဘယ်လိုလုပ် ရှာလို့ရတော့မှာလဲ၊ ဒါပေမဲ့ မောင် လင်း သိပ်ချစ်တယ် လင်းရဲ့၊ အဲဒါကို သိရဲ့လား"

"မောင် ..."

လင်းသည် မောင့်ရင်ခွင်ထဲသို့ အတင်း တိုးဝင်လာသည်။

မောင်လည်း မျက်ရည်ကျပါသည်။

မောင်ကျသော မျက်ရည်သည် လင်း၏ ဖြူစင်သန့်ရှင်းသော နဖူးကလေးပေါ်သို့ ကျသည်။

လင်းလည်း သည်းသည်းထန်ထန်ကို ရှိုက်၍ရှိုက်၍ ငိုပါသည်။

လင်းကျသော မျက်ရည်က မောင့်နှလုံးသား ရှိသော အင်္ကျီရင်ဘတ်တွင် စိုသည်။

"မနက် မင်္ဂလာဆောင်ကို လာတဲ့လူတွေက မောင် အခုချက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးကို ကောင်းတယ်လို့ပြောရင် ဒီမုန့်ဟင်းခါးထဲကို မောင်ထည့်ယားတဲ့ ပစ္စည်းတွေ အားလုံးဟာ သူတို့ရဲ့ ပကတိအရသာကို စွန့်ပြီး 'မုန့်ဟင်းခါး' ဆိုတဲ့ အရသာသစ်အတွက် စတေးသွားကြတယ်ဆိုတာကို လင်း ယုံပါ၊ အဲဒီလိုပဲ လင်းနဲ့ မောင်နဲ့ ဖြစ်ခဲ့ကြ တွေ့ခဲ့ကြ ကြုံခဲ့ကြတဲ့ အဖြစ်တွေကလည်း တစ်ခုချင်းစီရဲ့ အဓိပ္ပာယ်ကို စွန့်ပြီး 'အချစ်' ဆိုတဲ့ ခံစားမှုကို ပေးတယ်ဆိုတာကို လင်း နားလည်ပေးပါ လင်းရယ်"

"မောင် ... နင် ငါ့ကိုခိုးတော့"

လင်း၏စကားကို ကြားရတော့ မျက်ရည်ဝဲပြီး နားထောင်နေကြသော စပွမ်းတို့ လန့်၍သွားကြသည်။ "ဘုရား ... ဘုရား" ဟုလည်း စိတ်ထဲက တမိကြ၏။

မောင်သည် လင်းကို သူ့ရင်ခွင်ထဲမှ ညင်ညင်သာသာပင် တွန်းထုတ်ပစ်လိုက်ပါသည်။ လင်း မောင့်ရင်ခွင်ထဲကို ငိုပြီး စဝင်ကတည်းက မောင်သည် လင်းကို ဖက်၍မထားပါ။ ထို့ကြောင့် လင်းကို ပခုံးနုနွန်းကလေး ကိုင်ပြီး တွန်းထုတ်လိုက်၏။

"မောင် ..."

"နင် ရူးနေသလား လင်း၊ မနက်ကို နင် မင်္ဂလာဆောင်ရမှာလေ၊ အဲဒီအတွက် ငါက မုန့်ဟင်းခါးချက်နေတာလေ လင်းရဲ့"

"ဟင့်အင်း ... နင် ငါ့ကိုခိုးတော့၊ လင်း ... လင်းလည်းလေ ... လင်းလည်း မောင့်ကို အရမ်းချစ်တယ် မောင်ရဲ့"

မောင်သည် မျက်လုံးတွေကို မှိတ်၍ပစ်လိုက်သည်။

မောင်၏ မှိတ်ထားသော မျက်ဝန်းတွေထဲက မျက်ရည်တွေ စီး၍ကျလာသည်။





လင်းက "အိ" ခနဲ တစ်ချက်ငိုပြီး မောင့်ကို ပြေးဖက်ပြန်၏။

စပွမ်းတို့ အပြင်လည်းမထွက်ရဲ၊ ဝင်လည်း မပြောရဲကြပဲ ချောင်း၍ ငေး၍သာနေရသည်။ မောင်က လင်းကို ခိုးမည်ဆိုလျှင် သူတို့ ဝမ်းသာလှပါပြီ။

ဒီတစ်ခါ လင်းက ပြေးဝင်ဖက်တာကိုလည်း မောင်က ပခုံးနုနွန်းကိုသာ အသာတွန်းပြီး ဖယ်ထုတ်သည်။

"လင်း ... မောင်ပြောတာကို သေသေချာချာ နားထောင်နော်"

လင်းက ငိုရှိုက်ရင်း ခေါင်းကိုညိတ်သည်။

"မိန်းကလေးဆိုတာ အချစ်ထက် ဂုဏ်သိက္ခာက ပိုအရေးကြီးတယ်၊ မိန်းကလေးဆိုတာ ဘဝတစ်လျှောက်လုံးမှာ အချစ်နဲ့နေရတာထက် ဂုဏ်သိက္ခာနဲ့ နေရတာက ပိုပြီးမြင့်မြတ်တယ် လင်းရဲ့၊ ဒီတော့ လင်းက လင်းရဲ့ ဂုဏ်သိက္ခာကို အကျမခံပါနဲ့၊ လင်း သူနဲ့ လက်ထပ်မယ်လို့ ပြောထားတာ မဟုတ်လား၊ အဲဒီတော့ လင်းပြန်ပါ၊ လင်း မောင့်ကို ချစ်တယ်ဆိုတာ မောင်သိရင် တော်ပါပြီ လင်းရယ် ... နော်"

"မောင် ... လင်းကို ခိုးပါဆိုနေမှပဲ"

"ဟုတ်တယ် မောင်၊ လင်းက ဒီလောက်ပြောနေတာ နင် လင်းကို ချစ်တယ်ဆိုရင် ခိုးလိုက်တော့၊ ငါတို့လည်း ရှိနေတာပဲ၊ ခိုးလိုက်ပါ မောင်ရဲ့၊ ငါတို့က နင်နဲ့ လင်းကိုပဲ ..."

"စပွမ်း ... နင့်ပါးစပ်ပိတ်ထားစမ်း၊ ဘာမှဝင်မပြောနဲ့၊ လင်း . နင် ပြန်တော့"

"မောင် ..."

"နင်ပြန်တော့လို့ ပြောနေတယ်နော်၊ ငါ နင့်ကို အရမ်းချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com

သိလား၊ အဲဒါကြောင့် ဒီလို ဘယ်တော့မှမလုပ်ဘူး သိလား၊ ပြန်တော့ လင်"

လင်းသည် စပွမ်းတို့ကို ကြည့်လိုက်သည်။

စပွမ်နှင့် ချဉ်ဖတ်ရော သူ့ညီမကလေး နှစ်ယောက်ပါ ငိုနေကြပြီ ဖြစ်၏။

မောင်ကိုကြည့်တော့ မောင်သည် လင်းကို ဒေါသဖြစ်နေသော မျက်ဝန်းဖြင့် ကြည့်၍နေသည်။

"မောင် ..."

"လင်း .. နင် မနက် မင်္ဂလာဆောင်ကိုဆောင်ရမယ် သွားတော့"

လင်းသည် သူ့ပါးပြင်ပေါ်က မျက်ရည်တွေကို ဝဲလွှင့်သွားအောင် ခေါင်းကိုခါရင် ပြေးထွက်သွားသည်။

ကားတံခါးပိတ်သံ "ဂျိမ်" ခနဲ မြည်သွားပြီး ကားမောင်းထွက် သွားသည်။

မောင်သည် မျက်ရည်တွေကျရင်း ပြုံးနေသည်။ ပြီးတော့ ဟင်းရည် အိုးကို ပြန်မွှေ၏။ ချဉ်ဖတ်က ငိုနေရင်း အော်၍ပြောသည်။

"မောင်ရေ...နင်က ငတုံး...သိလား၊ တုံးတာမှ တကယ့်ကို ဘဲ"

■





(၁၄)

မြတ်ထင်အောင်ဆိုသော လူသည် ကိစ္စတစ်ခုကို လုပ်ပြီဆိုလျှင် ထိုကိစ္စကို စိန်ပွင့်ကလေး တွေကို ကြည့်သလို အသေးစိတ်လည်း ကြည့် တတ်ပေသည်။ စိန်ပွင့်ကလေးတွေကို ရောင်းသလို အဝေးကြည့်လည်း ကြည့်တတ်သည်။

ထို့ကြောင့် နွေရာလင်း၏ သူငယ်ချင်းတွေက ချက်ပြီးကျွေးမည်ဆို သော သူ့မင်္ဂလာပွဲကို လူငါးဆယ်တိတိကိုပဲ ဖိတ်ထားသည်။

ဇော်ရန်မောင်ဆိုတဲ့ ငတိနဲ့ ပြောကြတုန်းကတည်းက ... မိန့် ခွန်းခါးကို လူအယောက် ငါးဆယ်အတွက်ပဲ ပြောခဲ့၏။

"အာ ..ကိုမြတ်ထင်အောင်ကလည်း ...လူက ငါးဆယ် ... ကိုမြတ်ထင်အောင်ရဲ့ မင်္ဂလာပွဲကို"

"ကျွန်တော်က ပကာသနသမား မဟုတ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လင်ကိုချစ်တယ်၊ လင်းနဲ့ ကျွန်တော်နဲ့ လက်ထပ်တယ်ဆိုတာကို အမှန်တော့ လူတစ်ယောက်တည်းပဲ သိရင်တောင် ရပါပြီ၊ မနွေ့ရာလင်နဲ့ အရမ်းခင်တဲ့ ကိုဇော်ရန်မောင် တစ်ယောက်ပဲ ကျွန်တော် မင်္ဂလာဆောင်မှာ ရှိတယ်ဆိုရင်တောင် ပြီးပါပြီ"

မောင်သည် ခေါင်းကို စိုက်၍ကျသွား၏။

မောင် ဘာစကာမှ ဆက်မပြောနိုင်တော့ဘဲ နှလုံးသားမှ ဆန်တက်လာသော ခံစားချက်၊ စကားလုံးများဖြင့် ဖွဲ့စည်းပြောပြ၍မရသော ကြေကွဲမှုတို့သည် ဘယ်ကိုမျှမသွားဘဲ မောင့်မျက်ဝန်းဆီသို့သာ သွား၏။

နှလုံးသားသည် သူ့ကို အထိခိုက် အပုတ်အပါးခံရလျှင်ဖြစ်စေ၊ သူ့ကို ဆူးတစ်ချောင်းကြီး ထိုးသွင်းလိုက်သလို နာကျင်သည်ဖြစ်စေ ထိုခံစားမှုသည် ဘယ်ကိုမျှမသွား၊ မျက်ဝန်းထဲသို့သာ သွားလေသည်။

ထို့ကြောင့် မောင်သည် နာသွားသော နှလုံးသားမှ ဆန်တက်လာသည့် မျက်ရည်ကို မြတ်ထင်အောင် မမြင်ရအောင် ခေါင်းငုံ့ပြီး ကာကွယ်ခြင်း ဖြစ်သည်။

မြတ်ထင်အောင်၏ အမြင်မှာကျတော့ ဇော်ရန်မောင်ဆိုသည့်ကောင်သည် ငတုံးတစ်ကောင်သာ ဖြစ်သည်။ ထို့ထက် ဘာမျှမပို။ စကားကလေးဘစ်လုံး ထည့်လိုက်တာနှင့် ခေါင်းကြီးစိုက်ကျသွားသော ငတုံးတစ်ယောက်သာ ဖြစ်သည်။ သို့သော် ခေါင်းငိုက်စိုက်ကျသွားသော ထိုငတုံးကို မြတ်ထင်အောင်က အချိန်ပေးပါသည်။ ခဏခဏများကြာတော့မှ ဇော်ရန်မောင်က ခေါင်းကိုမော့သည်။

"ကျွန်တော် လူရှစ်ဆယ်စာတော့ ချက်မယ်ဗျာ၊ ညွှန့်သည်ကငါးဆယ်ဆိုရင် ကျန်တဲ့လူတွေလည်း ရှိနေသေးတာပဲ"



"ကိုဇော်ရန်မောင်တို့ သဘောပါပဲ၊ ကဲ .. ကျွန်တော်ကတော့ ဒီကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူးဗျာ၊ ကျွန်တော်နဲ့ မနွေ့ရာလင်းနဲ့ မင်္ဂလာပွဲမှာ သူငယ်ချင်းတွေရဲ့ ချစ်ခြင်းမေတ္တာကို ကျွန်တော် တစ်သက်လုံး အမှတ်ရနေပါ့မယ်"

မြတ်ထင်အောင်က လက်ကို ကမ်း၍ပေးသည်။

မောင်သည် ပထမ ကြောင်နေပြီး နောက်တော့မှ မြတ်ထင်အောင်၏လက်ကို ဆွဲ၍ နှုတ်ဆက်လိုက်သည်။ မြတ်ထင်အောင်ကလည်း မောင့်လက်ကို ဆွဲကိုင်လှုပ်ရမ်းပြီး ထိုင်နေရာမှ ထလိုက်သည်။

ဒါဆိုလျှင် သူတို့နှစ်ယောက် တွေ့ဆုံပွဲသည် ပြီးပြီဟု အဓိပ္ပာယ်ရလေသည်။ မြတ်ထင်အောင်က မောင်ပြန်သွားတော့မှ သူ့မင်္ဂလာဆောင်အတွက် ဖိတ်စာတွေကို စီစဉ်သည်။ မနက်ခင်း မုန့်ဟင်းခါးကျွေးမည့် မင်္ဂလာဆောင်တွင် အရေးတကြီး သူနှင့် သိကျွမ်းသော သူဌေးတွေ၊ company ပိုင်ရှင်တွေကို မဖိတ်တော့ဘဲ သူနှင့်သိပြီး သူ ကိုခင်သော လူတွေကိုသာ ဖိတ်သည်။

ထိုမင်္ဂလာပွဲကိုတော့ သူ့အိမ်ရှေ့က မြက်ခင်းပြင်ကျယ်ကြီးမှာ လုပ်ပါသည်။ ညကျမှ သူနှင့် လင်း၏ လက်မှတ်ထိုးပွဲနှင့် တကယ့်ဧည့်ခံပွဲကြီးကို ဂုဏ်သရေရှိ လူကြီးလူကောင်းများဖြင့် လုပ်မည်ဖြစ်သည်။

တစ်ညလုံး မောင့်ဆီက ပြန်လာကတည်းက အိပ်၍မရသော လင်းသည် မျက်နှာကလေးချောင်ကာ မင်္ဂလာဆောင်ဆိုတာမှာ ယောင်နာနာဖြစ်၍နေ၏။

မြတ်ထင်အောင်၏ ခြံဝင်းကြီးထဲသို့ မင်္ဂလာဆောင်အတွက် [illegible] လာသော ကားကြီးကားငယ်နှင့် လူတွေအာလုံးသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သော မြတ်ထင်အောင်၏ မြက်ခင်းပြင်မှ မင်္ဂလာနေရာယူ ဝင်ယူတော့မှ မုန့်ဟင်းခါး ပန်းကန်တွေကို တွေ့သွားတော့ မျက်လုံးပြူးသူက ပြူး၊ နှာခေါင်းရှုံ့သူက ရှုံ့ ဖြစ်ကုန်ကြ၏။

ဒါပေမဲ့ မြတ်ထင်အောင်နှင့် လင်းက လိုက်ညှိခံနေသဖြင့် စားကြရသည်။ လင်းသည် မြတ်ထင်အောင်၏ ပခုံးကို ကိုင်၍မထားပါ။ ကိုင်ထားဖို့ကိုလည်း ကိုယ့်ကိုယ်ကို ကြိုးစား၍မရပါ။ ထိုအချိန်ကျမှ လင်းသည် မောင့်ပခုံးကို ကိုင်ပြီး အနိုင်ယူခဲ့ရတာတွေကို ပြန်၍ သတိရနေမိသည်။

"မုန့်ဟင်းခါးက ကောင်းလိုက်တာ ဆရာရယ်"

"ဟုတ်တယ်ဆရာ၊ ဘယ်ကမှာတာလဲဟင်"

"မမှာပါဘူးခင်ဗျ၊ ကျွန်တော့်ဇနီးရဲ့ သူငယ်ချင်းတွေက ချက်ကြွေးတာပါ"

"ကောင်းလိုက်တာ၊ မုန့်ဟင်းခါးက"

ပထမတော့ မင်္ဂလာဆောင်တို့၏ ထုံးစံအတိုင်း လူမှုရေးအရ ပြောခြင်းဖြစ်သည်ဟု "လင်း" ထင်သည်။ နောက်ကျတော့ မြတ်ထင်အောင်နှင့် အတူသွားသော ဝိုင်းတိုင်းက မုန့်ဟင်းခါးကို အားရပါးရစားရင်း ပြောလာသဖြင့် ညက မောင်ပြောထားသည့် စကားကို ပြန်၍ကြားရင်း လင်း၏ရင်ခွင်သည် နင့်၍နင့်၍လာသည်။

လင်း၏ အသည်းနှလုံးသည် တဆတ်ဆတ် တလှပ်လှပ် ဖြစ်လာသည်။

ရွှေပဒုမ္မာကြာအချပ်ကို လေအစုံပင့်လိုက်သလို လင်း၏နှလုံးသားသည် လွင့်ခနဲ ဖြစ်၍သွား၏။





လင်းသည် သူ့ပခုံးနှစ္စန်းကလေးကို မျက်ရည်တွေဝဲရင်း အသာအယာ တွန်း၍လွှတ်လိုက်သော မောင့်မျက်နှာကို စိတ်ထဲမှ မြင်မိသည့်အချိန်တွင် လင်း၏ နှလုံးသားသည်လည်း လွင့်၍ ထွက်သွားလေသည်။

"လင်း ... လင်း ..."

"ဟယ် ... လုပ်ကြပါဦး၊ ဘယ်လိုဖြစ်တာလဲ၊ လုပ်ကြပါဦး"

"လင်း ..."

"လင်း ... လင်း ... လင်း ..."

ဟင်းရည်လိုက်ပေးနေသော မင်္ဂလာက လင်းကို ပွေ့၍ထားသည်။ မြတ်ထင်အောင်လည်း ပျာသွားပြီး ဘာလုပ်ရမှန်း သူ့ဘဝမှ ခဏဖြစ်သွား၏။ မြတ်ထင်အောင်၏ မင်္ဂလာပွဲကို လာကြသော လူသူပရိသတ်အပေါင်းက လင်းကိုသာ ဝိုင်းပြီး အံ့ခဲကြည့်နေကြသည်။ လင်း၏ မိဘနှစ်ပါးသည်း ဝိုင်းကြည့်သော ပရိသတ်ထဲမှာ ညှပ်၍နေ၏။

အဲဒီတော့ မြတ်ထင်အောင်သည် လင်းကို ငုံ့မကြည့်တော့ဘဲ သူ့ဒီးပွားရာဖက် ပရိသတ်ကိုသာ ငဲ့ကြည့်တော့၏။

"အားလုံး စားကြပါခင်ဗျ၊ သူ အားနည်းပြီး မူးလဲသွားတာပါ၊ အဲဒီမုန့်ဟင်းခါးက သူကိုယ်တိုင်ချက်တာလေ၊ အားလုံးစားကြပါခင်ဗျ"

လင်းကို မြတ်ထင်အောင်၏ တိုက်ကြီးအတွင်းသို့ သူငယ်ချင်းတွေကပဲ ပွေ့၍သယ်ခဲ့ကြသည်။ လင်း၏ အဖေနှင့် အမေကတော့ ပရိသတ်ကို ခဏထိန်းထားကြရ၏။

ဆရာဝန်ရောက်လာတော့ လင်းကို တစ်နာရီလောက် စစ်ဆေးပြီး ဂလူးကို့(စ်) တစ်ပုလင်းကို ပန်ထရီဖိုက် အချိုအင်နှစ်ခုနှင့် စပ်ပြီး သွင်းသ ထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ထင်အောင်သည် သူ စိတ်တိုင်းကျ မှာယူထားသော မင်္ဂလာဦး ကုတင်ကြီး ပေါ်မှာ အကြောဆေး သွင်းနေရသော လင်းကို စပွမ်းနှင့် ချဉ်ဖတ်တို့နှင့် အတူထားခဲ့ရင်း အောက်မှာရောက်လာကြသည့် သူ့ပရိသတ်ထံသို့ ပြန်ဆင်းပြေးသွားသည်။

မြတ်ထင်အောင် ထွက်သွားသည်နှင့် လင်း၏ မှေးမှိတ်ထားသော မျက်ဝန်းတွေက ပွင့်လာသည်။ ထိုပွင့်လာသော မျက်ဝန်းသည် ခွန်အားအပြည့်ပါသော မျက်ဝန်းဖြစ်ပါသည်။

"စပွမ်း ..ငါ အိမ်ပြန်ချင်တယ်"

"ဟဲ့ ...နင့်မင်္ဂလာဆောင်ကြီးလေ လင်းရဲ့"

"လင်း ...နင့်ကို ဆေးသွင်းပေးထားတာလေ"

"ငါသိတယ်၊ ငါ အိမ်ပြန်ချင်တယ်၊ ပြီးတော့ မောင်နဲ့တွေ့ချင်တယ်"

"လင်းရယ် ..."

"ငါ မောင်နဲ့တွေ့ချင်တယ်"

"မြတ်ထင်အောင်က နင့်ကို ယူလိုက်ပြီလေ လင်းရဲ့၊ နင့်စိတ်ကို နင် ပြန်သတိရစမ်းပါဦး၊ နင် မှတ်မိရဲ့လားလင်း"

"မှတ်မိတာပေါ့၊ မြတ်ထင်အောင်က ငါ့ကိုယူတာ မဟုတ်ပါဘူး စပွမ်းရဲ့၊ လင်းက မြတ်ထင်အောင်ကို ယူတာပါ။ အခု လင်း အိမ်ပြန်ချင်တယ်"

အောက်က ဧည့်ပရိသတ်ကို ထိန်းရင်း ဖေးရင်း နှုတ်ဆက်ရင်း ပရိသတ်ကလည်း မူးလဲကျသွားသော လင်းအကြောင်းကို ပြောရင်းနှင့် ကိုယ့်အချိန်နှင့် ကိုယ့်ဘဝနှင့် ကိုယ့်ပရိသတ် ပြန်သွားသည်နှင့် တစ်ပြိုင်နက် လင်း၏ အဖေနှင့်အမေက လင်းရှိရာသို့ ပြေးတက်၍ လာကြသည်။





ခဏကြာတော့မှ မြတ်ထင်အောင်က လိုက်လာ၏။

"အန်ကယ်လ် ... လင်းရဲ့အခြေအနေ"

"ကောင်းပါတယ် ... ကောင်းတယ်၊ သူက အိမ်ခဏပြန်လိုက်ချင်တယ်တဲ့"

"အာ ..."

ဒီတစ်ခါတော့ မြတ်ထင်အောင် စဉ်းစားရပြီဖြစ်သည်။

မိန်းကလေးဆိုတာမျိုးက ကိုယ့်အိမ်ကိုယ့်ယာကို ခွာနှုန်ပြီး တခြားနေရာကို အပြီးအပိုင် ထွက်ရတော့မည်ဆိုလျှင် ကိုယ့်အိမ်ကိုယ့်ယာကလေးမှာတော့ ခဏပြန်၍နေချင်တာ သဘာဝကျပါသည်။ အခု နွေရာလင်းက လူရှေ့သူရှေ့မှာပဲ လဲကျပြီး ကျန်းမာရေး အားနည်းသွားတာဆိုတော့ သူ့အိမ်ကလေးမှာ ခဏနားချင်ရှာလိမ့်မည်။

ဒီတော့ မြတ်ထင်အောင်သည် ပြုံးပြီး မျက်စေ့ကလေးမှိတ်၍ လှဲနေသော လင်း အနားသို့ကပ်ပြီး လင်း၏ နဖူးကလေးပေါ်တွင် လက်ကို တင်သည်။ ထိုလက်သည် ကြင်နာချင်ယောင်ဆောင်ပြီး ပိုင်ဆိုင်မှုကိုပြသော လက်သာဖြစ်ပါသည်။

"နွေရာလင်း ..."

လင်း မျက်စေ့ပွင့်၍လာသည်။

"ဒီမှာပဲနားပါလား လင်းရယ်၊ ညည့်ခံပွဲလည်း ရှိတယ်၊ ကျွန်တော် လင်း လိုအပ်တာတွေ အားလုံးကို လုပ်ပေးနိုင်ပါတယ်"

"အိမ်မှာပဲ ပြန်နေချင်တယ်၊ ကိုမြတ်ထင်အောင် ခဏပါ၊ မေမေ့အိမ်မှာ ပြန်အိပ်ချင်တယ်"

လင်းက ဆေးသွင်းမထားသောလက်ဖြင့် မြတ်ထင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို ဆုပ်ကိုင်လိုက်သည်။

ဒီတော့ မြတ်ထင်အောင်ကလည်း ပြန်လည်ဆုပ်ကိုင်ရင်း -

"အခု ဆေးသွင်းထားတယ်လေ နွေရာလင်းရဲ"

"ဆေးသွင်းပြီးမှ သွားမှာပါ၊ မေမေတို့နဲ့အတူ အပြန်လိုက်ပို့ပေးနော်"

"ညဘက် လက်မှတ်ထိုးပွဲနဲ့ ညှိခံပွဲရှိတယ်လေ နွေရာလင်းရဲ"

"အဲဒါကြောင့်မို့ ခဏလေး အိမ်မှာပဲ ပြန်နား ချင်တာပေါ့၊ ပို့ပေးပါနော်"

"ဟုတ်ပြီ၊ ကိုယ်ကိုယ်တိုင် လိုက်ပို့ပေးမယ်၊ ဟုတ်ပြီလား နွေရာလင်း၊ ညနေ ငါးနာရီလောက်အထိ နား လိုက်၊ ပွဲက ခုနစ်နာရီမှစမှာ၊ ဟုတ်ပြီလား"

လင်းက ဘာမှမပြောတော့ဘဲ သူ့လက်ကလေးကို ပြန်ရုတ်ပြီး မျက်စေ့ကို မှိတ်လိုက်သဖြင့် အားလုံး အသံတိတ်သွားကြရ၏။

"ကျွန်မတို့ စောင့်နေပါ့မယ် ကိုမြတ်ထင်အောင်၊ လုပ်စရာရှိတာတွေကိုသာ လုပ်ပါ၊ ပြန်မှ ကျွန်မတို့ပါအတူ လင်းနဲ့လိုက်ပါ့မယ်၊ အန်တီတို့လည်း နား ကြပါဦး"

စပွမ်းစကားကြောင့် လင်း၏ အဖေနှင့် အမေလည်း ထွက်သွားကြသည်။ သူတို့ သမီးကလေးကို ဒီသူငယ်ချင်းတွေနှင့် စိတ်ချပါသည်။

အောက်မှာ ကိစ္စအဝဝပြီးသွားတော့ ကျောက်ဆူး၊ မင်္ဂလာနှင့် ငွေ သီးတို့ ပြန်သွားကြ၏။ သူတို့က မုန့်ဟင်းခါးနှင့် ပတ်သက်ပြီး လုပ်စရာရှိတာ၊ ပေးစရာရှိတာတွေကို ဆက်ပေးရဦးမည်၊ ဆက်လုပ်ကြရဦးမည် မဟုတ်လား။





ခဏကြာတော့မှ မြတ်ထင်အောင်က ဆရာဝန်နှင့် လင်းကို ဆပ်စစ်ဆေးပြီ တော သူ့မာစီဒီးကားကြီးပေါ်ကို သူငယ်ချင်းနှစ်ယောက်ကတွဲခေါ်ကာ အိမ်သို့ပြန်ပို့ပေးသည်။

"ငါးနာရီမှာ လာခေါ်မယ်နော်"

"ဟုတ် ..."

အိမ်ကိုရောက်တော့ လင်းက ရွှင်ရွှင်လန်းလန်း ဖြစ်သွားပြီး အိမ်ပေါ်သို့ တက်၍သွားသည်။ မြတ်ထင်အောင်၏ ကားထွက်သွားပြီး စက္ကန့်သုံးဆယ်လောက် ကြာတော့မှ လင်းက ကမန်းကတန်း အိမ်ပေါ်မှ ပြေးဆင်းသည်။

လင်း၏ မေမေနှင့် ဖေဖေက လှမ်း၍တားသည်။

"သမီး ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"အာ ... မနက်က သမီးဝတ်ခဲ့တဲ့ စိန်တွေထား ခဲ့တာ သူ့ကို သွားပြောမလို့၊ ရတယ် ... ခဏလေး"

လင်းသည် အိမ်မှ ထွက်လာပြီးကတည်းက မောင်တို့ ရပ်ကွက်ထဲသို့ ပြေးဝင်လာခဲ့၏။ သတို့သမီးဝတ်စုံ လှလှကြီးနှင့် ပြေးနေသော လင်းကို လူတွေက အထိတ်တလန့် ကြည့်ကြသည်။

လင်းသည် မရှက်တော့ပါ။

ကိုယ့်နှလုံးသားရှိရာ ကိုယ်လာသောလူသည် မင်္ဂလာရှိသောသူသာ ဖြစ်သည်မဟုတ်လား။ ထို့ကြောင့် လင်းသည် အားနှင့်ပြေးသည်။ မျက်ရည်ကျနေသော်လည်း လင်းနှုတ်ခမ်းတွေက ပြုံး၍နေပါသည်။

လင်း မောင်တို့အိမ်ကို ရောက်သွားတော့ မောင်၏ အဖေါ်အပျိုကြီးတွေအားလုံး ထိတ်လန့်ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... မောင်ရော ... မောင်"

"အန် ... မောင်ရော အဲ ... မဟုတ်ပါဘူး၊ မောင် အပေါ်ထပ်မှာ အိပ်နေတယ်၊ မင်းက ဘယ်လိုဖြစ် ..."

လင်းသည် အပျိုကြီးတွေ၏စကားကို ပြန်မဖြေမနေတော့ဘဲ အပေါ်ထပ်သို့သာ ပြေးဝင်ခဲ့သည်။

မောင်သည် သူ့အိမ်အပေါ်ထပ်က သစ်သားကုတင်ကလေးပေါ်မှာ ကွေးကွေးကလေး လှဲ၍နေရှာသည်။

"မောင် ... မောင်"

လင်းက အတင်းလှုပ်၍နှိုး၏။

ဒီတော့မှ မောင်သည် အူကြောင်ကြောင်ဖြင့် နိုးလာသည်။

"ဟာ ... လင်း"

"လင်း မောင့်ကိုပဲချစ်တယ်"

လင်းက "အီ" ခနဲ ငိုပြီး မောင့်ရင်ခွင်ထဲသို့ "ဖွတ်" တိုးဝင်သည်။ မောင်လည်း ရုတ်တရက် ဘာတွေဖြစ်မှန်း မသိလိုက်သဖြင့် အူကြောင်ကြောင် ဖြစ်နေတုန်းပဲဖြစ်သည်။

"မောင် ... ငါ နင့်ကိုပဲချစ်တယ်"

"လင်း ... နင် ဒါဘာလုပ်တာလဲ၊ နင်က ဒီနေ့ပဲ မင်္ဂလာဆောင်တာလေ၊ လင်း ... နင် ငါ့ကို အဖမ်းခံရအောင် လုပ်နေတာလား"

"လင်းနဲ့ သူနဲ့ ဘာလက်မှတ်မှ မထိုးရသေးဘူး၊ ပြီးတော့ လင်းက မောင့်ကိုချစ်နေသမျှ၊ လင်းက မောင့်ဘက်ကရှိနေသမျှ မောင့်ကို ဘယ်သူကမှ ဖမ်းလို့မရဘူး မောင်ရဲ့၊ မောင် အဲဒီလောက်မတုံးနဲ့"

အပျိုကြီးတွေလည်း အပေါ်တက် အောက်ဆင်းနှင့် ဘာလုပ်ရမှန်း မသိ ဖြစ်ကုန်ကြ၏။





လင်းက သတို့သမီးဝတ်စုံကြီးကို လဲချင်သည်ဟုဆို၍ သူတို့အင်္ကျီတွေ ထဘီတွေ ထုတ်ပေးကြရသည်။ အင်္ကျီလဲနေသော လင်းကို မောင်က အတင်းပြန်လွှတ်နေသည်။

"မပြန်ဘူး မောင်၊ လင်း မောင့်ကိုပဲချစ်လို့ ရအောင်ထွက်ပြေးလာတာ၊ မောင် နှင်ချင်သလိုနှင်၊ လင်း မပြန်ဘူး"

"ဟော့ ... ဒီမှာမောင်ရဲ့၊ မိန်းကလေးတစ်ယောက်ရဲ့ ဆန္ဒမပါဘဲ လောကမှာ ဘယ်သူမှ ဘာမှလုပ်လို့ မရဘူးဆိုတာ နင်သိထား၊ အခု နင်က သူ့ကို သွားခိုးတာမှ မဟုတ်တာ၊ မနက်က မင်္ဂလာဆောင်ပြီး ညနေမှာ သူ့ဆန္ဒနဲ့သူ ထွက်လာတာ၊ သူက နင့်ဘက်ကရှိသမျှ ကာလပတ်လုံး နင့်ကို ဘယ်သူကမှ ဘာမှလုပ်လို့မရဘူးမှတ်၊ သမီး ကြိုက်သလိုနေစမ်း၊ ကြိုက်တဲ့သူ လာပေ့စေ၊ အဒေါ်တို့ ရှင်းမယ်"

အပျိုကြီးတွေ လက်ခမောင်းခတ်ကြပြီ ဖြစ်၏။

လင်း ပြေးထွက်သွားတာကြာပြီး အိမ်ပြန်ရောက်မလာသဖြင့် လင်း၏ မေမေက မြတ်ထင်အောင်ထံသို့ လှမ်းပြီး Phone ဆက်သည်။ ထို Phone က မြတ်ထင်အောင် ကိုယ်တိုင်က လင်း၏ ကျန်းမာရေးအတွက် စိုးရိမ် သဖြင့် ခဏပေးထားသော Phone ဖြစ်ပါသည်။

"အာ ... လင်းက ကျွန်တော့်ကားနောက်ကို ပြေးလိုက်လာတယ် ဟုတ်လား၊ မတွေ့ဘူး အန်တီ"

"သူဝတ်တဲ့ စိန်တွေကို ထားခဲ့တာ စိတ်ပူလို့ဆိုပြီး မင်းကား နောက်သွားတာနဲ့ ပြောတာပဲ"

"ကျွန်တော် အခု ပြန်လှည့်လာခဲ့မယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



လင်းတို့အိမ်ကိုရောက်တော့ လင်းကို မတွေ့တော့။

ဒါနှင့် လင်းတို့မေမေက မေးတော့ သတို့သမီးဝတ်စုံကြီးနှင့် ပြေးသွားသောလင်းကို တွေ့သည့်လူတွေက ဘယ်ဘက်ကိုပြေးသည် ဆိုတာကို ပြောသည့်အခါကျတော့ ထိုဘက်သည် မောင်တို့အိမ်ဘက် ဖြစ်၍နေသဖြင့် မြတ်ထင်အောင်နှင့် လင်း ့မေတို့ လိုက်ကြသည်။ ဧပွမ်းတို့ကလည်း နောက်မှ လမ်းလျှောက်၍ အပြေးအလွှား လိုက်ကြ၏။

မောင်တို့ အိမ်ကိုရောက်တော့ အကျီလဲပြီးကာစ လင်းကို တွေ့လေသည်။

မြတ်ထင်အောင်သည် ဒေါသကို မျိုသိပ်ပြီး ပြုံးရွှင်သော မျက်နှာနှင့်ပင် စကားကိုပြောသည်။

"လင်းကလည်း ...အိမ်မှာနားမယ် ဆိုပြီးတော၊ လာ ... လာ ... ပြန်လိုက်ခဲ့"

"မလိုက်ဘူး"

"လင်း ... လင်းနဲ့ကိုယ် မနက်ကပဲ မင်္ဂလာဆောင်ခဲ့တာနော်"

"ကျွန်တော် တစ်ခုတော့ပြောမယ်ဗျာ"

"မောင် တိတ်တိတ်နေစမ်း၊ နင် ဘာတစ်ခွန်းမှ ဝင်မပြောနဲ့၊ နင်က တော့"

မောင်သည် လင်းစကားကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ဟုတ်တယ် ကိုမြတ်ထင်အောင်၊ ကျွန်မနဲ့ရှင် မနက်က မင်္ဂလာဆည့်ခံပွဲဆိုတာကို လုပ်တယ်၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို မင်္ဂလာစာချုပ်မှာ လက်မှတ်မထိုးရသေးဘူး၊ ဒီတော့ အခု ကျွန်မရဲ့ ဆန္ဒအရ ကျွန်မက ရှင်နဲ့ လင်မယားမဖြစ်ချင်လို့ ကွဲတယ်၊ ရှင် ကျွန်မကို ဘာဥပဒေနဲ့ ဖမ်းမလဲ ဖမ်း"

"သမီး ..."

"မအော်ပါနဲ့ မေမေ၊ သမီး မေမေ့ကို ချစ်ပါတယ်၊ ဒါပေမဲ့ သမီးမှာ ဆက်ပြီး ချစ်စရာတွေကလည်း ရှိသေးတယ်"

"မင်းဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ နွေရာလင်"

"ရှင့်ကိုမချစ်လို့"

"ဒါဆိုရင် အစကတည်းက ဘာဖြစ်လို့ ငါ့ကို ဒီမင်္ဂလာပွဲ ဖြစ်တဲ့အထိ လက်ခံခဲ့ရတာလဲ"

"အေး ...ငါ့ကိုချစ်ပြီး ငါကလည်း ပြန်ချစ်ရတဲ့ ငါ့ချစ်သူက တုံးလို့၊ တုံးမို့လို့"

လင်းသည် မောင့်လက်မောင်းကို ကိုင်ပြီး အားရပါးရကြီးကို ပြောပစ်လိုက်သည်။ ဒီလောက်ဆိုတော့ မြတ်ထင်အောင် သဘောပေါက်သွားပြီ။ သူက ဆက်ပြီး ပြဿနာရှာနေလျှင် သူပဲ ပို၍ အရှက်ကွဲတော့မည် ဖြစ်၏။

မိန်းကလေးတစ်ယောက်၏ နှလုံးသားကို စိန်တစ်ဆင်စာ ပေး၍လည်းမရ၊ ရွှေတစ်ဆင်စာ ပေး၍လည်းမရ၊ ဘဏ်စာအုပ်ထဲမှာရှိသည့် ငွေတွေအားလုံး ပေး၍လည်းမရဆိုတာကို မြတ်ထင်အောင် သိ၍သွားသည်။

မြတ်ထင်အောင်သည် မောင်၏လက်မောင်းကို ပိုင်ပိုင်နိုင်နိုင်ကြီးကိုင်ထားသော လင်းကို နှမြောတသစွာဖြင့် တစ်ချက်ငေးသည်။ ပြီးတော့ ခေါင်းကိုညိတ်ပြီး မဲ့ပြုံးတစ်ချက်ပြုံး၍ လှည့်ထွက်သွားသည်။

မြတ်ထင်အောင်၏ မာစီဒီးကားကြီး တံခါးပိတ်သံသည် လင်းအတွက်တော့ မင်္ဂလာသာဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



မောင်ကတော့ တစ်လောကလုံးကို အားနာနေသဖြင့် မျက်နှာထူမှုကာ ဘာပြောရမှန်းကိုမသိ ဖြစ်နေသည်။

"သမီး ..."

"စိတ်ချပါမေမေ၊ သမီး ဒီအိမ်မှာပဲရှိမှာ၊ ဒီအိမ်ကနေ ဘယ်ကိုမှမသွားဘူး၊ စိတ်ချပါမေမေ"

လင်း၏မေမေသည် လင်းလိုပဲ ခေါင်းကိုခါလေသည်။ ပြီးတော့ လင်းကို ပြုံးပြရင်းပြောသည်။

"သမီးက မေမေ့သမီး စစ်စစ်ပါသမီးရယ်၊ မေမေလည်း သမီးဖေဖေက မေမေ့ကို မခိုးဘူးဆိုလို့ ရေကန်ထဲ ခုန်ချခဲ့တာ၊ ခိုးသွားတော့ အင်္ကျီတွေက ရေတွေစိုလို့၊ အခု သမီးက ဘယ်သူ့အင်္ကျီတွေ ဝတ်ထားတာလဲ"

"ဒီက အန်တီအပျိုကြီး အင်္ကျီတွေ"

"မေမေ ကောင်မလေးတွေကို အင်္ကျီတွေ ပို့ခိုင်းလိုက်မယ်နော်"

"ဟုတ်ကဲ့မေမေ"

"ဟိုကောင့်နှင့် ငါ့သမီးကို ဂရုစိုက်နော်"

"..............."

မောင် ဘာပြန်၍ ပြောရမှန်းမသိပါ။

"သမီး ... မေမေသွားမယ်"

"ဟုတ်ကဲ့မေမေ"

"ဟိုကောင်လာရင်လည်း သမီး စိတ်ချပါ၊ မေမေ ရှိပါတယ်"

"ဟုတ်ကဲ့မေမေ"

လင်းမေမေ ပြန်သွားတော့ လင်းသည် မောင့်လက်မောင်းကို ပိုင်





ပိုင်ကြီး ကိုင်ပြီး အိမ်ပေါ်သို့ တက်လာခဲ့သည်။

"ငါအိပ်ချင်ပြီ မောင်ရယ်"

"အာ ... ရတယ် ... ရတယ်၊ ခဏလေး"

မောင်က လင်း၏ လက်မောင်းကိုဖြုတ်ပြီး သူ့အဒေါ်အပျိုကြီးတွေဆီ ပြေး၏။ အဒေါ်အပျိုကြီးတွေက ခြင်ထောင်တွေ၊ ခေါင်းအုံးတွေအပေါ်ထပ်က အခန်းတစ်ခန်း မှာ ဆင်ကြသည်။

ထိုအချိန်တွင် လင်းကို မတွေ့ရတော့။

မောင် အူကြောင်ကြောင် ဖြစ်သွားပြီး "လင်း" "လင်း" ဟုအော်ရင်း လိုက်ရှာသည်။

"မောင် ... လင်းက ဒီမှာ"

မောင့်အခန်းထဲက ပြန်အော်သံကို ကြားရသဖြင့် မောင် အခန်းထဲသို့ စွတ်ဝင်လာခဲ့သည်။ လင်းက မောင့်ခုတင်ကလေးပေါ်မှာ အိပ်နေ၏။

"အန်တီတို့က ဟိုဘက်မှာ ခြင်ထောင်တွေ .."

"မောင် ... လင်းက မောင့်မိန်းမဖြစ်သွားပြီလေ မောင်ရဲ့"

"အာ .. လင်းကလည်း ..."

"မောင် တော်းမလုပ်နဲ့နော်၊ လင်းကို ဖက်ထားပေ"

"အာ ..."

"လင်း ဒီနေ့တစ်နေ့လုံး မချစ်မနှစ်သက်တဲ့လူနဲ့ နေခဲ့ရတာဘယ်လောက် ပင်ပန်းတယ်ဆိုတာ သိရဲ့လား မောင်ရဲ့"

"အာ ..."

"ဖက်ထား ..ဆို"

"အာ ..."



www.burmeseclassic.com

www.burmeseclassic.com



ကံဘုရားက ကိုယ့်ဘက်ကပါသည်ဆိုလျှင် တစ်ခါတစ်ခါ လောကမှာ တုံးရတာလည်း အလွန်ပျော်ဖို့ကောင်းပါသည်။

မောင်သည် သူ့ရင်ဘတ်ကြီးထဲက အရမ်းကြီးကို ချစ်ရပါသော "လင်း" ကို အားနာပါးနာဖြင့် အားရပါးရကြီးကို ဖက်ပစ်လိုက်လေသည်။

"တော့ ..."

12 June 2008

နီကိုရဲ

ကြောင်နှစ်ကောင်စာအုပ်တိုက်

မောင်မျိုး
စီစဉ်သည်

# မငေနော်ဟာကို

သူငယ်ချင်း

အချစ်ဆိုတာကခံစားမှုလေ•• ၊
ချစ်သူဆိုတာကအဲဒီခံစားမှုကိုဖလှယ်လို့ရတဲ့သူ••
ဒါဆို•••••

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com